ရွှေဂွာသိုက်

# ဝင်းကြွယ်

မြွေရှစ်လုံးရှင်သိုင်းဥက္ကာင်

စာစဉ် (၁၀)
ဇာတ်သိမ်း



မြန်မာကျူးဝင်ဆာအတွက်
ကိုရင်ငြိမ်း
ဘာသာပြန်သည်၊

ကျွန်းထွဋ်စာပေကျိုင်ဘာလ

# အခန်း(၁)

နယ်ချဲ့သမားတို့၏ ကျူးကျော်တိုက်ခိုက်မှု ပိုမိုကြီးမားပြင်းထန်လာသည်။

တိုင်းပြည်နှင့်လူမျိုးအပေါ် ချစ်မြတ်နိုးကြသည့် ပြည်သူ့သားကောင်းများသည် ကျူးကျော်ရေးသမားများကို နယ်ဝင်ဝင်ချင်းတွင် အပြင်းအထန် ရင်ဆိုင်ခုခံနေကြရသည်။

တိုင်းရေးပြည်ရေးရှုပ်ထွေးနေချိန်တွင် မိစ္ဆာမနောဂိုဏ်းသည် မိမိတို့ကိုယ်ကျိုးစီးပွားကိုသာ ရှေ့တန်းတင်ပြီး သိုင်းလောကတစ်ခုလုံးအား အုပ်စိုးနိုင်ရေးအတွက် ပထမအဆင့်ခြေလှမ်းကို စတင်လှမ်းလေတော့သည်။

ထိုခြေလှမ်းမှာ သိုင်းလောက၏ ထိပ်တန်းသိုင်းအဖွဲ့အစည်းသုံးခုဖြစ်သော ရှောင်လင်ဂိုဏ်း၊ ဝူတန်ဂိုဏ်းနှင့် ငိုမေဂိုဏ်းတို့ကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်မည့် အစီအစဉ် ဖြစ်ပေသည်။

ရှောင်လင်ဂိုဏ်း၊ ဝူတန်ဂိုဏ်းနှင့် ငိုမေဂိုဏ်းတို့ကို အုပ်စီး သိမ်းသွင်းနိုင်လျှင် အလတ်တန်းစား ဂိုဏ်းအဖွဲ့များဖြစ်သော ဗုာစန်း ဂိုဏ်း၊ ခွန်လွန်ဂိုဏ်း၊ ဝေသည့်ဂိုဏ်းများအပေါ်တွင်လည်း မိမိတို့ဩဇာ သက်ရောက်လာပြီး၊ ကမ္ဘာမနောဂိုဏ်းကိုပါ ဖြိုခွဲတိုက်ခိုက်နိုင်မည်ဟု ချင်းရှင်းတို့က တွက်ကိန်းချထားခဲ့သည်။

မိမိတို့၏စွမ်းအားကို ထုတ်ဖော်ပြသလိုသောကြောင့် သိုင်း လောက၏ ထိပ်တန်းဂိုဏ်းအဖွဲ့ကြီးသုံးခုကို တစ်ချိန်တည်း တစ်ပြိုင် နက်တည်း တိုက်ခိုက်ရန် စီစဉ်ခြင်းဖြစ်ပေသည်။

ရှောင်လင်ဂိုဏ်းတော်ကို တိုက်ခိုက်မည့်အုပ်စုကို ချင်းချင်း ကိုယ်တိုင်ခေါင်းဆောင်သည်။

ဝူတန်ဂိုဏ်းကို တိုက်ခိုက်ရာတွင် ယန်မိန်မိန်က ဦးစီးသည်။

ငိုမေဂိုဏ်းကို တိုက်ခိုက်မည့်သိုင်းသမားများအား ဟိုးလွှန်တိုး က အုပ်ချုပ်သည်။

လိုအပ်သော စီမံဆောင်ရွက်မှုများ ပြုလုပ်ပြီးနောက် မိစ္ဆာ မနောသိုင်းသမားများ မဟာမိတ်ပြုထားသည့် သိုင်းမိတ်ဆွေများပါဝင် သော အုပ်စုသုံးစုသည် ရှောင်လင်ဂိုဏ်း၊ ဝူတန်ဂိုဏ်းနှင့် ငိုမေဂိုဏ်း တို့ကို တိုက်ခိုက်ချီတက်သွားကြလေတော့သည်။

နှိုးထင်ချိတ်ကလည်း ရန်သူ့လက်တွင် အဖမ်းခံသွားရသော ကြျပဝင်ဝင် မင်းသမီးလေးအကြောင်းစုံစမ်းနေရာ မိစ္ဆာမနောဂိုဏ်းသား များ စုစည်းလှုပ်ရှားနေသည်ကို သတိပြုမိသွားသည်။

မိစ္ဆာမနောဂိုဏ်းသားများမည်သည့် အကြောင်းကိစ္စကြောင့်



စုစည်းလှုပ်ရှားနေသည်ဆိုခြင်းကို မသိသော်လည်း၊ ထူးခြားကြီးကျယ် သော ကိစ္စတစ်ခုခုကြောင့် ဖြစ်မည်ဆိုခြင်းကိုကား သိပ်မိသည်။

ထို့ပြင် ကြျပဝင်ဝင်ကို ဖမ်းဆီးခေါ်ဆောင်သွားသူများသည် မိစ္ဆာမနောဂိုဏ်းသားများဖြစ်လျှင်ဖြစ်း မဟုတ်လျှင်လည်း၊ မိစ္ဆာမနော ဂိုဏ်းနှင့်တစ်နည်းနည်း ပတ်သက်သူများ ဖြစ်ရမည်ဟူ၍လည်း နှိုးထင်ချိတ် တွေးမိသည်။

ထို့ကြောင့်မိစ္ဆာမနောသိုင်းသမားတစ်စုနောက်မှ အသာခြေရာခံ ၍ လိုက်ပါသွားခဲ့သည်။

နှိုးထင်ချိတ်ခြေရာခံ၍ လိုက်သောလူစုသည် ငိုမေဂိုဏ်းကို တိုက်ခိုက်ရန် သွားရောက်ကြသည့် အုပ်စုမှ သိုင်းသမားများဖြစ်ပေ သည်။

ငိုမေဂိုဏ်းတည်ရှိရာ ငိုမေဆန်းတောင်သည် ညီညီနိုင်းနိုင်း နှင့် ရင့်ကျက်တည်ငြိမ်သော အသရေရှိသည့် တောင်တန်းတစ်ခု ဖြစ်သည်။

အုံ့ဆိုင်းသော သစ်ပင်တောအုပ်များ ဖုံးလွှမ်းနေပြီး အေးချမ်းငြိမ် သက်လှသည်။ လောကကြီး အရှုပ်အထွေးများမှ ဖယ်ခွာလျက် အေး အေးချမ်းချမ်း နေထိုင်လိုသူတို့အဖို့ ကွန်းခိုချင်ဖွယ်ရာကောင်းလှသည်။

သို့သော် ယခုအခါတွင်မူကား သာယာတင့်မောလှသည့် ငိုမေဆန်းတောင်သည် လူသားတို့၏ လောဘဒေါသတို့ကြောင့် အရုပ်ဆိုး အကျည်းတန်သောဘဝသို့ ပြောင်းလဲရောက်ရှိရပေတော့သည်။

ငိုမေဆန်းတောင်ပေါ်တွင် အရေးပေါ်အချက်ပေး ခေါင်းလောင်း

သံများ၊ ရှည်လျက် တိုက်ခိုက်သံများကလည်း တောင်တန်းတစ်ခုလုံး လှုပ်ရှားသွားစေသည်။

ငိုမေဂိုဏ်းကို လာရောက်တိုက်ခိုက်သည့် အုပ်စုတွင်မြူမည်းဂိုဏ်းသားများက အများစုပါဝင်သည်။

မိစ္ဆာမနောဂိုဏ်းနှင့်မူပေါင်းကာ မဟာမိတ် ဖွဲ့ထားသည့် မြူမည်းဂိုဏ်းချုပ်တိုးလွန်တိုးက ဦးစီးကွပ်ကဲသည်။

မိစ္ဆာမနောဂိုဏ်းဝင်များသည် မြူမည်းဂိုဏ်းသားများထက် အရေအတွက်နည်းပါးသော်လည်းတကယ့်အစွမ်းအစ ထက်မြက်သည့် သိုင်းသမားများကိုသာ ရွေးချယ်ထည့်သွင်းထားသည့်အတွက် တိုက်ခိုက်မှုစွမ်းရည်တွင်မူ အထူးပင်ပြင်းထန်အားကြီးလှသည်။

ထို့ပြင်မိစ္ဆာမနောဂိုဏ်းက ဖမ်းဆီးကာ အတိတ်မေ့ဆေးတိုက်ကျွေးပြီး သိမ်းသွင်းထားသည့် ရှောင်လင်ဂိုဏ်းမှ သိုင်းသမားများနှင့် ဝူတန်ဂိုဏ်းမှ သိုင်းသမားများလည်း ပါဝင်သည်။

ထိုသူတို့သည် အတိတ်မေ့ဆေးတန်ခိုးကြောင့် မိမိတို့၏ဘဝများကို မေ့နေကြကာ သူတို့ကို အုပ်ချုပ်သည့် မိစ္ဆာမနောဂိုဏ်းသား၏ စေခိုင်းချက်အတိုင်း အရုပ်များလိုလှုပ်ရှားတိုက်ခိုက်နေကြသည်။

ဤသူတို့၏ဘဝမှာ တကယ်တော့ သနားစရာပင်ကောင်း နေသည်။ သူတို့တွင် အသိစိတ်မရှိတော့သလောက်ဖြစ်နေသည်။ ထို့ပြင် ရှေ့ဆုံးတပ်ဦးမှနေ၍ အသေခံအကြေခံကာ လမ်းတွင် တိုက်ခိုက်ပေးရသေးသည်။

သိုင်းပညာစွမ်းရည် ထက်မြက်ရုံသာမက စစ်ရေးစွမ်းရည်လည်း



ပြည့်ဝသူ တိုးလွန်တိုးသည် ထိုလူများကို စစ်ကြောင်းများသဖွယ် လှုပ်ရှားတိုက်ခိုက်စေသည်။

ထို့ပြင် တစ်ဖက်လူများကို အလစ်ဖမ်းနိုင်ရန်အတွက် အရုဏ်ဦး အချိန်တွင် ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

အရုဏ်ဦးတိုက်ခိုက်မှုက ထိရောက်သည်ဟု ဆိုရမည်။

ငိုမေဂိုဏ်းဝင်များအငိုက်မိကုန်ကြသည်။ မိမိတို့လူများကို ရုတ်တရက် စုစည်းခြင်းမပြုနိုင်ပဲ ရန်သူ၏ပြင်းထန်သော စစ်ဆင်မှုကို ခံရ သည့်အတွက် အပြင်စည်း ကင်းစခန်းအားလုံးနီးပါးပင် ချေမှုန်းခြင်းခံလိုက်ရသည်။

အတွင်းစည်း ကင်းစောင့်များသည် ရန်သူ့ထိုးစစ်ကို ပိတ်ဆို့ ခုခံခြင်းမပြုနိုင်ကြ။ အချိန်အနည်းငယ်သာ ရင်ဆိုင် တိုက်ခိုက်နိုင်ပြီး အတွင်းစည်းကင်းများလည်း ဖရိုဖရဲနှင့် ပြိုကွဲကုန်ကြသည်။

ငိုမေဂိုဏ်းသည် အမျိုးသမီးများဖြင့်သာ ဖွဲ့စည်းထားသောဂိုဏ်း အဖွဲ့တစ်ခုဖြစ်သည်။ အမျိုးသမီးတွေချည်းဖြစ်သော်လည်းသတ္တိစွမ်း ပကားက မသေးကြ။

အလစ်မိသည့်အတွက် အပြင်စည်းနှင့် အတွင်းစည်းကင်းတွေ ပြိုကွဲ ကုန်သော်လည်း ငိုမေဂိုဏ်း၏ ဌာနချုပ်အဆောက်အအုံ ပရဝုဏ် တွင်းမှ ထိထိမိမိ ပိတ်ဆို့ခုခံနိုင်ကြသည်။

တိုးလွန်တိုး၏လူများငိုမေဂိုဏ်းဌာနချုပ်ဝကာန်း ပရဝုဏ်ဝင်းကို မကျော်နိုင်ကြ။ အပြင်ဘက်မှသာ ဝန်းရံကာ ထိုးဖောက်တိုက်ခိုက်ရန် ကြိုးစားနေကြရသည်။

အလစ်ဝိကာ ဖရိုဖရဲဖြစ်ကုန်ကြသော ငိုမေဂိုဏ်းဝင်များသည် ဌာနချုပ်ပရဝုဏ်ကိုမှ အသက်နှင့်လဲကာ ကာကွယ်ခုခံကြသည်။

ငိုမေဂိုဏ်း၏ ဌာနချုပ်အဆောက်အအုံသည် မြင့်မားသော နံရံများကာရံထားပြီး ခိုင်ခံ့သော တံခါးကြီးများရှိသည်။ ခံတပ်တစ်ခု လို ဖြစ်သောကြောင့် ခုခံကာကွယ်ရန် ကောင်းမွန်သည့် အခြေအနေ တွင်ရှိသည်။

ငိုမေဂိုဏ်းချုပ် ချင်ကျင်ဟူသည် မျှော်စင်မြင့်တစ်ခုထက်သို့ တက်ကာ စခန်းပတ်ပတ်လည် အခြေအနေကို ကြည့်ရှုသည်။

ရန်သူများသည် စခန်းကိုဝိုင်းရံထားပြီးအရှေ့ဘက်ဆီမှ အပြင်း အထန်ထိုးစစ်တိုက်နိုက်နေသည်။

ငိုမေဂိုဏ်းဝင်များက လေးဘက်လေးတန် လှုပ်ရှားကာ ခံစစ် အနေအထားယူထားကြသည်။

အရံထားသော အင်အားများကမူရန်သူ၏ ထိုးနက်မှုအပြင်း အထန်ခံနေရသည့် အရှေ့ဘက်ဆီသို့ စစ်ကူပြေးသွားနေရသည်။

မိမိတို့ကိုလာရောက်ရန်မူ တိုက်ခိုက်သူတို့မှာ မည်သည့်ဂိုဏ်း အဖွဲ့မှဖြစ်ကြောင်းကို ငိုမေဂိုဏ်းဝင်များအနေဖြင့် တိတိကျကျ မသိကြ ရသေးပေ။

ချင်ကျင်ဟူမြင်တွေ့ရသမျှဆိုလျှင် ရှောင်လင်ဂိုဏ်းနှင့်ဝူတန်ဂိုဏ်း မှ သိုင်းသမားများ ရောနှောပါဝင်နေသည်။

ရှောင်လင်ဂိုဏ်းနှင့် ဝူတန်ဂိုဏ်းတို့မှာ ဖြောင့်မတ်တည်ကြည် သော လမ်းမှန်ကင်းမှန် သိုင်းအဖွဲ့များဖြစ်ရာ မိမိတို့ကို ရန်ပြုတိုက်



နိုက်လာသူများထဲတွင် ထိုဂိုဏ်းနှစ်ခုမှ သိုင်းသမားများ ပါဝင်နေသည့် အတွက် ချင်ကျင်ဟူအဖို့ အတော်ပင် အတွေးရခက်နေသည်။

“ငိုမေဂိုဏ်းကို ရန်စတိုက်နိုက်လာတာ ဘယ်သူတွေလဲ”

မျှော်စင်ထက်မှ အတွင်းအားသုံးကာ အော်မေးလိုက်သော ချင်ကျင်ဟူ၏ အသံက ငိုမေဆန်းတောင်တစ်ခုလုံး ဟိန်း၍သွားသည်။

ရန်သူများဘက်မှ ဥပဓိရုပ်ကောင်းကောင်း လူကြီးတစ်ယောက် လျှောက်လှမ်းထွက်လာသည်။

ထိုလူကြီးက ချင်ကျင်ဟူရှိရာ မျှော်စင်ထက်သို့မော့မော်ကြည့် လိုက်ပြီး ...

“ကျုပ်ဆီမှာ စာချွန်လွှာတစ်ခုပါလာတယ်။ ဖတ်ပြမယ် နား ထောင်ပါ”

ထိုသို့ပြောပြီးနောက် စာချွန်လွှာတစ်ခုကို ထုတ်ယူလျက် ဖြန့်ချ လိုက်သည်။

ထို့နောက် အသံထွက်ဖတ်ပြသည်။

“ငိုမေဂိုဏ်းဝင်များသိသာရန် ... သင်တို့သည် ငိုမေဆန်းတောင် ကိုသင်တို့ပိုင်ပစ္စည်းသဖွယ် သတ်မှတ်ကြိုးစိုးနေခဲ့သည်။ သည်နေ့သည် အချိန်မှစ၍ ဤအခွင့်အရေးကို ရုပ်သိမ်းလိုက်သည်။ ငိုမေဂိုဏ်းဝင် အပေါင်းသည်လည်း ကျွန်ုပ်၏အမိန့်ကို နာခံရမည်။ မနာခံလျှင် ငိုမေ ဂိုဏ်းကို အပြီးတိုင်ချေမှုန်းသုတ်သင်ပစ်မည်။ ကျွန်ုပ်၏အမိန့်ကို နာခံ မည် မနာခံမည် စဉ်းစားအဖြေပေးရန်အချိန် သုံးနာရီပေးမည်။ ထို အချိန် ထက်ကျော်လွန်ပြီး အဖြေမပြန်ကြားလျှင် အမိန့်ကို ဖီဆန်သည်

ဟု ယူဆမည်၊ မဟာမိတ္တာမနောကိုထားချွင် သခင်မကြီးချင်းချင်း၏ အမိန့်တော်"

အသံပြဲကြီးနှင့် အမိန့်တော်လွှာကို ဖတ်ပြီးနောက် တချွန်လွှာကို ပြန်လည်ခေါက်ကာ မိမိ၏အကျီအိတ်ထဲသို့ ဟန်ပါပါ ပြန်ထည့်လိုက်သည်။

ရှင်းသီးစော်ကားလှသည့် တချွန်လွှာကြောင့် ချင်ကျင်ဟူမှာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်အောင် ဒေါသဖြစ်မိသည်။

သို့သော် ထိပ်တန်းတိုက်တစ်ခု၏ ဂိုဏ်းချုပ်ဖြစ်သည်နှင့်အညီ ချင်ကျင်ဟူသည် စိတ်လိုက်မာန်ပါ မပြုလုပ်။

ဒေါသစိတ်ကို ချုပ်ထိန်းကာ တည်ငြိမ်သည့်လေသံဖြင့် ပြန်ပြောသည်။

"ကောင်းပြီ၊ ကျုပ်တို့အချင်းချင်း တိုင်ပင်ဦးမယ်"

"တိုင်ပင်ပါ။ အချိန် သုံးနာရီပဲ ရနိုင်တယ်ဆိုတာကိုလဲ မမေ့နဲ့။ ပြီးတော့ ကျုပ်တို့လူတွေက ဒီစခန်းကိုလဲ အထပ်ထပ် ဝိုင်းထားတယ်"

တချွန်လွှာဖတ်ပြခဲ့သည့်လူကြီးက ဟိတ်ဟန်အပြည့်နှင့် မာမာထန်ထန်ပင် ပြောပြန်သည်။

ထိုအချိန်မှာပင် လူရိပ်သဏ္ဍာန်တစ်ခုက အုတ်တံတိုင်းကို ကျော်ကာ ငိုမေဂိုဏ်းဌာနချုပ်စခန်း ပရဝဏ်ထဲသို့ ဝင်ရောက်လာသည်။

ငိုမေဂိုဏ်းဝင်များပိတ်ဆို့တားဆီးရန် ကြိုးစားကြသည်။

ထိုသူ၏ လှုပ်ရှားမှုကမြန်ဆန်လွန်းလှသည်။ ရုပ်ရည်သွင်ပြင်ကိုပင် သဲသဲကွဲကွဲ မမြင်နိုင်၊ ခိုင်ခနဲ ခိုင်ခနဲ လှုပ်ရှားသွားသည်ကိုသာ



တွေ့မြင်ရပေရာ ငိုမေဂိုဏ်းဝင်များမှာ မည်သို့မည်ပုံ ခုခံတားဆီးရမည်ကို မသိတော့အောင်ဖြစ်နေကြသည်။

ထိုလူရိပ်သဏ္ဍာန်သည် ချင်ကျင်ဟူရှိရာ မျှော်စင်ဘက်သို့ ဦးတည်လာနေသည်။

ငိုမေဂိုဏ်းဝင် နှစ်ဆယ်ခန့်သည် မျှော်စင်အောက်ခြေတွင် ဝန်းပတ်ကာ ဆီးကြိုပိတ်ဆို့ထားကြသည်။ လက်နက်များကလည်း အသင့်။

ထိုသူရောက်လာသည်နှင့် အသေအကြေ တားဆီးတိုက်ခိုက်ကြတော့မည်။

မျှော်စင်ပေါ်ဘက်သည် တံခါးပေါက်ကိုလည်းပိတ်ဆို့ထား လိုက်ကြလေပြီ။

"အရေးကြီးတဲ့ ကိစ္စရှိတယ်၊ ခင်ဗျားတို့ရဲ့ ဂိုဏ်းချုပ်နဲ့ တွေ့ပါရစေ"

ပြောလာသော အရိပ်သဏ္ဍာန်ထံမှ စကားသံပေါ်ထွက်လာလေသည်။

ထို့နောက် ပြေးလွှားမှုကိုရပ်လိုက်ရာ အသက်နှစ်ဆယ်ကျော် အရွယ်လုလင်ပျိုတစ်ယောက်ဖြစ်သည်ကို တွေ့ရသည်။ လုလင်ပျိုသည် ဝတ်စုံဖြူဝတ်ဆင်ထားပြီး ခါးတွင် ဓားရှည်တစ်လက်ချိတ်ထားသည်။

"သူ့ကို ငါ့ဆီလွှတ်လိုက်"

မျှော်စင်ထက်မှ ချင်ကျင်ဟူက အမိန့်ပေးသည်။

မျှော်စင်အောက်ခြေကို ပိတ်ဆို့ထားသည့် ငိုမောဂိုဏ်းဝင်အမျိုးသမီးများ ဘေးသို့အသာရှဲကာ လမ်းရှင်းပေးလိုက်ကြ၏။

ပိတ်ထားသည့်တံခါးကိုလည်းဖွင့်ပေးသည်။

လုလင်ပျိုသည် မျှော်စင်အောက်သို့ ခြေလှမ်းသွက်သွက်ဖြင့် တက်သွားသည်။

ချင်ကျောင်ဟူရှိရာ မျှော်စင်ထိပ်သို့ လုလင်ပျိုရောက်လာ၏။

ချင်ကျောင်ဟူကို ရိုသေဦးညွှတ်ဂါရဝပြုသည်။

"ဘယ်လိုအကြောင်းကိစ္စကြောင့် ဒီလိုအခြေအနေ အချိန်အခါမျိုးမှာ ကျုပ်တို့ရဲ့ဌာနချုပ်စခန်းကို ဖွတ်အတင်းဝင်လာရတာလဲ"

ချင်ကျောင်ဟူက မေးသည်။

ဒေါသစိတ်ကို ချုပ်တည်းထားရသည့်အချိန်တွင် လုလင်ပျို၏ အပြုအမူကြောင့် စိတ်တိုလာမိသည့်အတွက် ချင်ကျောင်ဟူ၏ လေသံမှာ ခပ်မာမာဖြစ်နေသည်။

"ကျွန်တော် ဖွတ်အတင်းဝင်လာမိတာကို စိတ်မဆိုးဖို့ တောင်းပန်ပါတယ်။ ကျွန်တော်ဟာ ငိုမောဂိုဏ်းကို ရန်ပြုဖို့ရောက်လာတာ မဟုတ်ပါဘူး"

လူရွယ်က တည်ငြိမ်သိမ်မွေ့စွာ ပြန်ပြောသည်။

"သိတယ်။ ဒါကြောင့်လဲဝင်ခွင့်ပြုခဲ့တာပေါ့။ ကိစ္စကိုသာ ပြော ..."

ချင်ကျောင်ဟူ စကားသံ အနည်းငယ်ပျော့လာ၏။

"ကျွန်တော်ဟာ ငိုမောဂိုဏ်းဝင် အမျိုးသမီး ပိုင်စုကျောင်ရဲ့သား နိုးထင်ချိတ်ပါ၊ ကျွန်တော့်မိခင်ကို တွေ့ပါရစေ"



ချင်ကျောင်ဟူက နိုးထင်ချိတ်ဆိုသူ လုလင်၏မျက်နှာကို စိန်းစိန်းကြည့်မိသည်။

မိမိတို့ဂိုဏ်းဝင် ပိုင်စုကျောင်နှင့် ရုပ်ရည်ချင်း ဆင်ဆင်တူကြောင်းကို သတိပြုမိ၏။

ထို့ပြင် နိုးထင်ချိတ် သိုင်းပညာစွမ်းရည် မြင့်မားထက်မြက်ကြောင်းကိုလည်း အကဲခတ်မိပြီးဖြစ်သည်။

ယခုလို အရေးအခင်းအန္တရာယ်ကြုံနေရချိန်တွင် အစွမ်းထက်မြက်သည့် မိတ်ဆွေတို့၏ အကူအညီလိုနေသည့်အပြင် နိုးထင်ချိတ်က မိခင်ကိုလာရောက်တွေ့ဆုံသည်မှာလည်း ဟန့်တားသင့်သော ကိစ္စမဟုတ်သောကြောင့် လိုက်လိုက်လျောလျော ပြုလုပ်ရန် ချင်ကျောင်ဟူ ဆုံးဖြတ်လိုက်သည်။

"ကောင်းပြီ ဒါဆိုရင် ဒီမှာခဏစောင့်ဦး၊ ကျုပ်အခု အရေးတကြီး လုပ်စရာကိစ္စရှိနေသေးတယ်"

ချင်ကျောင်ဟူသည် နိုးထင်ချိတ်ကို ပြောနေရာမှ သူ့အနားရှိ တပည့်မတစ်ယောက်ကို လှည့်ကြည့်ပြီး ...

"တာ့ဟူ ... သူ့ကို ဧည့်ခံစကားပြောထားလိုက်ပါ"

ထိုသို့ အမိန့်ပေးပြီးနောက် ချင်ကျောင်ဟူသည် ငိုမောဂိုဏ်း၏ သက်တော်ရှည်မယ်တော်ကြီးလေးပါးကို သွားရောက်တွေ့ဆုံတိုင်ပင်ရန် မျှော်စင်ပေါ်မှ ခပ်သွက်သွက် ဆင်းသွားတော့သည်။

နိုးထင်ချိတ်မှာ တာ့ဟူဆိုသော အမျိုးသမီးနှင့် ကျန်နေခဲ့လေသည်။

"ရှင့်အမေ ပိုင်စုကျင် အခုဒီစခန်းမှာ မရှိဘူး၊ ခရီးထွက်နေတယ်"

တာ့ဟူက နှိုးထင်ချိတ်ကို ညည့်ထောက်ခံ စကားပြော၏။

နှိုးထင်ချိတ် အံ့အားသင့်ဟန် ဖြစ်သွားသည်။

"ဟုတ်လား၊ ကျွန်တော့် မေမေက ဘယ်ကိုသွားနေတာလဲ"

"သူ့သားကို လိုက်ရှာမယ်ဆိုပြီး ထွက်သွားတာ သုံးလလောက် တောင်ရှိနေပါပြီ"

"ဒါဆို ကျွန်တော့်မေမေနဲ့ မတွေ့နိုင်တော့ဘူးပေါ့"

"ဟုတ်ပါတယ်၊ ရှင်မှာ နောက်ထပ် ဘာကိစ္စရှိသေးလဲ"

"ခင်ဗျားတို့ဂိုဏ်းကို အခုလာရန်ပြု တိုက်ခိုက်နေကြတဲ့လူတွေ နဲ့ ပတ်သက်ပြီး ပြောစရာရှိတယ်"

"ဒါကိုတော့ ဂိုဏ်းချုပ်ကြီးပြန်ရောက်လာမှပဲ ပြောပါ"

"ကောင်းပါပြီ"

နှိုးထင်ချိတ်သည် မိစ္ဆာမနောဂိုဏ်းဝင် သိုင်းသမားတစ်ဦး၏ နောက်မှ နောက်ယောင်ခံလိုက်ရင်း ငိုမဲဆန်းတောင်သို့ ရောက်လာ ခဲ့သည်။

မိစ္ဆာမနောဂိုဏ်းဝင်များက ငိုမဲဂိုဏ်းကို အလစ်ဖမ်းကာ အရုတ် ဦးတိုက်ပွဲဆင်နွှဲ၍ ငိုမဲဂိုဏ်းဝင်များ ဖရိုဖရဲဖြစ်ကုန်ကြသည်ကို တွေ့ရ သောအခါ နှိုးထင်ချိတ်သည် ငိုမဲဂိုဏ်းတွင် ရှိနေမည့် မိမိ၏မိခင်ကြီး ပိုင်စုကျင်အတွက်ပါ စိုးရိမ်ပူပန်မိလာသည်။

မိခင်ကြီးအတွက် စိုးရိမ်စိတ်အပြင် မိစ္ဆာမနောသိုင်းသမားများ နှင့် ရင်ဆိုင်တိုက်ခိုက်နေရသည့် ငိုမဲဂိုဏ်းဘက်မှ ကူညီလိုစိတ်လည်း



ရှိသောကြောင့် ငိုမဲဂိုဏ်းဌာနချုပ်စခန်း ပရုတ်ဝဲသို့ အရောက် ကာ ငိုမဲဂိုဏ်းချုပ်နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်ပေသည်။

❖ ❖ ❖

ချင်ကျင်ဟူသည် ငိုမဲဂိုဏ်း၏ သက်တော်ရှည်မယ်တော်ကြီး လေးယောက်တို့၏ ရှေ့မှောက်သို့ ရောက်ရှိနေသည်။

မယ်တော်ကြီးလေးယောက်တို့၏ အမည်များမှာ ကျင်တောက်ရန်၊ ကျင်ချွန်ကျိုး ကျင်ဝါလိနှင့် ကျင်အော်ပိုင်တို့ ဖြစ်ကြသည်။

ငယ်ရွယ်နုပျိုစဉ်က ငိုမဲဂိုဏ်း၏ အဆင့်မြင့် ဦးစီးခေါင်းဆောင် နေရာများ တာဝန်ယူဆောင်ရွက်ခဲ့ကြပြီး၊ ယခု အသက်အရွယ်ကြီးရင့် အိုမင်းလာသောအခါ အေးအေးချမ်းချမ်း တရားရှာဖွေနေထိုင်သူများ ဖြစ်သည်။

အတွေ့အကြုံ သိုင်းပညာ အစစအရာရာတွင် ပြည့်ဝနက်နဲ သောကြောင့် ငိုမဲဂိုဏ်းကို လက်တွေ့စီမံအုပ်ချုပ်နေသော ဂိုဏ်းချုပ် များသည် အရေးကြီးသော ပြဿနာများ ပေါ်ပေါက်လာသည့်အခါ သက်တော်ရှည်မယ်တော်ကြီး လေးယောက်ထံ လာရောက်၍ အကြံ ဉာဏ်များ တောင်းခံရသည့် အစဉ်အလာရှိသည်။

ချင်ကျင်ဟူက မိမိတို့ကို လာရောက်တိုက်ခိုက်သည့် မိစ္ဆာမနော သိုင်းသမားတို့၏ ရန်လိုမောက်မာလှသော စာချွန်လွှာအကြောင်းကို သက်တော်ရှည် မယ်တော်ကြီးလေးယောက်တို့အား တင်ပြပြောကြား သည်။

သက်တော်ရှည် မယ်တော်ကြီးလေးယောက်တို့သည် ချင်ကျွင်ဟူ ပြောပြသည်တို့ကို တည်ငြိမ်စွာနားထောင်ကြသည်။

"အင်း ... မနေ့ညီမျှသိုင်းကျွမ်း ပေါ်ထွန်းလာပြီ မိစ္ဆာမနောဂိုဏ်း ပြန်အားကောင်းလာတော့ ဒီလိုအဖြစ်မျိုးဟာ မဆန်းပါဘူး၊ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းကလဲ မိစ္ဆာမနောဂိုဏ်းဟာ သိုင်းလောက ကို ပြောင်းဆန်အောင် မွှေနှောက်ဒုက္ခပေးခဲ့ဖူးတာဘဲ"

ချင်ကျွင်ဟူက အကြောင်းငုံ့ပြောပြပြီးသောအခါ ကျင်ထိလီက ညည်းညည်းညူညူလေး ရေရွတ်သည်။

"ငိုမဟိုဘ်းဟာလဲ နှစ်ပေါင်းများစွာ ကြာကတည်းက တည် တည် တန့်တန့်နဲ့ရှိလာခဲ့တဲ့ ဂိုဏ်းတစ်ခုပဲ၊ ဒီမိစ္ဆာကောင်တွေ ငြိမ်း ခြောက်တာကို ဘာလို့ နောက်တွန့်ရမှာလဲ၊ ပြပ်ပြတ်ထင်ထင် ရင် ဆိုင်လိုက်ရုံပဲ"

ကျင်ချွန်ကျိုက လေသံမာမာနှင့်ပြောတ်။

"မင်းက အသက်ဘယ်လောက်ပဲ ကြီးလာကြီးလာ ဆတ်ဆတ် ထိမခံဘဲမာန်ကိုတော့ မလျှော့သေးဘဲကိုး"

ကျင်ဖေအော်ပိုင်က ကျင်ချွန်ကျိုကို လှမ်းကြည့်ပြီး မှတ်ချက်ချ လိုက်တ်။

"ကျွန်မစိတ်ကို အစ်မအော်ပိုင်လဲအသိပဲ၊ ဒီလိုရန်လိုစိန်ခေါ် လာတာမျိုးမပြောနဲ့ ကျွန်မကို စိန်းစိန်းကြည့်တာကိုတောင်မှ မခံနိုင် ဘူး"

"အေးလေ ... အရင်အမျိုးနှစ်တွေတုန်းကတော့ ဟုတ်တာပေါ့၊



အခုမင်းကိုယ်မင်း အသက်ရှစ်ဆယ်ကျော်နေပြီဆိုတာ သတိထားဦး၊ လူငယ်တွေနဲ့ရောပြီး သွေးရူးလှုပ်ရှားမနေနဲ့"

ကျင်ချွန်ကျိုသည် ငယ်ရွယ်စဉ်က ဆတ်ဆတ်ထိမခံ လက်စွမ်း ပြခဲ့သူတစ်ယောက် ဖြစ်သည်။ ယခုမိစ္ဆာမနောဂိုဏ်းက ရန်လိုစော်ကား စိန်ခေါ်လာသည်ကို ကြားရသောအခါ မခံမရပ်နိုင်ဘဲ ဝင်ပြောမိခြင်း ဖြစ်သည်။

"မင်းအခုနပြောတဲ့အထဲမှာ လုလင်ပျိုတစ်ယောက် ငါတို့စခန်း ပရဝုဏ်ထဲ ဖွတ်ဝင်လာတဲ့အကြောင်းပါတယ်၊ အဲဒီကိစ္စကို ပြည့်ပြည့် စုံစုံ ပြောပြစမ်းပါဦး"

ကျင်သောက်ရင်က ကျင်ချွန်ကျိုတို့ စကားကို ဖြတ်တောက်သည့် အနေနှင့် ချင်ကျင်ဟူအား မေးခွန်းထုတ်လိုက်သည်။

ကျင်သောက်ရင်သည် သက်တော်ရှည် မယ်တော်ကြီး လေး ယောက်အနက် အသက်အရွယ် အကြီးဆုံးနှင့် အတွေ့အကြုံ အကြွယ်ဝ ဆုံးဖြစ်သည်။နှိုင်းနှိုင်းချိန်ချိန် စဉ်းစားဆုံးဖြတ်နိုင်စွမ်းလည်း ရှိသည်။

"အဲဒီလူငယ်က ကျွန်မတို့ဂိုဏ်းဝင် အမျိုးသမီး ပိုင်စုကျင်ရဲ့ သားပါ၊ သူ့မိခင်ကိုတွေ့ချင်လို့ အတင်းဝင်လာတာဖြစ်ကြောင်း သိရပါ တယ်၊ သူ့ကို မျှော်စင်ထိပ်မှာ စောင့်နိုင်းထားပါတယ်"

ချင်ကျင်ဟူက ပြန်ဖြေသည်။

"အဲဒီလူငယ်လေးကို ငါတွေ့ချင်တယ်"

ကျင်သောက်ရင်က ထိုသို့ပြောလိုက်ရာ ကျွန်မယ်တော်ကြီး သုံးပါးနှင့်တကွ ချင်ကျင်ဟူပါ အံ့အားသင့်သွားကြသည်။

ယခုလို အလွန်အရေးကြီးနေသည့် အချိန်အခါတွင် အပြင်လူတစ်ယောက်အား ခေါ်ယူတွေ့ဆုံခြင်းကို သူတို့ဘယ်လိုမှ နားမလည်နိုင်ကြ။

"အစ်မတော်ကြီး အခုလိုအချိန်မှာ အပြင်လူတစ်ယောက်ကို ခေါ်ပြီး ..."

ကျင်ဗါလီက စကားတောက်မည့်အပြုတွင် ကျင်ထောက်ရှင်က သတိကာပြုလိုက်ပြီး ...

"ဒီသူငယ်ဟာ ငါတို့အတွက် အကူအညီကောင်း ဖြစ်မယ်ဆိုတာ မင်းတို့ မစဉ်းစားမိကြဘူးလား"

"ဟင် ... ဘာဖြစ်လို့လဲ"

ကျင်ဗါလီနှင့် ကျင်အော်ပိုင်တို့နှစ်ယောက် ပြိုင်တူပင် မေးမိကြသည်။

"ဂိုဏ်းတစ်ခုလုံးကို အရေးပေါ် အချက်ပေးတော်လှန်ထားပြီး ဂိုဏ်းဝင်အားလုံး တိုက်ပွဲဝင်ဖို့ အသင့်ရှိနေတဲ့ အချိန်မှာ ဒီသူငယ်က တစ်ယောက်တည်း စခန်းပရဝုဏ်ထဲကို အရောက်ထိုးဖောက်ဝင်လာနိုင်တာကိုကြည့်ရင် သူ့အစွမ်းအစ ဘယ်လိုဆိုတာ မတွေးမိကြဘူးလား"

သက်တော်ရှည် မယ်တော်ကြီးသုံးယောက် ခေါင်းများကို တဆတ်ဆတ် ညိတ်လိုက်ကြသည်။

"ကဲ ... ချင်ကျင်၊ အဲဒီသူငယ်လေးကို ငါတို့ရှေ့မှောက် အခုချက်ချင်း ခေါ်လာခဲ့ပေတော့"

ကျင်ထောက်ရှင်က အမိန့်ပေးလိုက်သည်။

❖ ❖ ❖



မကြာမီမှာပင် ငွေမိုးဂိုဏ်းသက်တော်ရှည် မယ်တော်ကြီးလေးယောက်ရှေ့မှောက်သို့ နိုးထင်ချိတ် ရောက်ရှိလာသည်။

နိုးထင်ချိတ်သည် ဒူးအစုံကို ထောက်ကာ မယ်တော်ကြီးလေးယောက်ကို ရိုကျိုးစွာ ကန်တော့လိုက်သည်။

"မင်းဟာ အသက်ငယ်ရွယ်ပေမယ့် သိုင်းပညာအစွမ်းအစ အတော်ကို မြင့်မားထက်မြက်မယ့် လူငယ်တစ်ယောက်ဆိုတာ ငါတို့ အကဲခတ်မိပါတယ်"

ကျင်ထောက်ရှင်က နိုးထင်ချိတ်ကို စေ့စေ့သေချာစွာကြည့်ပြီးမှ ပြောသည်။

"အခုလိုချီးမွမ်းတာကိုကျေးဇူးတင်ပါတယ် မယ်တော်ကြီးခင်ဗျား ကျွန်တော့် သိုင်းပညာက ဘာမှမဟုတ်သေးပါဘူး"

"ဘယ်ဂိုဏ်းအဖွဲ့ကလဲဆိုတာ ပြောနိုင်မလား"

"ဟုတ်ကဲ့ ပြောနိုင်ပါတယ်၊ ကျွန်တော်ဟာ ကဝိမနောသိုင်း အဖွဲ့ဝင်တွေရဲ့ ဦးစီးခေါင်းဆောင် ကဝိမနောသိုင်းကျောင်းရှင်ဖြစ်ပါတယ်"

အရေးကြီးနေသော အခြေအနေတွင် အချိန်ကိုမဖြုန်းလိုသောကြောင့် နိုးထင်ချိတ်က တိုတိုရှင်းရှင်းပင် ထုတ်ဖော်ပြောလိုက်သည်။

နိုးထင်ချိတ်၏စကားကို ကြားရသောအခါ သက်တော်ရှည် မယ်တော်လေးယောက်နှင့် ချင်ကျင်ဟူတို့ အံ့သြသွားကြသည်။

နိုးထင်ချိတ်၏ သိုင်းပညာစွမ်းရည် အဆင့်မြင့်မားလှကြောင်းကို သူတို့အကဲခတ်မိထားကြပြီဖြစ်သည်။ သို့သော် အသက်အရွယ်ငယ်ရွယ်

သောကြောင့် သာမန်ဂိုဏ်းတစ်ခု၏ ဂိုဏ်းချုပ်အဆင့်တွင် ရှိမည်ဟုပင် မထင်ခဲ့ကြ။ အလွန်ဆုံး ဂိုဏ်းတစ်ခု၏ ထိပ်တန်းသက်မွေးဝင် သိုင်းသမား အဆင့်လောက်တွင်သာရှိမည်ဟု ခန့်မှန်းခဲ့ကြသည်။

ယခု သိုင်းလောကတွင် အလွန် နာမည်ကျော်ကြားလှသည့် ကာဝိမနောသိုင်းအနွယ်ဝင်တို့၏ ဦးစီးခေါင်းဆောင် ကာဝိမနော သိုင်းကျမ်းရှင်ဖြစ်ကြောင်း သိရသောအခါ မအံ့သြဘဲမနေနိုင်ကြတော့။

"နှစ်ပေါင်းများစွာ တိမ်မြှုပ်ပျောက်ကွယ်နေခဲ့တဲ့ ကာဝိမနောသိုင်း ကျမ်းကို မင်းလက်ထဲမှာ ရထားတယ်လို့ ဆိုလိုတာလား"

အံ့သြစိတ်ဖြင့် အတန်ကြာငြိမ်သက်နေပြီးနောက်ကျင်ထောက်ရင် ကမေးသည်။

ကာဝိမနောသိုင်း၏အစွမ်းအစ ထက်မြက်ပုံအကြောင်းကို ကျင် ထောက်ရင် ကောင်းကောင်းကြီးသိရှိထားသည်။

တိုက်ပွဲဝင်ရန် အသင့်အနေအထားတွင် ရှိနေသည့် ဝိုမေဂိုဏ်း စန်းပရုဏ်ထံသို့ တစ်ယောက်တည်း အဓိအရ တိုးဖောက်ဝင်လာနိုင် သည့် အစွမ်းကိုလက်တွေ့သိရှိထားပြီးဖြစ်ရာ နှိုးထင်ချိတ်သည်ကာဝိ မနော သိုင်းကျမ်းရှင်ဖြစ်ကြောင်း ကျင်ထောက်ရင်အနေဖြင့် သံသယ မရှိတော့ပေ။

ပိုမိုသေချာအောင် ထပ်မံမေးမြန်းခြင်းသာဖြစ်သည်။

"မှန်ပါတယ်ခင်ဗျာ"

နှိုးထင်ချိတ်ကလည်း မှန်မှန်လင်းလင်းပင် ဝန်ခံလိုက်သည်။

ဝိုမေဂိုဏ်း၏ သက်တော်ရှည်မယ်တော်ကြီးလေးယောက်တွင်



ကျင်ချွန်ကျိုမှာ အလွန်စိတ်မြန်သည်။ သိုင်းပညာနှင့်ပတ်သက်၍လည်း အလွန်ပင် စုံမက်ပါသနာကြီးသည်။

သိုင်းပညာအသစ်အဆန်းတစ်ခုခု မကြားကြားရသည်နှင့် ရင်ဆိုင်စမ်းကြည့်ရန် လက်ယားနေတတ်သည်။

ကာဝိမနောသိုင်းသည် ထူးကဲအစွမ်းထက်မြက်သည့် သိုင်းပညာ တစ်ခုဖြစ်ကြောင်း ကျင်ချွန်ကျို သိထားသည်။

ကာဝိမနောသိုင်းအနွယ်ဝင် ဂိုဏ်းခုနစ်ဂိုဏ်းကွဲ ပြားနေခဲ့ကြရာ က ဂိုဏ်းတစ်ခုစီ၏ ထိပ်တန်းသိုင်းသမားများနှင့် ကျင်ချွန်ကျိုသက်ရှည် စမ်းကာ သိုင်းပညာချင်းယှဉ်ခဲ့ဖူးသည်။

သို့သော် ကာဝိမနောသိုင်းကိုကျင့်စဉ်ခုနစ်မျိုးလုံးနှင့် တတ်မြောက် ထားသည့် သိုင်းသမားတစ်ယောက်နှင့်မူ တစ်ကြိမ်မျှ ရင်ဆိုင်ဖူးခြင်း မရှိပေ။

ယခု နှိုးထင်ချိတ်က ကာဝိမနောသိုင်းကျမ်းရှင် ဖြစ်ကြောင်း အက်အလင်းပေါက်ဖော် ဝန်ခံထားပြီးဖြစ်ရာ နှိုးထင်ချိတ်၏ ကာဝိမနော သိုင်းပညာစွမ်းကို ရင်ဆိုင်စမ်းသပ်ကြည့်လိုသောစိတ်များ ကျင်ချွန်ကျို၏ စိတ်ထဲတွင် ထိန်းမရအောင် ပေါ်ပေါက်လာသည်။

"ညီလေး ... သတိထား"

ကျင်ချွန်ကျိုက ရုတ်မှသတိပေးပြောဆိုပြီး နှိုးထင်ချိတ်ထံသို့ လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်သည်။

လက်ဝါးရိုက်ချက်တွင် မိမိ၏အတွင်းအားအဆယ်ပုံရှစ်ပုံ ထည့်သုံး ထားသည်။

နှုတ်ထင်ရှိတ်သည် မည်သို့မျှ စုံစမ်းရှောင်တိမ်းခြင်းမပြုဘဲ သည် အတိုင်းပင် ရှုဆောက်ပြီးဆောက်နေသည်။ ကျင်ရွှန်ကျိုက လက်ဝါး နှိုက်ချက်ကို လမ်းခုလတ်တွင်ပင် ထဲ့ ရင်လိုက်သည်။

လက်ဝါးက နှုတ်ထင်ရှိတ်ကို မထိမီတွင်သော်လည်း လက်ဝါးနှိုက်ချက် ကြောင့် ဖြစ်ပေါ်လာသော လေလှိုင်းလှုပ်ရှားမှုအား အဟုန်က နှုတ်ထင် ရှိတ်ကို ရိုက်ခတ်မိသည်။

နှုတ်ထင်ရှိတ်ဝတ်ထားသော အဝတ်အစားများသည် လက်ဝါးနှိုက် ချက်အားအဟုန် လေလှိုင်းရိုက်ခတ်မှုကြောင့် လှုပ်ရှား၍ တလွင့်လွင့် ဖြစ်သွားသည်။

လက်ဝါးနှိုက်ချက် အထိမခံရသော်လည်း လက်ဝါးနှိုက်ချက်အား အဟုန်ရိုက်ခတ်မှုအင်အားက မသေးလှ။ တော်ရုံတန်ရုံ အဆင့်ဖြင့် သိုင်းသမားတစ်ယောက် ပက်လက်လန်လဲကျသွားနိုင်လောက်သည့် အင်အားရှိသည်။

နှုတ်ထင်ရှိတ်သည် ကာဗိမစနာသိုင်းကိုတတ်မြောက်ထားသူ ဖြစ် သည့်ထားပြီ။ ထိုလက်ဝါးနှိုက်ချက် လေလှိုင်းအားကြောင့် နောက်သို့ ပင် ပက်လက်လန်လဲ မကျသွားသည့်တိုင် ကိုယ်ခန္ဓာတော့ ယိမ်းယိုင် လှုပ်ရှားသွားရမည်ဟု ငိုမေကိုထင်းသက်တော်ရှည်မယ်တော်ကြီးများနှင့် ဂိုထင်းချွဲစ်ချစ်ကျင်ဟုတို့ ထင်မှတ်ထားကြသည်။

ယခု နှုတ်ထင်ရှိတ်က ဟန်မပျက် တည်ငြိမ်စွာ ထိုင်နေသည်ကို တွေ့ကြရသောအခါ သိုင်းပညာစွမ်းရည်နှင့် အတွင်းအားအဆင့်မည်မျှ နက်နှိုင်းကြောင်းကို ခန့်မှန်းရန်ပင် ခက်ခဲသွားကြသည်။



သိုင်းပညာ အသစ်အဆန်းဆိုလျှင် ရင်ဆိုင်စမ်းသပ်ကြည့်လို လှသော ကျင်ရွှန်ကျိုမှာ စိတ်ထဲတွင်လည်း ပို၍ပင် အားမလိုအားမရ ဖြစ်သွားသည်။

"ငိုမေသုံးဆင့် လက်ဝါးသိုင်းကိုသုံးပြီး စမ်းသပ်ကြည့်ချင်တယ်။ ခွင့်ပြုနိုင်မလား"

ကျင်ရွှန်ကျိုက ရှင်ကျင်ဟုကိုလှမ်းကြည့်ပြီးမေးသည်။

သက်တော်ရှည်မယ်တော်ကြီးလေးယောက်သည် ငိုမေကိုထင်း၏ အတိုင်းပင်ပဲ ပုဂ္ဂိုလ်သဘောမျိုးဖြစ်ကြသည်။ အသက်အရွယ်ကြီးရင့် ပြီး အတွေ့အကြုံရင့်ကျက်လှသည့်အားလျော်စွာ အရေးကြီးသော ကိစ္စများအတွက် အကြံကောင်းဉာဏ်ကောင်းများ ပေးကြရသည်။

သို့သော် ငိုမေကိုထင်း၏ စီမံအုပ်ချုပ်ခွင့်မှာမူ ဂိုထင်းချွဲစ်ထံတွင်သာ ရှိသည်။ ဂိုထင်းချွဲစ်၏ ကိစ္စအရပ်ရပ်ကိုဂိုထင်းချွဲစ်၏ အမိန့်အတိုင်းသာ လုပ်ဆောင်ကြရသည်။

ငိုမေကိုထင်းက သက်တော်ရှည်မယ်တော်လေးယောက်ကို ရိုသေ လေးစားပြီး သက်တော်ရှည်မယ်တော်ကြီးများ ပေးသည့်အကြံဉာဏ် များကိုရယူလေ့ရှိသည်။ သက်တော်ရှည် မယ်တော်ကြီးများကလည်း ဂိုထင်းချွဲစ်၏ အခွင့်အာဏာကို ထိပါးစွက်ဖက်ခြင်း မပြုလုပ်ကြ။

ငိုမေသုံးဆင့်လက်ဝါးသိုင်းသည် ငိုမေကိုထင်း၏ အထွတ်အထိပ် သိုင်းပညာဖြစ်သည်။ တတ်မြောက်အောင်မြင်အောင် လေ့ကျင့်ရန် လည်း ခက်ခဲလှသည်။ ငိုမေသုံးဆင့်လက်ဝါးသိုင်းပညာတွင် အဆင့် ဆယ့်ခုနစ်ဆင့် သတ်မှတ်ထားသည်။

ဂိုဏ်းချုပ် ကျင်ချင်ဟွာသည် ငိုမယ်သုံးဆင့်လက်ဝါးသိုင်းကို အဆင့် ဆယ့်ခြောက်ဆင့်အထိ တတ်မြောက်ထားသည်။

ကျင်စွန့်ကျိုမှာမူ အဆင့်ဆယ့်လေးဆင့်ထိသာ တတ်မြောက်သေးသည်။ ထိုမျှလောက်အဆင့်သည်လည်း အစွမ်းမသေးပေ။

ငိုမယ်သုံးဆင့်လက်ဝါးသိုင်းကို အလွန်တရာ အရေးကြီးလှသည့် သေရေးရှင်ရေး အန္တရာယ်မျိုးနှင့်ကြုံတွေ့မှသာ ထုတ်သုံးနိုင်ခွင့်ရှိသည်။ ရိုးရိုးသားသားသိုင်းပညာစွမ်းရည် ယှဉ်ပြိုင်မှုမျိုးတွင် သုံးခွင့်မရှိပေ။

နှိုးထင်ချိတ်၏ သိုင်းပညာနှင့် အတွင်းအားသည် မခန့်မှန်းနိုင်လောက်အောင် မြင့်မားနေသည့်အတွက် ကျင်စွန့်ကျိုက ငိုမယ်သုံးဆင့်လက်ဝါးသိုင်းကို အသုံးပြုစမ်းကြည့်လိုကြောင်း ဂိုဏ်းချုပ်ချင်ကျွင်ဟွာထံ ခွင့်တောင်းခံလိုက်ခြင်းဖြစ်သည်။

နှိုးထင်ချိတ်၏ မြင့်မားနက်နဲလှသော သိုင်းပညာစွမ်းရည်ကို ငိုမယ်သုံးဆင့်လက်ဝါးသိုင်းဖြင့်သာ စမ်းသပ်ကြည့်နိုင်မည်ဖြစ်ကြောင်း သဘောပေါက်သည့်အတွက် ချင်ကျင်ဟွာကလည်း ခေါင်းညိတ်ကာ သဘောတူခွင့်ပြုချက်ပေးလိုက်သည်။

"မယ်တော်ကြီး သဘောအတိုင်းပါပဲ၊ အသုံးပြုချင်တယ်ဆိုရင် သုံးနိုင်ပါတယ်"

ချင်ကျင်ဟွာသည် ကျင်စွန့်ကျိုကိုပြောပြီးနောက် နှိုးထင်ချိတ် ဘက်လှည့်ကြည့်ကာ သတိပေးစကား ပြောကြားပြန်သည်။

"ငိုမယ်သုံးဆင့် လက်ဝါးသိုင်းဟာ ခင်အားပြင်းထန်ပြီး အစွမ်း သိပ်ထက်မြက်တယ်။ ငိုမေ့ဂိုဏ်းရဲ့ ဂိုဏ်းထိန်းသိုင်းပညာ တစ်ခုလဲ



ဖြစ်တယ်၊ ငိုမေ့သုံးဆင့်လက်ဝါး သိုင်းစွမ်းရည်အဆင့် ဆယ့်ခုနစ်ခုရှိတယ်၊ မယ်တော်ကြီးကျင်စွန့်ကျိုက အဆင့်ဆယ့်လေးခုအထိ ပေါက်မြောက်အောင်မြင်ထားပြီးပြီ၊ ငိုမေ့သုံးဆင့်လက်ဝါးသိုင်း၊ အဆင့်ဆယ့်လေးနဲ့ တိုက်ခိုက်လာတာကို ရင်ဆိုင်ရတဲ့အခါ သည်အတိုင်းငြိမ်ပြီး ခံနေမယ်ဆိုရင် အန္တရာယ်ဖြစ်နိုင်တယ်၊ မောင်ရင်လေးအနေနဲ့ တန်ပြန် တိုက်ခိုက်ဖို့ လိုလိမ့်မယ်"

သိုင်းပညာစွမ်းရည် စမ်းသပ်ကြည့်သည့် ပွဲတွင်မိမိတို့၏ ဂိုဏ်းထိန်းသိုင်းပညာကို ထုတ်သုံးမည်ဖြစ်သည့်အတွက် မတရားသက်သက်ပြုသည့်သဘောမျိုးမသက်ရောက်စေရန် ကျင်စွန့်ကျို ရရှိထားသည့် သိုင်းစွမ်းရည်အဆင့်တို့ကို နှိုးထင်ချိတ်အား ပြောပြလေသည်။

ထို့ပြင် နှိုးထင်ချိတ်အနေဖြင့် ကြိုတင်ပြင်ဆင်မှုရှိပြီး ငိုမေ့သုံးဆင့်လက်ဝါးသိုင်းကို ရင်ဆိုင်နိုင်ရန် သတိပေးစကားလည်း ပြောကြားသည်။

"ဟုတ်ကဲ့ ငိုမေ့ဂိုဏ်းရဲ့ အထွတ်အထိပ် ဂိုဏ်းထိန်းသိုင်းပညာကို လေ့လာခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်"

နှိုးထင်ချိတ်က ရည်မွန်စွာပင် ကျေးဇူးတင်စကား ပြောကြားသည်။

"ကိုင်း ... လာပြီ"

ကျင်စွန့်ကျိုက သတိပေးစကားပြောကြားပြီး ငိုမေ့သုံးဆင့် လက်ဝါးရိုက်ချက်ဖြင့် နှိုးထင်ချိတ်ကို ရိုက်ချလိုက်သည်။

❖ ❖ ❖

ငိုမသုံးဆင့် လက်ဝါးသိုင်းသည် ပျော့ပျောင်းညင်သာမှုမှ စတင်ကာ ပြင်းထန်ကြမ်းတမ်းခြင်းသို့ အဆင့်ဆင့် ရောယှက်ပြောင်းလဲသွားသည့် သိုင်းပညာဖြစ်သည်။

လက်ဝါးရိုက်ချက် စတင်ရိုက်ထုတ်လိုက်သည့်အချိန်တွင် မည်သည့် အားအင်မျှမပါရှိ။ အလွန်ပင် ပျော့ပျောင်းနူးညံ့၏။ ထို့ကြောင့် လက်ဝါးရိုက်ချက် စလိုက်သည့်အချိန်တွင် လေလှိုင်းလှုပ်ရှားမှုပင် ပေါ်မလာ။ အလယ်အဆင့်သို့ ရောက်သောအခါတွင် ပျော့ပျောင်းနူးညံ့မှုတွင် ပြင်းထန်ကြမ်းတမ်းသော အားအင်က ရောယှက်ပေါ်ပေါက်လာသည်။ လေလှိုင်းလှုပ်ရှားသံလည်း တိုးညင်းစွာပြည့်လာ၏။

တတိယနှင့် နောက်ဆုံးအဆင့်ဖြစ်သော ဦးတည်ရာကို ထိမိသည့် အချိန်တွင်မူပျော့ပျောင်းနူးညံ့မှုများ လုံးဝမရှိတော့ဘဲ အားအင်ပြင်းထန် ကြမ်းတမ်းမှုသာ အပြည့်အဝ ပါရှိသွားသည်။

ဤအဆင့်တွင် လက်ဝါးရိုက်ချက်အသံကလည်း "ဝုန်း" ခနဲ ပင်မြည်ဟိန်းသွားလေတော့သည်။

ဤသို့သော ထူးတွေဆန်းပြားသည့် အင်အား အရှိန်အဟုန်ပြောင်းလဲ မှုသုံးဆင့်ရှိသောကြောင့် ငိုမသုံးဆင့် လက်ဝါးသိုင်းဟု အမည်မှည့်ခေါ်ထားခြင်းဖြစ်သည်။

ယခု ကျင်ချွန်ကျိုက ငိုမသုံးဆင့် လက်ဝါးသိုင်းဖြင့် လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်ရာတွင် လက်ဝါးရိုက်ချက် စတင်သည့်အချိန်၌ ဘာသံမျှ ပေါ်မလာ။ လက်ဝါးရိုက်ချက် အလယ်ရောက်တွင် တိုးညင်းသော လေလှိုင်းလှုပ်ရှားမှုလေးဖြစ်ပေါ်လာသည်။



နိုးထင်ချိတ်ကား ငြိမ်သက်စွာ ထိုင်မြဲထိုင်နေသည်။

ကျန် သက်တော်ရှည်မယ်တော်ကြီးသုံးယောက်နှင့် ဂိုဏ်းချုပ်ချင်ကျင်ဟွာတို့သည် ကြိုတင်သတိပေးထားပါလျက် မတုန်မလှုပ်ငြိမ်သက်စွာ ထိုင်နေသေးသော နိုးထင်ချိတ်အတွက် အားမလိုအားမရ ဖြစ်နေမိသည်။

ယခုဆိုလျှင် ငိုမသုံးဆင့် လက်ဝါးသိုင်း၏ ပထမအဆင့်နှင့် ဒုတိယအဆင့်တို့ ကျော်လွန်သွားပြီဖြစ်သည်။

နိုးထင်ချိတ်၏ ကိုယ်ခန္ဓာကို လက်ဝါးရိုက်ချက်က အားအင်ပြင်းထန်စွာ ဝုန်းခနဲ ထိမိသည့် နောက်ဆုံးတတိယအဆင့်ကိုသာ ကျန်တော့သည်။

တတိယအဆင့်ရောက်မှ ခုခံမည်ဆိုပါက အလွန်ပင် အကြပ်တွေ့ရပေမည်။

နိုးထင်ချိတ်ကတော့ တည်ငြိမ်အေးချမ်းစွာ ဖူးထောက်ထိုင်နေပြီ။

ကျင်ချွန်ကျို၏ လက်ဝါးရိုက်ချက်က နိုးထင်ချိတ်၏ ရင်ဘတ်နှင့် ထိမိလုဆဲဆဲ ဖြစ်လာလေပြီ။

ကြည့်နေသူတို့၏စိတ်ထဲတွင် သည်ကောင်လေး ပြန်လည်ခုခံမှု ခုခံပါ့မလားဟူပင် ထင်မှတ်လာကြသည်။

သည်အခြေအနေသို့ ရောက်နေပြီးနောက် ကျင်ချွန်ကျိုအနေဖြင့် သူ၏ လက်ဝါးရိုက်ချက်ကို ပြန်လည်ရုပ်သိမ်းလိုသော်မှ ရုပ်သိမ်းနိုင်မည့် အခြေအနေတွင်မရှိ။

ရှောင်တိမ်း ခုခံခြင်းမပြုဘဲနေလျှင် ကျင်ချွန်ကျို၏ ငိုမသုံးဆင့်

လက်ဝါးရိုက်ချက်သည် နှိုးထင်မျိုတ်၏ ရင်ဘတ်ကို ဝုန်းခနဲမြည်အောင် အားအင်ပြင်းထန်စွာ ကျကျနန ရိုက်မိပေတော့သည်။

ကြည့်နေသူများသည်အသက်ရှုရန်ပင် မေ့နေကြသည်။

ကျင်ချွန်ကျိ၏ လက်ဝါးရိုက်ချက်က မိမိ၏ ရင်ဘတ်နှင့်သုံးလက်မခန့်အကွာသို့ ရောက်သောအခါတွင် နှိုးထင်မျိုတ် ဖောင်လှုပ်ရှားလေတော့သည်။

✥ ✥ ✥

နှိုးထင်မျိုတ်က ညာလက်ကိုရင်ဘတ်ရှေ့သို့ သက်လက်မြန်ဆန်စွာ မြှောက်တင်လိုက်၏။

နှိုးထင်မျိုတ်၏ ညာလက်ဝါးသည် ပြင်းထန်သော အားအင်ဖြင့် ရိုက်ချလာသည့် ကျင်ချွန်ကျိ၏ လက်ဝါးရိုက်ချက်နှင့် ဟန်ချက်မီစွာ ဆုံမိသည်။

"ဖတ် ..."

ကြည့်နေကြသူတို့ မျှော်လင့်ထားသလို ပြင်းထန်သော လက်ဝါးရိုက်ချက်ထိမိသံသည် ဝုန်းခနဲ ပေါ်မလာ။

လက်ဝါးချင်း ဆိုင်မိသံ ဖတ်ခနဲသာ မတိုးမကျယ် ပေါ်ထွက်လာသည်။

ထို့နောက် ကျင်ချွန်ကျိ၏ လက်ဝါးနှင့် နှိုးထင်မျိုတ်၏ လက်ဝါးတို့မှာကပ်မိကာ အတွင်းအားချင်း အားပြိုင်တွန်းသည့် အခြေအနေမျိုးသို့ ရောက်ရှိသွားလေတော့သည်။



"လူလေး ...ခုမ်စရာရှိရင် ပြန်ခုခံ ဘာမှ အားနာမနေရာ မလိုဘူး"

ကျင်မထောက်ရှင်က နှိုးထင်မျိုတ်ကိုလှမ်း၍ သတိပေးစကား ပြောကြားလိုက်သည်။

နှိုးထင်မျိုတ်၏ အတွင်းအား မြင့်မားနက်ရှိုင်းစေကာမူ ကျင်ချွန်ကျိလို အသက်အရွယ်ကြီးရင့်ပြီး နှစ်ပေါင်းများစွာ အတွင်းအား အခြေခံနိုင်မာနေသည့် ဝါရင့်သဘာရှင့် သိုင်းသမားတစ်ယောက်နှင့် အတွင်းအားချင်း ယှဉ်ပြိုင်လျှင် အထိနာမည်စိုးသောကြောင့် ကျင်မထောက်ရှင်က ယခုလို သတိပေးလိုက်ခြင်းဖြစ်သည်။

"အခုလို သတိပေးတော ကျေးဇူးတင်ပါတယ်မယ်တော်ကြီး။ ကျွန်တော့်အတွက် ဘာမှ စိုးရိမ်မနေပါနဲ့"

နှိုးထင်မျိုတ်က ကျင်မထောက်ရှင်ကို ပြုံးရယ်ကာ ကြည့်ပြီး ပြောလိုက်သည်။

စကားပြောပုံက အလွန်ပင် အေးဆေးလှသည်။

ညနေချမ်းအချိန်တွင် ပန်းခြံအတွင်း၊ အနားယူအပန်းဖြေရင်း မိတ်ဆွေတစ်ယောက်ကို ပြောသည့်စကားသံနှင့် ဟန်ပန်မျိုးဖြစ်သည်။

အတွင်းအားချင်း ရင်ဆိုင်ယှဉ်ပြိုင်နေရသည့် အခါမျိုးတွင် စိတ်အာရုံတွေပြား၍မရ။

ယခုလို စကားအေးအေးဆေးဆေး ပြောဖို့ကားဝေးလှသည်။

ယခု နှိုးထင်မျိုတ်၏ အေးအေးဆေးဆေး စကားပြောလိုက်ပုံက ကျင်ချွန်ကျိနှင့် အတွင်းအားချင်း ယှဉ်ပြိုင်ရာတွင် အားအင်အနည်းငယ်

သာ တည့်သွင်းအသုံးချနေကြောင်း ပြလိုက်သည့်သဘောမျိုး ဖြစ်သည်။

သက်တော်ရှည် မယ်တော်ကြီးများနှင့် ချင်ကျင်ဟူတို့ အလွန်ပင် အံ့သြသွားကြသည်။

ကျင်ချွန်ကျိ၏ အသက်မှာ (၈၀)ဝန်းကျင် ဖြစ်သည်။

ယယ်စဉ်ကပင် အတွင်းအား လေ့ကျင့်ခဲ့သူဖြစ်သည့်အတွက် ကျင်ချွန်ကျိ၏ အတွင်းအားသည် အလွန်ပင် အခြေခိုင်နေသည်။

ထူးခြားဆန်းပြားသော သိုင်းပညာများဖြင့် ကျင်ချွန်ကျိကို သိုင်းပညာစွမ်းရည်တွင် အနိုင်ယူကောင်း ယူနိုင်မည်ဖြစ်သော်လည်း အတွင်းအားချင်း ယှဉ်ရာတွင် နိုင်ဖို့မလွယ်ဟုသူတို့ တွက်ထားကြသည်။

အကယ်၍ အနိုင်ယူနိုင်ကြသည့်တိုင် အကြိတ်အနယ် ယှဉ်ပြိုင်ကြရမည်ဟု ထင်ထားကြသည်။

ယခု နှိုးထင်ချိတ်က ကျင်ချွန်ကျိနှင့် အတွင်းအားချင်း ယှဉ်ပြိုင်ရာတွင် ခပ်အေးအေး ခပ်ပေါ့ပေါ့သာ ရှိနေပေရာ သူတို့အဖို့ အံ့သြရင်း အံ့သြနေရသည်။

ယခုလို မိစ္ဆာမနောဂိုဏ်း၏ အန္တရာယ်အနိုင်မည်းကြီး ကျရောက်နေသည့်အချိန်မျိုးတွင် ငိုမေဂိုဏ်းအနေဖြင့် မိမိကို အလွယ်တကူ ယုံကြည်လက်ခံမည် မဟုတ်သည်ကို နှိုးထင်ချိတ်သိသည်။

မိစ္ဆာမနောဂိုဏ်း၏ အန္တရာယ်ကို တွန်းလှန်ဖယ်ရှားနိုင်ရန်အတွက် နှိုးထင်ချိတ်အနေဖြင့် ငိုမေဂိုဏ်းကို ကူညီလိုသည်။



ထိုသို့ကူညီနိုင်ရန်မှာလည်း မိမိအပေါ်ယုံကြည်စိတ်ချပြီး အားကိုးသိုစိတ်များ ရှိလာမှဖြစ်မည်။

ထို့ကြောင့် ...

မိမိ၏ ဖြောင့်မှန်သောစိတ်ထားနှင့် မြင့်မားသော သိုင်းပညာစွမ်းရည်ကို ပြသနိုင်ရန် နှိုးထင်ချိတ်၏ အပြင်းအထန်ကြိုးပမ်းနေခြင်း ဖြစ်သည်။

ကျင်ချွန်ကျိမှာ အတွင်းအားမြင့်မားနက်ရှိုင်းသူ တစ်ယောက်အမှန်ပင်ဖြစ်သည်။

ကျင်ချွန်ကျိ၏ ငိုမေသုံးဆင့်လက်ဝါးသိုင်းမှာလည်း အစွမ်းထက်မြက်လှသည်။

သို့သော် ရှောင်လင်စကြာအတွင်းအားကို ရရှိထားပြီး မိမိကိုယ်ခန္ဓာအတွင်း အတွင်းအားလည်ပတ်မှု တစ်ဆတိုးအောင် ပြသနိုင်သည့် မှဲ့ရှစ်လုံးရှင် နှိုးထင်ချိတ်ကား ပြိုင်ဘက်မဟုတ်ပေ။

နှိုးထင်ချိတ်၏ ခြေဖဝါးနှစ်ဖက်ပေါ်ရှိ မှဲ့ရှစ်လုံးသည် ကိုယ်ခန္ဓာအတွင်း အတွင်းအား စုစည်းလှုပ်ရှားမှုနှင့် သွေးလေလည်ပတ်မှုတို့ကို ထိန်းချုပ်အားဖြင့်ပေးနိုင်သည့် သွေးကြောကွက်နေရာ ရှစ်ခုပေါ်တွင် တည်ရှိနေသည်။

ထိုမှဲ့နက်များကို တစ်စုံတစ်ရာဖြင့်ဖိကာ ထိုးသွင်းပေးလျှင် တစ်ကိုယ်လုံးရှိ သွေးလေလည်ပတ်မှုကောင်းမွန်မြန်ဆန်ကာ အတွင်းအားလည်း ဝိုင်းဝိုင်း တိုးတက်များပြားလာသည်။

ယခင်ကဆိုလျှင် တုတ်ချွန်၊ ကျောက်ခဲ စသည်တို့ဖြင့် ခြေဖဝါး

ပေါ်မှ မှဲ့နက်များကိုဖိကာ ထိုးထွလျက် အတွင်းအားတို့တက် မြင့်မားလာအောင် နိုးထင်ချိတ် ပြုလုပ်ခဲ့ရသည်။

နောက်ပိုင်းတွင်မူ မှဲ့ရှစ်လုံးဖြစ်သည့် တည်နေရာ၊ သွေးကြောကွက်နေရာ ရှစ်ခုတွင် အတွင်းအား မွဲဖြန့်ကာ လှုပ်ရှားပေးရုံနှင့် တစ်ကိုယ်လုံး သွေးလေလည်ပတ်မှုမြန်ဆန်ပြီး အတွင်းအားတိုးတက်များပြားလာအောင် ပြုလုပ်နိုင်စွမ်းရှိလာခဲ့သည်။

ယခု ကျောင်းချွန်ကျိုး၏ ငိုမယ့်သုံးဆင့်လက်ဝါးသိုင်းကို ရင်ဆိုင်ရာတွင်လည်း နိုးထင်ချိတ်က ထိုနည်းကိုသုံးခဲ့သည်။

နိုးထင်ချိတ်သည် ညာလက်ဝါးတွင်ရှိသော သွေးလေစီးဆင်းမှုမြန်ဆန်ပြီး အတွင်းအား တိုးပွားလာစေနိုင်သည့် သွေးကြောကွက်နေရာပေါ်ရှိမှဲ့နက်တွင် အတွင်းအားအနည်းငယ် စုစည်းလှုပ်ရှားပေးကာ အားတုံ့အားပြန်နည်းဖြင့် မိတွန်းလာသော ကျောင်းချွန်ကျိုး၏ အတွင်းအားကိုပင် ပြန်လည် လည်ပတ်သုံးစွဲကာ သူ့အားနှင့်လူ တန်ပြန် ပေးနေခဲ့သည်။

ထို့ကြောင့်လည်း လက်ဝါးချင်းဆိုင်ကာ မိတွန်းပျက် အတွင်းအားချင်း ယှဉ်ပြိုင်နေရသည့်တိုင် ကျောင်းထောက်ရင်ကို ဟန်မပျက် စကားပြန်ပြောနိုင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ လက်ဝါးချင်းကပ်ကာ မိတွန်းရင်း အတွင်းအားချင်း ယှဉ်နေရာမှ ကျောင်းချွန်ကျိုး၏ ကိုယ်ခန္ဓာအတွင်းရှိသွေးကြောကွက် ရှစ်နေရာတွင် သွေးလည်ပတ်မှု ချောမွေ့သင့်သလောက် မချောမွေ့ဘဲ ဖြစ်နေသည်ကို နိုးထင်ချိတ် သတိပြုမိခဲ့သည်။



နိုးထင်ချိတ်သည် စိတ်အာရုံကို စုစည်းလိုက်သည်။ မိမိ၏ အတွင်းအားကိုလည်း မြှင့်တင်လိုက်သည်။ ထို့နောက် ကျောင်းချွန်ကျိုး၏ သွေးလည်ပတ်မှုချောမွေ့သင့်သလောက် မချောမွေ့ဘဲဖြစ်နေသည့် သွေးကြောကွက်နေရာရှစ်ခုတွင် သွေးလည်ပတ်မှု ကောင်းလာအောင် အားပေးထောက်ကူလုပ်ပေးလိုက်သည်။

မိမိ၏ခန္ဓာကိုယ်ထဲသို့ အပူလှိုင်းကြီးတစ်ခု စီးဝင်လာသလိုလို ကျောင်းချွန်ကျိုးခံစားရသည်။ တစ်ကိုယ်လုံးလည်း ဆတ်ဆတ် တုန်ယင်ကာ ချွေးသီးချွေးပေါက်တွေ ကျလာသည်။

ကြည့်နေကြသူတို့မှာ အတွင်းအားချင်း ယှဉ်ပြိုင်ရင်း ကျောင်းချွန်ကျိုး အတွင်းဒဏ်ရသွားလေပြီလားဟု စိုးရိမ်ပူပန်လာကြရသည်။

"တော်ပြီ ရပ်ကြပါစို့"

နိုးထင်ချိတ်က တိုးတိုးပြောပြီး ဖိကပ်ထားသော လက်ဝါးကို အသာပင်ပြန်ရုပ်သိမ်းလိုက်သည်။

ကျောင်းချွန်ကျိုးသည် နိုးထင်ချိတ်ကို အံ့သြချီးမွမ်းသော အကြည့်ဖြင့်ကြည့်ရင်း ...

"မင်းရဲ့သိုင်းပညာစွမ်းရည်ကို ဘယ်လိုချီးမွမ်းရမယ်မှန်းတောင် မသိတော့ဘူး။ မင်းရဲ့အားပေးကူညီမှုကြောင့် ငါ့အနေနဲ့ ငိုမယ့်သုံးဆင့်လက်ဝါးသိုင်းကို အဆင့်ဆယ့်ခုနစ်ထိ ပေါက်မြောက်အောင်မြင်အောင် လေ့ကျင့်နိုင်တော့မယ်"

စိတ်ထက်ပြီးမာနကြီးသူတစ်ယောက်ဖြစ်သော ကျောင်းချွန်ကျိုးသည် လူတစ်ဦးတစ်ယောက်ကို ကျေးဇူးတင်စကား ပြောခဲ့သည်။

သူ၏ ကိုယ်ခန္ဓာအတွင်းရှိ သွေးကြောကွက် နှစ်နေရာတွင် သွေးလည်ပတ်မှု ချောမွေ့သင့်သလောက် မချောမွေ့သောကြောင့် ငိုမသုံးဆင့်လက်ဝါးသိုင်းကို အဆင့်ဆယ့်လေးထက် ပိုမိုတိုးတက် လေ့ကျင့်ခြင်း မပြုနိုင်ခဲ့။

ယခု နှိုးထင်ချိတ်၏ ဖေးမကူညီပေးမှုကြောင့် ထိုသွေးကြောကွက်နေရာနှစ်ခုတွင် သွေးလည်ပတ်မှုများ ချောမွေ့သွားကြပြီဖြစ်ရာ ကျင်ချွန်ကျိအဖို့ ငိုမသုံးဆင့်လက်ဝါးသိုင်းကို အဆင့်ဆယ့်ခုနစ်ဆင့် အထိ ပေါက်ရောက်အောင်မြင်အောင် လေ့ကျင့်နိုင်ပေတော့မည်။ ကျင်ချွန်ကျိအနေဖြင့် နှိုးထင်ချိတ်ကိုလှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်သည်မှာ မဆန်းပေ။

နှိုးထင်ချိတ် အနေဖြင့်လည်း သူ၏သိုင်းပညာ စွမ်းရည်မြင့် ဖြောင့်မတ်တည်ကြည်သော စိတ်ဓာတ်တို့ကို ဖော်ထုတ်ပြသနိုင်ကာ ငိုမဂိုဏ်း၏ ယုံကြည်မှုကို အပြည့်အဝ ရရှိသွားလေတော့သည်။

❖ ❖ ❖

"လူလေး ...မင်းဟာ သိုင်းလောကရဲ့အကျိုးပြည့်သူအများ ကောင်းကျိုးနဲ့ တိုင်းပြည်ကောင်းကျိုးကို စွန့်စွန့်တခံ သယ်ပိုးလုပ်ဆောင်နိုင်မယ့် တကယ့် သိုင်းသမားကောင်း၊ တစ်ယောက်ပဲ၊ မင်းကို မွေးထုတ်ပေးတဲ့ မင်းမိခင် ပိုင်စုကျင်ဟာလဲ သားကောင်းမိခင်အဖြစ် ဂုဏ်ယူပါတယ်"

ကျင်သောက်ရင်က နှိုးထင်ချိတ်ကို လှိုက်လှိုက်လှဲလှဲပင် ချီးမွမ်းစကားဆိုသည်။



ဤစကားကြားရသည့်အခါ နှိုးထင်ချိတ်မှာ တစ်ကိုယ်လုံး ကြက်သီးဖျန်းဖျန်းထအောင် ကျေနပ်ပီတိဖြစ်သွားရသည်။

"သူ့သားရဲ့ စွမ်းဆောင်ချက်တွေကို သိရရင် သူ့မိခင် ပိုင်စုကျင် သိပ်ကို ဝမ်းသာမှာဘဲ"

ကျင်ပါလီကပါ ချီးကျူးစကား ဆိုလာပြန်သောအခါ နှိုးထင်ချိတ်မှာ ကျေနပ်ပီတိဖြစ်နေသည့်ကြားမှ ရှက်ရွံ့စိတ်လည်း ပေါ်လာရသည်။

နှိုးထင်ချိတ်သည် မိခင်ပိုင်စုကျင်ကို ချစ်မြတ်နိုးသော်လည်း မိခင်ကြီးအတွက် စဉ်းစားလုပ်ဆောင်ခဲ့မှု နည်းပါးလှသည်။

ဤငိုမဆန်းတော်သို့ နှိုးထင်ချိတ် ရောက်ရှိလာခဲ့ခြင်းမှာလည်း သူ့စိတ်ထဲမှ တိတ်တဆိတ် မေတ္တာရှိနေလေသူ ကြူဝင်ဝင်၏ လွတ်မြောက်ရေးအတွက် လမ်းစလေး ရလိုငြား၊ စုံစမ်းရင်းရောက် လာခဲ့ခြင်း ဖြစ်သည်။

မိစ္ဆာမနောဂိုဏ်းသားများက ငိုမဂိုဏ်းကို တိုက်ခိုက်နေကြကြောင်း၊ တွေ့မြင်ရသည့်အခါတွင်မှ မိခင်ပိုင်စုကျင်ကို သတိရပြီး ငိုမဂိုဏ်းမှ ကူညီပေးရန် စိတ်ကူးရရှိခဲ့သည်။

ဤဖြစ်ရပ်ကို ပြန်စဉ်းစားမိကာ နှိုးထင်ချိတ်သည် မိမိကိုယ် မိမိအပြစ်တင်မိသည်။

ကျင်သောက်ရင်သည် အတွေ့အကြုံရင့်ကျက်သူပီပီ နှိုးထင်ချိတ်၏ မျက်နှာအမူအရာကို ကြည့်ရုံမျှဖြင့် နှိုးထင်ချိတ်စိတ်ထဲတွင် မိမိကိုယ်မိမိ ပြန်အပြစ်တင်နေမိသည့် အကြောင်းကို အကဲခတ်မိတော့သည်။

"လူလေးမင်းကိုယ်မင်း အပြစ်တင်နေတယ် မဟုတ်လား။ ကိုယ့်မှာမျှော်ကွက်လေးတွေ လိုအပ်ချက်လေးတွေ ရှိနေတာကို သိမြင်ရလို့ ကိုယ့်ကိုကိုယ် ပြန်အပြစ်တင်နေဖို့ မလိုပါဘူးကွယ်၊ ဒီမျှော်ကွက်နဲ့ လိုအပ်ချက်တွေကို ပြည့်ပြည့်နိုင်အောင် ကြိုးစားဖို့ပဲ လိုပါတယ်"

ကျင်ထောက်ရင်က နှိုးထင်ချိတ်ကို ကြင်နာစွာကြည့်ပြီး ပြောဆိုသည်။

ကျင်ထောက်ရင်၏စကားသည် နှိုးထင်ချိတ်ကို ငေးမောနေရာမှ လှုပ်နှိုးပေးလိုက်သည့် သဘောမျိုးဖြစ်သွားသည်။

"ဟုတ်ကဲ့ ဆယ်တော်ကြီး ...ကျွန်တော် နားလည်ပါပြီခင်ဗျာ"

နှိုးထင်ချိတ်က အမူအရာ ပြန်ထည်ရင်း ပြောလိုက်သည်။

"ဝန်းအပြင်ဘက်မှာ ဝန်းရံထားကြတဲ့ ရန်သူတွေကို ဘယ်လိုရင်ဆိုင်မယ်ဆိုတာကို ဆက်ပြီး စဉ်းစားဖို့လား"

ကျင်ဝါလီက စကားလမ်းကြောင်းပြောင်းပေးလိုက်သည်။

"အင်း ...ဒီနေ့ရောက်ရှိလာတဲ့ ရန်သူဟာ ငါတို့ငိုမေဂိုဏ်းအနေနဲ့ ခါတိုင်းကြုံတွေ့နေကျ ရန်သူမျိုးမဟုတ်ဘူး။ သိုင်းပညာစွမ်းရည် ထက်မြက်သလောက် ရက်စက်ကြမ်းကြုတ်လှတဲ့ မိစ္ဆာမနောသိုင်းသမားတွေဖြစ်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ရန်သူကိုတော့ ရင်ဆိုင်ရမှာပါပဲ"

ကျင်ထောက်ရင်က စဉ်းစဉ်းစားစားပြောသည်။

"ခွင့်ပြုမယ်ဆိုရင် ကျွန်တော် အကြံပေးပါရစေ"

နှိုးထင်ချိတ်က ခွင့်ပြုချက်တောင်းသည်။



"ပေးနိုင်ပါတယ်၊ လူလေးဟာ အသက်ငယ်ရွယ်ပေမယ့် ကာဝိမနော သိုင်းကျမ်းရှင်ဖြစ်နေတော့ အထင့်ကမသေးပါဘူး။ ပြီးတော့ငါတို့ ဂိုဏ်းနဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းလဲ ရှိတာကြောင့် လူလေးရဲ့ အကြံကို ကြိုဆိုပါတယ်"

"ရန်သူ့အင်အားက အတော့်ကိုကောင်းပါတယ်၊ ပြီးတော့ အလစ်ဝင်တိုက်ခိုက်ပြီး အောင်ပွဲရခဲ့တဲ့အတွက် စိတ်ဓါတ်တက်ကြွနေပါတယ်၊ ဒီလိုအခြေအနေမျိုးမှာ ရန်သူကို အင်အားချင်းထိပ်တိုက် ရင်ဆိုင်ပြီး တိုက်မယ်ဆိုရင် ကျွန်တော်တို့ဘက်က တစ်ပန်းရှုံးနိုင်ပါတယ်၊ ပြီးတော့ တိုက်ပွဲဖြစ်မယ့်နေရာဟာ ငိုမေဂိုဏ်းဌာနချုပ်ဝန်း ပရဝုဏ်ဖြစ်ပါတယ်၊ ဝန်းပရဝုဏ်ထဲမှာ ငိုမေဂိုဏ်းရဲ့အထွတ်အမြတ် ပစ္စည်းတွေ၊အဆောက်အအုံတွေ ရှိနေပါတယ်၊ တိုက်ခိုက်မှုတွေကြောင့် အဲဒီပစ္စည်းနဲ့ အဆောက်အအုံတွေ ထိခိုက်ပျက်စီးမယ့် အကြောင်းက ရှိလဲရှိနေပါသေးတယ်"

ငိုမေဂိုဏ်း၏ သက်တော်ရှည်ဆယ်တော်ကြီးလေးယောက်သည် နှိုးထင်ချိတ် ပြောကြားသည်များကို နားထောင်ရင်းခေါင်းတညိတ်ညိတ် လုပ်နေကြသည်။

နှိုးထင်ချိတ်က ဆက်လက်၍ ...

"ဒါကြောင့် ကျွန်တော့်အနေနဲ့ အင်အားချင်း ရင်ဆိုင်တိုက်ခိုက်တဲ့နည်းအစား တစ်ဦးချင်း၊ တစ်ယောက်ချင်း ရင်ဆိုင်တိုက်ခိုက်ရမယ့် နည်းပရိယာယ်မျိုးကျင့်သုံးသင့်ပါတယ်"

"သူပြောတဲ့အကြံက အတော့်ကို ကောင်းပါတယ်"

ချင်ကျင်ဟွာက နှိုးထင်ချိတ်အကြံကို ထောက်ခံလိုက်သည်။

အင်အားကြီးမားပြီး ပွဲဦးထွက်အောင်ပွဲများကြောင့် မာန်တက်နေသောရန်သူကို အင်အားချင်း ရင်ဆိုင်တိုက်ခိုက်လျှင် ဘယ်လိုမှ မဖြစ်နိုင်ကြောင်းကို ချင်ကျင်ဟွာလည်း တွေးမိထားပြီးဖြစ်သည်။

ယခု နှိုးထင်ချိတ် ပြောသည့်စကားများသည် မိမိကိုယ်တိုင် ပြောလိုသောစကားများအတိုင်း ဖြစ်နေသည့်အတွက် ထောက်ခံလိုက်ခြင်းဖြစ်သည်။

"ကောင်းပြီ ဘယ်လိုဆက်လုပ်သင့်တယ်ဆိုတာ ပြောပါဦး"

ကျင်ယောက်ရှင်က မေးသည်။

"ပထမဆုံး ရန်သူ့ခေါင်းဆောင်ကို ထွက်တွေ့ဖို့ပြီး သူတို့ဘက်က လက်ရွေးစင် သိုင်းသမားတွေနဲ့ ကျွန်တော်တို့ဘက်က သိုင်းသမားတွေ ဆယ်ပွဲ ရင်ဆိုင်တိုက်ခိုက်ဖို့ စိန်ခေါ်မယ်။ ရန်သူဟာ သူတို့ကိုယ်သူတို့ အထင်ကြီးမာန်တက်တဲ့ အချိန်ဆိုတော့ ကျွန်တော်တို့ရဲ့ စိန်ခေါ်ချက်ကို လက်ခံမှာ အမှန်ပဲ"

"နောက်တော့ကော ..."

"တစ်ဖက်ကလဲ ကျွန်တော်တို့မှာရှိတဲ့ လူအင်အားကို အထိရောက်ဆုံး အသုံးချနိုင်အောင် စုစည်းပြင်ဆင်ထားရမယ်၊ ဒါမှလဲ တကယ်လို့ မလွဲမရှောင်သာဘဲအင်အားချင်း ရင်ဆိုင်တိုက်ပွဲဖြစ်လာရင် ကျွန်တော်တို့ဘက်က ထိထိမိမိ တိုက်ခိုက်နိုင်ဖို့ အသင့်ရှိနေမယ်။ တိုက်ခိုက်တဲ့အခါမှာလဲ ကြံကြံဖန်ဖန်နဲ့ ပြင်းပြင်းထန်ထန် တိုက်ခိုက်ရမယ်။ သက်ညှာလို့ကတော့ လုံးဝမဖြစ်ဘူး။ ဒီလိုပြင်းပြင်းထန်ထန်



တိုက်ခိုက်ပြမှ ရန်သူဟာ ကျွန်တော်တို့ကို အလွယ်နဲ့တိုက်ခိုက်လို့ မရနိုင်မှန်းသိပြီး ရန်လိုတဲ့ စိတ်မာန်တွေလျှော့ကျကုန်မယ်"

ငိုမေကိုဏ်း၏ သက်တော်ရှည်မယ်တော်ကြီးလေးယောက်စလုံးက နှိုးထင်ချိတ်၏ အကြံကိုသဘောတူ လက်ခံကြသည်။

ဂိုဏ်းချုပ် ချင်ကျင်ဟွာကလည်း သဘောတူသည်။

"ကျုပ်တို့ဂိုဏ်းအတွက် တတ်နိုင်မယ့်နေရာက ပါဝင်ကူညီပေးဖို့ မေတ္တာရပ်ခံပါတယ်"

နှိုးထင်ချိတ်ပေးသော အကြံအတိုင်းလုပ်ဆောင်ရန် အားလုံးသဘောတူဆုံးဖြတ်ပြီးသောအခါ ချင်ကျင်ဟွာက နှိုးထင်ချိတ်ထံမှ အကူ အညီတောင်းသည်

နှိုးထင်ချိတ်သည် ငိုမေကိုဏ်းဘက်မှ ပါဝင်ကာကွယ်တိုက်ခိုက်ပေးရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။ ယခုငိုမေကိုဏ်းချုပ်ကိုယ်တိုင်က တရားဝင် မေတ္တာရပ်ခံလာပေရာ ကူညီပေးရန် ချက်ချင်းပင် လက်ခံလိုက်သည်။

ချင်ကျင်ဟွာက ငိုမေကိုဏ်း၏ အမိန့်ပေးနဂါးခေါင်းတုတ်ကို နှိုးထင်ချိတ်လက်သို့ ပေးအပ်ကာ ရန်သူကိုရင်ဆိုင်ရာတွင် အစစအရာရာ စီမံနိုင်ခွင့် အာဏာကိုပါ အပ်လိုက်လေသည်။

နှိုးထင်ချိတ်လည်း အချိန်ဆိုင်းမနေ။

ငိုမေကိုဏ်းဝင်များကို ကျွမ်းကျင်သိပ်သည်းသော တိုက်ခိုက်ရေးအဖွဲ့ငယ်များအဖြစ် ဖွဲ့စည်းပေးသည်။

အကယ်၍ ရန်သူနှင့် အင်အား ချင်းယှဉ်ပြိုင်တိုက်ခိုက်ရလျှင်

အဆင့်ဆင့် တိုက်ခိုက်သောနည်းလမ်းကို အသုံးချနိုင်ရန်လည်း မှာကြား ထားသည်။

လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်ပြီးနောက် ရန်သူ့ဖက်မှ ခေါင်းဆောင်နှင့် တောဆိုရန်အတွက် မှုထင်ချိုတ်သည် ဒိုမေဂိုထ်း ဌာနချုပ်စခန်း ပရဂုထ်အပြင်သို့ထွက်လာခဲ့လေတော့သည်။

❖ ❖ ❖

# အခန်း(၂)

ဒိုမေဂိုထ်းဌာနချုပ်စခန်းပရဂုထ်၏ ပင်မတံခါးကြီး ပွင့်သွားသည်။

ဒိုမေဂိုထ်းဝင်များကို တိုင်ပင်စဉ်းစားရန် အချိန်ပေးထားသည် ဖြစ်သောကြောင့် ရန်သူတို့သည် တိုက်ခိုက်မှုများကို ခေတ္တရပ်နားကာ စခန်းပရဂုထ်ကိုသာ ဝန်းရံနေခဲ့ကြသည်။ ပင်မတံခါးကြီးနှင့် ပေသုံးရာ ခန့်အကွာတွင် တိုးလွှန်တိုးသည် ဗိုလ္လာမနောဂိုထ်းသားများ မှူးခေါင်း အင်အား တစ်ရာကျော် ခြံရံလျက် အခန့်သားရှိနေသည်။

ပွင့်သွားသော တံခါးမှလူရှည်တစ်ယောက် လျှောက်လှမ်းထွက်လာသည်။ လူရှည်၏လက်ထဲတွင် ဒိုမေဂိုထ်း၏ အမိန့်ပေးနက်ဖခေါင်း တုတ်ကို ကိုင်ထားသည်။

တံခါးပွင့်သွားသည်အချိန်တွင် မိမိတို့ပေးထားသည့် ရာဇသံကို ပြန်ကြားရန် ဒိုမေဂိုထ်းဝင်တစ်ယောက် ယောက်ထွက်လာမည်ဖြစ်ကြောင်း တိုးလွှန်တို့တွက်ဆထားပြီးဖြစ်သည်။

ယခု လူရွယ်တစ်ယောက် ငိုမေဂိုထ်း၏ အမိန့်ပေးနဂါးခေါင်းတုတ် ကိုင်လျက် ထွက်လာသည်ကို တွေ့ရသောအခါ တိုးလွန်တို့ မျက်မှောင်ကြုတ်သွားမိသည်။

ငိုမေဂိုထ်းသည် အမျိုးသမီးအဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ဂိုဏ်းဝင် အများစုမှာ အမျိုးသမီးတွေသာဖြစ်သည်။

ယခုလို အရေးကြီးသည့်အကြောင်း ပြန်ကြားချက်ပေးရန် အတွက် ငိုမေဂိုဏ်းမှ အဆင့်မြင့်ဂိုဏ်းဝင် အမျိုးသမီးတစ်ယောက်သာ ထွက်လာရန်အကြောင်းရှိသည်။

နုပျိုနုညားသော လူရွယ်တစ်ယောက် ထွက်လာသည့်အတွက် တိုးလွန်တို့အထွေးရောက်ကာ မျက်မှောင်ကြုတ်မိခြင်းဖြစ်သည်။

"မင်းကဘယ်သူလဲ၊ ငိုမေဂိုဏ်းနဲ့ ဘယ်လိုပတ်သက်နေသလဲ၊ ငိုမေဂိုဏ်းကို ကိုယ်စားပြုပြီး ပြောပိုင်ဆိုပိုင်ခွင့်ရှိရဲ့လား"

တိုးလွန်တို့က မေးခွန်းတွေ တစ်သီကြီး မေးလိုက်သည်။

ထိုလူရွယ်မှာ နှိုးထင်ချိတ်ပင် ဖြစ်သည်။

"ဟောဒါ ငိုမေဂိုဏ်းရဲ့ အမိန့်ပေးနဂါးခေါင်းတုတ်ဆိုတာ ခင်များ မသိဘူးလား"

နှိုးထင်ချိတ်က မိမိလက်ထဲတွင် ကိုင်ထားသော နဂါးခေါင်းတုတ်ကို အသာမြှောက်ပြပြီးမေး၏။

"အင်း ... သိတယ်"

"ဒါဆိုရင် ခင်များက ဘာကြောင့် အငိုတွေမေးနေရတာလဲ"

"ကောင်းပြီ လက်နက်ချ အညံ့ခံမလား။ ကျုပ်တို့ကို ဖိတ်ခေါ်ပြီး ပြန်တိုက်မလား။ အမြေကိုသာပြော"



"ခင်များတို့ကလူအင်အား အလုံးအရင်းနဲ့ပဲ တိုက်ခိုက်တတ်ကြသလား။ တစ်ယောက်ချင်းစီရော မယှဉ်ရဲကြဘူးလား"

"ဟား ဟား ...ကြိုက်တဲ့နည်းနဲ့ ယှဉ်နိုင်တယ်။ ကျုပ်တို့က အချိန်မရွေး အသင့်ဘဲ"

"ဒါဆိုရင် တစ်ယောက်ချင်းဆယ်ပွဲ ယှဉ်ပြိုင်ကြမယ်။ ကျွန်တော် တို့ဘက်က အနိုင်ပွဲများရင် ခင်များတို့ ဆုတ်ပေးရမယ်၊ ခင်များတို့ ဘက်က အနိုင်ပွဲ များရင် ခင်များတို့လိုလားတဲ့အတိုင်း ကျွန်တော်တို့ လိုက်နာမယ်၊ ဘယ်လိုလဲ ဒီစိန်ခေါ်ချက်ကို လက်ခံနိုင်ပါ့မလား"

တိုးလွန်တို့မခံချင်အောင် နှိုးထင်ချိတ်က စကားပရိယာယ် ဖြင့် ပိုင်ပိုင်နိုင်နိုင် ပြောလိုက်သည်။

"လက်ခံတယ် အခုပဲ ယှဉ်ကြမယ်"

တိုးလွန်တို့က နှိုးထင်ချိတ်၏ စိန်ခေါ်မှုကို လက်ခံလိုက်သည်။

နှိုးထင်ချိတ်က လေချွန်သံရှည်တစ်ချက်ဖြင့် အချက်ပေးလိုက်ရာ ငိုမေဂိုဏ်းဝင် တစ်ရာခန့် စခန်းပရဝုဏ်ထဲမှ ထွက်လာကြပြီး တံခါးမကြီးရှေ့တွင် စီတန်းနေရာယူလိုက်ကြသည်။

ထိုဂိုဏ်းဝင်များသည် မျက်နှာအမူအရာ တင်းမာပြီး ကြီးမား လေးလံသောဓားကြီး၊ လှံကြီး၊ လက်နက်ကြီးများကိုကိုင်ဆွဲထားကြသည်။

တော်ရုံ တန်ရုံလူများအဖို့ မြင်ရုံနှင့်ကြောက်လန့်တုန်လှုပ်သွား နိုင်လောက်သည့် ဟိတ်ဟန်ရှိပေသည်။

တိုးလွန်တို့ကလည်း ပြန့်ခွဲ ဝန်းရံထားသည့် မိမိ၏လူများကို ပြန်လည်စုစည်းခေါ်ယူလိုက်ရာ လူအင်အားငါးရာနီးပါးရှိလာသည်။

နှစ်ဦးနှစ်ဖက် ရင်ဆိုင်မိကြပြီ။

သိုင်းပညာယှဉ်ပြိုင်မည့်လူများ ထွက်ကြဖို့သာလိုတော့သည်။

တိုးလွှန်တိုးဘက်မှ ယှဉ်ပြိုင်မည့် လူတစ်ယောက် အလျင်ဆုံး ထွက်လာသည်။

ထိုသူမှာ ...

❖ ❖ ❖

တိုးလွှန်တိုးဘက်မှ အရပ်မြင့်မြင့် ဗလကောင်းကောင်း လူကြီး တစ်ယောက် ထွက်လာသည်။

ထိုလူကြီးသည် ခေါင်းတုံးပြောင်ပြောင် နှင့်ဖြစ်ပြီး ချည်ပိုးရောင်ဝတ်စုံ ဝတ်ထားသည်။

လက်ထဲတွင် ခြောက်ပေ ခန့်ရှည်ပြီး ကျင်လုံးလောက်တုတ်သော သံတုတ်တစ်ချောင်း ကိုင်ထားသည်။

"ကျုပ်ရှောင်လင်သိုင်းသမားခုလုံ၊ ကျုပ်နဲ့ ရင်ဆိုင်ဝံ့တဲ့လူ ထွက်နိုင်တယ်"

သံတုတ်ကိုင်လူကြီးက မိမိ၏အမည်ကို ထုတ်ဖော်ကာ စိန်ခေါ် လိုက်သည်။

ခုလုံသည် ရှောင်လင်ဂိုဏ်း၏ အဆင့်မြင့်သိုင်းသမားတစ် ယောက်ဖြစ်ခဲ့သည်။ သို့သော်မိစ္ဆာမနောဂိုဏ်း၏ ငွေကြေးစည်းစိမ်ဥစ္စာ အမျိုးမျိုးတို့ဖြင့် ဆွဲဆောင်သိမ်းသွင်းမှုနောက်သို့ပါကာ ရှောင်လင်ဂိုဏ်း ကိုသစ္စာဖောက်ခဲ့သည်။



ချင်းချင်းက ခုလုံ၏ မူလရှောင်လင်သိုင်းပညာနှင့် ဖေါ်စပ်အောင် မိစ္ဆာမနောသိုင်းပညာကို ဖြည့်ဖြင်ကာ သင်ကြားပေးခဲ့သည်။

အတိတ်ပေ့မေးမကျေးရာ၌ လိုလိုလားလားဖြင့် မိမိတို့ဖက် ပါလာသူခုလုံကို အထူးပင်အရေးပေးခဲ့သည်။ ခုလုံ၏ သစ္စာဖောက်မှု အကြောင်းကို မသိသူများအဖို့ ရှောင်လင်ဂိုဏ်းနှင့် မနောမိစ္ဆာဂိုဏ်းတို့ မဟာမိတ်ဖွဲ့ပူးပေါင်းနေသယောင်ယောင် ထင်ယောင်မြင်မှား ဖြစ်စေ ခဲ့သည်။

ယခုလည်း တိုးလွှန်တိုးက အကြောင်းမသိသူများအဖို့ မိမိတို့ ဖက်တွင် ရှောင်လင်သိုင်းသမားများ ပါဝင်ကူညီနေသလိုလို ထင်စေ ရန်အတွက် ခုလုံကို ပွဲဦးထွက် ယှဉ်ပြိုင်စေခြင်းဖြစ်သည်။

"ခင်ဗျားနဲ့ ကျုပ်တော် ရင်ဆိုင်မယ်"

နှီးထင်ချိုက ပြောလိုက်သည်။

ထို့နောက် မိမိလက်တွင် ကိုင်ထားဆဲဖြစ်သော ငိုမေဂိုဏ်း အမိန့်ပေးနဂါးခေါင်းတုတ်ကောက်ကို ချင်ကျင်ဟူလက်သို့ ပြန်ပေးအပ် ပြီး ခုလုံနှင့်ရင်ဆိုင်ရန် ရှေ့သို့လျှောက်လှမ်းထွက်လာသည်။

"ကျုပ်က ဒီသံတုတ်ကိုသုံးပြီး တိုက်မယ်၊ မင်းရဲ့ဓားကို ထုတ် နိုင်ပြီ"

နှစ်ယောက်သား မျက်နှာချင်းဆိုင်မိသောအခါ ခုလုံက နှီးထင် ချိုကို စိန်းစိန်းကြည့်ပြီးပြောသည်။

"ဓားထုတ်စရာမလိုပါဘူး။ ခင်ဗျားက သံတုတ်သုံးပြီး တိုက်မှာ ကို ကျုပ်က လက်နက်မဲ့ ရင်ဆိုင်ပါ့မယ်"

နှိုးထင်ချိုတ်က ခပ်အေးအေးပင် ပြန်ပြောသည်။

ဤစကားကြားရသောအခါ ခွလုံမှာ အကြီးအကျယ် ဒေါသထွက်သွားသည်။

ကျားဟိန်းသံလို အသံကြီးဖြင့် အော်ဟစ်ကြိမ်းဝါးလျက် နှိုးထင်ချိုတ်၏ မျက်မှောင်ကို သံတုတ်ကြီးဖြင့် ဖြတ်ရိုက်လိုက်သည်။

ရှောင်လင်ဂိုဏ်း၏ "ဘီလူးနိုင်တုတ်သိုင်း"မှာ နာမည်ကျော်သိုင်းပညာတစ်ခုဖြစ်သည်။

ချင်းချင်းက မိုးကြိုးမိစ္ဆာသိုင်းနှင့်လေပြင်းမိစ္ဆာသိုင်းတို့မှ သင့်လျော်ရာ အကွက်များဖြင့် ပြည့်သွင်းလေ့ကျင့်ပေးလိုက်သောအခါ ခွလုံ၏ တုတ်သိုင်းသည် တစ်မူထူးခြား ထန်းပြောင်းထက်မြက်လာခဲ့သည်။

ထို့ပြင် မိစ္ဆာမနော အတွင်းအားကို လေ့ကျင့်ခဲ့သည့်အတွက် ခွလုံ၏စိတ်ဓာတ်မှာလည်း ခက်ထန်ကြမ်းကြုတ်လာသည်။

ယခုနှိုးထင်ချိုတ်ကို ရိုက်နှက်တိုက်ခိုက်လိုက်သည့် သိုင်းကွက်မှာ ဘီလူးနိုင်တုတ်သိုင်း၏ သိုင်းကွက်တစ်ခုပင်ဖြစ်သည်။ သို့သော် မိုးကြိုးမိစ္ဆာသိုင်းနှင့် လေပြင်းမိစ္ဆာသိုင်းတို့၏ သိုင်းဟန်များ ရောစွက်ပါဝင်နေပြီး မိစ္ဆာမနောအတွင်းအားကိုလည်း ဖြည့်သွင်းထားသည့်အတွက် အလွန်ပြင်းထန်ကာ ရက်စက်ကြမ်းကြုတ်လှပေသည်။

ခွလုံ၏ သံတုတ်ရိုက်ချက်မှာ တစ်မျိုးဆန်းကြောင်း နှိုးထင်ချိုတ်ချက်ချင်းပင် အကဲခတ်မိသည်။

သိုင်းကွက်သိုင်းဟန် လှုပ်ရှားမှုကို အကဲခတ်ကြည့်လိုသောကြောင့် နှိုးထင်ချိုတ်သည် တန်ပြန်တိုက်ခိုက်မှု မပြုသေးနဂါးအရိပ်



သိုင်းကွက်ကိုသုံးကာ ကိုယ်ခန္ဓာကို နောက်ဘက်သို့ လှန်ချပြီး ရှောင်တိမ်းပေးလိုက်သည်။

"ဟိုး ..."

သံတုတ်က နှိုးထင်ချိုတ်၏ ကိုယ်ပေါ်မှကပ်ကာ လွဲထွက်သွားသည်။

သည့်လို အနီးကပ်ရှောင်တိမ်းမှုမျိုးကားအန္တရာယ်များလှ၏။ အချိန်အဆ အနည်းငယ်လွဲသွားသည်နှင့် ရန်သူ့လက်ချက်အထိခံရမည်မလွဲပေ။ မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှုအပြည့်ရှိသော သူများသာလျှင် လုပ်ဆောင်နိုင်ပေသည်။

ပထမရိုက်ချက်လွဲသွားလျှင် ခွလုံသည် ထပ်မံအော်ဟစ်ကြိမ်းဝါးပြီး ပြင်းထန်ကြမ်းတမ်းသော ရိုက်ချက်များဖြင့် ဆက်လက်ရိုက်နှက်တိုက်ခိုက်ပြန်သည်။

သံတုတ်ရှည် ရိုက်ချက်အသံများက တဝီဝီမြည်နေသည်။ လေထု တစ်ရပ်လုံးသည် တုတ်ရှည်ရိုက်ချက်များကြောင့် လှုပ်ခါလှုပ်ရှားနေသလား ထင်မှတ်ရသည်။

နှိုးထင်ချိုတ်ကမူ နဂါးအရိပ်သိုင်းကွက်ကိုသာ သုံးပြီးသံတုတ်ရိုက်ချက်များကို မှတ်ကာသီကာ ရှောင်ရှားရင်း ခွလုံ၏သိုင်းကွက်သိုင်းဟန်လှုပ်ရှားမှုသဘောကို စူးစမ်းအကဲခတ်ကြည့်သည်။

အကြောင်းမသိသူတို့၏ အမြင်တွင် နှိုးထင်ချိုတ်တစ်ယောက် ခွလုံ၏ သံတုတ်ရိုက်ချက်များကို ဒလေဒလဲခုခံကာကွယ်နေရသည်ဟု ထင်စီပေမည်။

ငိုမကြိုက်ဝင် အများစုသည်လည်း ထိုသို့ထင်မိကာ အတော်ပင် စိုးရိမ်ပူပန်နေကြသည်။

စိတ်လှုပ်ရှားနေကြသည်။

သက်တော်ရှည် မယ်တော်ကြီးလေးယောက်နှင့် ရင်ကျွင်ပျော အပါအဝင် အဆင့်မြင့်သိုင်းပညာရှင်တစ်စုသာလျှင် အဖြစ်မှန်ကို အကဲခတ်မိကြသည်။ နှိုးထင်ချိတ်၏ သိုင်းပညာစွမ်းထက်မြက်လှမှုကိုလည်း စိတ်ထဲမှ ကြိတ်ကာချီးမွမ်းမိကြသည်။

ခူလုံ၏ သိုင်းကွက်သိုင်းဟန် လှုပ်ရှားမှုကို အကဲခတ်ကြည့်ရှုပြီးနောက် နှိုးထင်ချိတ်သည်နဂါးမနီစောင်သိုင်းကွက်ကို သုံးကာ တိုက်စစ်ဆင်သည်။

ထိုသို့ ပြန်လည်တိုက်စစ်ဆင်ရာတွင် ခူလုံလို ဓါးသတကြီးနှင့် ကြမ်းကြမ်းတမ်းတမ်း တိုက်နိုက်ခြင်းမပြု။

သိုင်းကွက် သိုင်းဟန် လှုပ်ရှားမှုပြေပြစ်စွာ လှလှပပ ပြန်လည်တိုက်နိုက်ခြင်းဖြစ်၏။ တိုက်နိုက်သည်နှင့်ပင်မတူ။ သိုင်းကွက်အလှပြကာ လှုပ်ရှားကစားနေသည့်အလား ထင်မှတ်ရသည်။

ခူလုံသည် ဓါးသထွက်နေသော နဂါးနိုင်းကြီးတစ်ကောင်လို ကြမ်းတမ်းသည်။ နှိုးထင်ချိတ်ကမူ ထိုနဂါးနိုင်းကြီးကို ပြုံးဝင်သွားအောင်ထိန်းချုပ်အလှပြနေသည့် အလမ္ပာယ်ဆရာလို ဖြစ်နေသည်။

မိမိ၏သိုင်းပညာဖြင့် ခူလုံကို ကောင်းကောင်းကြီး ဖုဝ်စီးထိန်းချုပ်နိုင်ကြောင်း ကြည့်ရှုနေသူအားလုံး မြင်သာအောင် ပြသပြီးနောက် နှိုးထင်ချိတ် ပွဲသိမ်းတိုက်ကွက်ဆင်လိုက်သည်။



ပွဲသိမ်းတိုက်ကွက်သည် သိုင်းလှုပ်ရှားမှု လှပသလောက် အားအင်က ပြင်းထန်သည်။

"ဝုန်း ..."

နှိုးထင်ချိတ်၏ လက်ဝါးနိုက်ချက်သည် ခူလုံ၏ ရင်ဘတ်ကို ပြင်းထန်စွာ ထိမိသည်။ လှပစွာ သိုင်းကွက်လှုပ်ရှားနေရာမှ ယခုလို ပြင်းထန်ကြမ်းတမ်းလှသည့် လက်ဝါးနိုက်ချက် ပေါ်လာလိမ့်မည်ဟု မည်သူမျှ မထင်မိကြ။

လက်ဝါးနိုက်ချက်ကား အားအလွန်ပြည့်သည်၊ ထိချက်ကလည်း ပြင်းထန်လှချေသည်။

ဘီလူးကြီးတစ်ယောက်လို ကြီးမားကြံ့ခိုင်လှသော ခူလုံမှာ လက်ဝါးနိုက်ချက်တစ်ချက် အထိခံလိုက်ရသည်နှင့် နောက်သို့ ယိမ်းယိုင်ကာ ဖင်ထိုင်လျက် လဲကျသွားသည်။

နှိုးထင်ချိတ်က ကြမ်းတမ်းအားပြည့်သော ခြေပုံတစ်ချက် ထပ်ဆင့်ကန်သည်။

ခြေကန်ချက်သည် ခူလုံ၏ မေးဖျားကို ကျကျနန ပြင်းထန်စွာ ထိမိသည်။

"ဖြောင်း ..."

ခူလုံမှာ နောက်သို့လည်ထွက်သွားပြီး ပုံလျက်သား လဲကျသွားတော့သည်။

နှိုးထင်ချိတ်အနေဖြင့် ယခုလို ရက်ရက်စက်စက် ကြမ်းကြမ်းတမ်းတမ်း တိုက်နိုက်ခြင်းမပြုလိုပေ။

သို့သော် တစ်ဖက်ရန်သူတို့သည် အလွန်ပင်ကြမ်းတမ်းရိုင်းစိုင်းလှသည့် သိုင်းသမားဆိုးများဖြစ်ရုံမက အင်အားကြီးမားပြီး အနိုင်ရလိုမှုကြောင့် မာန်တက်စိတ်ကြွနေကြပေရာ ရန်သူတို့၏ မာန်ကိုချိုးနှိမ်သည့်အတွက် ခပ်ကြမ်းကြမ်း တိုက်ခိုက်ပြခြင်းဖြစ်ပေသည်။

နှိုးထင်ချိတ်၏ ကြမ်းကြမ်း ရမ်းရမ်း တိုက်ပြလိုက်မှုကြောင့် တစ်ဖက်ရန်သူတို့မှာ တုန်လှုပ်ချောက်ချားကာ ခေတ္တမျှ ငြိမ်ကျသွားကြသည်။

✥ ✥ ✥

ငှမဆန်းတောင်ပေါ်တွင် လေပြည်လေးက တသုန်သုန် တိုက်ခတ်နေသည်။

လေပြည်တိုက်ခတ်မှုကြောင့် နှိုးထင်ချိတ်ဝတ်ထားသော ဝတ်စုံက တဖျပ်ဖျပ် လှုပ်ရှား၍နေသည်။

နှိုးထင်ချိတ်သည် နှလုံကို အနိုင်ယူပြီးနောက် ခံ့ညားစွာရပ်၍နေသည်။

သူ့အသွင်မှာ နတ်လုလင်တစ်ယောက်၏ အသွင်နှင့်ပင် တူနေသည်။

ငှမဂိုဏ်းဝင်တို့က နှိုးထင်ချိတ်ကို အားကျသော အသွင်များဖြင့် ကြည့်နေကြသည်။

ရန်သူတို့ကမူ ကြောက်လန့်သည့် အသွင်များဖြင့် ကြည့်နေကြသည်။



"တဲ ... နောက်တစ်ပွဲမှာ ဘယ်သူယှဉ်မလဲ ထွက်လာနိုင်တယ်"

ခေတ္တမျှ တိတ်ဆိတ်ငြိမ်သက်နေပြီးနောက် နှိုးထင်ချိတ်က စိန်ခေါ်လိုက်သည်။

နှိုးထင်ချိတ်၏ စိန်ခေါ်သံသည် တစ်ဖက်ရန်သူတို့၏ ရင်ထဲတွင် ဒိန်းခနဲ တုန်လှုပ်သွားစေသည်။

ရန်သူတို့အထဲမှ ခေတ္တငြိမ်နေပြီးနောက် ဓားမကြီးနှစ်လက် တိုင်ထားသော လူထွားကြီးတစ်ယောက် ခြေသံပြင်းပြင်းနှင့် လျှောက်လှမ်းထွက်လာသည်။

"ဒီပွဲကို ကျွန်ုပ်ယှဉ်မယ်"

လူထွားကြီးက ဟန်ပါပါ ပြောလိုက်ရာ တိုးလွှန်တို့၏ မျက်နှာတွင် အပြုံးရိပ်များသန်းသွားသည်။

ထိုလူထွားကြီးသည် ဖြူမည်းဂိုဏ်း၏ လက်ရွေးစင်သိုင်းသမား ဓားနှစ်လက် လူကျင့်ဖူဖြစ်သည်။

မန်ချူးနယ်မြေဒေသတွင် လူကျင့်ဖူ၏ ဓားမနှစ်လက် ခွမ်းရည်သည် အလွန်ပင် နာမည်ကျော်ကြားခဲ့သည်။

သူသည် မူလက မြင်းဓားပြခေါင်းဆောင်ဖြစ်သည်။ ကြမ်းတမ်းရက်စက်သည့် ပင်ကိုယ်စရိုက်ရှိသည်။ ဒေါသလည်း အလွန်ကြီးသည်။

မြင်းရိုင်းကြီးတစ်ကောင်လို ကြမ်းကြမ်းရမ်းရမ်း တိုက်ခိုက်သည့်အတွက် မန်ချူးနယ်မြေဒေသတွင် သူ့ကို ရင်ဆိုင်ဝံ့သူ မရှိသလောက်ဖြစ်ခဲ့သည်။

အမိန့်ပေးနိုင်ဖို့လည်း အတော်ခက်သည်။ ယခု လူကျင့်ဖူက

အရူးဖာသာသူ မခံချင်စိတ်ဖြင့် ထွက်လာခဲ့ရာ တိုးလွှန်တိုးအနေဖြင့် ကျေနပ်ပီတိဖြစ်ကာ ပြုံးမိသည်မှာ မဆန်းပေ။

လူကျင့်မှုသည် ဝတ်ထားသော အင်္ကျီရှည်ကြီးကို ချွတ်ပစ်လိုက်သည်။ အပေါ်ပိုင်းဗလာ၊ အောက်ပိုင်းတွင် ဘောင်းဘီသာ ရှိတော့သည်

လူကျင့်မှု၏ အရပ်သည်ခြောက်ပေကျော်ရှည်သည်။ တစ်ကိုယ်လုံးကြွက်သားအမြှင်မြှင်းနှင့် ကြံ့ခိုင်သန်စွမ်းလှသည်။ အပေါ်ပိုင်းဗလာဖြစ်နေသောကြောင့် ကျစ်လျစ်သန်မာသော ကြွက်သားမျှင်ကြီး များရှိသည့် ရင်ဘတ်၊ပခုံး၊လက်မောင်း၊လက်တံတို့သည်ထင်ရှားပေါ်လွင်နေသည်။

လူကျင့်မှု ကိုင်ဆောင်သော ဓားမကြီးနှစ်လက်မှာလည်း ကြီးမား လေးလံလှသည်။ဓားမကြီးများ၏ အရှည်သည် လေးပေခန့်ရှိပြီး အလေးချိန်ကလည်း ဆယ်ပိဿာကျော်လောက်လေးပေသည်။

ကြီးမားသော လေးလံသော လက်နက်နှင့် ကြံ့ခိုင်သန်မာသော ကိုယ်ခန္ဓာတို့၏ ဟိတ်ဟန်ကမသေး။ တော်ရုံတန်ရုံ သိုင်းသမားဆိုလျှင် ဤဟိတ်ဟန်ကို မြင်ရုံနှင့်ကြောက်လန့်ကာ အရှုံးပေးနိုင်လောက်သည်။

လူကျင့်မှုသည် စကားတစ်ခွန်းတစ်ရာ မပြောမနေတော့။ ရင်ဆိုင်မိသည်နှင့် ညာလက်တွင် ကိုင်ထားသော ဓားမကြီးဖြင့် နှိုးထင်ချိတ်ကို လှမ်းခုတ်လိုက်သည်။

"ဒိုး ..."

ခုတ်ချက်က ကြမ်းတမ်းပြင်းထန်လှသည်။ လေခွင်းသံပင်



အတော် ကျယ်လောင်သည်။ ဓားခုတ်သံကို ကြားရုံနှင့် အသည်းယား စရာ ကောင်းလှသည်။

ငိုမရိုအားဝင်တို့မှာ နှိုးထင်ချိတ်၏အစွမ်းကို သိထားကြပြီဖြစ်သော်လည်း စိုးရိမ်စိတ်တော့ ဖြစ်မိကြသေးသည်။

နှိုးထင်ချိတ်သည် နဂါးအမိုက်သိုင်းကွက်ကိုပင်သုံးကာ လူကျင့်မှု၏ ဓားချက်ကို ရှောင်သည်။

ပထမခုတ်ချက်လွဲသွားသည်။ ဒုတိယ၊တတိယ စသည် စသည် ခုတ်ချက်တွေက ဆင့်ကာ ဆင့်ကာ ဝင်လာသည်။

နှိုးထင်ချိတ်သည် တန်ပြန်ငါက်ဒိုက်မှု မပြုသေး။ နဂါးအမိုက်သိုင်းကွက်ကိုသုံးကာ ပေါ့ပါးသွက်လက်စွာ လှုပ်ရှားရှောင်တိမ်းရင်း လူကျင့်မှု၏ သိုင်းကွက်သိုင်းဟန် လှုပ်ရှားမှုကို စူးစမ်းလေ့လာကြည့်သည်။

နှိုးထင်ချိတ်သည် ခါးတွင် ဓားရှည်ချိတ်ထားသော်လည်း ဆွဲမထုတ်။ လက်နက်မဲ့သာ ရင်ဆိုင်နေသည်။

ငိုမရိုအားဝင်တို့မှာ နှိုးထင်ချိတ်ကိုကြည့်ကာ အားမလိုအားမရ ဖြစ်နေကြသည်။

လူကျင့်မှု၏ ဓားမ ခုတ်ချက်များသည် အားအင်ကြီးမားပြင်းထန်သလို သိုင်းကွက်ကလည်းအတော်ပင် အကွက်စိပ်သည်။ ဓားကွက်စိပ်ပြီး ဓားရှိန်က ပြင်းထန်သည့်အတွက် လူကျင့်မှု၏ အနားသို့ တိုးကပ်ရန်ပင်မလွယ်ကူ။

သို့သော် သည်လိုကြီးမားလေးလံသော လက်နက်ကြီးကို

ကိုင်ဆွဲပြီး ပြင်းပြင်းထန်ထန် ကြမ်းကြမ်းရမ်းရမ်း တိုက်ခိုက်မှုမျိုးသည် အချိန် ကြာလာသည်နှင့်အမျှ အားအင်လျော့ပါးကာ မောဟိုက်လာနိုင်ပေသည်။

ဤအချက်ကို နို့ထင်ချိတ်နားလည် သဘောပေါက်သဖြင့် ရှောင်တိမ်း ရင်ဆိုင်နေခြင်းဖြစ်သည်

သိုင်းကွက် သုံးဆယ် တိုက်ခိုက်ပြီးနောက် ထိုအခြေအနေမျိုး ပေါ်လာသည်။

ထိုအချိန်တွင် နို့ထင်ချိတ်သည်လူကျွင့်ဖူ၏ သိုင်းကွက်လှုပ်ရှားတိုက်ခိုက်ပုံကို အကဲခတ်နားလည်ပြီး ဖြစ်သည်။

လူကျွင့်ဖူ၏ဘားရှက်လှုပ်ရှားမှု အားပျော့သည်နှင့် နဂါးလက်သည်း သိုင်းကွက်ကိုသုံးကာ တန်ပြန်တိုက်စစ်ဆင်သည်။

နို့ထင်ချိတ်၏ လက်သည်းကုတ်ချွဲချက်က လူကျွင့်ဖူ၏ ရင်ဘတ်ပေါ်ရှိသေကွင်းသေကွက် သွေးကြောရှိရာသို့ တန်းဝင်လာသည်။

လူကျွင့်ဖူသည် နို့ထင်ချိတ်၏နဂါးလက်သည်း သိုင်းကွက်ဖြင့် တိုက်ခိုက်လာမှုကို ကမန်းကတန်းပင် ခုခံလိုက်ရသည်။

ဤသို့ ခုခံလိုက်ရသည့်အတွက် လူကျွင့်ဖူ၏ ပြင်းထန်သော တိုက်စစ်အားမှာလည်းရပ်တန့်ပျက်ပြယ်သွားတော့သည်။

လူကျွင့်ဖူကို သိုင်းကွက်တစ်ကွက်တည်းနှင့် အပြတ်အနိုင်ယူရန် နို့ထင်ချိတ်မရည်ရွယ်။ တိုက်စစ်ပျက်ပြယ်သွားစေရန်သာ ရည်ရွယ်ပြီး နဂါးလက်သည်း သိုင်းကွက်ဖြင့် တန်ပြန်တိုက်စစ်ဆင်လိုက်ခြင်းဖြစ်သည်။



လူကျွင့်ဖူ၏ တိုက်စစ်ပျက်ပြယ်သွားသည်နှင့် နို့ထင်ချိတ်၏ ညာခြေကခြေကြောက်ကြွလာကာ လူကျွင့်ဖူ၏ နံစောင်းကို ဖြတ်ကန်လာသည်။

တိုက်စစ်အား ပျက်ပြယ်ပြီးခါစကိုသည်။ မိမိရှေ့ အကာအကွယ်မလုပ်နိုင်သေးသည့် အချိန်တွင်ဖြစ်နေသည့်အတွက် လူကျွင့်ဖူအနေဖြင့် နို့ထင်ချိတ်၏ ခြေကန်ချက်ကို ခုခံကာကွယ်ရန် အလွန်ခက်တွေ့သွားရသည်။

အလန့်တကြားပင် နောက်သို့ ခုန်ဆုတ်လိုက်သည်။

ခြေကန်ချက်က အလွန်မြန်ဆန်လှသည်မို့ လူကျွင့်ဖူ ခုန်ဆုတ်သော်လည်းမလွတ်၊ ဘယ်ဘက်နံစောင်းတွင် ခြေဖျားဖြင့် အကန်ခံလိုက်ရသည်။

လူကျွင့်ဖူလို ထင်ပေါက်တမျှ ကြံ့ခိုင်သန်စွမ်းလှသူတစ်ယောက်အတွက် သည်မျှလောက်သော ခြေကန်ချက်တစ်ချက် အထိခံရခြင်းသည် ဘာမျှမဖြစ်လောက်ဟု ထင်စရာရှိသည်။

အကယ်၍ နံရိုးတစ်ချောင်းလောက် ကျိုးအောင်အကန်ခံရဦးတော့ လူကျွင့်ဖူအနေဖြင့် တောင့်ခံနိုင်စွမ်းရှိသည်။

ယခုမူ ...။

နို့ထင်ချိတ်၏ ခြေဖျားက လူကျွင့်ဖူ၏ ဘယ်ဘက်နံစောင်းမှ အဓိကသွေးကြောကွက်နေရာကို ကွက်ကွက်ကွင်းကွင်း ကန်မိခြင်းဖြစ်၏။

ခြေကန်ချက်က ဘာမျှမပြင်းထန်သော်လည်း၊ အဓိက သွေးကြောကွက် နေရာကို အကန်ခံရခြင်းဖြစ်သောကြောင့် ထိရောက်မှုရှိလှသည်။

"ဟာ ..."

လှကျင့်မှုသည် စာကျင့်စွာ ခေါ်ဟစ်ရင်း တစေတင်း လဲကျသွား၏။

သာမန်အခြေအနေတွင်ဆိုလျှင် ရှိုးထင်ချိုက်သည် တစ်ဖက်လူ မိမိလက်ချက်အထိခံရလျှင် ထပ်မံတိုက်ခိုက်လေ့မရှိ။

ယခုမူ အင်အားကြီးမားပြီး ရန်လုပ်လိုစိတ်ပြင်းထန်နေသည့် ရန်သူသိုင်းသမားဆိုးတို့ စိတ်ဓာတ်ကို ချိုးနှိမ်ရန် အရေးကြီးသည့် အတွက် သက်ညှာမနေနိုင်ဘဲရှေ့သို့ လှမ်းတက်ကာ ခြေကန်ချက် တစ်ချက် ထပ်ဆင့်ကန်ချလိုက်ပြန်သည်။

လှကျင့်မှုမှာ မရှုမလှ အရေးနိမ့်သွားရလေပြီ။

စိတ်ပျော့သော ဒိုမေဂိုဏ်းဝင်တချို့ မကြည့်ရက်ဘဲမျက်နှာ လွှဲမိကြသည်။

❖ ❖ ❖

တိုးလွှန်တိုး အနည်းငယ် စိုးရိမ်လာသည်။ ပွဲစသည်မှင့် မိမိတို့ဘက်က နစ်ကြိမ်ဆက်တိုက် အရှုံးပေါ်ခဲ့ပြီ သည့်အတိုင်းဆက်သွား၍ အခြေအနေမကောင်း။ တစ်နည်းတစ်ဖုံ ကြံရတော့သည်။

"ဒီစစ်ပွဲမှာတော့ နှစ်ဖက်ခေါင်းဆောင်တွေ ရင်ဆိုင်ကြရအောင်လား။ ဒိုမေဂိုဏ်းချုပ် ထွက်လာခဲ့ပါ"

တိုးလွှန်တိုးကပြောပြီး ရှေ့သို့ လျှောက်လှမ်းထွက်လာသည်။

မိမိလူများအနေဖြင့် ရှိုးထင်ချိုက်ကို ယှဉ်နိုင်မလွယ်ကြောင်း



တိုးလွှန်တိုးသိထားသည်။ ရှိုးထင်ချိုက်ကို ဆက်လက်ယှဉ်ပြိုင်နေလျှင် မိမိတို့ဘက်မှ ရှုံးတွေသာ ဆက်နေပေမည်။

ထို့ကြောင့် ရှိုးထင်ချိုက် နောက်ဆုတ်မယ်ရှားပေးရလေအောင် ပရိယာယ်ဆင်ကာ ဤတစ်ပွဲတွင် ကိုယ်တိုင်ထွက်ပြီး ဒိုမေဂိုဏ်းချုပ်ကို စိန်ခေါ်လိုက်ခြင်းဖြစ်သည်။

ပထမနှင့် ဒုတိယအဖွဲ့များတွင် မိမိတို့ဘက်မှ အရေးနိမ့်ခဲ့ရသော်လည်း ယှဉ်ပြိုင်သူများမှာ ဦးစီးခေါင်းဆောင်များမဟုတ်သည့် အတွက် ဂိုဏ်းချုပ်ချင်းယှဉ်သည့်ပွဲတွင် မိမိအနိုင်ယူနိုင်ပါက ရှေ့နစ်ပွဲ အရှုံးကို ထေမိရုံမက မိမိတို့ဘက်မှ စိတ်ဓာတ်တက်ကြွလာနိုင်ကြောင်း ကိုလည်း တိုးလွှန်တိုး တွက်ထားမိ၏။

မိမိအနေဖြင့် ဒိုမေဂိုဏ်းချုပ် ချင်ကျင်ဟူကို အနိုင်ယူနိုင်မည် ဟုလည်း ယုံကြည်ထားသည်။

တစ်ဖက်မှလည်း အမည်ကိုထုတ်ဖော် စိန်ခေါ်လာသည့်အတွက် ချင်ကျင်ဟူမှာ ငြင်းဆန်ရှောင်ရှား၍ မဖြစ်နိုင်တော့။ ငြင်းပယ်မည်ဆိုပါက ဒိုမေဂိုဏ်း၏ ဂုဏ်သိက္ခာကို ထိခိုက်သွားပေမည်။

ထို့ကြောင့် ခြေလှမ်းမှန်မှန်ဖြင့် ရှေ့သို့လျှောက်လှမ်းထွက်လာသည်။

အခြေအနေကို နားလည်သော ရှိုးထင်ချိုက်ကလည်း ဒိုမေဂိုဏ်းချုပ်ကို အလှည့်ပေးသည့်အနေဖြင့် အသာနောက်ဆုတ်သွားသည်။

တိုးလွှန်တိုးက မည်သည့်လက်နက်ကိုမျှ မကိုင်ဘဲ သည့်အတိုင်း

ချိန်စောင့်နေရာမှ ချင်ကျွင်ဟူလည်း လက်နက်မထုတ်ဘဲ လျှောက်လှမ်း ထွက်သွားခဲ့သည်။

မိမိနှင့် လက်တစ်ကမ်းအကွာသို့ ချင်ကျွင်ဟူရောက်လာသည်နှင့် တိုးလွှန်တို့က ညာလက်ဝါးရိုက်ချက် တစ်ချက်ရိုက်ထုတ် တိုက်ခိုက် လိုက်သည်။

သိုင်းပညာယှဉ်ပြိုင်ပွဲသည် ယခုလို တစ်ဖက်သတ် စတင်တိုက် ခိုက်မှုမျိုး မလုပ်ရပေ။ အထူးသဖြင့် ဂိုဏ်းချုပ်အချင်းချင်း ရင်ဆိုင် တိုက်ခိုက်လျှင် အပြန်အလှန် အရိုအသေပြု သတိပေးပြီးမှသာ ပွဲကို စပြိုင်ရသည်။

တိုးလွှန်တို့၏ တိုက်ခိုက်မှုမှာ စည်းကမ်း၊ အစဉ်အလာကို ချိုးဖောက်ကာ သူရဲဘောကြောင်စွာ အလစ်ဖမ်း တိုက်ခိုက်သည်ဟု ဆိုနိုင်သည်။

သို့သော်ချင်ကျွင်ဟူက တစ်စုံတရာ ပြောဆိုမနေဘဲ သွက်လက် စွာလှုပ်ရှားပြီးတိုးလွှန်တို့၏ လက်ဝါးရိုက်ချက်ကို ရှောင်၏။

ထိုသို့ ရှောင်တိမ်းလိုက်စဉ်မှာပင် ခြေဖျံ့တစ်ချက် ကန်ထုတ် ကာ တန်ပြန်တိုက်စစ်ဆင်သည်။

ပွဲဦးအစ တစ်ယောက်တစ်ချက် တိုက်ခိုက်ပြီးသည်နှင့် တိုးလွှန် တို့နှင့် ချင်ကျွင်ဟူတို့သည် တစ်ယောက်၏ သိုင်းပညာ အစွမ်း အစကို တစ်ယောက်က အကဲခတ်သိရှိသွားကြသည်။

မိမိတို့ ပြိုင်ဘက်သည် အစွမ်းအစ မသေးကြောင်း နှစ်ယောက် လုံးနားလည်လိုက်ကြသည်။



တိုးလွှန်တို့သည် ဖြူမည်းဂိုဏ်း၏ နာမည်ကျော်"ရွှေကြက်ဖ" သိုင်းကို သုံးကာ တရကြမ်း တိုက်စစ်ဆင်သည်။

ငိုမဂိုဏ်းသည် ဓားသိုင်းပညာစွမ်းထက်မြက်သည့် ဂိုဏ်းအဖွဲ့ တစ်ခုဖြစ်သည်။ ငိုမဂိုဏ်းဝင် အများစုသည် အမျိုးသမီးများ ဖြစ် သည့်အတွက် ထက်မြက်သော ဓားသိုင်းပညာစွမ်းဖြင့် အင်အားကြီးမား သည့် သိုင်းသမားများကို အနိုင်ယူကြလေ့ရှိသည်။

ဤအချက်ကို သိနေသည့်အတွက် တိုးလွှန်တို့သည် လက်နက် မဲ့ဖြင့် ချင်ကျွင်ဟူကို ရင်ဆိုင်တိုက်ခိုက်ခြင်းဖြစ်သည်။ ဓားကိုင်ခွင့် မရသောကြောင့် ငိုမဂိုဏ်းချုပ်ကို အစွယ်ချိုးထားသလို ဖြစ်မည်ဟု လည်း တိုးလွှန်တို့တွက်မိသည်။

သူ့တွက်ကိန်းနှင့် သူတော့ ဟုတ်နေသည်။

သို့သော် ...။

ဓားသိုင်း၊ လှံသိုင်း၊ တုတ်သိုင်း၊ ပုဆိန်သိုင်း၊ စသည့်လက်နက် မျိုးစုံကိုလိုက်၍ သိုင်းပညာအမည်များ မှည့်ခေါ်ထားသော်လည်း အခြေ ခံကတော့ လက်ဝါးသိုင်းသာ ဖြစ်သည်။

လက်နက်မဲ့ သိုင်းသည် သိုင်းပညာအရပ်ရပ်၏ အခြေခံဟု ဆိုနိုင်သည်။ လက်ဝါးနေရာတွင် ဓား၊ လှံ၊ ပုဆိန်၊ တုတ်ရှည်၊ ကျာပွတ် လက်နက်မျိုးစုံတို့ကို သုံးစွဲလျက် လက်နက်ကိုင်သိုင်းကွက်များဆင့်ပွား ပေါ်ပေါက်လာရသည်။

သာမန်အဆင့်ဖြင့် သိုင်းသမားတစ်ယောက်အဖို့ ဓားသိုင်း၊ လှံသိုင်း၊ စသည်တို့နှင့် လက်နက်မဲ့သိုင်းပညာ ကွဲပြားမှုရှိမည်ဖြစ်သော်

လည်း၊ ချင်ကျင်ဟွတို့လို ပထမတန်း၊ သိုင်းအကျော်အမော်များ အဖို့မူ ဘာမျှမကွဲပြားပေ။

လက်ဝါးကို ဓား၊ လှံလက်နက်မျိုးနှံ့သဖွယ် ပြောင်းလဲအသုံးချနိုင်သလို ဓားလှံ လက်နက်များကို သုံးပြီး လက်ဝါးသိုင်းကွက်ဖြင့်လည်း တိုက်ခိုက်နိုင်သေးသည်။

ချင်ကျင်ဟွသည် ငိုမေသုံးဆင့် လက်ဝါးသိုင်းကို သုံးပြီး တိုးလွှန်တိုး၏ ရွှေကြက်ဖသိုင်းကို ရင်ဆိုင်သည်။

ရွှေကြက်ဖသိုင်းသည် ခြေဖျံ့ကန်ချက်များကို အဓိကအားထား၏။ ငိုမေသုံးဆင့် လက်ဝါးသိုင်းကမူ ဆန်းပြားသော အားပြောင်းအားယူ လက်ဝါးရိုက်ချက်များကို အခြေခံသည်။

တစ်မျိုးစီ အစွမ်းထက်သော သိုင်းပညာနှစ်ရပ်၏ အားပြိုင်မှု ဖြစ်ပေါ်လာရသည်။

ချင်ကျင်ဟွ၏ ငိုမေသုံးဆင့် လက်ဝါးသိုင်းက ဆန်းပြားထက်မြက်ရှာ၍ တိုးလွှန်တိုးအဖို့ စိတ်ထင်တိုင်းမပေါက်နိုင်ဘဲ ဖြစ်နေသည်။

ဤတွင် တိုးလွှန်တိုးသည် မတတ်သာတော့ဘဲ မြူမည်းဂိုဏ်း၏ လျှို့ဝှက်သိုင်းပညာ တိုက်ကွက်များကို ထုတ်သုံးရလေတော့သည်။

ထိုသိုင်းပညာမှာ ငှက်ဘီလူး သိုင်းကွက်ပင်ဖြစ်ပေသည်။

ငှက်ဘီလူးသိုင်းကွက်သည် သိမ်းစွန်ရဲ လင်းယုန်စသော အသားစားငှက်ကြီးများ၏ တိုးသုတ်ကုတ်ခြစ်တိုက်ခိုက်ပုံများပေါ်တွင် အခြေပြုကာ သိုင်းကွက်ဖော် တီထွင်ထားခြင်းဖြစ်၏။

မြူမည်းဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်သူများသာ ငှက်ဘီလူးသိုင်းကို



သင်ကြားနိုင်ခွင့်ရှိသည်။ အလွန် အရေးကြီးသည့် အဆုံးအဖြတ် တိုက်ပွဲများတွင်သာ ထုတ်သုံးရသည်။

တိုးလွှန်တိုး ကိုယ်တိုင်ကပင် မြူမည်းဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်ကာ ငှက်ဘီလူးသိုင်းကို တတ်မြောက်ပြီးနောက် နှစ်ကြိမ်သာ လက်တွေ့ သုံးတိုက်ခိုက်ခဲ့ဖူးသည်။ နှစ်ကြိမ်လုံးပင် ပြိုင်ဘက်များကို ဖိစိနှိပ်ရွေ့ကာ အနိုင်ယူနိုင်ခဲ့သည်။

ထို့ကြောင့် ငှက်ဘီလူးသိုင်းအကြောင်း သိုင်းလောကတွင် သိရှိသူ မရှိသလောက် ဖြစ်နေသည်။

ယနေ့တွင်တော့ တစ်ဖက်ပြိုင်ဘက်ကို အနိုင်ရလိုဇောကြီးလှသည့်အတွက် သိုင်းသမားများ၏ ရှေ့မှောက်တွင် ငှက်ဘီလူးသိုင်းကို တိုးလွှန်တိုး ထုတ်သုံးလိုက်လေပြီ။

တိုးလွှန်တိုးသည် ငှက်ဘီလူးသိုင်း၏ အကုတ်အခြစ်များကြားတွင် ရွှေကြက်ဖသိုင်း၏ ခြေကန်ချက်များကို ဖြည့်သုံးလိုက်သေးသည်။

တိုက်ကွက်ပြောင်းလာသဖြင့် အခြေအနေကလည်း တစ်မျိုး ပြောင်းလဲလာသည်။

ချင်ကျင်ဟွတစ်ယောက် အလူးအလဲပင် ခံနေရသည်။

ငိုမေဂိုဏ်းဝင်များမှာ မိမိတို့၏ဂိုဏ်းချုပ်အတွက် စိုးရိမ်ပူပန်လာကြရသည်။

တိုက်ပွဲကို အသာအကဲခတ်ကြည့်နေသော နှီးထင်ရိတ်၏ စိတ်ထဲတွင်လည်း ချင်ကျင်ဟွ အရေးနိမ့်ရတော့မည်ကို တွေးမိလာ၏။

တစ်ယောက်ချင်း စိန်ခေါ်ကာ ယှဉ်ပြိုင်တိုက်ခိုက်နေသည့်ပွဲ

ဖြစ်သောကြောင့် နှိုးထင်ချိတ်အနေဖြင့် ခွက်ဖက်ကူညီပေးရန်လည်း မဖြစ်နိုင်ပေ။

သူ့မျက်စိထဲတွင်ကား တိုးလွှန်တိုး၏ တိုက်ချက်များကို ဖြိုခွဲနိုင်မည့် သိုင်းကွက်လှုပ်ရှားမှုများ မြင်နေရသည်။ သို့သော် သူ့အနေနှင့် ဘာမျှ မတတ်သာ။

အသေအလဲ ခုခံရှောင်တိမ်းနေသည့်ကြားမှပင် ချင်ကျင်ဟူ၏ ညာလက်မောင်းသည် တိုးလွှန်တိုး၏ ဘယ်လက်ချောင်းများဖြင့် ဆုပ်ဖမ်းခြင်းကို ခံလိုက်ရသည်။ တိုးလွှန်တိုးက ဆွဲလိမ်လိုက်သည်နှင့် ချင်ကျင်ဟူ၏ ညာဘက်လက် သွင်သွင်ကျိုးသွားပေတော့မည်။

"ဟာ ...ရကွယ်"

နှိုးထင်ချိတ် စိတ်ထဲမှ အလန့်တကြား ရေရွတ်လိုက်မိ၏။

"ငိုမေသုံးဆင့်လက်ဝါးသိုင်းရဲ့ အမှတ်ငါးသိုင်းကွက်ဟာ ရန်သူ့ဖမ်းချုပ်မှုက လွတ်အောင်ရုန်းနိုင်တဲ့ သိုင်းကွက်ပဲ။ဒီလို ရုန်းထွက်ရင်း အမှတ်ဆယ့်နှစ် သိုင်းကွက်နဲ့ ရန်သူကို တန်ပြန်ရင်ဆိုင်ကိုကောင်းတဲ့ တိုက်ကွက်ဖြစ်မှာဘဲ"

ကျင်ထောက်ရှင်က သူ့ဘေးနားရှိ ကျင်ချွန်ကျိုကို လှည့်၍ ပြောလိုက်သည်။

ကျင်ထောက်ရှင်၏ စကားဆုံးသည်နှင့် ချင်ကျင်ဟူသည် ငိုမေ သုံးဆင့်လက်ဝါးသိုင်း၏ အမှတ်ငါးသိုင်းကွက်ကိုသုံးကာ ဘယ်လက်ဝါး ဖြင့် တိုးလွှန်တိုး၏ မျက်နှာကို ဖြတ်ရိုက်ရင်း ကိုယ်ကို ဘယ်ဘက်သို့ ယိမ်းကာ အားအင်သုံး၍ ရုန်းထွက်သည်။



တိုးလွှန်တိုးမှာ မျက်နှာတည့်တည့်သို့ တိုးဝင်လာသည့် လက်ဝါး ရိုက်ချက်ကို အာရုံစိုက်ကာ ရှောင်ပေးလိုက်ရပေရာ ဆုပ်ဖမ်းထားသည့် လက်တွင်အားလျော့သွားသည်။

ဤတွင် ချင်ကျင်ဟူသည် တိုးလွှန်တိုး၏ ချုပ်ဖမ်းထားမှုမှ လွတ်သွားသည်။

ထိုသို့လွတ်သွားသည့် ညာလက်သည် ဆတ်ခနဲမြောက်တက်ကာ တိုးလွှန်တိုး၏ ငယ်ထိပ်ကိုလက်ဝါးဖြင့် အုပ်မိုးရိုက်ချသည်။

တိုးလွှန်တိုး အရှောင်မြန်သောကြောင့် ငယ်ထိပ်တည့်တည့် လက်ဝါးရိုက်ချက် အထိခံရမည့်ဘေးမှ သီသီလေးကပ်ကာ လွတ်သွားသည်။

တိုးလွှန်တိုး၏ ခေါင်းတွင်ပေါင်းထားသော ခေါင်းပေါင်းမှာမူ လက်ဝါးရိုက်ချက်အရှိန်ကြောင့် ပြေလျော့ကာ ကျွတ်ထွက်သွားတော့သည်။

ကျင်ထောက်ရှင်က ကျင်ချွန်ကျိုကို လှမ်းပြောလိုက်သည့်စကားသည် ချင်ကျင်ဟူအဖို့ အကြပ်အတည်းမှ လွတ်မြောက်နိုင်မည့်နည်းကို အကြံပေးသည့် သဘောမျိုးဖြစ်သွားသည်။

ကျင်ထောက်ရှင်၏ ပညာသားပါပါ တစ်ဖက်လှည့်ပြောလိုက်ခြင်းကြောင့် တစ်ဦးချင်းရင်ဆိုင် တိုက်ခိုက်နေသည့် တိုက်ပွဲကို ဝင်ရွက် ဖက်ပါဝင်သည့် အနေအထားလည်း မရောက်ခဲ့ပေ။

ချင်ကျင်ဟူသည် အကျဉ်းအကြပ်အခြေအနေမှ လတ်တလော ရုန်းထွက်သွားနိုင်ပြီ ဖြစ်သော်လည်း တိုးလွှန်တိုး၏ သိုင်းပညာစွမ်း

ဂျီ(၁၀) F-5(A)

ကို ယှဉ်နိုင်မည် မဟုတ်ဘဲမကြာမီ အခြေအနေပြန်ဆိုး လာနိုင်ကြောင်း နှိုးထင်ချိုဘ် သိသည်။

မည်သို့ လုပ်ရမည်နည်းဟု စဉ်းစားကြည့်သည်။ အကြံကောင်း တစ်ခု ရလာသောကြောင်း ကျင်ထောက်ရင်နှင့် ငှီမေသုံးဆင့် လက်ဝါး သိုင်း၏ သိုင်းကွက်သိုင်းဟန် လျှပ်ရှားမှုများအကြောင်း မေးမြန်းပြော ဆိုနေတော့သည်။

❖ ❖ ❖

နှိုးထင်ချိုဘ်၏ တွေးဆချက်မလွဲ ပေ။

ချင်ကျင်ဟုသည် တိုးလွှန်တို၏ ဇုက်ဘီလူးသိုင်းကို မယှဉ် နိုင်။မကြာမီမှာပင် တိုးလွှန်တို၏ ဖိနှိပ်တိုက်ခိုက်မှုဒဏ်ကို အလူးအလဲ ခံရလေတော့သည်။

တိုးလွှန်တိုးသည် ငှီမေသုံးဆင့် လက်ဝါးသိုင်း၏ သိုင်းကွက် လျှပ်ရှားမှုနှင့် တိုက်နည်းပရိယာယ်များကို အတန်အသင့် သိသွားပြီ ဖြစ်ရာ အဝိုင်းဇုနိုင်း ပိတ်ဆို့တိုက်စစ်ဆင်ရာ ချင်ကျင်ဟုမှာ အသက်ရှူ မှားမတတ်ပင် ခုခံကာကွယ်နေရလေသည်။

မည်မျှ ကြိုးစားခုခံသည်ဖြစ်စေ ဖိနှိပ်လာသော သိုင်းကွက် ကွန်ယက်မှ ရုန်းမထွက်သာ။ သိုင်းကွက် ကွန်ယက်က တဖြည်းဖြည်း ကျုံ့လာသည်။ ချင်ကျင်ဟုအဖို့ ခုခံနိုင်အား မရှိသလောက်ဖြစ်လာ သည်။

ကျင်ထောက်ရင်သည် ငှီမေသုံးဆင့်လက်ဝါးသိုင်း၏ သိုင်းကွက်



လျှပ်ရှားဟန်များအကြောင်း နှိုးထင်ချိုဘ်အား ပြောပြရင်း ချင်ကျင်ဟု အတွက် အကြံကောင်းများ သွယ်ဝိုက်၍ ပေးကာ ကူညီသေးသည်။

သို့သော် ထိုအကြံပေးချက်များသည် ချင်ကျင်ဟုကို အထောက် အကူမပြုနိုင်တော့။

ကျင်ထောက်ရင်ကိုယ်တိုင်ပင် တိုးလွှန်တို၏ ဇုက်ဘီလူးသိုင်း ကို မယှဉ်နိုင်ရာ ကျင်ထောက်ရင်၏ အကြံပေးချက်များကတာမျှ အရာမထင်နိုင်တော့။

ငှီမေဂိုဏ်းဝင်တို့ ရင်တမမ ဖြစ်နေကြပြီ။

ကျင်ထောက်ရင်မှာလည်း နှိုးထင်ချိုဘ်နှင့် စကားပြောင့်အောင် မပြောနိုင်တော့။

ငှီမေဂိုဏ်းချုပ် ချင်ကျင်ဟု၏ အခြေအနေက အလွန်ဆိုးရွား နေပြီ။

နောက်ထပ် သိုင်းကွက်သုံးကွက်လောက်သာ အနိုင်နိုင် ခုခံနိုင် တော့မည်။

အခြေအနေကို နိုင်စားပြီသော တိုးလွှန်တိုးကလည်း ပွဲသိမ်း တိုက်ကွက်ကို ဆင်လေတော့သည်။

ညာခြေဖြင့် မြတ်ကန်သည်။

ချင်ကျင်ဟု ကမန်းကတန်း၊ ရှောင် တိမ်းလိုက်၍ ကိုယ်ဟန် ယိမ်းအသွားတွင် ညာလက်သည်းများဖြင့် ချင်ကျင်ဟု၏ မျက်နှာကို လှမ်းကုတ်ဆွဲ သည်။

ချောင်ပိတ်မိသွားသော ချင်ကျင်ဟု ဘာလုပ်ရမှန်း မသိတော့။

ထိုအချိန်မှာပင် နှိုးထင်ချိတ်၏ စကားသံက မတိုးမကျယ် ထွက်လာသည်။

"အမှတ်ခုနစ်သိုင်းကွက်နဲ့ မျောက်ဝံနွယ်နီသိုင်းကွက် ပေါင်း လိုက်ရင် သိပ်အစွမ်းထက်မှာပဲနော်"

နှိုးထင်ချိတ်က ကျင်ထောက်ရင်ကို သိုင်းပညာအကြောင်း ဆွေးနွေးရာမှ အကွက်ဝင်စွာ ပြောလိုက်ခြင်းဖြစ်သည်။

မျောက်ဝံနွယ်နီသိုင်းကွက်သည် အခြေခံသိုင်းကွက်တစ်မျိုး ဖြစ်ကာ သိုင်းပညာသင်ကြားသူတိုင်း တတ်မြောက်ကြသည်။

ထိုစကားကြားရသောအခါ ချင်ကျင်ဟူ၏ ခေါင်းထဲသို့ အလင်းရောင် တစ်ချက် ဖျတ်ခနဲ လင်းလက်သွားသည်။ မည်သူက ပြောသည်ကိုပင် သတိမမူနိုင်တော့ဘဲ ထိုသိုင်းကွက်အတွဲ အစ အတိုင်း ချက်ချင်းပင် လှုပ်ရှားလိုက်လေ၏။

ချင်ကျင်ဟူသည် ခန္ဓာကိုယ်ကို ကိုင်းချိုး ညာလက်မြှောက်ကာ မျောက်ဝံကြီးများနွယ်ကြိုးကို နိုးသည့်ပုံဟန်အတိုင်း ဆုပ်မိဆုပ်ရာ လှမ်းကိုင်ဆွဲလိုက်သည်။

တိုးလွှန်တိုး၏ ညာလက်မောင်းကို ဆုပ်ကိုင်မိတွဲ မိသည်။

တစ်ချိန်တည်းမှာပင် ဘယ်လက်ဝါးကို ငိုမသုံးဆင့်လက်ဝါး သိုင်း၏ အမှတ်ခုနစ်သိုင်းကွက်အတိုင်း လှုပ်ရှားရိုက်ထုတ်မိခြင်း ဖြစ် သည်။

ဦးတည်ချက်ရယ်လို့တော့ ရေရေရာရာမရှိ၊ နားထဲတွင် ကြားရ သော သိုင်းကွက်အတွဲ အစအတိုင်း လှုပ်ရှားရိုက်ထုတ်မိခြင်းဖြစ်သည်။



ရိုက်ထုတ်လိုက်သော လက်ဝါးရိုက်ချက်သည် တိုးလွှန်တိုး၏ ညာဘက်ပခုံးကို ထိမိသည်။

"ဖုန်း ..."

တိုးလွှန်တိုး၏ ကိုယ်ခန္ဓာ တစ်ပတ်လည်သွားသည်။

ချင်ကျင်ဟူအဖို့ အကြံပေးစကားကို နားထောင်နေစရာ မလို တော့။

ထပ်ဆင့် လက်ဝါးရိုက်ချက်များ ဆက်လက်ရိုက်ချလိုက်ရာ တိုးလွှန်တိုးမှာ နောက်သို့ ခြေလှမ်းဆယ်လှမ်းမျှ ယိမ်းယိုင်ပြီး ဇင်ထိုင် လျက် လဲကျသွားသည်။

အပြတ်အသတ် အနိုင်ရလုဆဲဆဲအခြေအနေမှ မမျှော်လင့်ဘဲ အရှုံးပေါ်သွားရသောကြောင့် တိုးလွှန်တိုးမှာ ရှက်လည်းရှက်၊ ဒေါသ လည်း အကြီးအကျယ်ထွက်လာသည်။

"အားလုံးတက် ... ဝိုင်းတိုက်ကြ"

အသံနက်ကြီးဖြင့် အော်ဟစ် အမိန့်ပေးလိုက်သည်။ ကြွက်မနိုင်၍ ကျီမီးနှင့်ရှို့ခြင်းပင်တည်း။

"နောက်ဆုတ်"

နှိုးထင်ချိတ် အမိန့်ပေးသံကလည်း ဆက်တိုက်ပင် ပေါ်ထွက်လာ သည်။

မီးခိုးရောင် ဂိုဏ်းဝင်များနှင့် ဖြူမည်းဂိုဏ်းဝင် သိုင်းသမားများ တစ်ဟုန်ထိုးရှေ့သို့ ပြေးတက်လာကြသည်။

ငိုမဂိုဏ်းဝင်များ စခန်းပရဝဏ်ထဲသို့ ဆုတ်ခွာကြသည်။

အတက်နှင့် အဆုတ် တစ်ပြိုင်တည်း တစ်ချိန်တည်းတွင်ပင် လှုပ်ရှားလှုပ်ဆောင် လိုက်ကြသည်။

သို့သော် ...

နှစ်ဖက်အခြေအနေကတော့ ကွာခြားသည်။

မိစ္ဆာမနောသိုင်းသမားများနှင့် မြူမည်းသိုင်းသမားများသည် ရုတ်တရက် တိုက်စစ်ဆင်ရမည်ဟု ထင်မထားကြ။ တိုးလွှမ်းတို့၏ လျှပ်တစ်ပြက် အမိန့်ဖြင့် တဟုန်ထိုး ရှေ့သို့ပြေးတက် လာကြခြင်းသာ ဖြစ်သည်။ မည်သို့မည်ပုံ တိုက်စစ်ဆင် တိုက်ခိုက်ရမည်ကိုမသိ။ စုစည်းမှုလည်းမရှိ၊ မည်းမည်းမြင်ရာကိုသာ ထိုးခုတ် တိုက်ခိုက်ကြသည်။

ငိုမဟိုဏ်းဝင်များမှာမူ သည်လိုအခြေအနေမျိုး ကြုံလာလျှင် မည်သို့မည်ပုံ ခုခံပြီး မည်သို့သော နည်းလမ်းဖြင့် ဆုတ်ခွာရမည်ကို ကြိုတင် စီစဉ်ထားပြီးဖြစ်သည်။

ထို့ကြောင့် နောက်ချန်နေခဲ့ကာ ခုခံသည့် အုပ်စုက ခုခံထားပြီး ဆုတ်ခွာသည့်အုပ်စုက ဆုတ်ခွာသွားပုံမှာ အလွန်ပင် စနစ်ကျန လှသည်။

မိစ္ဆာမနော သိုင်းသမားများနှင့် မြူမည်းသိုင်းသမားများထက်တွင် လူအင်အား များပြားသော်လည်း စနစ်တကျမရှိသော ထိုးစစ်က အင်အား ပြင်းထန်သင့်သလောက် မပြင်းထန်။ ထိရောက်သင့်သလောက် မထိရောက်။

ထို့ကြောင့် ငိုမဟိုဏ်း၏ နောက်ခံအုပ်စုသည် လူအင်အား အနည်းငယ်မျှသာ ဖြစ်သော်လည်း တစ်ဖက်ရန်သူ၏ တိုက်စစ်ကို



ကောင်းစွာထိန်းထားနိုင်ခဲ့ပြီး ငိုမဟိုဏ်းဝင်များ ခေန်းပရုဂတ်ဆီသို့ အောင်မြင်စွာ ဆုတ်ခွာဝင်ရောက်နိုင်ခဲ့ကြသည်။

ရန်သူများက ခေန်းပရုဂတ်ဆီသို့ အတင်းဖိနှင်း ဝင်ရန်ကြိုး ပမ်းကြသေးသည်။ သို့သော် နံ့ထင်ချိုတ်၏ ကြိုတင်စီမံထားမှုအရ အသင့်ရှိနေသော လေးသည်တော်များက မြားမိုးရွာချလိုက်ရာ ရန်သူတို့ အထိနာပြီး တန့်ရပ်ကုန်ကြသည်။

ငိုမဟိုဏ်းဝင်များက အဝင်တံခါးကို ခိုင်မာစွာပိတ်လိုက်ကြသည်။

တိုက်ခိုက်မှုတွင် ငိုမဟိုဏ်းဘက်မှ နောက်ဆုတ်ပေးလိုက်ရသော်လည်း အထိအခိုက်အကျအဆုံး နည်းပါးသည်။ တစ်ဖက်ရန်သူတို့မှာမူ အတင်းတရကြမ်း တိုက်စစ်ဆင်နိုင်သည် မှန်သော်လည်း အထိအခိုက် အကျအဆုံး များပြားသည်။

တိုးလွှမ်းတို့သည် သူ့လူများကို အနီးကပ်တိုက်ခိုက်ခြင်း မပြုတော့ဘဲ နောက်ပြန်ဆုတ်နိုင်ပြီးနောက် ငိုမခေန်းပရုဂတ်ဆီသို့ မြားများကို မိုးသီးမိုးပေါက်ပမာ ပစ်ခတ်စေသည်။

ထိုသို့ ပစ်ခတ်ရာတွင် မီးမှိုမြားများ မဟုတ်ဘဲ တောက်လောင် နေသော မီးမာတာပ်ဆင်ထားသည့် မီးမြားဖြင့် ပစ်ခတ်ခြင်းဖြစ်သည်။ မီးမြားထိမိုက်မိသည့် နေရာတွင် မီးမလောင်ခြင်းမရှိစေရန် ငိုမဟိုဏ်းဝင်များ လိုက်လံငြိမ်းသတ် နေကြရသည်။

တစ်ဖက်က မီးကိုသတ်ရ တစ်ဘက်မှ ရန်သူကို ခုခံရနှင့် အလွန်ပင် အလုပ်ရှုပ် များများနေကြသည်။

အချိန်ကြာမြင့် လာသည်နှင့်အမျှ မိမိတို့ဘက်မှ အခြေယိုင် လာနိုင်ကြောင်း တွေးမိသည့်အတွက် ငိုမေဂိုဏ်း၏ သက်တော်ရှည် မယ်တော်ကြီး၊ လေးယောက်နှင့် ဂိုဏ်းချုပ် ချင်ကျင်ဟွတို့ တိုင်ပင် နှီးနှောကြရပြန်သည်။

ထိုသို့ တိုင်ပင်နှီးနှောရာတွင် နှိုးထင်ချိတ်ကိုပါ ပါဝင်စေသည်။

"ဒီအတိုင်းဆိုရင် ငါတို့ဘက်က ကြာကြာခံနိုင်မယ် မထင်ဘူး။ ဒီတော့ ရန်သူ့နောက်ပိုင်းကို အလစ်ထိုးဖောက် တိုက်ခိုက်ရရင် ကောင်းမယ်လို့ ထင်တယ်"

ကျင်ထောက်ရှင်က ပြောသည်။

"ရန်သူ့ အင်အားက များတယ်။ သူတို့ရဲ့ နောက်ပိုင်းကို အရောက်တိတ်တဆိတ် ထိုးဖောက်ဖို့ မလွယ်ဘူး။ တကယ်လို့ ထိုးဖောက် သွားနိုင်တယ်ထားဦး။ ထိထိရောက်ရောက် တိုက်ခိုက်နိုင်ဖို့ လူအင်အားလိုတယ်၊ ကျွန်တော်တို့ဘက်မှာ ခေန်းယရေဝတ်ကို စုံကာကွယ် ထားဖို့တောင် လူအင်အား မလောက်ချင်ဘူး၊ ဒီတော့ ရန်သူ့နောက်ပိုင်း ကို ထိုးဖောက်တိုက်ခိုက်ဖို့ လူအင်အား ခွဲထုတ်ပေးနိုင်ပါ့မလား"

နှိုးထင်ချိတ် မိမိ၏ထင်မြင်ချက်ကို ပြောသည်။

"လူလေးပြောတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် ငါတို့အနေ နဲ့ ဒီအတိုင်းအကြာကြီး ဆက်ခုခံဖို့ကလဲ မဖြစ်တော့ဘူးလေ၊ တစ်ခုခု တော့ လုပ်ရလိမ့်မယ်"

ကျင်ဝါလီမှာ ပြောသာပြောလိုက်ရသော်လည်း ဘာလုပ်ရမှန်း မသိဘဲ စိတ်အိုက်နေသည်။



အခန်းထဲတွင် ခေတ္တမျှ ဆိတ်ငြိမ်သွားသည်။

"ကျွန်တော် တစ်ခုစဉ်းစားမိတယ်"

ခေတ္တမျှ တိတ်ဆိတ်နေပြီးနောက် နှိုးထင်ချိတ်က စကားစလေ သည်။

"ဘာများလဲ၊ ပြောစမ်းပါဦး"

ကျင်ထောက်ရှင်က အလျင်စလိုမေးသည်။

ကျန်လူများကမူ တစ်စုံတစ်ရာ မပြောကြဘဲ နှိုးထင်ချိတ်၏ စကားကိုသာ နားစွင့်နေကြသည်။

"ကျွန်တော် လူဆယ့်ငါးယောက်လောက် အတူခေါ်ပြီး ခမြင် ကို တိတ်တဆိတ် ထိုးဖောက်ထွက်မယ်။ ပြီးတော့ ..."

နှိုးထင်ချိတ်က မိမိလုပ်ဆောင်သည့် အစီအစဉ်များ ဆက်လက်၍ အသေးစိတ် ပြောကြားသည်။

နှိုးထင်ချိတ်၏ အစီအစဉ်များကို အားလုံးက သဘောတူလက် ခံကြသည်။

"မင်းဟာ အတော့်ကို စိတ်ကူးကောင်းတဲ့ သူပဲ။ မင်းအစီ အစဉ် အောင်မြင်ပါလိမ့်မယ်"

ကျင်ထောက်ရှင်က ဝမ်းသာအားရပင် ချီးမွမ်းပြောဆို၏။

နှိုးထင်ချိတ်သည် ငိုမေဂိုဏ်းသား လက်ရွေးစင် ဆယ့်ငါးယောက် ကို ရွေးချယ်လျက် လိုအပ်သည့် ပစ္စည်းများကို အမြန်ဆုံး စုစည်းယူ ငင်သည်။

ညအမှောင် ကျရောက်လာသည်နှင့် နှိုးထင်ချိတ် ဦးစီးသည်

ငိုမဂိုဏ်းဝင်တို့သည် အမှောင်ထုကို အကာအကွယ်ပြုကာ ငိုမဂိုဏ်း ဌာနချုပ် ဝန်းပရဝဏ်အပြင်ဘက်သို့ တိတ်တဆိတ် ထိုးဖောက်ထွက် လာခဲ့ကြလေတော့သည်။

✣ ✣ ✣

မိုးလင်းလာပြီ။

ညဘက် မှောင်မိုက်အချိန်တွင် ခေတ္တရပ်နားခဲ့သော မိစ္ဆာမဓော ဂိုဏ်းဝင်များနှင့် ဖြူမည်းဂိုဏ်းဝင်တို့သည် တိုက်ခိုက်မှုများ ပြန်လည် စတင်ရန် ပြင်ဆင်ကြလေတော့သည်။

ထိုအချိန်မှာပင် ဖြူမည်းဂိုဏ်းသားတချို့က ထူးခြားသော လှုပ်ရှားမှုများကို စတင်တွေ့မိကြသည်။

ခပ်လှမ်းလှမ်းရှိ တောင်ကြောတစ်ခုတွင် လူတစ်စု လှုပ်ရှားရို တက်လာကြသည်ကို သူတို့မြင်ကြရသည်။

ထိုလူစုသည် သစ်ပင်ချုံနွယ်များကို အကာအကွယ်ယူပြီး တက်လာကြဟန်တူသည်။

သစ်ပင်များ အတန်ငယ်ရှင်းသည့် နေရာတွင် ထိုလူစု၏ လှုပ်ရှားမှုကို မြင်ရပြီး ထူထပ်သော သစ်ပင်များကြားသို့ ဝင်ရောက် ပျောက်ကွယ် သွားသည်။

ခဏအကြာတွင် စောစောက လမ်းကြောင်းအတိုင်း နောက်ထပ် လူတစ်စု လှုပ်ရှားနို တက်လာသည်ကို ခိုပ်ခနဲတွေ့ လိုက်ကြရပြန်သည်။

ထူးခြားသော တွေ့မြင်ရမှုကို ချက်ချင်းပင် တိုးလွှန်တိုး၏



သတင်းပို့လိုက်သည်။ တိုးလွှန်တိုး ကိုယ်တိုင်ပင် လာရောက်ကြည့် ရှုသည်။

ဤသို့သော ထူးခြားသည့် လှုပ်ရှားသွားလာမှုများကို ငိုမဆန်း တောင်၏ အခြားသောနေရာများတွင်လည်း တွေ့ရပြန်သည်။

တိုးလွှန်တိုးအဖို့ အတွေးရ ခက်နေပေပြီ။

ငိုမဆန်းတောင်ပေါ်သို့ လမ်းကြောင်းအမျိုးမျိုးမှ လှုပ်ရှားကာ တက်လာကြသူများသည် မည်သူတွေ ဖြစ်မည်နည်း။

ရန်သူလား။ မိတ်ဆွေလား။

သူတို့ဘာသာသူတို့ အကြောင်းကိစ္စ တစ်ခုခုကြောင့် လှုပ်ရှား သွားလာနေကြသလား။

အမျိုးမျိုးဖွဲ့ဖုံ စဉ်းစားကြည့်သည်။

အခြားကိစ္စများဖြင့် ရောက်လာကြသူတွေဆိုလျှင်အ ကြောင်း မဟုတ်။ ငိုမဂိုဏ်းဘက်မှ ပါဝင်ကူညီပေးရန် ရောက်လာကြသော မိမိတို့၏ ရန်သူတွေဆိုလျှင် အခက်ဟု တိုးလွှန်တိုး တွေးမိသည်။

ဟိုနေရာတွင် ခိုပ်ခနဲ မြင်လိုက် ပျောက်သွားလိုက်၊ သည်နေ ရာတွင် ခိုပ်ခနဲတွေ့လိုက် ပျောက်သွားလိုက် ဖြစ်နေသော ထိုလူများသည် တိုးလွှန်တိုး၏ ခန့်မှန်းခြေအရဆိုလျှင် အင်အားသုံးရာ နီးပါးလောက် ရှိသည်။

အုပ်စုလေးများ ခွဲဖြန့်ကာ လှုပ်ရှားနေပုံသည် ငိုမဆန်းတောင် ကို အရှေ့အနောက်နှင့် တောင်ဘက်တို့မှ သုံးဘက်သုံးတန် ဝန်းရံမည့် အနေအထားမျိုး ရှိနေသည်။

မြောက်ဘက် အရပ်ဆီတွင် လှုပ်ရှားမှု မရှိသည်ကိုလည်း တိုးလွန်တိုး သတိပြုမိသည်။

"ဟာ ... မြောက်ဘက်လမ်းက ကြမ်းတာကိုး။ ငါတို့နောက် ဆုတ်မယ်ဆိုရင် မြောက်ဘက်လမ်းကြောင်းက ဆုတ်မှာမဟုတ်ဘူးလို့ သူတို့တွက်ပြီး အဲဒီဘက်ကိုလွှတ်ထားတာ ဖြစ်လိမ့်မယ်။

ဒါဆိုရင် ဒီလူတွေဟာ ငိုမေဂိုဏ်းဘက်က စစ်ကူတွေဖြစ်ဖို့ များတယ်"

တိုးလွန်တိုး၏ စိတ်ထဲတွင် တွေးမိသည်။

ထိုအချိန်မှာပင် ငိုမေဂိုဏ်းစခန်းပရဝုဏ်ထဲမှ အချက်ပေး ခေါင်းလောင်းတီးသံ ပေါ်လာသည်။

ထိုခေါင်းလောင်းသံကို ကြားရသည်နှင့် မိမိ၏ တွက်ကိန်းမှန်ပြီ ဟု တိုးလွန်တိုး တထစ်ချ ယုံကြည်လိုက်သည်။

ငိုမေဂိုဏ်းက အတွင်းအပြင် နှစ်ဖက်ညှပ်ကာ မိမိတို့ကို ချေမှုန်းတိုက်ခိုက်ရန် ကြံလေပြီဟူ၍လည်း အတွေးပေါက်ကာ မိမိတို့ က လက်ဦးအောင် ဆုတ်ခွာရန် အလောတကြီး ဆုံးဖြတ်လိုက်တော့ သည်။

"မြောက်ဘက်လမ်းကြောင်းအတိုင်း အမြန်ဆုံး ဆုတ်ခွာကြ၊ လက်ရွေးစင် သိုင်းသမားတစ်ဖွဲ့က နေ့ပြေးတာခံနေယူ ..."

တိုးလွန်တိုးက ဆုတ်ခွာရန် အမိန့်ပေးလိုက်သည်။

အလောသုံးဆယ် ဆုံးဖြတ်ကာ အမိန့်ပေးခြင်းဖြစ်သော်လည်း မိမိ၏လူများ စည်းမဲ့ကမ်းမဲ့ တပ်ပျက်သလို ဆုတ်ပြေးသွားခြင်းမျိုး



မရှိရလေအောင် နေ့ပြေးတပ်ဖွဲ့၊ နောက်ခံတပ်ဖွဲ့၊ ကင်းလှည့်တပ်ဖွဲ့များ စနစ်တကျ ခွဲဝေတာဝန်ပေးအပ်ပြီးမှ ဆုတ်ခွာစေခဲ့၏။

တိုးလွန်တိုး၏လူများ စနစ်တကျ ဆုတ်ခွာရန် ပြင်ဆင်ပြီးချိန် မှာပင် ငိုမေဂိုဏ်းစခန်း၏ ပင်မတံခါးမှနေ၍ ငိုမေဂိုဏ်းဝင်များ ပြေးထွက်လာကြသည်။

"တိုက်ကြ ... တိုက်ကြ ... ရန်သူကိုတိုက်ကြ၊ ငါတို့ဘက်က စစ်ကူရောက်လာပြီ။ ရန်သူတစ်ယောက်မှ မလွတ်စေနဲ့"

ငိုမေဂိုဏ်းဝင်များကို ဦးစီးလာသူ၏ အော်ဟစ်ကြွေးကြော်သံက ဟိန်းထွက်သွားသည်။

မိစ္ဆာမနော ဂိုဏ်းသားများနှင့် ဖြူမည်းဂိုဏ်းသားများသည် ကြိုတင်ပြင်ဆင်ထားပြီး ဖြစ်သည့်အတိုင်း မြောက်ဘက်လမ်းကြောင်း မှနေ၍ အမြန်ဆုံး ဆုတ်ခွာကြလေတော့သည်။

မြောက်ဘက်လမ်းကြောင်းသည် တကယ်ပင် ခရီးလမ်းကြမ်းတမ်း လှသည်။

စနစ်တကျ ဆုတ်ခွာရန် ကြိုတင်စီစဉ် အမိန့်ပေးထားပြီးသော် လည်း ခရီးလမ်းကြမ်းတမ်းမှုကြောင့် တိုးလွန်တိုး၏လူများသည် စုစု စည်းစည်းမရှိဘဲ လူစုကွဲသလို ဖြစ်ကုန်ကြသည်။ တောင်အောက်သို့ သူ့ထက်ငါဦးအောင် လမ်းကြောင်းရှာဆင်းသူက ဆင်းနေသည်။

ဆုတ်ခွာလာကြသော မိစ္ဆာမနောသိုင်းသမားများနှင့် ဖြူမည်း သိုင်းသမားများသည် ရန်သူတချို့၏ ကြားဖြတ်တိုက်ခိုက်ခြင်းကို ခံကြရသည်။

ကြားဖြတ်တိုက်ခိုက်ကြသော ရန်သူများသည် အင်အားတော့ သိပ်မများ။

ဆယ့်ငါးယောက် မျှသာဖြစ်သည်။

အင်အားနည်းပါးသော်လည်း အယောက်တိုင်းသည် သိုင်းပညာ ထူးချွန်ပြီး အထက်စီးနေရာကောင်းများတွင် ကျကျနနကြိုတင် နေရာယူကာ တိုက်ခိုက်ကြသည် ဖြစ်သောကြောင့် တိုက်ခိုက်မှုစွမ်းရည် ထက်မြက်လှသည်။

စိတ်ဓာတ်ပျက်ပြားနေသော တိုးလွှနိတို့၏ လူများသည် အင်အားနည်းပါးသော ရန်သူကိုပင်ဖိဖိစီးစီး ရင်ဆိုင်မတိုက်နိုင်။ မိမိတို့လွတ်လမ်းကိုသာရှာ၍ တောင်အောက်သို့သာ ဆင်းပြေးကြရာ အင်အားနည်းပါးသော ရန်သူတို့၏ အထက်စီးမှထိုးခုတ်တိုက်ခိုက်မှုကို အလူးအလဲ ခံကြရပေတော့သည်။

ဆုတ်ခွာလာသည့် မိစ္ဆာမနောသိုင်းသမားများနှင့် မြူမည်းသိုင်းသမားများကို ကြားဖြတ်ကာ တိုက်ခိုက်သူများသည် နှိုးထင်ချိုတ်ဦးဆောင်သော လက်ရွေးစင် ဝိုမော်ဂိုထီးဝင်များ ဖြစ်ကြသည်။

သူတို့သည် နေရာကောင်းနေ၍ ဝိုင်ဝိုင်နိုင်နိုင် တိုက်ခိုက်နိုင်ကြသော်လည်း၊ ရန်သူအင်အားများပြားလှသောကြောင့် အကုန်အစင် သုတ်သင်ချေမှုန်းခြင်းတော့ မပြုနိုင်ကြ။

လက်လှမ်းမီရာ ရန်သူများကိုသာ တိုက်ခိုက်နှိမ်နင်းနိုင်ကြသည်။ ကျန်ရန်သူတို့သည် တောင်အောက်သို့ ကိုယ်လွတ်ရုန်း၊ ဆုတ်ခွာပြေးသွား နိုင်ခဲ့ကြသည်။



မိစ္ဆာမနောသိုင်းသမားများနှင့် မြူမည်းသိုင်းသမားများဘက်မှ ထိခိုက်ကျဆုံးမှု များပြားလှသည်။

နှိုးထင်ချိုတ်နှင့်အတူ လိုက်ပါသွားသော လက်ရွေးစင် ဝိုမော်ဂိုထီးဝင် ဆယ့်ငါးယောက်အနက် သုံးယောက်ကျဆုံးပြီး ငါးယောက်ထိခိုက်ဒဏ်ရာရခဲ့သည်။

မည်သို့ဖြစ်စေ ဝိုမော်ဂိုထီးဝင်အနေဖြင့် မိမိထက်အင်အားကြီးမားပြီး ကြမ်းကြုတ်ရက်စက်လှသည့် ရန်သူများကို တွန်းလှန်အနိုင်ယူနိုင်ခဲ့သည်။

သိုင်းလောကကို လွှမ်းမိုးချယ်လှယ်မည့် သိုင်းသမားဆိုးများ၏ အကြံကို ဟန့်တားနိုင်ခဲ့သည် ဟူ၍လည်း၊ ဆိုနိုင်သည်။

ဤအောင်မြင်မှုတွင် နှိုးထင်ချိုတ်၏ အကြံအစည် ပရိယာယ်နှင့် ထက်မြက်သော သိုင်းပညာစွမ်းရည်ဖြင့် ကူညီပေးမှုတို့က အဓိကအခန်း မှပါဝင်ပေသည်။

နှိုးထင်ချိုတ်သည် လူဆယ့်ငါးယောက်မျှနှင့် လူအများ အုပ်စုလိုက် ချီတက်လာပြီဖြစ်သော တိုးလွှနိတို့ကို ထင်ယောင်မြင်မှားဖြစ်အောင် ပိပိရိရိ ပရိယာယ်ဆင် လှည့်စားနိုင်ခဲ့သည်။

ထိုသို့ လှည့်စားနိုင်ခဲ့ခြင်းကြောင့်လည်း၊ တိုးလွှနိတို့ လူစုအလောတကြီး ဆုတ်ခွာသွားကြခြင်း ဖြစ်သည်။

ဂိုထီးချုပ် ချင်ကျုင်ဟူး သက်တော်ရှည် မယ်တော်ကြီး လေးယောက်အပါအဝင် ဝိုမော်ဂိုထီးဝင်အပေါင်းသည် နှိုးထင်ချိုတ်ကို ကျေးဇူးတင်မဆုံးအောင် ဖြစ်နေကြသည်။

ဦးမကိုထီးဝင်များက နှီးထင်ချိုတ်ကို ရက်ရှည်လများ ချော့ဝတ်ပြု ကျွေးမွေး ဧည့်ခံလိုကြသည်။ သို့သော် နှီးထင်ချိုတ် အနေဖြင့် ပီကင်းမြို့တော်သို့ စုစည်းရောက် ယူထားသောကာဗီမနော သိုင်းသမားများနှင့် တွေ့ဆုံပြီး မိစ္ဆာမနောဂိုဏ်းကို ဖြိုခွဲရမည့်အလုပ်များ ရှိနေသောကြောင့် ဦးမဆန်းတောင်တွင် အချိန်ကြာကြာမနေနိုင်။

ဦးမဆန်းတောင်တွင် တစ်ရက်သာနေထိုင်ပြီး ထွက်ခွာလာခဲ့သည်။

မိစ္ဆာမနောဂိုဏ်း၏ အန္တရာယ်ရန်စွယ်ကို ဖြိုခွဲရာတွင် ပါဝင်ကူညီရန်အတွက် ဂိုဏ်းချုပ် ချင်ကျင်ဟုကိုယ်တိုင်ဦးဆောင်သော ဦးမဂိုဏ်းဝင်တစ်စုလည်း နှီးထင်ချိုတ်နှင့်အတူ လိုက်ပါလာခဲ့ကြသည်။

✣ ✣ ✣

# အခန်း(၃)

တိုးလွှနိုတိုးတို့လူစု အရေးမလှသော်လည်း၊ ရှူတန်းဂိုဏ်းကို သွားရောက် တိုက်ခိုက်သည့် ယန်ဖိန်ဖိန်တို့ အုပ်စုမှာမူ အောင်ပွဲဆင်နိုင်ခဲ့သည်။

ယန်ဖိန်ဖိန်သည် ရှုတန်းဂိုဏ်းကို စီးနင်းတိုက်ခိုက် အောင်မြင်ပြီးနောက် ချန်းချိန်ဂိုဏ်းဘက်သို့ပင် မြားဦးလှည့်လိုက်ရသေးသည်။

မူလကပင် အချင်းချင်း သဘောကွဲလွဲကာ၊ စည်းလုံးညီညွတ်မှု ပျက်ပြားနေသော ချန်းချိန်ဂိုဏ်းသည် မိစ္ဆာမနောသိုင်းသမားတို့ကို အံမတုနိုင်။

ယန်ဖိန်ဖိန်တို့က အလွယ်တကူ နိုင်ခဲ့ကြသည်။

ချန်းချိန်ဂိုဏ်း၏ အထွတ်အမြတ်ဖြစ်သော အဆိပ်ရောင်မြွေများကိုလည်း ယန်ဖိန်ဖိန်က သိမ်းပိုက်ရယူလိုက်သည်။

ထိုသို့ ထပ်ဆင့်အောင်ပွဲခံပြီးနောက် ယန်ဖိန်ဖိန်သည် ရှောင်လင်ကျောင်းတော်တည်ရှိရာ ကောက်ဆန်းတောင်သို့ ခရီးဆက်ခဲ့၏။

ကောက်ဆန်းတောင်သို့ သွားရာလမ်းခရီးတွင် ယန်ဇိန်ဇိန်တို့ ရှုရသည့် မိမိတို့အောင်ပွဲဝင် အနိုင်ရခဲ့ပုံအကြောင်းများကို ပြန်လည် တမြုံ့ပြန်ကာ ပြောဆို၍ မဆုံးအောင် ဖြစ်နေကြ၏။

ယန်ဇိန်ဇိန်သည် ခမ်းနားထယ်ဝါလှသော မြင်းလှည်းကို ဟန် ကျကျ စီးနင်းလိုက်ပါလာသည်။

မြင်းလှည်းပေါ်တွင် ယန်ဇိန်ဇိန် တစ်ယောက်တည်းမဟုတ်။

အခြား မိန်းမပျိုတစ်ယောက်လည်း ယန်ဇိန်ဇိန်နှင့်အတူ ပါရှိ လာသည်။

ထိုမိန်းမပျိုလေးမှာ ယန်ဇိန်ဇိန်နှင့် အသက်အရွယ် မတိမ်းမယိမ်း ဖြစ်သည်။

ရုပ်ရည်ရူပကာလည်း အခေတ်ပင်ချောမောလှပသည်။

ယန်ဇိန်ဇိန်နှင့် ဆိုလျှင် အလှချင်း ပြိုင်နေသည်ဟုပင် ဆိုနိုင် သည်။

"ဘယ့်နှယ်လဲ၊ ကျွန်မတို့ မိန္ဒွာမနေ့ကဆိုင်း၊ ဘယ်လောက်အစွမ်း ထက်မြက်တယ်ဆိုတာ ရှင်မျက်မြင်ပဲ မဟုတ်လား"

ယန်ဇိန်ဇိန်က မိန်းမပျိုလေးကို လှမ်းကြည့်ပြီး ခပ်ကြွားကြွား ပြောသည်။

"ပြော် ... အင်း ... ဟုတ်ကဲ့"

မိန်းမပျိုလေးက မေ့မှိုင်တမှိုင် ပြန်ပြောသည်။

ယန်ဇိန်ဇိန် အမူအရာက ရွှင်လန်း တက်ကြွနေသလောက် ထို မိန်းမပျိုလေးမှာမူ ငေးငေးငိုင်ငိုင်နှင့် အဆင်မပြေ ဖြစ်နေသည်။





"ကျွန်မ ရက်ရက်စက်စက် တိုက်ခိုက်တဲ့ အကြောင်းတွေကို ရှင့် အစ်ကိုနဲ့တွေ့ရင် ပြောမပြနဲ့နော်"

"ဒီလိုရက်စက် ကြမ်းကြုတ်တာမျိုးကို အစ်ကိုထင်ချိတ်က မကြိုက်မှန်း သိလျက်သားနဲ့ ဘာကြောင့် လုပ်နေရတာလဲ"

မိန်းမပျိုလေးက ထိုသို့ ပြောလိုက်သည့်အခါ ရွှန်းပနေသော လမင်းကို တိမ်ညိုများ ဖုံးဆိုင်းသွားသည့်နှယ် ယန်ဇိန်ဇိန်၏ ရွှင်လန်း တက်ကြွနေသော မျက်နှာလေး ညှိုးရော်သွားသည်။

"သိုင်းလောကမှာ နိုင်ရာစားနေကြတာပဲ။ ကိုယ်က လက်ဦး အောင် အနိုင်ယူနိုင်ရင်ယူ၊ မယူနိုင်ရင်တော့ မရှုမလှ အရေးနိမ့်ပြီး သူတပါးပြုသမျှ ခံရမှာပဲ၊ တခြားမကြည့်နဲ့ ရှင့်အစ်ကို နှိုးထင်ချိတ်နဲ့ ကျွန်မတို့ကိုယ်တိုင် ရုပ်ပြောင်းပီဗွာ မြောက်ခုနစ်ခုစိုက်တဲ့ သိုင်းသမား ဆိုးကြီးရဲ့ အနိုင်ကျင့်တိုက်ခိုက်တာကို မရှုမလှ ခံခဲ့ကြရဖူးတယ်"

"ဒါကတော့ ဇိန်ဇိန်ရယ်"

မိန်းမပျိုလေးက ချောင်းဖျ ပြောဆိုမည်အပြု ယန်ဇိန်ဇိန်က ကြားဝင်ပြီး ...

"ကျွန်မကိုယ်ဘယ်လိုမှ ဖျောင်းဖျမနေနဲ့တော့၊ ကိုယ်ညှဲ့ရင် ကိုယ်ခံရမယ်ဆိုတဲ့ အကြောင်းကို ကျွန်မ ကောင်းကောင်း သိနေပြီ အခုကျွန်မတို့ အနိုင်ယူခဲ့တဲ့ ဂူတာန်းဂိုဏ်းကိုပဲကြည့်၊ သူတို့က ကျွန်မ တို့ကို လမ်းလွှဲသိုင်းသမားဆိုးတွေ၊ လူကြမ်းလူရမ်းတွေလို့ သတ်မှတ်ပြီး အဖက်မလုပ်ခဲ့ကြဘူးလေ၊ ဟော ... သူတို့ကို အနိုင်ယူပြလိုက်တော့ ကျွန်မတို့ ပြောသမျှ ခေါင်းညိတ်လိုက်နာ နေကြရပြီ မဟုတ်လား"

"ဒီလို တစ်ဖက်သတ်ကြီး ..."

"တော်ပြီ စကားမရှည်နဲ့ ဆက်မကြားချင်တော့ဘူး"

ယန်ပိန်ပိန်က ဒေါမန်ပါပါနှင့်ပြောလိုက်ရာ မိန်းမပျိုလေးသည် နှုတ်ပိတ်လျက် သက်ပြင်းမောကြီးတစ်ချက်သာ ချလိုက်ရှာလေတော့သည်။

ထိုမိန်းမပျိုလေးမှာ ကံကြမ္မာလှည့်စားမှုကြောင့် မိစ္ဆာမနော သိုင်းသမားတို့၏ ဖမ်းဆီးခြင်းခံရသည့် ကြူဝင်ဝင် ဖြစ်ပေသည်။

ကြူဝင်ဝင်အနေဖြင့် ယခုလို ယန်ပိန်ပိန်နှင့်အတူ မြင်းလှည်းတစ်စီးထဲတွင် စီးနင်းလိုက်ပါလာနိုင်ခြင်းမှာ နိုးထင်ချိုတ်၏ မျက်နှာကြောင့်ဟု ဆိုနိုင်သည်။

ကြူဝင်ဝင်သည် နိုးထင်ချိုတ်ရှိရာ အိမ်ကျက်ကြီးသို့ ကိုယ်ရံတော်တစ်ယောက်နှင့် ရောက်အလာတွင် မိစ္ဆာမနောဂိုဏ်းမှ သိုင်းသမားနှစ်ယောက်နှင့်ဆုံမိပြီး အဖမ်းခံခဲ့ရသည်။

နိုးထင်ချိုတ်ထံသို့ ညအချိန်တွင် ရောက်လာသည့် မိန်းမပျိုတစ်ယောက်ကို ဖမ်းမိလာကြောင်း ကြားရသည့်အခါ နိုးထင်ချိုတ်အပေါ် မေတ္တာတိမ်းညွတ် ချစ်ခင်နေသော ယန်ပိန်ပိန်မှာ မနာလိုစိတ်ဖြင့် အကြီးအကျယ် ဒေါသထွက်ခဲ့သည်။

ထိုမိန်းမပျိုကို ကိုယ်တိုင်သတ်ဖြတ်ပစ်ရန်အတွက် ယန်ပိန်ပိန်က မိမိရှေ့မှောက်သို့ ခေါ်ယူစေခဲ့သည်။

သတ်ဖြတ်ပစ်ခါနီးတွင် ယန်ပိန်ပိန်က ကြူဝင်ဝင်ကို မေးခွန်းတစ်ခု မေးခဲ့သည်။

"ဒီမယ် ရှင်က ဘာကြောင့် နိုးထင်ချိုတ်ဆီကို ညကြီးအချိန်



မတော် သွားရတာလဲ၊ ရှင်နဲ့ နိုးထင်ချိုတ် ဘယ်လိုများ ပတ်သက်နေလို့လဲ"

ထိုသို့အမေးခံရသောအခါ ကြူဝင်ဝင်အဖို့ အတော်ပင် အဖြေရခက်သွားသည်။

နိုးထင်ချိုတ် ဆိုသူက မိမိအပေါ် မေတ္တာရှိနေသည်ကို ကြူဝင်ဝင် အကဲခတ် သိထားပြီးဖြစ်သည်။ သူမ အနေဖြင့်လည်း နိုးထင်ချိုတ်အပေါ် ခင်မင်စိတ် ရှိခဲ့သည်။

သို့သော် နိုးထင်ချိုတ်က သူ့မေတ္တာစိတ်ကို ထုတ်ဖော်ကာ ပြောကြားခြင်း မပြုသေး။

ယင်းအခြေအနေတွင် သူတို့နှစ်ယောက်မှာ ခင်မင်သော စိတ်တွေများအဆင့်၌သာ ရှိပြီးနေကြသေးသည်။

ယန်ပိန်ပိန်က အတင်းအကြပ်မေးမြန်းလာသဖြင့် ကြူဝင်ဝင်မည်သို့ ပြန်ဖြေရမည်ကို မစဉ်းစားတတ်။ မတတ်သာသည့်အဆုံး ခပ်တည်တည်ပင် အဖြေပေးလိုက်သည်။

"သူက ကျွန်မအစ်ကိုပဲ၊ ညီမ တစ်ယောက်အနေနဲ့ အစ်ကိုရှိတဲ့ နေရာကို သွားတွေ့ဖို့ အချိန်အခါတွေ ဘာတွေ ရွေးနေရဦးမှာလား"

ကြူဝင်ဝင် စိတ်ကူးတည့်သလို အဖြေပေးလိုက်ရာ ယန်ပိန်ပိန်မှာ ရုတ်တရက် မယုံနိုင်အောင် ဖြစ်သွားရသည်။

ယန်ပိန်ပိန်သည် တစ်ချိန်တုန်းက နိုးထင်ချိုတ်နှင့် အတော်ပင်ရင်းနှီးကျွမ်းဝင်ခဲ့သည်။ နိုးထင်ချိုတ်က သူ့တွင် ညီမတစ်ယောက်ရှိကြောင်း တစ်ကြိမ်တစ်ခါမျှ မပြောဖူးခဲ့ပေ။

ကြူဝင်ဝင်၏ အဖြေစကားက သူမအတွက် သံသယဝင်စရာ ဖြစ်နေသည်။

"မဟုတ်တာတွေ လာပြောမနေနဲ့ နှိုးထင်ချိုက်ကို ကျွန်မကောင်း ကောင်းသိတယ်၊ သူ့မှာ ညီမရှိတယ်လို့ မကြားဖူးပါဘူး"

ယန်မိန်မိန်က သူမစိတ်ထဲ ထင်မှတ်သည့်အတိုင်း ဖိုးဖိုးခေါက် ခေါက် ပြောချလိုက်သည်။ ကြူဝင်ဝင်မှာ အလိမ်ပေါ်ပြီလားဟု တွေး ကာရင်ထဲတွင် ဒိန်းခနဲ လှုပ်ရှားသွားရရှာသည်။

သို့သော် စကားလွန်နေပြီမို့ ပြန်ပြင်မပြောလို့တော့။

ဖွတ်မိုက်၍ ဆက်ပြောရတော့သည်။

"မောင်နှမတော်တာကို အတူလုပ်ပြီးပြောလို့ ရမတဲ့လား။ ကျွန်မကို မယုံသလို ဘာလိုလိုတော့ ပြောမနေနဲ့ သတ်ချင်ရင် သတ် ပစ်လိုက်၊ ရှင်က အစ်ကိုထင်ချိုက်ကို သိတယ်ဆိုရင် ပိုကောင်းတယ်၊ ရှင်ဟာ အစ်ကိုထင်ချိုက်ရဲ့ မိတ်ဆွေဖြစ်ဖြစ် ရန်သူဖြစ်ဖြစ် ရှင့်လက်ထဲမှာ ကျွန်မ အဖမ်းခံနေရတာကို အစ်ကိုထင်ချိုက်သိရင် လာကယ်မှာပဲ၊ ကျွန်မကို ရှင်သတ်ပစ်ရင်လဲ အစ်ကိုထင်ချိုက်က ရှင့်ကို လက်တုံ့ပြန် မှာပဲ"

ဒိဒိရန်သူ့နယ်မြေတွင် သုံ့ပန်းအဖြစ် အဖမ်းခံရပြီး စက္ကူရောက် နေချိန်မှာပင် နှိုးထင်ချိုက်က ခွန့်ခွန့်တားတား လာရောက်ကယ်တင်ခဲ့သေး ရာ ယခုအကြိမ်တွင်လည်း၊ အကျိုးအကြောင်းသိရလျှင် နှိုးထင်ချိုက် လာရောက် ကယ်တင်ဦးမည်ဟု ကြူဝင်ဝင် တထစ်ချ ယုံကြည်နေ သည်။



ဟိုကြောင့် စကားပြောပုံဆိုပုံ ပြတ်သားရဲရင့်နေသည်။

ယန်မိန်မိန်မှာ နှိုးထင်ချိုက်ကို မေတ္တာရှိနေသူလေး ဖြစ်သည်။ နှိုးထင်ချိုက် အလိုမကျဖြစ်မည်ကို အလွန်စိုးရိမ်သည်။

မိစ္ဆာမနောဂိုဏ်း၏ ဂိုဏ်းချုပ် သခင်မလေးဖြစ်သော ယန်မိန်မိန် သည် တခြားနေရာများတွင် ကြမ်းကြုတ်ရက်စက်သော်သည်။ ချစ်မေတ္တာ နှင့်ပတ်သက်လျှင်မူ နှလုံးသားက နုနယ်လှသည်။

အစ်ကိုဖြစ်သူကို ချစ်နေမိလျှင် ညီမကို အလိုလိုက်ကာ ညှာတာရပေမည်။

ယန်မိန်မိန်သည် ကြူဝင်ဝင်ကို သုတ်သင်သတ်ဖြတ်ဖြစ်ရန် စိတ်မကူးတော့။ အကျဉ်းသူ သဘောမျိုးပင်မထား။

မိမိ၏ ညီမတစ်ယောက်လို သဘောထားကာ မိမိအပါးတွင် ထားပြီး သွားလေရာရာ အတူခေါ်ယူလေ၏။

အတူသွားအတူလာ နေထိုင်ခဲ့ရသည့်တွင် နှိုးထင်ချိုက်နှင့် ယန်မိန်မိန်တို့ အတော်ပင် ခင်မင်ခဲ့ကြကြောင်း၊ ကြူဝင်ဝင် သိလာ သည်။

ယန်မိန်မိန်သည် သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးနိုင်ပြီး သောအခါ နှိုးထင်ချိုက်နှင့် မိမိတို့ အတူလက်တွဲပြီး မိစ္ဆာမနောဂိုဏ်းကို ဆက်လက်ခေါင်းဆောင်သွားရန် စိတ်ကူးရှိသည်။

ထိုစိတ်ကူးကို ကြူဝင်ဝင်အား မကြာခဏပင် ပြောပြလေ့ရှိသည်။

မိစ္ဆာမနောဂိုဏ်း၏ ကြမ်းကြုတ်ရက်စက်မှုများကို နေ့စဉ် တွေ့မြင်ခဲ့ရသည့် ကြူဝင်ဝင်သည် နှိုးထင်ချိုက်ကို လူဆိုးလား။

လူကောင်းလား‌ဟူ၍ ခွဲခြားမသိနိုင်တော့အောင် စိတ်ဒွိဟဖြစ်လာခဲ့သည်။

နှိုးထင်ရိုတ်နှင့် သည်တစ်ခါဆုံမိလျှင်မူ အမြဲအမည်း ပြတ်ပြတ်သားသား၊ သိရအောင် မေးမြန်းကြည့်မည်ဟူ၍သာ စိတ်ဆုံးဖြတ်ထားလိုက်ရသည်။

❖ ❖ ❖

ယန်ဖိန်ဖိန်က အောင်ပွဲအကြီးအကျယ် ဆင်နိုင်ခဲ့သော်လည်း ရှောင်လင်ဂိုဏ်းကို တိုက်ခိုက်သည့် ချင်းချင်းတို့မှာမူ အနိုင်အရှုံး မရေရာသော အခြေအနေတွင် ရှိနေပေဖြစ်သည်။

သိုင်းလောက၏ ဦးစီးရှေ့ဆောင်သဘော ဖြစ်နေသော ရှောင်လင်ကျောင်းတော်ကို အလွယ်နှင့် စီးနင်းတိုက်ခိုက်နိုင်မည် မဟုတ်ကြောင်း ချင်းချင်း ကြိုတင်တွက်ထားခဲ့သည်။

ထို့ကြောင့်လည်း၊ ဖိဖိတို့၏ အင်အားအများစုကို ချင်းချင်း ကိုယ်တိုင် ဦးစီးကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ချင်းချင်း၏ လူများသည် ရှောင်လင်ကျောင်းတော် တည်ရှိရာ ကောက်ဆန်းတောင်ကို ဝိုင်းပတ်ကာ တိုက်စစ်ဆင်သည်။ ကောက်ဆန်းတောင်ပေါ်ရှိ ရှောင်လင်ကျောင်းတော်၏ စခန်းအဆောက်အအုံများကို တစ်ခုပြီးတစ်ခု တိုက်ခိုက်သိမ်းပိုက်ခဲ့ကြသည်။

သို့သော် ကောက်ဆန်းတော်ပေါ်ရှိ ရှောင်လင်ကျောင်းတော်ကြီးကိုမူ ထိုးဖောက်တိုက်ခိုက်ခြင်း မပြုနိုင်ကြ။



ရှောင်လင်ကျောင်းတော်ကြီးသည် ကျယ်ဝန်းသော ပရဝုဏ်ထဲတွင် ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်ထားသည်။ မြို့လေးတစ်မြို့ အနေအထား လောက်ပင်ရှိသည်။

စခန်းပရဝုဏ်ကို အုတ်တံတိုင်းနှစ်ထပ် ကာရံထားသည်။

ရှောင်လင်သိုင်းသမားများက အပြင်ဘက် အုတ်တံတိုင်းကို ပထမခံစစ်ကြောင်း၊ အတွင်းဘက်အုတ်တံတိုင်းကို ဒုတိယခံစစ်အဖြစ် သတ်မှတ် ပြင်ဆင်ထားကြသည်။

ထိုပြင် ပထမခံစစ်ကြောင်းနှင့် ဒုတိယခံစစ်ကြောင်းတို့ ပြိုကွဲသွားခဲ့လျှင် ရှောင်လင်ကျောင်းတော် ပရဝုဏ်ထဲရှိ အဆောက်အအုံများကို ခံတပ်များသဘောမျိုး အသုံးချကာ အဆင့်ဆင့် ခုခံသွားရန် အစီအစဉ်များလည်း ပြုလုပ်ထားသည်။

ရှောင်လင်ကျောင်းတော် ပရဝုဏ် အလယ်ဗဟိုရှိ တာဝိုကျောင်းဆောင်ကို နောက်ဆုံးခုခံကာကွယ်မည့် နေရာအဖြစ် သတ်မှတ်ထားသည်။

မိစ္ဆာမနောသိုင်းသမားများသည် စစ်ကြောင်းလေးခုခွဲကာ ရှောင်လင်ကျောင်းတော်ကြီးကို လေးဘက်လေးတန်မှ အပြင်းအထန် တိုက်ခိုက်ကြသည်။

ရှောင်လင်ဂိုဏ်းသည် လူအင်အားများပြားသည့် ဂိုဏ်းအဖွဲ့ကြီး တစ်ခု ဖြစ်သည်။

သို့သော် ...

တိုင်းတစ်ပါးသားများ၏ ကျူးကျော်မှုကို ကြုံတွေ့နေ ရသည်

အတွက် ရှောင်လင်သိုင်းသမားအများစုမှာ နယ်ချဲ့ရန်ကို တွန်းလှန်နိုင်ရန် ရှေ့တန်းစစ်မြေသို့ ရောက်နေကြသည်။

ရှောင်လင်ကျောင်းတော်တွင် ရှိရင်းစွဲအင်အား၏ သုံးပုံတစ်ပုံခန့်သာ ကျန်ရှိနေသည်။

ထို့ကြောင့် လူသူအင်အားတွင် ချင်းချင်း၏ မိဘမဲ့ကလေးငယ်များထက် နည်းပါးသည်။

သို့ရာတွင် ရှောင်လင်သိုင်းသမားတို့၏ စိတ်ဓာတ်က မိုင်မာလှသည်။ စည်းကမ်းလည်း သေဝပ်လှသည်။ ကောက်ဆန်းတောင်ပေါ်ရှိ မိမိတို့၏ စခန်းအားလုံးလိုလို လက်လွှတ်ဆုံးရှုံးပြီး ရှောင်လင်ကျောင်းတော်ကြီး တစ်ခုတည်းသာ ကျန်နေသော်လည်း စိတ်ဓာတ်မကျ၊ စည်းကမ်းမပျက်။

မိမိတို့ထက် အင်အားကြီးမားသော ရန်သူများကို စနစ်တကျ ရှုပ်ရှပ်ချုံခွဲ ခုခံနေကြဆဲ ဖြစ်သည်။

ချင်းချင်းက သူ့လူများကို အုပ်စုလေးများခွဲကာ တစ်ဖုပြီးတစ်ဖု အလဲအလှယ်ဖြင့် အနားယူစေကာ တိုက်ပွဲကို အဆက်မပြတ် ဆင်နွှဲသည်။

ရှောင်လင်ကျောင်းတော်ဘက်တွင်မူ လူသူအင်အား နည်းပါးသောကြောင့် ချင်းချင်းတို့လို မကြာခဏ အလဲအလှယ် မလုပ်နိုင်။ ရှိသမျှ လူနှင့်ပင် နေ့ညမပြတ် တိုက်ပွဲဆင်လာသည်ကို ရင်ဆိုင်နေသည်။

နေ့ညမပြတ် မရပ်မနားဘဲ ဆက်တိုက်ထိုးစစ်ဆင် တိုက်ခိုက်



သော်လည်း ချင်းချင်း၏ လူများသည် ရှောင်လင်ကျောင်းတော် ပထမမံစစ်ကြောင်းကိုပင် ထိုးဖောက်နိုင်ခြင်း မရှိကြ။

ထိုသို့ အပြင်းအထန် ထိုးစစ်ဆင်နေရာမှ မိဘမဲ့ကလေးသိုင်းသမားတို့၏ ထိုးစစ်သည် ရုတ်တရက် ရပ်တန့်သွားသည်။

ရန်သူထိုးစစ်ရပ်တန့်သွားသောကြောင့် ရှောင်လင်ကျောင်းတော်မှ သိုင်းသမားများအဖို့ သို့လောသို့လော တွေးတောစရာ ဖြစ်ကုန်သည်။

တချို့က မိမိတို့၏ ရှုပ်ရှပ်ချုံခွဲ ခုခံမှုကြောင့် ရန်သူများ အထိနာပြီး ထိုးစစ်ဆင်မှုကို ရပ်လိုက်သည်ဟု ထင်ကြေးပေးကြသည်။

တချို့ကမူ ရန်သူသည် တစ်မျိုးတစ်ဖုံ တိုက်ခိုက်ရန် အကြံထုတ်လိုသောကြောင့် ထိုးစစ်ကို ခေတ္တနားခြင်းသာ ဖြစ်မည်ဟု ယူဆကြသည်။

မည်သို့ယူဆကြသည်ဖြစ်စေ ရန်သူထိုးစစ်ကို ရင်ဆိုင်ခုခံရန် အတွက်ကား ရှောင်လင်သိုင်းသမားများက အသင့်ပြင် စောင့်ကြိုနေကြသည်။

✣ ✣ ✣

ရှောင်လင်ကျောင်းတော်၏ ပထမမံစစ်ကြောင်းကို ထိုးဖောက်နိုင်ရန် နေ့ညမပြတ် စစ်ဆင်တိုက်ခိုက်နေဆဲတွင် ငှမော့ထီးကို တိုက်ခိုက်မှု အရေးမလှဖြစ်ရကြောင်း သတင်းရရှိလာသည်။

ထိုသတင်းကြောင့် ချင်းချင်းမှာ အတော်ပင် မကျေမနပ်ဖြစ်သွားရသည်။

ထိုဝဉ်မှာပင် ဝူတာန်ဂိုဏ်းနှင့် ချန်းချိန်ဂိုဏ်းတို့ကို အောင်မြင်စွာ တိုက်ခိုက်သိမ်းသွင်းနိုင်ခဲ့ကြောင်း ယန်စိန်စိန်ထံမှ သတင်းပို့ချက် ရောက်လာပြန်သည်။

ချင်းချင်း အတော်ပင် အားတက်ဝမ်းသာသွားသည်။

မိမိကိုယ်တိုင် ဦးစီး၍ အပြင်းအထန် တိုက်ခိုက်ပါလျက် ရှောင်လင်ကျောင်းတော်ကို သိမ်းပိုက်အနိုင်မယူ နိုင်သေးသည်ကို တွက်ဆပြီး တိုးလွှန်ကိုးအား အပြစ်တင်မည့် အကြံကိုလည်း ဖယ် ဖျက်လိုက်သည်။

သို့သော် ...

အောင်ပွဲရခဲ့သည့် ယန်စိန်စိန်တို့ကို တိုးလွှန်ကိုးနှင့် ပူးပေါင်းစေပြီး ငိုမေဂိုဏ်းအား ထပ်မံတိုက်ခိုက်စေလျှင် ကောင်းမည် လား။ မိမိထံသို့ လာရောက်ပူးပေါင်း အားဖြည့်စေပြီး ရှောင်လင် ကျောင်းတော်ကို အင်ကြီးအားကြီးဖြင့် တိုက်ခိုက်လျှင် သင့်တော်မည် လားဟု ဝေခွဲမရ နိုင်ဘဲ ဖြစ်နေသည်။

ဤသို့ ဆုံးဖြတ်ရခက်နေသောကြောင့် ချင်းချင်းက ရှောင်လင် ကျောင်းတော်ကို လောလောဆယ် ဝိုးစစ်ဆင်နေမှုအား ခေတ္တရပ်ဆိုင်း ထားလိုက်ခြင်း ဖြစ်သည်။

မည်သို့ လုပ်ရမည်ကို စဉ်းစားအကြံထုတ် နေဆဲမှာပင် ကင်း တပ်မှူး တစ်ယောက်ဖြစ်သော ပျားနက်ကြီးတိတ်ကျွေးသည် နောက်ပါ ကင်းသမားနှစ်ယောက်နှင့်အတူ ချင်းချင်းရှေ့မှောက်သို့ ရောက်လာ သည်။



သူတို့နှင့်အတူ အသက်ခြောက်ဆယ်ခန့်ရှိ အဘိုးအို တစ်ယောက် ကို ကြိုးဖြင့် တုပ်နှောင်၍ ခေါ်လာကြသည်။

"ဆိုစမ်း ပျားနက်ကြီး ဘာကိစ္စလဲ"

ချင်းချင်းက အေးစက်စက်အသံဖြင့် မေးဏ်။

"အောင်ပွဲရ မဟာဂိုဏ်းချုပ်သခင်မကြီးခင်ဗျား ကျွန်တော် ကင်းတာဝန်ကျနေတဲ့ဘက်ကို ဒီအဘိုးကြီး မယောင်မလည်နဲ့ ရောက် လာတဲ့အတွက် ဖမ်းဆီးခေါ်လာရခြင်း ဖြစ်ပါတယ်"

ပျားနက်ကြီးတိတ်ကျွေးက မှိုသေစွာ ဂါရဝပြုပြီး ပြန်ပြောလေ သည်။

မိန္တာမနောဂိုဏ်း အင်အားတောင့်တင်း ကြီးထွားလာခဲ့ပြီးသည့် နောက်တွင် ချင်းချင်းသည် အရိုအသေ အလျှောက်အပင့် အလွန်ကြိုက် လာသည်။

လက်အောက်ငယ်သားများကလည်း ချင်းချင်းအကြိုက်ကို လိုက်ပြီး အောင်ပွဲရ မဟာဂိုဏ်းချုပ်သခင်မကြီးဟု ခေါ်ကြလေတော့ သည်။

"ဒီလူ ဘာလာလုပ်တာလို့ မင်းထင်သလဲ"

ချင်းချင်းက မေးသည်။

"သူလျှို လာလုပ်တာပဲ ဖြစ်မှာပါ"

တိတ်ကျွေးက ထိုသို့ပြောလိုက်ရာ အဘိုးအိုက ဖျာဖျာသလဲပင် ...

"မဟုတ်ရပါဘူးဗျား ကျုပ်ဟာ ထင်းခွေသမားတစ်ယောက် ပါဗျာ"

"သူ့ကိုခေါ်သွားပြီး စစ်ဆေးကြည့်၊ အကြောင်းမှန်သိရရင် ဖြီးဆီ လာသတင်းပို့ ... သွားနိုင်ပြီ"

ချင်းချင်း အမိန့်ပေးလိုက်သည်။

"ဆောင်းပွဲရ မဟာဂိုဏ်းချုပ်သခင်ကြီးရဲ့ အမိန့်အတိုင်းပါ"

တိတ်ကျေးသည် အမိန့်နာခံပြီး ထွက်သွားသည်။

ချင်းချင်းနှင့်ဝေးရာ တောအစပ်တစ်နေရာသို့ ရောက်မှ တိတ်ကျေးက ဖမ်းဆီးထားသော အဘိုးအိုကို သစ်ပင်တစ်ပင်တွင် ကြိုးဖြင့် တုပ်နှောင်လိုက်သည်။

"ဝိုးမယ်အဘိုးကြီး၊ ကျွန် မေးတာကို မှန်မှန်ဖြေပါ၊ မဟုတ်ရင် ခင်ဗျား ကောင်းကောင်း ဒုက္ခတွေ့ရလိမ့်မယ်"

အဘိုးအိုကို ကြိုးဖြင့် တုပ်နှောင်ပြီးနောက် တိတ်ကျေးက ခက်ထန်စွာ ခြိမ်းခြောက် ပြောကြားသည်။

"ဆရာလေးရယ် ကျွန်ုပ်ဟာ ထင်းခွေသမား တစ်ယောက်ပါဗျာ။ သူလျှို မဟုတ်ရပါဘူး"

အဘိုးအိုက တုန်တုန်ရင်ရင် ပြောရှာသည်။

"ခင်ဗျားက ခေါင်းမာချင်သေးတာကိုး။ အကြောင်းပြရသေး-တာပေါ့"

တိတ်ကျေးက ထိုသို့ပြောပြီး အဘိုးအိုကို ကျာပွတ်ဖြင့် တရွှမ်းရွှမ်း ရိုက်သည်။

အဘိုးအို ဝတ်ထားသော အဝတ်အစားများမှာ စုတ်ပြတ်ကျန်သည်။



ကိုယ်ပေါ်တွင်လည်း အရိုးရာတွေ ထင်ကျန်သည်။

"ဘယ်လိုလဲ ခင်ဗျားဟာ ရှောင်လင်ဂိုဏ်းက သူလျှိုတစ်ယောက် ဆိုတာ ဝန်မခံဘူးလား"

အဘိုးအို တစ်ကိုယ်လုံး သွေးအလူးလူးဖြစ်အောင် ရိုက်နှက်ပြီးနောက် တိတ်ကျေးက မေးသည်။

"ဆရာလေးတို့ ရက်စက်ရင်လဲ ခံရမှာပါပဲ၊ ကျွန်ုပ်ဟာ မရှိဆင်းရဲလို့ ထင်းခွေစားရတဲ့ လူပါခင်ဗျာ"

အဘိုးအိုက သနားစရာ ပြောရှာသည်။

"လာပြန်ပြီလား ခင်ဗျား ညာတယ်၊ ဘယ်လောက်ခေါင်းမာနိုင်မလဲဆိုတာ ကြည့်ကြသေးတာပေါ့"

တိတ်ကျေးက ကြိမ်းဝါးပြောဆိုပြီး ဓားတိုလေးတစ်ချောင်းကို ဆွဲထုတ်လိုက်သည်။

ထို့နောက် အဘိုးအို၏ ကိုယ်ခန္ဓာအနှံ့ ထိုးဆွနှိပ်စက်ပြီး မိမိ လိုချင်သော ဝန်ခံချက်ရအောင် အတင်းပင် ဖြတ်လုပ်ပြန်သည်။

ရိုးသားသော ထင်းခွေသမား အဘိုးအိုမှာလည်း မိမိသည် သူလျှိုမဟုတ်ကြောင်း ငြင်းဆိုရင်း တိတ်ကျေး၏ ရက်ရက်စက်စက် နှိပ်စက်မှုများကို ရှေးလှ ခံနေရရှာသည်။

အပြစ်မဲ့သည့် ထင်းခွေသမား အဘိုးအိုကို အရေးထောက်လွတ် နှိပ်စက်ညှဉ်းပန်းနေသည့် နေရာနှင့် မလှမ်းမကမ်းမှ သစ်ပင်ကြီး တစ်ပင်ပေါ်တွင် အစိမ်းရောင်ဝတ်စုံဝတ် လူတစ်ယောက် ပုန်းအောင်း လျက်ရှိသည်။

မတရား အနိုင်ကျင့်နေသည့် မြင်ကွင်းကိုကြည့်ရင်း ဝတ်စုံစိမ်း ဝတ်လူသည် အထူးပင် ခံပြင်းဒေါသ ထွက်နေသည်။

ထိုသူသည် ရန်သူ့အခြေအနေကို တိတ်တဆိတ် လာရောက် စုံစမ်းသော ရှောင်လင်ဂိုဏ်း၏ အထောက်တော် တစ်ယောက် ဖြစ်သည်။

အကယ်၍ လျှို့ဝှက်ထောက်လှမ်း စုံစမ်းရမည့် တာဝန်သာ မရှိလျှင် ဝတ်စုံစိမ်းဝတ်လူသည် တိတ်ကျေးကို တိုက်ခိုက်သုတ်သင်ပြီး အပြစ်မဲ့ အဘိုးအိုအား ကယ်တင်ပေးမည် မလွဲပေ။

သို့သော် လျှို့ဝှက်ထောက်လှမ်းရမည့် တာဝန်က ရှိနေသောကြောင့် ခံပြင်းဒေါသ စိတ်များကို ချုပ်တည်းမျိုသိပ်ထားရ၏။

ကောက်ဆန်းတောင်၏ အနီးဝန်းကျင်ရှိ ရွာလေးများမှ ဆင်းရဲသားများသည် ကောက်ဆန်းတောင်ကို အမှီပြုကာ ထင်းခွေ၊ မျှားမှုပ်၊ ဆေးဥဆေးမြစ်ရှာ၊ သစ်သီးဝလံများခူးပြီး၊ အသက်မွေးဝမ်းကျောင်း ပြုနေကြရသည်။

မိစ္ဆာ မနောဂိုဏ်းက ရှောင်လင်ကျောင်းတော်ကို လာရောက် တိုက်ခိုက်သည့် အခါတွင် ကောက်ဆန်းတောင်ပေါ်တွင် ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပွားသည့်အတွက် ထင်းခွေသမား၊ မျှားမှုပ်သမား၊ ဆေးဥ ဆေးမြစ်ရှာသူ၊ သစ်သီးဝလံ ခူးဆွတ်သူတို့မှာ တောင်ပေါ်သို့ မတက်ဝံ့ကြဘဲ ဆင်းရဲဒုက္ခ ရောက်ကြရသည်။ စားရေးနေရေး ကြပ်တည်းကြရသည်။

ယခု တိုက်ခိုက်မှုများ ခေတ္တ ရပ်သွားချိန်တွင် ထင်းခွေသမား





အဘိုးအိုသည် အရဲစွန့်ပြီး တောင်ပေါ်တက်လာခဲ့ရာ တိတ်ကျေးတို့နှင့် ဆုံမိလျက် သူလျှိုအဖြစ် အစွပ်စွဲ အနိုင်ကျင့်ခံရခြင်း ဖြစ်ပေသည်။

ဤအကြောင်းများကို သိသားသော ရှောင်လင်ဂိုဏ်း၏အထောက်တော်မှာ ရင်ထုမနာဖြင့် စိတ်ထိခိုက်နေရသည်။

သူ့အနေနှင့်လည်း မကယ်နိုင်သောကြောင့် သည်အတိုင်းသာ ကြည့်နေရသည်။

အကယ်၍ မိစ္ဆာ မနောဂိုဏ်းကသာ အနိုင်ရသွားပြီး ရှောင်လင်ကျောင်းတော်ကြီးကို သိမ်းပိုက်မိကြလျှင် အနီးဝန်းကျင်မှ တောသူတောင်သားများ ဘေးဒုက္ခ ကြုံရမည့်အရေးကို တွေးပူမိသည်။

ထိုးသွင်းဖိုက်ပဲလှသည့် သိုင်းသမားဆိုးများ၏ရန်ကို အသက်စွန့်ကာ ခုခံကာကွယ် တိုက်ဖျက်မှ ဖြစ်မည်ဟူသော အသိစိတ်ကိုလည်း ရလိုက်သည်။

✣ ✣ ✣

မိမိလိုချင်သော ဝန်ခံစကားကို မရသည့်အတွက် တိတ်ကျေးက စိတ်ဆိုးဆိုးဖြင့် လက်လွန်ခြေလွန်ပြုမိရာ ထင်းခွေသမား အဘိုးအို သေဆုံးသွားရရှာသည်။

“ဟာ ... ခုကွယ်၊ ဂိုဏ်းချုပ်သခင်မကြီးကို ဘယ်လို ပြန်ပြောရမလဲ”

ယောသားတစ်ယောက်က အလန့်တကြား ပြောသည်။

“ဒီအတွက် ပူမနေပါနဲ့၊ ငါကြည့်ပြီး ပြောမယ်၊ မင်းတို့ကသာ

ဒီစကားအတိုင်း အဟုိင်အဖောက်ညီအောင် လိုက်ပြောကြ မဟုတ်ရင် တော့ မင်းတို့ကော ငါကော ဒုက္ခတွေ့ရလိမ့်မယ် နားလည်ရဲ့လား"

"ကောင်းပါပြီ ကောင်းပါပြီ"

"ကဲ ... လာ ဂိုဏ်းချုပ်သခင်မကြီးကို သွားတွေ့ကြမယ်"

တိတ်ကျွဲသည် ယင်သား နှစ်ယောက်ကိုခေါ်ကာ ချင်းချင်း ရှေ့မှောက်သို့ ဝင်ရောက်ပြန်သည်။

"ဘယ်လိုလဲ၊ သူလျှို အဘိုးကြီးကို စစ်ဆေးလို့ရပြီလား"

ချင်းချင်းက ဆီးကြိုမေးမြန်းသည်။

"အောင်ပွဲရ မဟာဂိုဏ်းချုပ်သခင်မကြီးရဲ့ ဘုန်းကံတန်ခိုးကြောင့် စစ်ဆေးလို့ရပါတယ်၊ သူဟာ ရှောင်လင်ဂိုဏ်းရဲ့ ကြေးစားသူလျှို တစ်ယောက်ဖြစ်ကြောင်း ထုတ်ဖော် အစစ်ခံပါတယ်၊ သူဟာ ကျွန်တော်တို့ရဲ့ လှုပ်ရှားမှုတွေကို လာစုံစမ်းတာလို့ ပြောပါတယ်"

"ဟုတ်ပြီ ... နောက်တော့ကော"

"သူက အောင်ပွဲရ မဟာဂိုဏ်းချုပ် သခင်မကြီးကို ထိခိုက် ပုတ် ခတ်ပြီးတော့ ပြောပါသေးတယ်"

"ဘယ်လို ပြောသလဲ"

"သူ့ပါးစပ်ကထွက်တဲ့ စကားအတိုင်း ကျွန်တော် ပြန်ပြောပြ ပါ့မယ်၊ ဒီစကားတွေဟာ ကျွန်တော့်ရဲ့ နှုတ်ထွက်စကား မဟုတ်ကြောင်း ကိုတော့ ကြိုတင်ပြောထား ပါရစေ"

"ငါ နားလည်တယ်၊ ပြောစမ်း"

"ကျုပ်တို့ ရှောင်လင်ဂိုဏ်းရဲ့ အစွမ်းသတ္တိကို ကောင်းကောင်း

ကာဝင်(၁၀) F-7(B)



သိရမယ်၊ မကြာခင် မင်းတို့တစ်တွေဟာ ခွေးပြေးဝက်ပြေး ပြေးကြရမယ် မင်းတို့ရဲ့ခေါင်းဆောင် မိန်းမဆိုးကြီးကို ကောင်းကောင်း ခေါက်ခတ်မယ် လို့ သူက ပြောပါတယ်"

"တောက် ... သင်းက ဒီလိုပဲ ပြောသလား၊ သင်းကို အခုဘယ်မှာ ချုပ်နှောင်ထားသလဲ"

"ကျွန်တော် အမှားတစ်ခု လုပ်လိုက်မိပါတယ်၊ အောင်ပွဲရ မဟာဂိုဏ်းချုပ် သခင်မကြီးခင်ဗျာ"

"ဘာများလဲ၊ မြန်မြန်ပြောစမ်း"

"ကျွန်တော်တို့ အလွန်လေးစားတဲ့ အောင်ပွဲရ မဟာဂိုဏ်းချုပ် သခင်မကြီးကို စော်ကားမော်ကား ပြောလာတာကြောင့် ကျွန်တော့်စိတ် ကို မချုပ်တည်းနိုင်ဘဲ သူ့ကို သုတ်သင်လိုက်မိပါတယ်၊ မယုံရင် သူ့တို့ကို မကြည့်ပါ ခင်ဗျာ"

ဤအခါတွင် ယင်သားနှစ်ယောက်က ပြိုင်တူပင် ...

"ဆရာတိတ်ကျွဲပြောတာ အမှန်ပါပဲ၊ အောင်ပွဲရ မဟာဂိုဏ်း ချုပ်သခင်မကြီး ခင်ဗျား"

"အေး ... မင်းမှာ အပြစ်မရှိဘူး။ ဆုငွေတောင် ပေးရမယ်"

ချင်းချင်းက ထိုသို့ပြောပြီး တိတ်ကျွဲနှင့် နောက်လိုက်ယင်သား နှစ်ယောက်တို့ကို ရွှေဒင်္ဂါးများ ချီးမြှင့်ပေးအပ်လိုက်သည်။

တိတ်ကျွဲတို့သည် ရိုသေစွာပင် ဆုငွေကိုယူပြီး ထွက်သွား ကြသည်။

များနက်ကြီး တိတ်ကျွဲ၏ မဟုတ်မမှန် လုပ်ကြံပြောဆိုခဲ့သော

တောများကို ဘာကယ်ထင်မှတ်ကာ ချင်းချင်း၏ စိတ်ထဲတွင် အလွန် မခံချင် ဖြစ်နေသည်။

ထို့ကြောင့် ရှောင်လင် ကျောင်းတော်ကို အပြင်းအထန် တိုက်ခိုက်သိမ်းယူရန် ဆုံးဖြတ်ချက်ချကာ တိုးလွှန်တို့နှင့် ယန်မိန်မိန်တို့အား ကောက်ဆန်တောင်သို့ အမြန်ဆုံးလာရောက်ရန် အမိန့်ထုတ်ဆင့် လိုက်လေတော့သည်။

❖ ❖ ❖

## အခန်း(၄)

နှီးထင်ချိတ်သည် ချင်ကျင်ဟု ခေါင်းဆောင်သော သက်ရှောင် ဒိုမင်ဂိုဏ်းဝင် တစ်ရာနှင့်အတူ ပီကင်းနေပြည်တော်သို့ ရောက်ရှိလာသည်။

ကောက်ဆန်တောင်ကို မိန္တာမနောဂိုဏ်းက ပိတ်ဆို့တိုက်ခိုက် နေသည့် သတင်းများကို နေပြည်တော်မှာသည်၊ ကြားသိပြီးဖြစ်သည်။

သို့သော် နယ်စပ်ဒေသတွင် တိုင်းတစ်ပါးသား နယ်ချဲ့များ၏ ကျူးကျော်ရေးစစ်က ပြင်းထန်နေသည့်အတွက် စစ်ကူများ မပြတ်ပေးပို့ တိုက်ခိုက်နေချိန် ဖြစ်သောကြောင့် သက်ဆိုင်ရာတို့မှာ သိုင်းလောက အရှုပ်အထွေးတွင် ဝင်ရောက်စွက်ဖက် ဟန့်တားခြင်း မပြုသာသေးဘဲ ဖြစ်နေသည်။

ဝူတန်ဂိုဏ်းနှင့် ရှုန်းချိန့်ဂိုဏ်းတို့ကို မိန္တာ မနောဂိုဏ်းက တိုက်ခိုက် သိမ်းသွင်းလိုက်သည့် သတင်းများကိုလည်း နှီးထင်ချိတ် ကြားသိရ သည်။

ယန်လောက်ဆန်ကို စေလွှတ်၍ စုစည်းခေါ်ယူထားသော

ကာဝိမနော သိုင်းသမားများကို ဝီကာင်းနေပြည်တော်သို့ ရောက်မလာ စေသေးသည့်အတွက် နိုးထင်ချိတ်အဖို့ လုပ်ဆောင်ရန် ရှိသည့်များကို မလုပ်နိုင်ဘဲ ဖြစ်နေသည်။

ဝိမိပေးအပ်လိုက်သည့် တာဝန်ကို ယန်လောက်ဆန် တစ်ယောက် ကျေပွန်အောင်မှ လုပ်ဆောင်ရဲ့လားဟုသည်။ နိုးတင်ချိတ်၏ စိတ်ထဲ တွင် မချင့်မရဲ တွေးမိသည်။

❖ ❖ ❖

ဝီကာင်းနေပြည်တော်မှ ယန်လောက်ဆန် ထွက်ခွာသွားသော အခါ မည်သည့်အကြောင်း၊ ကိစ္စကြောင့် ထွက်သွားကြောင်း၊ တိတိ ကျကျ မခန့်မှန်းနိုင်သော်လည်း၊ အရေးကြီးသည့် ကိစ္စတစ်ခုခု ရှိရ မည်ဟု ရှုံကား ချန်မင်ကွမ်း တွက်မိသည်။

ထို့ကြောင့် လက်မရှိ သိုင်းသမား သုံးယောက်ကို ယန်လောက် ဆန်အား လိုက်လံသုတ်သင်ပစ်ရန် တာဝန်ပေး စေလွှတ်လိုက်သည်။

နာမည်ကြီး စောရတစ်ယောက်ဖြစ်သော ယန်လောက်ဆန်သည် ဝိမိ၏နောက်မှ မသိကာရွယ် လူသုံးယောက် လိုက်လာမှန်း ရိပ်မိသွား သည်။

သေသေချာချာ စူးစမ်းကြည့်ရာ ထိုလူသုံးယောက်သည် မိမိကို သုတ်သင် သတ်ဖြတ်ရန် လိုက်လာကြခြင်း ဖြစ်ကြောင်း တွက်မိသည်။

လက်မရှိ သိုင်းသမား သုံးယောက်တို့သည် ပုန်းလျှိုးကွယ်လျှိုး မဟုတ်ဘဲ ပေါ်ပေါ်ထင်ထင် ယန်လောက်ဆန်၏ နောက်သို့ လိုက်ကြရာ



ယန်လောက်ဆန်အဖို့ ထိုသူတို့ကလက်မှ လွတ်အောင် ကြံဖန်ရှောင် တိမ်းဖို့ လိုအပ်လာလေတော့သည်။

အကယ်၍ ကာဝိမနော နန်းသို့သွားရန် အရေးကြီးသည့် တာဝန် သာမရှိလျှင် ယန်လောက်ဆန်သည် ထိုသူသုံးယောက် ပိတ်ရှုပ်သွား အောင် ကောင်းကောင်းကြီး လှည့်ပတ်ရှုပ်ရှား ခုကွပေးနိုင်စွမ်း ရှိသည်။

ယခုတော့ ထိုသို့ပြုလုပ်ရန် အချိန်မပေးနိုင်။ ကာဝိမနောနန်းသို့ အမြန်ဆုံး သွားရမည့်တာဝန်က ရှိနေသည်။

ထို့ကြောင့် ယန်လောက်ဆန်သည် မနေမနားပင် ခရီးပြင်းနှင် သည်။ လက်မရှိသိုင်းသမား သုံးယောက်လည်း နောက်မှ အတင်းလိုက် နေသည်။

အမီလိုက်နိုင်သည်နှင့် ယန်လောက်ဆန်ကို သုတ်သင်ကြပေမည်။

ယန်လောက်ဆန်မှာ လက်မရှိသိုင်းသမား သုံးယောက်ကို မျက်ခြည် မပြတ်နိုင်ဘဲ ထိုသူတို့ မိမိကို လိုက်မမီနိုင်အောင်သာ ကြိုးစား၍ ပြေးနေရသည်။

ဤသို့ ခရီးပြင်းနှင်ရင်း ဟိုပေပြည်နယ်၏ မြေပြန့်လွင်ပြင် ကျယ်ကြီးသို့ ရောက်လာကြသည်။ ကာဝိမနောနန်းသို့ သွားရန်မှာ ထိုမြေပြန့် လွင်ပြင်ကျယ်ကို မဖြတ်၍မရပေ။

မြေပြန့်လွင်ပြင်ကျယ်ကြီးတွင် လူနေရပ်ရွာ မရှိသလောက်ဖြစ် သည်။ သစ်ကြီးဝါးကြီးများလည်း ရှားပါးသည်။ မြက်ပင်နှင့် ဆူးပင်ငယ် လေးများသာရှိသည်။

သည့်လိုနေရာမျိုးသည် လက်မရွံ့သိုင်းသမားများအတွက် အလွန်ကောင်းသော သတ်ကွင်းနေရာဖြစ်သည်။

ယန်လောက်ဆန်အနေဖြင့် လွတ်အောင်ပြေးနိုင်မှသာ အသက်ချမ်းသာရာ ရပေတော့မည်။

ထို့ကြောင့် မိမိစီးထားသောမြင်းကို ခြေကုန်နှင်နေသည်။

လက်မရွံ့သိုင်းသမား သုံးယောက်ကလည်း နောက်မှ ထပ်ကြပ်မကွာပင် မြင်းကိုယ်စီနှင့် လိုက်နေကြသည်။

တစ်ဖက်နှင့်တစ်ဖက် မိုင်ဝက်ခန့်ကွာဝေးနေသည်။

သစ်ပင်ပါးပင်များ ထူထပ်ပြီး မျက်ကွယ်ယူစရာများ၊ ပေါများသည့် နေရာမျိုးတွင်ဆိုလျှင် ဤအကွာအဝေးသည် နောက်မှလိုက်လာသူတို့ မျက်ခြည်ပြတ် ရှုပ်ထွေးအောင် လုပ်နိုင်ပေမည်။

ယခုလို ပုန်းခိုစရာမရှိဘဲ မျက်စိတစ်ဆုံး မြင်တွေ့နိုင်သော လွင်ပြင်ကျယ်ကြီးတွင်မူ မြင်းကို အပြင်းနိုင်းနှင်သွားနေသော ယန်လောက်ဆန်၏အသွင်ကို မိုင်ဝက်အကွာမှ ကောင်းစွာမြင်နိုင်သည်။

လက်မရွံ့ သိုင်းသမားသုံးယောက်တို့သည် ယန်လောက်ဆန်ကို သည်မြေပြန့်လွင်ပြင်တွင်ပင် လက်စတုံးသုတ်သင်တော့မည်ဟု ပိုင်းဖြတ်ကာ အတင်းပင် အမီလိုက်နေသည်။

ပြေးသူကပြေး လိုက်သူကလိုက်နှင့် ခရီးပြင်း နှင်နေကြဆဲမှာပင် မိမိ၏ရှေ့တူရူမှ ဖုန်မှုန့်များ ထလာနေသည်ကို ယန်လောက်ဆန် မြင်ရသည်။

ယန်လောက်ဆန်သည် ထိုဖုန်မှုန့်များ ထနေရာ တည့်တည့်သို့



မြင်းကို ဦးတည်နှင်လာခဲ့ရာ မကြာမီမှာပင် မြင်းစီးသမားများ ခြံရံလျက်ရှိသည့် လှည်းအုပ်စုတစ်စုကို တွေ့သည်။

ရှေ့ဆုံးမှ မြင်းစီးသမား သုံးယောက်သည် အဝါရောင်အောက်ခံတွင် အနီရောင်သိမ်းငှက်ပုံ ရေးထားသည့် အလံများကို ကိုင်ဆောင်လာကြသည်။

အာမခံ သယ်ယူပို့ဆောင်ရေး အဖွဲ့တစ်ခု၏ မြင်းလှည်းအုပ်စု ဖြစ်ကြောင်း၊ ယန်လောက်ဆန် သိလိုက်သည်။

သူ့ခေါင်းထဲတွင် မိမိ၏နောက်မှ လိုက်လာသည့် လက်မရွံ့သိုင်းသမားများကို အပြတ်ရှင်းနိုင်မည့် အကြံကောင်းတစ်ခုကို စဉ်းစားမိသည်။

ထို့ကြောင့် မြင်းကိုအရှိန်မလျှော့ဘဲ တအားကုန် ဆက်ပိုင်းလာရာ မကြာမီမှာပင် ရှေ့ပြေးမြင်းစီးသမား သုံးယောက်နှင့် ရင်ဆိုင်တိုးမိသည်။

"ဟေ့လူ ဘာကြောင့် မြင်းကို ဒီလောက်အမြန် နိုင်းလာရတာလဲ"

မြင်းစီးသမား တစ်ယောက်က ဆီး၍ မေးသည်။

သည့်လို မေးခွန်းမျိုး မေးပါစေဟု ဆုတောင်းနေသော ယန်လောက်ဆန်က ချက်ချင်းပင် ကြိုတင် ကြံစည်ထားသည့် အဖြေကို ပြောလိုက်၏။

"ဓားပြတွေနဲ့ တိုးမိလို့ အလွတ်ပြေးလာရတာပါ"

ထိုသို့ အဖြေပေးရင်း နောက်ဘက်သို့ လက်ညှိုးညွှန်ပြလိုက်သည်။

မြင်းစီး သမားများလည်း ယန်လောက်ဆန် ညွှန်ပြရာဘက်သို့

ကြည့်လိုက်ရာ မိုင်ဝက်ခန့်အကွာတွင် ဖုန်တထောင်းထောင်းဖြင့် မြင်းများကို အပြင်းစိုင်းနှင်လာကြသည့် လူသုံးယောက်ကို မြင်လိုက်ကြရသည်။

"ဗိုလ်ကြီး ... သုံးယောက်ကို ကြောက်စရာ မလိုပါဘူး။ ကျုပ်တို့ ရှိပါတယ်"

မြင်းစီးသမား တစ်ယောက်က ယန်လောက်ဆန်ကို အားပေး စကားပြောကြားသည်။

"ဟုတ်ကဲ့ ... အားကိုးပါရစေဗျာ၊ ကျေးဇူးပါပဲ"

ယန်လောက်ဆန်ကလည်း အလွန်တရာ ကြောက်လန့်နေသူ တစ်ယောက် အားကိုးရာကို တွေ့ရသည့် အသွင်မျိုး လုပ်ပြသည်။

ထိုအချိန်မှာပင် အညိုရောင် ဝတ်စုံဝတ်ကာ ခေါင်းတွင် ဦးထုပ် တစ်လက် ဆောင်းထားသည့် ဟိတ်ဟန် ကောင်းကောင်းနှင့် လူကြီးတစ်ယောက် မြင်းဖြူကြီးကို ခပ်သွက်သွက်စီးကာ ယန်လောက် ဆန်တို့ အနီးသို့ ရောက်လာသည်။

ထိုလူကြီးသည် ဤမြင်းလှည်းဖွဲ့စု၏ ခေါင်းဆောင်ဖြစ်ဟန်တူ ကြောင်း ယန်လောက်ဆန် အကဲခတ်မိသည်။

"ဘာဖြစ်တာလဲ"

အညိုရောင်ဝတ်စုံ ဝတ်ထားသည့် လူကြီးကမေး၏။

"ဟိုမှာ ဓားပြတွေ လာနေတယ်လို့ ဒီဗိုလ်ကြီးက ပြောတယ်"

မြင်းစီးသမားတစ်ယောက်က ပြန်အဖြေပေး၏။

"မင်းတို့သွားပြီး အကျိုးအကြောင်း သိရအောင် ပြောလိုက်စမ်း"



အညိုရောင် ဝတ်စုံဝတ်လူကြီးက အမိန့်ပေးလိုက်ရာ အလုံကို မြင်းစီးသမားသုံးယောက် မြင်းများကို အပြင်းစိုင်းနှင် ထွက်သွားသည်။

"ကျန်တဲ့လူတွေ အသင့်ရှိကြ"

အညိုရောင်ဝတ်စုံဝတ် လူကြီးက ဆက်လက်၍ အော်ဟစ် အမိန့်ပေးသည်။

မြင်းလှည်းများ ရပ်တန့်သွားကာ အစောင့် သိုင်းသမားများ ကလည်း လက်နက်များကို ထုတ်ကိုင်လျက် အသင့်ပြင်ဆင်ထားလိုက် ကြသည်။

ထိုအချိန်တွင် အလံကိုင် မြင်းစီးသမား သုံးယောက်သည် လက်မရှဲ့ သိုင်းသမားများနှင့် ရင်ဆိုင်မိကြတော့သည်။

"ကျုပ်တို့ဟာ ဆန်တုန်ပြည်နယ် သိမ်းငှက်နီ သယ်ယူပို့ဆောင် ရေးအဖွဲ့က လူတွေပဲ"

အလံကိုင် သိုင်းသမားတစ်ယောက်က ပြောသည်။

မိမိတို့ သယ်ယူပို့ဆောင်ရေးအဖွဲ့၏ အမည်ကိုထုတ်ပြောကာ အရှိန်အဝါကိုထုတ် ခြောက်လှန့်လိုက်သည့် သဘောလည်း ဖြစ်သည်။

မိစ္ဆာမနောဂိုဏ်း၏ လက်မရှဲ့ သိုင်းသမားများမှာလည်း စိတ်ဓာတ် ကြမ်းတမ်းခက်ထန်ပြီး သူတပါးအပေါ် အနိုင်ကျင့် ဗိုလ်ကျနေသူများ ဖြစ်သည်။

ယခုလို ဟိတ်ဟန်ထုတ် ပြောကြားလာမှုမျိုးကို သည်းမခံတတ်။

ယန်လောက်ဆန်နောက်သို့ အမီမလိုက်နိုင်သေးသည့်အတွက် စိတ်တိုနေရသည့်ကြားထဲ အဟန့်အတား လာလုပ်နေပြန်သောကြောင့် ဒေါသထွက်လာကြသည်။

"ခင်ဗျားတို့နဲ့ ဘာဆိုင်လို့ ကြားဝင်ရှုပ်ရတာလဲ"

လက်မရှိ့ ဓားသမားတစ်ယောက်က ပြောပြောဆိုဆို ဓားရှည်ကြီးဆွဲထုတ်ကာ အနီးဆုံး အလံကိုင် မြင်းစီးသမားကို လှမ်းခုတ်သည်။

ကျန်လက်မရှိ့သိုင်းမားနှစ်ယောက်ကလည်း တုံ့ဆိုင်းမနေကြ။ လက်နက်ကိုယ်စီ ဆွဲထုတ်ကာ တိုက်ခိုက်ကြသည်။

သိမ်းငှက်နီ သယ်ယူပို့ဆောင်ရေးအဖွဲ့၏ အလံကိုင် မြင်းစီးသမားများသည် သိုင်းပညာအစွမ်း မသေးသူများ ဖြစ်သည့်အတိုင်း အလံလွှင့်ထားသည့် လှံရှည်များကို လက်နက်အဖြစ်သုံးကာ ပြန်လည်တိုက်ခိုက်ကြသည်။

အလံကိုင်မြင်းစီးသမားသုံးယောက်နှင့်လက်မရှိ့သိုင်းသမားသုံးယောက်တို့ စကားအချိုအချ ပြောဆိုပြီး တိုက်ခိုက်နေသည့် နေရာသည် မြင်းလှည်းအုပ်စုနှင့် အနည်းငယ် အလှမ်းဝေးသည်။

ပြောဆိုနေကြသည့် စကားသံများကို မကြားရ။

သို့သော် တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်ကြသည်ကိုမူ ကောင်းစွာ မြင်တွေ့ရသည်။

ဤသို့ တိုက်ခိုက်ကြသည်ကို တွေ့ရသောအခါ မည်သည့်အကြောင်းကိစ္စကြောင့် တိုက်ခိုက်သည်ကို သေသေချာချာ မသိသော်လည်း ယန်လောက်ဆန်၏ မူလက ပြောဆိုထားသည့် စကားအခံက ရှိနေသောကြောင့် တစ်ဖက်လူများသည် ဓားပြများ အမှန်ဖြစ်မည်ဟု သိမ်းငှက်နီ သယ်ယူပို့ဆောင်ရေးအဖွဲ့ မြင်းလှည်းအုပ်စု ခေါင်းဆောင် ယုံကြည်သွားသည်။



"ဓားပြတွေကို တိုက်ကြ"

သိမ်းငှက်နီ သယ်ယူပို့ဆောင်ရေးအဖွဲ့ မြင်းလှည်းအုပ်စု ခေါင်းဆောင်က အော်ဟစ်အမိန့်ပေးသည်။

မြင်းလှည်းအုပ်စုကို စောင့်ကြပ် လိုက်ပါလာကြသော လက်နက်ကိုင် သိုင်းသမားများအနက်မှ သိုင်းသမား ဆယ်ယောက်သည် မြင်းများကို အပြင်းစိုင်းနှင်ကာ တိုက်ပွဲဖြစ်နေရာသို့ တိုးဝင်သွားကြသည်။

ကျန်သိုင်းသမားများကလည်း အသင့်အနေထားဖြင့် ဆက်လက်စောင့်ဆိုင်းနေကြသည်။

ထိုသို့ အခြေအနေ ရှုပ်ရှက်ခတ်သဲသဲ ဖြစ်သွားချိန်တွင် ယန်လောက်ဆန်သည် တချိုးတည်း လစ်ပြေးလေတော့သည်။

အခွင့်ကောင်း အခါကောင်းကို အကျိုးရှိစွာ အသုံးချလိုက်ခြင်းပင်တည်း။

ယန်လောက်ဆန်သည် လူပါးလူနပ် တစ်ယောက်ဖြစ်သည်။ ငိုယ်ကိုယ် မိမိ အထင်ကြီးကာ မာန်တက်ခြင်းမျိုးလည်း မရှိ။ မိမိထက် သိုင်းပညာ အစွမ်းအစ သာလွန်သူများကို သေသေကြေကြေ ရင်ဆိုင် တိုက်ခိုက်ရန်ထက် ရှောင်တိမ်း ထွက်ပြေးရန်ကိုသာ ဦးစားပေးသည်။ အချိန်အခါ အခြေအနေများပေါ်တွင် မူတည်ကာ လိုက်လျောညီထွေ ဖြစ်အောင် ပြုလုပ်တတ်သည်။

ဤသို့ ရှောင်တိမ်းရမည့် အချိန်တွင် ကိုယ်လွတ်ရုန်းကာ ရှောင်တိမ်းထွက်ပြေး နိုင်စွမ်းရှိသောကြောင့် ယန်လောက်ဆန်အဖို့ ယနေ့အထိ အသက်ရှင်လျက်နှင့် သိုင်းလောကတွင် ကျင်လည်နေနိုင်ခြင်း ဖြစ်သည်။

ယခုလည်း ပေါ်ပေါက်လာသော အခွင့်အလမ်းကို မိမိရရအသုံးချကာ ရှောင်တိမ်းထွက်နိုင်သောကြောင့် လက်မရှိ့သိုင်းသမားများ၏ အန္တရာယ်ရန်စွယ်မှ လွတ်မြောက်ပြီး ရှိုးထင်ရှိတ် ပေးအပ်လိုက်သည့် တာဝန်ကိုလည်း ပြစ်မြောက်အောင် လုပ်ဆောင်နိုင်ခဲ့ပေသည်။

❖ ❖ ❖

ယန်မိန်မိန်တို့အုပ်စုနှင့် တိုးလွှန်တိုး၊ တိုအုပ်စုသည် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကောက်ဆန်းတောင်သို့ ရောက်ရှိလာကြ၏။

ဤတွင် ကောက်ဆန်းတောင်ကို ဝန်းရံပိတ်ဆို့ကာ ရှောင်လင်ကျောင်းတော်အား တိုက်စစ်ဆင်နေသည့် မိစ္ဆာမနောဂိုဏ်းနှင့် မိတ်ဘက် သိုင်းသမားများ၏ အင်အားမှာ နှစ်ဆကျော်တိုးတက် များပြားလာသည်။

ချင်းချင်းက မိမိဘက်တွင် လူသူအင်အား တိုးတက်များပြားလာမှုကို ရှောင်လင်သိုင်းသမားများ သိရှိစေရန် လူအင်အားဖြန့်လျက် စစ်မြို့လှုပ်ရှား ပြသည်။

ရန်သူ့ဘက်တွင် အင်အားပိုမို များပြားလာကြောင်း တွေ့မြင်ရသောအခါ ရှောင်လင်ဂိုဏ်းဝင် တချို့သည် ကြောက်လန့်တုန်လှုပ်မိကြသည်။

သို့ရာတွင် စည်းကမ်းသေဝပ်သော သိုင်းအဖွဲ့အစည်း၊ တစ်ခုဖြစ်သည့် အားလျော်စွာ စိတ်ဓာတ်ပျက်ပြားကာ ဖရိုဖရဲ ဖြစ်မှုမျိုးတော့ မပေါ်ပေါက်။



မိမိတို့ တာဝန်ကျရာ စံစစ်ကြောင်း၊ နေရာများတွင် စည်းကမ်းသေဝပ်စွာ တာဝန်ယူစောင့်ကြပ်မြဲ စောင့်ကြပ်နေကြသည်။

အင်အားပြ မြို့မ်းမြောက်ပြီးနောက် ချင်းချင်းသည် သိုင်းအကျော်အမော်အများ ခြံရံပြီး ရှောင်လင်ကျောင်းတော်၏ ဂိုဏ်းချုပ်ကြီးနှင့် သွားရောက်တွေ့ဆုံသည်။

ရှောင်လင်ဂိုဏ်းချုပ်ကြီး ငလျှာက်ချင်သည့် ချင်းချင်းတို့အား ရှောင်လင်ကျောင်းတော် အဝင်တံခါးဝကြီး ရှေ့တွင် လက်ခံ တွေ့ဆုံသည်။

"ရှင်တို့ကို နောက်ဆုံး သတိပေးတဲ့အနေနဲ့ စကားပြောချင်လို့ လာခဲ့တာပဲ"

ချင်းချင်းက စကားစသည်။

"ပြောစရာရှိရင် ပြောနိုင်ပါတယ်"

မလျှာက်ချင်က အေးအေးတည်ငြိမ်သော အမူအရာနှင့် ပြန်ပြောသည်။

"လက်နက်ချမလား။ ဆက်ခုခံမလားဆိုတာ နောက်ဆုံးအနေနဲ့ ပြန်စဉ်းစားပြီး အဖြေပေးပါ။ ဆက်ပြီး ခေါင်းမာခုခံ နေမယ်ဆိုရင်တော့ ရှင်တို့တစ်ဂိုဏ်းလုံး ပြုတ်ပြုတ်ပြန်းသွားအောင်ကို ချေမှုန်းပစ်ရလိမ့်မယ်၊ ကဲ ... မြန်မြန်စဉ်းစားပြီး အခု အမြန်ဆုံး အဖြေပေး"

ချင်းချင်းက မာန်တက်စွာ ပြောသည်။

မလျှာက်ချင်သည် အတွေ့အကြုံ ကြွယ်ဝရင့်ကျက် လှသူဖြစ်သည်။ လက်ရှိအခြေအနေတွင် မိမိတို့အနေဖြင့် အရေးသာစရာ

အကြောင်းမရှိ။ အရေးနိမ့်ပြီး သေကြေပျက်စီးဖို့သာ များကြောင်း နားလည်သည်။

သို့ရာတွင် ရန်သူ့လက်တွင် ဒူးထောက်အရှုံးပေး ရမည်ဆိုပါလျှင်လည်း နှစ်ပေါင်းတစ်ထောင်ကျော် တည်တံ့ကျော်ကြား လာခဲ့သည့် ရှောင်လင်ကျောင်းတော်၏ ဂုဏ်သိက္ခာ ထိခိုက်ကျဆင်း သွားပေမည်။

တည်ငြိမ်ခိုင်မာလှသော လျှောက်ချင်၏စိတ်သည် ရှောင်လင်ကျောင်းတော်ကြီး အရှက်တကွဲ ပြိုကွဲပျက်စီး သွားမည့်အရေးကို တွေးကာ မတုန်လှုပ်စဖူး တုန်လှုပ်လာသည်။

လှုပ်ရှားနေသောစိတ်ကို တည်ငြိမ်အောင်ထိန်းရင်း ရင်ဆိုင်နေရသည့် အကြပ်အတည်းမှ ကျော်လွှားနိုင်မည့် နည်းလမ်းကို စဉ်းစားသည်။

အကြံတစ်ခု ရုတ်ခြည်းတွေးမိသည်။

ထိုအကြံသည် ရင်ဆိုင်နေရသော အန္တရာယ် ရန်စွယ်မှ လွတ်မြောက်မည်ဟု တထစ်ချ မဆိုနိုင်သော်လည်း လွတ်မြောက်ကျော်လွှားနိုင်မည့် အခွင့်အလမ်းရှိသော အကြံတစ်ခု ဖြစ်သည်။

"ကျုပ်တို့က သိုင်းပညာစွမ်းရည် သာလွန်မြင့်မားတဲ့ လူတွေကိုသာ လက်မြှောက် အရှုံးပေးနိုင်မယ်၊ ဒီတော့ တစ်ဖက်ကို အကောင်းဆုံး လက်ရွေးစင် သိုင်းသမားဆယ်ယောက် ရွေးချယ်ပြီး ဆယ်ပွဲ ရင်ဆိုင်တိုက်ခိုက်မယ်၊ ခင်များတို့ဘက်က အနိုင်ပွဲများရင် ကျုပ်တို့ လက်နက်ချအရှုံးပေးမယ်၊ ကျုပ်တို့ဘက်က အနိုင်ပွဲများရင် ခင်များတို့ ဆုတ်ခွာပေးရမယ် ဘယ်လိုလဲ၊ ကျုပ်ပြောတာကို လက်ခံမလား။"



ရှောင်လင်ဂိုဏ်းချုပ်ကြီး လျှောက်ချင်က မိမိ၏အမြင်စကားကို ဖြန့်ပြောသည်။

ထိုသို့ ပြောကြားရာတွင် မိမိတို့ဂိုဏ်းဝင်များလည်း ရှင်းရှင်းလင်းလင်း ကြားသိနိုင်အောင် အတွင်းအားသုံး၍ ပြောလိုက်ခြင်းဖြစ်သည်။

လျှောက်ချင်၏စကားကို ကြားရသောအခါ ယခု ရင်ဆိုင်တိုက်ခိုက်ရမည့်ပွဲများသည် မိမိတို့ ရှောင်လင်ကျောင်းတော်၏ တည်တံ့ရေးနှင့် ပြိုကွဲရေးကို အဆုံးအဖြတ် ပေးမည့်ပွဲဖြစ်ကြောင်း နားလည်ကြသည်။

လျှောက်ချင်သည် ချင်းချင်းထံမှ အဖြေစကားကို ရင်တထိတ်ထိတ်ဖြင့် စောင့်လင့်နားထောင်နေမိသည်။ အကယ်၍ ဤကမ်းလှမ်းစိန်ခေါ်ချက်ကို ချင်းချင်းက လက်မခံဘဲ အင်အားဖြင့်အတင်း တိုက်စစ်ဆင်လျှင် ရှောင်လင်ကျောင်းတော်ဘက်မှ ခုခံတားဆီးနိုင်စွမ်း ရှိမည် မဟုတ်ကြောင်း လျှောက်ချင် သိသည်။

တစ်ဖက်နှင့် တစ်ဖက် တစ်ယောက်ချင်းစီ ရင်ဆိုင်တိုက်ခိုက်ရာတွင်မူ မိမိတို့ဘက်မှ ကျိန်းသေအနိုင်ရမည်ဟု မပြောနိုင်သော်လည်း ကြိုးပမ်းစွန့်စားကာ တိုက်ခိုက်မည်ဆိုပါက အောင်ပွဲ ရနိုင်ကောင်း ရနိုင်သည့် အခွင့်အလမ်းရှိသည် မဟုတ်ပါလော။

"ကောင်းပြီ။ ကျွန်မတို့ကတော့ ဘယ်လိုနည်းနဲ့ပဲ ဖြစ်ဖြစ် ရှင်တို့ကို ယှဉ်နိုင်တယ်၊ ကဲ ... အစပဲကြမယ်၊ ပထမပွဲမှာ ရှင်တို့ဘက်က ဘယ်သူထွက်မလဲ"

ချင်းချင်းက လျှောက်ချင်၏ ကမ်းလှမ်းစိန်ခေါ်မှုကို လက်ခံလိုက်သည်။

"ဗာဒူ ... ကျွန်တို့ကျောင်းတော်ရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်ဖို့ တိုက်ပွဲဝင်ပါ"

ကျော်ချင်းဟ ခေတ္တစဉ်းစားပြီးနောက် သိုင်းသမားကြီး ဗာဒူကို ပထမပွဲတွင် ရင်ဆိုင်ယှဉ်ပြိုင်ရန် ရွေးထုတ်လိုက်သည်။

ဗာဒူသည် ရှောင်လင်ကျောင်းတော်၏ သမ္မာရှင့်သိုင်းသမားကြီး တစ်ယောက်ဖြစ်သည်။ ရှောင်လင်ကျောင်းတော်၏ နာမည်ကျော် ရှောင်လင်ဆယ့်ရှစ်ဖော် ဝက်ပါသိုင်းကွက်ကို တာဝန်ယူဆောင်ရသူလည်း ဖြစ်သည်။

ပထမပွဲတွင် ဗာဒူလို ပုဂ္ဂိုလ်ကို ထုတ်သုံးခြင်းဖြင့် ရှောင်လင်ကျောင်းတော်ဘက်မှ ယခု သိုင်းပညာ ယှဉ်ပြိုင်မှုကို မည်မျှအလေးပေးထားကြောင်း သိသာနိုင်သည်။

"ဒီလူကို အနိုင်တိုက်လိုက်ပါ"

ချင်းချင်းက သူမ၏နောက်ဘက်တွင် ရပ်နေသည့် ဂွတာန်းသိုင်းသမားကြီးတစ်ယောက်ကို လှည့်ကြည့်ပြီး ပြောလိုက်သည်။

ထိုဂွတာန်းသိုင်းသမားကြီးသည် ချင်းချင်းတို့က ဖမ်းဆီးချုပ်နှောင်ပြီး အတိတ်မေ့ ဆေးများကျွေးကာ စိတ်အာရုံကို ချုပ်ထိန်းလျက် သိမ်းသွင်းထားသူ တစ်ယောက် ဖြစ်သည်။

ပင်ကိုရုပ်ရှိရှာ ခံညားသော်လည်း ဆေးတန်ခိုးကြောင့် မျက်လုံး ကြောင်တောင်တောင်နှင့် မျက်နှာအမူအရာကလည်း လူသေမျက်နှာလို အေးစက်စက်ကြီး ဖြစ်နေသည်။

ချင်းချင်း၏ အမိန့်သံကို ကြားရသည်နှင့် ဂွတာန်းသိုင်းသမားကြီး



သည် အိပ်မက်ထဲလမ်းသော လျှောက်သူတစ်ယောက်၏ ခြေလှမ်းမျိုးဖြင့် ရှေ့သို့ လျှောက်လှမ်းတက်လာသည်။

ထိုအချိန်တွင် ရှောင်လင်ဂိုဏ်းဘက်မှ ဗာဒူသည် တိုက်ပွဲဝင်ရန် ရှေ့သို့လျှောက်လှမ်း ထွက်လာပြီး အသင့်ရှိနေသည်။

ဂွတာန်းသိုင်းသမားကြီးသည် ဗာဒူရှိရာသို့ တည့်တည့်လျှောက်လှမ်းသွားသည်။ ထိုသို့ လျှောက်လှမ်းသွားရင်း ခါးတွင်ချိတ်ထားသည့် ဓားအိမ်ထဲမှ ဓားရှည်တစ်လက်ကို ဆွဲထုတ်လိုက်၏။

ဗာဒူနှင့် လက်တစ်ကမ်းအကွာသို့ ရောက်သည်နှင့် ဂွတာန်းသိုင်းသမားကြီးက စကားတစ်ခွန်း တစ်လေမျှပင် မပြောဘဲ ဓားရှည်ကြီးဖြင့် ဗာဒူကို လှမ်းခုတ်ပိုင်း၏။

ဂွတာန်းသိုင်းသမားကြီး၊ အသုံးပြုလိုက်သည့် သိုင်းကွက်မှာ ဂွတာန်းဂိုဏ်း၏ အဆင့်မြင့် မိုးမြေ ဓားသိုင်းကွက် ဖြစ်သည်။

ချင်းချင်းသည် တစ်ခြားဂိုဏ်းမှ သိုင်းအကျော်အမော်များကို ဖမ်းဆီး၍ သတိမေ့ဆေးများ တိုက်ကျွေးကာ လက်ပါးစေများအဖြစ် သိမ်းသွင်းရာတွင် ထိုသိုင်းသမားတို့၏ မူလသိုင်းပညာများကို ဖျက်ဆီးခြင်းမပြု။ ထိုသိုင်းပညာများကို မမေ့ပျောက်သွားအောင်လည်း မလုပ်။ တွေးတောဆင်ခြင်နိုင်မှု ကင်းလွတ်အောင်သာ ဆေးဖြင့် ပြုလုပ်ထိန်းချုပ်ထားခြင်းဖြစ်သည်။

ထို့ကြောင့် ဂွတာန်းသိုင်းသမားကြီးသည် မိုးမြေဓားသိုင်းကွက်ကို ပိုင်ပိုင်နိုင်နိုင်ပင် လှုပ်ရှားတိုက်ခိုက်နိုင်သည်။ ထို့ပြင် တွေးတောဆင်ခြင်နိုင်သောစိတ် ကင်းနေပြီဖြစ်၍ ဘာကိုမျှ [illegible] ထောက်ထားခြင်းမရှိ

သိုင်းလောက၏ အစဉ်အလာ ကျင့်ဝတ်များကိုလည်း အလေးမထား။ ကြမ်းကြမ်း ရမ်းရမ်း တိုက်ခိုက် အနိုင်ယူရန်ကိုသာ အဓိက ထားသည့်အတွက် တိုက်ချက်များက အလွန်ပင် ရက်စက်ရမ်းကားလှသည်။

ဝူတန်ဂိုဏ်း၏ မိုးမြေဓားသိုင်းတွင် မိုးသည် တိုက်စစ်ကိုဆိုလိုသည်။ မြေမှာ ခံစစ်ကို ကိုယ်စားပြုသည်။

မိုးမြေဓားသိုင်းဟု အမည်မှည့်ထားရာ ထိုးစစ်ခံစစ် အပြည့်အဝ ပေါင်းစည်းထားကာ ထိုးစစ်တွင် အားအင်ပြင်းထန်သလောက် ခံစစ်တွင် ဝိရိနိုင်မာကြောင်း ဆိုလိုသည်။

ဂါဝူကလည်း သံမဏိဓားသိုင်းကို သုံးကာ ဝူတန်သိုင်းသမားကြီး၏ တိုက်ခိုက်မှုကို ရင်ဆိုင်သည်။

ဝူတန်သိုင်းသမားကြီး၏ တိုက်စစ်သည် မိုးကြိုးပစ်သလို ပြင်းထန်သည်။ ခုခံကာကွယ်ထားမှုကတော့ အပ်ချစရာ နေရာလေးတစ်ခုစာမျှပင် လစ်ဟာကွက် မရှိ။

ဂါဝူ၏ သံမဏိဓားသိုင်းမှာ ရှောင်လင်ဂိုဏ်း၏ အဆင့်မြင့်သိုင်းပညာရပ် တစ်ခုဖြစ်သည်။ အောင်ပွဲအလီလီ ရရှိခဲ့သည့် အစဉ်အလာကောင်းလည်း ရှိသည်။

ဝူတန်ဂိုဏ်းနှင့် ရှောင်လင်ဂိုဏ်းတို့သည် တည်တံ့ခိုင်မာသော သိုင်းအဖွဲ့အစည်းကြီးများ ဖြစ်ကြသည်။ တစ်ဖက်ကိုတစ်ဖက် အပြန်အလှန် လေးစားမှုလည်း ရှိသည်။ ဝူတန်သိုင်းသမားများနှင့် ရှောင်လင်သိုင်းသမားများသည် ရင်ဆိုင်တိုက်ခိုက်မှုမျိုး ပြုလုပ်ခြင်း မရှိခဲ့ကြပေ။

ယခုတော့ မိစ္ဆာမနောဂိုဏ်း၏ ယုတ်မာရက်စက်သော အကြံ



အစည်နှင့် လုပ်ဆောင်မှုများကြောင့် ဝူတန်ဂိုဏ်း၏ မိုးမြေဓားသိုင်းနှင့် ရှောင်လင်ဂိုဏ်း၏ သံမဏိ လက်ဝါးသိုင်းတို့ ထိပ်တိုက်ရင်ဆိုင် နေကြရလေပြီ။

ဓားသိုင်းနှစ်ခုစလုံးသည် တကယ့်ထိပ်တန်း သိုင်းပညာများ ဖြစ်ကြသည်။ သုံးစွဲတိုက်ခိုက်သည့် သိုင်းသမား နှစ်ယောက်လုံးကလည်း မိမိတို့ သက်ဆိုင်ရာ ဓားများကို ကျွမ်းကျင်ပိုင်နိုင်ကြသည်။

တစ်ခုပဲ ကွာသည်။

ရှောင်လင်သိုင်းသမား ဂါဝူသည် မှန်ကန်စိတ် အခြေအနေတွင် ရှိသည်။ တစ်ဖက်ရန်သူကို အနိုင်ရအောင် တိုက်ခိုက်လိုသည့်စိတ် ရှိသော်လည်း ကြမ်းကြမ်း တမ်းတမ်း ရက်ရက် စက်စက် တစ်ဆုံးတစ်စ လုပ်လိုသည့် ဆန္ဒတော့ မရှိ။

တစ်ဖက်မှ ဝူတန်သိုင်းသမားမှာမူ စိတ်နေစိတ်ထား မှန်ကန်အခြေအနေတွင်မရှိ။ သူ့အဖို့ ချင်းချင်း၏ အမိန့်အတိုင်း မလွဲမသွေ လုပ်ဆောင်ပေးရန်ကိုသာ သိနေသည်။ သက်ညှာဖို့လည်း နားမလည်၊ တရားသည်၊ မတရားသည်ကိုလည်း မစဉ်းစား။

အနိုင်ရဖို့ကိုသာ အဓိကထားပြီး ကြမ်းကြမ်း ရမ်းရမ်း ရက်ရက် စက်စက်ပင် တိုက်စစ်ဆင်သည်။

ကြမ်းတမ်း ရက်စက်သော ဓားချက်များ တစ်ချက်ပြီး တစ်ချက် ခုတ်ပိုင်း တိုက်စစ်ဆင်လာသည်။

ဂါဝူကလည်း သံမဏိဓားသိုင်းကို အကွက်ကျကျ လှုပ်ရှားသုံးစွဲကာ တိုက်ခိုက်သည်။

နှစ်ယောက်သား၊ လက်ရည်ချင်း သိပ်မကွာ သောကြောင့် မည်သူက မည်သူ့ကိုမျှ အသာစီးဖြင့် ဖိနှိပ်တိုက်ခိုက်ခြင်း မပြုနိုင်သေး ဘဲ သူတစ်ပြန် ကိုယ်တစ်လှည့် အကြိတ်အနယ် တိုက်ခိုက်နေကြသည်။

❖ ❖ ❖

"ဒီမှာ ဗာဒူဆိုတဲ့ ရှောင်လင်သိုင်းသမားရဲ့ ဓားသိုင်းကွက် တွေက အတော်ကို ကောင်းသားပဲ သမီး"

ဝူတာန်းသိုင်းသမားနှင့် ဗာဒူတို့ အကြိတ်အနယ် တိုက်ခိုက်နေ သည်ကိုကြည့်ရင်း ချင်းချင်းက ယန်မီနီမီနီကို ပြောလိုက်သည်။

"ဟုတ်တယ် မေမေ၊ မေမေ့လူကို ကြည့်ရတာ အနိုင်ရဖို့ လွယ်ပုံမလား"

ယန်မီနီမီနီက စိုးရိမ်သည့် လေသံဖြင့် ပြန်ပြောသည်။

"အခုလို အပြန်အလှန် တိုက်နေကြရင်တော့ အနိုင်အရှုံးပေါ်ဖို့ သိပ်မလွယ်ဘူး၊ ဒါပေမယ့် အချက်ကိုသိရင်တော့ တစ်ကွက်နှစ်ကွက် တည်းနဲ့ကို အနိုင်ရနိုင်တယ်"

"ဘယ်လိုများလဲ မေမေရယ်"

"မြွေနှီးမြွေသိုင်းကွက်နဲ့ ကိုယ်ဟန်လှုပ်ရှား တိုက်ခိုက်မယ်ဆိုရင် ပွဲသိမ်းသွားမှာပေါ့"

ချင်းချင်းသည် ဝူတာန်းသိုင်းသမားကြီး၏ စိတ်ထားနက်ထန် ကြမ်းကြုတ် လာစေရန်အတွက် မြွေမနှောသိုင်းကိုလည်း သင်ကြား လေ့ကျင့် ပေးခဲ့သည်။



ယန်မီနီမီနီနှင့် စကားအပြန်အလှန် ပြောနေသည် ထိုခေတ်လည်း သူ့မျက်လုံးများက ဝူတာန်းသိုင်းသမားကြီးကို စူးစူးစိုက်စိုက်ပင် ကြည့် နေသည်။

ချင်းချင်း ပြောသည့်စကား တစ်လုံးမကျန်ပင် ဝူတာန်းသိုင်း သမားကြီး၏ နားထဲသို့ရောက်သည်။

ချင်းချင်း၏ အမိန့်သံကိုသာ နာခံလုပ်ဆောင်တတ်သူ ဝူတာန်းသိုင်း သမားကြီးသည် ချင်းချင်းပြောသည့် အတိုင်းပင် မြွေနှီးမြွေ သိုင်းကွက်ပုံစံ အတိုင်း ကိုယ်ဟန် လှုပ်ရှားပြီး ဓားရည်ကို မိုးမြေဓားသိုင်းကွက်အတိုင်း လှုပ်ရှားကာ တိုက်ခိုက်လေတော့သည်။

သံမဏိဓားသိုင်းသည် အင်အားပြင်းထန်မှု၊ သိုင်းကွက်လှုပ်ရှား ပုံ မာကြောမှုတို့ကို အခြေခံသည့် သိုင်းပညာရပ်မျိုးဖြစ်သည်။

အင်အားကို အင်အားဖြင့် ထိန်းချုပ်တိုက်ခိုက်သည်။

တစ်ဖက်ရန်သူ၏ သိုင်းကွက်အားကို ရယူကာ မိမိ၏သိုင်းကွက် အားအင်တွင် ရည်ညှိပေါင်းစည်း၍ အသုံးချသည်။

တစ်ဖက်ရန်သူက မာကျောပြင်းထန်စွာ တုံ့ပြန်လေလေ၊ သံမဏိ ဓားသိုင်း၏ အားအင် အရှိန်အဟုန် ပြင်းထန်လေလေ ဖြစ်သည်။

အကယ်၍ တစ်ဖက်ရန်သူက အားအင်ပြင်းထန်စွာ မတိုက် ခိုက်လျှင် သံမဏိဓားသိုင်း၏ အားအင်ကလည်း လျော့ပါးသွားပေမည်။

ဤသို့ အင်အားလျော့ပါးပြီး ဟာကွက်များ ပေါ်လာသည်ကို အမိအရ ထိုးဖောက် တိုက်ခိုက်လျှင် သံမဏိ ဓားသိုင်းကို ဖြိုခွင်းနိုင်မည် ဖြစ်သည်။

မြှုနီ၊ မိစ္ဆာသိုင်းသည် ပေါ့ပါးသွက်လက်စွာ သိုင်းကွက်လှုပ်ရှား နေရာ ပြောင်းရွှေ့နိုင်သည့် သိုင်းပညာဖြစ်သည်။

မြှုနီမိစ္ဆာသိုင်းဖြင့် ကိုယ်ဟန်လှုပ်ရှား လိုက်သောအခါ ဓာရှု၏ ဓားချက်များကို အားအင်ဖြင့် တန်ပြန်ခုခံမှု သိသာစွာ လျော့နည်း သွားသည်။

ဤအခါတွင် ဓာရှု၏ သံမဏိဓားသိုင်းတွင် ဟာကွက်များ ပေါ်လာသည်။

ဓာရှုမှာလည်း ကမ္ဘာရင့် သိုင်းသမားတစ်ယောက် ဖြစ်သည့် အတိုင်း အခြေအနေ တစ်မျိုးတစ်ဖုံ ဖြစ်သွားသည်ကို ချက်ချင်းရိပ်မိ သည်။

ထို့ကြောင့် သိုင်းကွက်ကိုလည်း အမြန်ဆုံးပင် ပြောင်းလဲလေ၏။

သံမဏိ ဓားသိုင်းကို မသုံးတော့။

လေပြည်ဓားသိုင်းကို ပြောင်းလဲအသုံးပြု တိုက်ခိုက်သည်။

လေပြည်ဓားသိုင်းသည် လေပြည်လက်ဝါးသိုင်းမှ ဆင့်ပွား ပေါ်ပေါက်လာသော ဓားသိုင်းကွက် တစ်ခုဖြစ်သည်။

သံမဏိဓားသိုင်းသည် လေပြည်လက်ဝါးသိုင်းမှ ဆင့်ပွားပေါ် ပေါက်လာသော ဓားသိုင်းကွက်တစ်ခုဖြစ်သည်။

သံမဏိဓားသိုင်းလို အားအင်ကြီးမားပြင်းထန်စွာ တိုက်ခိုက်မှု ကို အဓိကမထား။ အကွက်စိပ်လှသည့် ဓားခုတ်ချက်များဖြင့် တစ်ဖက် ရန်သူကို ဗိုင်းပတ်တိုက်ခိုက်သည့် ဓားသိုင်းပညာ ဖြစ်သည်။

ဓာရှုက သိုင်းပညာကို တစ်မျိုး ပြောင်းလိုက်သည့်အတွက်



ဂူတန်းသိုင်းသမားကြီးမှာ ရုတ်ခြည်းပင် အောက်စည်းသို့ ပြောင်းလဲရောက် ရှိသွားသည်။

"ထိမ်တိုက်ကြားက နေရောင်ဖြာ"

ချင်းချင်းက အော်ဟစ်ပြောဆိုလိုက်ပြန်သည်။

ရန်သူ၏ အကွက်စိပ်လှသော ဓားချက်များအကြားသို့ အားအင် အပြည့်ပါသော ဓားချက်တစ်ချက် ထိုးနှက်လိုက်ရန် ချင်းချင်း၊ က လှမ်းပြောလိုက်ခြင်း ဖြစ်သည်။

ဂူတန်းသိုင်းသမားကြီးသည် ချင်းချင်း၏ ပြောကြားလမ်းညွှန် ချက်အတိုင်း ချက်ချင်းပင် လိုက်နာသည်။

ဓားရိုးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ဓာရှု၏ အကွက်စိပ်စိပ် ထိုးခုတ်နေသော ဓားချက်များအကြားသို့ အားပြည့်အင်ပြည့် တစ်ချက် တည်း ထိုးထည့်လိုက်သည်။

"ခင် ... ခင် ... ခင် ... ခင် ... ခင်"

အကွက်စိပ်စိပ်နှင့် သွက်လက်စွာ ခုတ်နေသော ဓာရှု၏ ဓား ချက်များက ဂူတန်းသိုင်းသမားကြီး၏ ဓားကို တရကြမ်းပင် ခုတ်မိသည်။

ထိုသို့ခုတ်မိသည့်အတွက် ပေါ်ပေါက်လာသော တန်ပြန်ကန်အား သည် ဓားချက် တစ်ချက်ထက် တစ်ချက် တစ်ဆတိုးကာ ပိုမိုပြင်းထန် လာသည်။

ဤသို့ဖြင့် ဓာရှုမှာ မိမိ၏ဓားရှည်ကို လက်ဖြင့် မြဲမြဲစွာ မဆုတ် ကိုင်နိုင်တော့။ လက်ထဲမှ ဓားရှည်လွတ်ထွက် သွားသည်။

ထိုအချိန်မှာပင် ဂူတန်းသိုင်းသမားကြီးကို သူ၏ဓားရှည်ဖြင့်

ဇာဂူကို လှမ်းဆိုသည်။ ဇာဂူက ကမန်းကတန်းပင် နောက်သို့ ခုန် ရှောင်၏။

"ဗြ ..."

ဓားချက်က ဇာဂူ၏ အသားကိုအထိမိ။ သို့သော် ဇာဂူ ဝတ်ထား သော အင်္ကျီရင်ဘတ်မှာ ဓားချက်ကြောင့် ကွဲထွက်သွားသည်။

သွေးထွက်သံယို ထိခိုက်အနာတရ မရှိသော်လည်း၊ ဇာဂူမှာ သိုင်းပညာ ယှဉ်ပြိုင်မှုတွင် အရှုံးနိမ့် သွားခဲ့ရလေပြီ။

ယခုယှဉ်ပြိုင်ပွဲတွင် ရိုးရိုးသားသား တစ်ယောက်ချင်းစီ ရင်ဆိုင် တိုက်ခိုက်မည်ဆိုပါက" ဇာဂူ အရေးသာနိုင်သည့် အခြေအနေတွင် ရှိသည်။

ယခုမူ ချင်းချင်းက ဒေါမှနေ၍ လိုအပ်ချက်များကို ထောက်ပြ ကူညီပေးသည့်အတွက် ဇာဂူ အရှုံးနိမ့် သွားရခြင်းဖြစ်သည်။

ဤအချက်ကို ရှောင်လင်ဂိုဏ်းသားများက သိသော်လည်း အငြင်းပွားခြင်း မပြုလိုသောကြောင့် မိမိတို့ဘက်မှ အရှုံးနိမ့်မှုကို လက်ခံလိုက်ကြသည်။

"ကဲ ... ဒုတိယပွဲစမယ်"

ချင်းချင်းက ပိုင်နိုင်အားရသည့် အမူအရာဖြင့် ပြောလိုက် လေသည်။

❖ ❖ ❖

ရှောင်လင်ကျောင်းတော်မှ သိုင်းသမားများနှင့် မိန္ဒာမနောဂိုဏ်း



အင်အားစုဘက်မှ သိုင်းသမားများ နောက်ထပ် သုံးပွဲဆက်လက် ယှဉ်ပြိုင်ကြပြန်သည်။

ထိုပွဲများတွင်လည်း ရှောင်လင်သိုင်းသမားများ အရှုံးနိမ့်ကြရ ပြန်သည်။

ဤသို့ အရှုံးနိမ့်ရခြင်းမှာ ရှောင်လင်သိုင်းသမားများ၊ သိုင်းပညာ စွမ်းရည်က ပြိုင်ဘက်များထက် နိမ့်ကျသောကြောင့် မဟုတ်။

ချင်းချင်းနှင့် ယန်စီနီစီနီတို့က ဒေါမှနေ၍ မိမိတို့၏လူများအတွက် ဟာကွက်များကို ထောက်ပြပြောဆို ပေးသောကြောင့် ဖြစ်သည်။

ရှောင်လင်ကျောင်းတော်အဖို့ အလွန်ပင် အကျဉ်းအကြပ် တွေ့နေ ရလေပြီ။

ဆယ်ပွဲယှဉ် ပြိုင်ရမည့်အထဲမှ လေးပွဲတွင် အရှုံးနိမ့်နေပြီ ဖြစ်ရာ အရှုံးပေးရဖို့ အခွင့်အလမ်းအလွန်ပင် များပြားနေသည်။

ရှောင်လင်ဂိုဏ်းချုပ် လျှောက်ချင်သည် ကိုယ်တိုင်ထွက်ကာ တိုက်ပွဲဝင်ရန် ပြင်ဆင်တော့သည်။

ဤတွင် အခြေအနေကို သုံးသပ်နားလည်သည့် ရှောင်လင် ကျောင်းတော်၏ ဦးသျှောင်ဆရာကြီးတစ်ယောက် ဖြစ်သော ဝန်ထိုင်အိက ကန့်ကွက်ကာ၊ ပြောကြားသည်။

"ဘာကြောင့် စိတ်လိုက်မာန်ပါ လုပ်ချင်ရတာလဲလျှောက်ချင်၊ ဒီပွဲမှာ မင်းအရှုံးနိမ့်မယ်ဆိုရင် ငါတို့ရှောင်လင် ကျောင်းတော်ဘက်က ဆက်ယှဉ်ပြိုင်စရာ မလိုတော့ဘူးဆိုတာ မင်း မတွေးမိဘူးလား"

ရှောင်လင်ကျောင်းတော်တွင် ဝါစဉ်အကြီးဆုံး၊ သက်ကြီးရွယ်အို

သိုင်းသမားကြီးများကို ဦးသျှောင်ဆရာကြီးများအဖြစ် အလေးအမြတ်ထားကြသည်။

ယခုအခါတွင် ရှောင်လင်ကျောင်းတော်၏ ဦးသျှောင်သိုင်းဆရာကြီး ခြောက်ဦးသာ ရှိတော့သည်။ ဦးသျှောင်သိုင်းသမားကြီးများသည် တချို့က အသက်ကိုးဆယ်ကျော် အရွယ်ဖြစ်ကြပြီး အငယ်ဆုံးမှာ အသက်ရှစ်ဆယ်အရွယ် ရှိပေသည်။

ဦးသျှောင် သိုင်းဆရာကြီးများသည် ရှောင်လင်ကျောင်းတော်၏ အရေးကိစ္စများတွင် မပါဝင်ကြတော့ဘဲ အေးအေး ချမ်းချမ်း တရားရှာမှု နေထိုင်နေကြသည်။

ယခုမူ ရှောင်လင်ကျောင်းတော်၏ သေရေးရှင်ရေး ကိစ္စနှင့် ကြုံနေရချိန် ဖြစ်သောကြောင့် အေးအေး ဆေးဆေး၊ မနေသာတော့ဘဲ ပါဝင်လာကြရခြင်း ဖြစ်သည်။

"ယှဉ်ပြိုင်ပွဲကလည်း အရေးကြီး နေပြီဆိုတော့၊ ကဲ ဝန်ရော။ မင်းကိုယ်တိုင်ပဲ ထွက်ယှဉ်ပြိုင်ပေတော့"

ဝန်ထိုင်အီက ဦးသျှောင်ဆရာကြီး တစ်ယောက် ဖြစ်သော ဝန်ရောကို ဆက်လက်ပြီး ပြောကြားလိုက်သည်။

ဝန်ရောသည် ဦးသျှောင် သိုင်းဆရာကြီး ခြောက်ယောက်တွင် အသက်အငယ်ဆုံး ဖြစ်သည်။

"ကောင်းပါပြီ အစ်ကိုကြီး"

ဝန်ရောက ဝန်ထိုင်အီ၏ အမိန့်ကို နာခံကာ ယှဉ်ပြိုင်ပွဲဝင်ရန် ရှေ့သို့ လျှောက်လှမ်း ထွက်သွားသည်။



ရှောင်လင်ကျောင်းတော်ဘက်မှ ဦးသျှောင် သိုင်းဆရာကြီး တစ်ယောက်ကိုယ်တိုင် ထွက်လာသည်တွင် ချင်းချင်းမှာ မိမိတို့ဘက်မှ တိုက်ပွဲဝင်ရန် မည်သူ့ကို ရွေးချယ်ရမည်မှန်း ရုတ်တရက် စဉ်းစား၍ မရနိုင်ဘဲ ရှိနေသည်။

"ဒီတစ်ပွဲမှာ သမီးထွက်ပြီး ယှဉ်ကြည့်ချင်တယ် မေမေ"

ယန်ဖိန်ဖိန်က ချင်းချင်းကို ပြောသည်။

"ကောင်းတယ်၊ ဒါသမီးအတွက် အခွင့်အလမ်း တစ်ရပ်၊ ဒီလိုပွဲမျိုးမှာ အနိုင်ယူနိုင်မှ သမီးရဲ့ဂုဏ်သတင်း ကျော်ကြားနိုင်မယ်။ အနိုင်ရအောင်သာ ကြိုးစား"

ချင်းချင်းက သဘောတူ ခွင့်ပြုလိုက်သည်။

မိခင်ဖြစ်သူထံမှ ခွင့်ပြုချက် ရသည်နှင့် ယန်ဖိန်ဖိန်သည် ဝန်ရောနှင့် ရင်ဆိုင်တိုက်ခိုက်ရန် လျှောက်လှမ်း ထွက်လာခဲ့သည်။

ဝန်ရောသည် မိမိနှင့် ယှဉ်ပြိုင်မည့် မိန်းမပျိုကို ကြည့်ပြီး စိတ်ထဲတွင် တစ်မျိုးကြီး ခံစားလိုက်ရသည်။

သိုင်းပညာသည် ဆန်းကြယ်လွန်းလှသည်။

အသက် ငယ်ငယ် ရွယ်ရွယ်နှင့် မိမိလို တကယ့် ဝါရင့်သမ္မာရင့် သိုင်းသမားဟောင်းကြီး တစ်ယောက်နှင့် ရင်ဆိုင်ရန် ထွက်လာခဲ့သည်မှာ အစွမ်းအစ တကယ်ထက်မြက် သောကြောင့်သာ ဖြစ်ရမည်ဟု၍လည်း ဝန်ရော၏ စိတ်ထဲတွင် တွေးမိ၏။

"သိုင်းပညာ ဖလှယ်တဲ့ သဘောမျိုးနဲ့ ပညာယူတာပါ၊ ကျုပ်မှာ အနေနဲ့ အမှားပြုမိရင် ခွင့်လွှတ်ဖို့ ကြိုတင်တောင်းပန်ပါတယ်"

ယန်မိန်မိန်က အလိမ္မာနှင့် စကားလုလု သုံးကာ ပြောလိုက်လေသည်။

စိတ်ထားဖြောင့်မတ် တည်ကြည်သည့် ဝန်ရှော၏ စိတ်ထဲတွင် ယန်မိန်မိန်ကို လိမ္မာယဉ်ကျေးသည့် မိန်းကလေး တစ်ယောက်ဟု ထင်မှတ်သွားသည်။

"ကိစ္စမရှိပါဘူးကွယ်။ ပညာအရေးမှာ အသက်ကြီးတယ် ငယ်တယ် ခွဲခြားလို့ မရနိုင်ပါဘူး။ သမီး စိတ်တိုင်းကျသာ ယှဉ်ပြိုင်ဝင်ပါ"

ဝန်ရှောက တည်ငြိမ်စွာပင် ပြောသည်။

"ကောင်းပါပြီ ကျွန်မ စပါတော့မယ်"

ယန်မိန်မိန်က ထိုသို့ ပြောပြီးနောက် လောင်မီးမိစ္ဆာသိုင်းကို သုံးကာ စတင်တိုက်ခိုက်သည်။

ပူပြင်းကြမ်းတမ်းသော လက်ဝါးရိုက်ချက် အားအဟုန်များက ဝန်ရှောကို လွှမ်းမိုး ခြောက်ခြောက်လာသည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာကျော်က တိမ်မြုပ်ပျောက်ကွယ်သွားခဲ့တဲ့ မိစ္ဆာမနောသိုင်း ဒီနေ့ တကယ်ပဲ ပြန်လည်ပေါ်ထွန်းလာပြီကိုး"

ဝန်ရှောက ယန်မိန်မိန်၏ တိုက်ခိုက်မှုများကို ခုခံကာကွယ်ရင်း ရေရွတ်ပြောကြားသည်။

ဝန်ရှော၏ ရေရွတ် ပြောကြားသံကို ကြားရသောအခါ ယန်မိန်မိန်၏ စိတ်ထဲတွင် မိမိ၏ သိုင်းကွက် သိုင်းဟန် လှုပ်ရှားမှုကို သည်အဘိုးကြီး မြင်ဖူးသိဖူး ထားသလားဟု သံသယ ဖြစ်မိသည်။

"ဘိုးဘိုးက ဒီသိုင်းပညာကို မြင်ဖူးသိဖူးလို့လား"



ယန်မိန်မိန်က လောင်မီး မိစ္ဆာသိုင်းဖြင့် ဆက်လက်တိုက်ခိုက်ရင်း မေးခွန်းထုတ်လိုက်၏။

"ကိုယ်တိုင် မြင်ဖူးတွေ့ဖူးတာတော့ မဟုတ်ပါဘူး၊ ငါတို့ ဆရာ ပြောပြလို့ ကြားရတာပါ၊ အင်း ... အခုနေ ထူးချွန်တဲ့ ကာမိမနော သိုင်းသမား တစ်ယောက်ယောက်ရှိရင် သမီးနဲ့ တကယ်ပြိုင်ဘက် ဖြစ်မှာပဲ"

ဝန်ရှော၏ စကားကြောင့် ယန်မိန်မိန်မှာ မဲ့ချင် ဖြစ်သွားကာ ...

"ကာမိမနောသိုင်းက မိစ္ဆာမနောသိုင်းကို တကယ်ပဲ အနိုင်ယူ နိုင်လို့လား"

"သိုင်းပညာ အဆင့်ချင်း တူမယ်ဆိုရင် ကာမိမနောသိုင်းဟာ မိစ္ဆာမနောသိုင်းကို ကောင်းကောင်း အနိုင်ယူနိုင်တာပေါ့"

ဤစကားကို ကြားရသည့်တွင် ချင်းချင်း ကိုယ်တိုင်လည်း မဲ့ မရယ်နိုင် ဖြစ်သွားသည်။

ဝန်ရှောသည် ယန်မိန်မိန်၏ သိုင်းစွမ်းရည်ကို ကြည့်ပြီး မိစ္ဆာမနောသိုင်း၏ အစွမ်းအစကို လျှော့တွက်ခြင်း ဖြစ်မည်ဟုလည်း တွေးမိသည်။

ချင်းချင်းသည် မိစ္ဆာမနောသိုင်းကို အလွန်အထင်ကြီးသည်။ လွန်ခဲ့သည့်နှစ်ပေါင်း တစ်ရာကျော်က မိစ္ဆာမနောသိုင်းနှင့် ကာမိမနော သိုင်းတို့ ရင်ဆိုင်ပြိုင်ပွဲကြီးတွင် မိစ္ဆာမနောသိုင်း အရေးရှုံးနိမ့် သွားရသည့်အဖြစ်ကို ချင်းချင်း ကြားသိထားသည်။

သို့သော် ထိုတိုက်ပွဲကြီးတွင် မိစ္ဆာမနော ဂိုဏ်းချုပ်သည် မိစ္ဆာ

မနောသိုင်းကို အပြည့်အဝ ပိုင်နိုင်စွာ မတတ်သေးပဲ လိုအပ်ချက် အနည်းငယ် ရှိနေ၍ အရေးနိမ့်ခဲ့ရသည်ဟု သူတွက်ထားလေသည်။

မိမိသည် မိစ္ဆာမနောသိုင်းကို ပြည့်ဝကုန်စင်အောင် တတ်မြောက် နေရုံမက ဆန်းသစ်သည့် သိုင်းပရိယာယ် များကိုပါ တီထွင်သုံးစွဲနိုင် နေသည်ဖြစ်ရာ ကာမိမနောသိုင်းကို ကောင်းကောင်းကြီး တုံ့ပြန်အနိုင် ယူနိုင်မည်ဟုလည်း တစ်ထစ်ချ ယူဆထား၏။

မိစ္ဆာ မနောသိုင်းကို အထင်အမြင်သေးသည့် ဝန်ရှောကို အကြောင်း ပြလိုက်ဦးမည်ဟု ချင်းချင်း စိတ်ကူးလိုက်သည်။

"သမီး ... နောက်ဆုတ် ... ဒီပွဲကို မေမေ ဆက်မယ်"

ချင်းချင်း ပြောပြောဆိုဆို တိုက်ပွဲထဲသို့ ပြေးဝင်ပြီး ဝန်ရှောကို မြွေနိုမိစ္ဆာသိုင်းဖြင့် တိုက်ခိုက်လိုက်သည်။

ချင်းချင်း ဝင်လာသောအခါ ယန်မိန်မိန်သည် ရုတ်ချည်းပင် အတိုက်ရပ်ပြီး နောက်ဆုတ်သွားသည်။

သူတို့နှစ်ယောက်သည် သားအမိဖြစ်၍ စိတ်ချင်း နီးစပ်ဆက်နွယ် သည်။ ထို့ပြင် ယန်မိန်မိန်သည် မိခင် ချင်းချင်းနှင့်အတူ မိစ္ဆာမနောသိုင်းကို သင်ကြားလေ့ကျင့် ခဲ့သူလည်း ဖြစ်၏။

တစ်ယောက်နှင့် တစ်ယောက် အပေးအယူ အဆုတ်အတက် အလွန်နားလည်မှုရှိ၏။

ယခုလည်း ချင်းချင်းအဝင်နှင့် ယန်မိန်မိန်အဆုတ် အံကိုက်ဖြစ် သွားကာ ချင်းချင်းနှင့် ဝန်ရှောကို ထိပ်တိုက် ရင်ဆိုင်တိုက်ခိုက် ကြရ သည့်အခြေသို့ ဆိုက်သွားသည်။



ဝန်ရှောနှင့် ရင်ဆိုင်မိသည်နှင့် ချင်းချင်းက လောင်မီး မိစ္ဆာသိုင်း ကို သုံးကာ တိုက်စစ်ဆင်သည်။

မိစ္ဆာမနောသိုင်း၏ အစွမ်းထက်မြက်ပုံကို လက်စွမ်းပြသလို ဖြစ်သောကြောင့် စောစောက ယန်မိန်မိန် သုံးသွားသည့် လောင်မီး မိစ္ဆာသိုင်းကို ချင်းချင်းက တမင်ထပ်သုံးခြင်း ဖြစ်၏။

ယခု ချင်းချင်း ကိုယ်တိုင် အသုံးပြုတိုက်ခိုက်သော လောင်မီး မိစ္ဆာသိုင်းသည် ယန်မိန်မိန် အသုံးပြုစဉ်ကထက်များစွာ အင်အားပြင်းထန် ထက်မြက်လာသည်။

ဝန်ရှောသည် ချင်းချင်း၏ လောင်မီး မိစ္ဆာသိုင်းကို ခုခံနိုင်သေး သည်။

သို့သော် လွယ်လွယ်ကူကူကား မဟုတ်။

အထူးပင် အင်အား ပိုထုတ်ကာ ကြိုးစားယန်းစား ခုခံရခြင်း ဖြစ်သည်။

❖ ❖ ❖

ဝန်ရှော အခြေမပိုင်လာသည်ကို ဝန်ထိုင်ဖေတို့ အကဲခတ်မိကြ သည်။

"နောင်တော်က သူတို့နှစ်ယောက် အနီးကပ် တိုက်ခိုက်နေကြ ဘာကို ကွဲသွားအောင် ကြားဝင်ခွဲပေးပါ။ ကျွန်တော်က ဝန်ရှောရဲ့ နေရာမှာ အစားဝင်တိုက်မယ်"

ရှောင်လင်ကျောင်းတော် ဦးသျှောင်သိုင်းဆရာကြီး တစ်ယောက်

ဖြစ်သော ဝန်ချွန်က တခြား ဦးသျှောင်ဆရာကြီးဖြစ်သူ ဝန်ဟုန်ကို ပြောလိုက်သည်။

ဝန်ချွန်သည် ဦးသျှောင်ဆရာကြီး ခြောက်ယောက်တွင် သိုင်းပညာ စွမ်းရည် အထက်မြက်ဆုံး ဖြစ်သည်။

ဝန်ဟုန်က ခေါင်းညိတ်ပြကာ နှစ်ယောက်သား ပြိုင်တူပင် ရှေ့တက်သွားကြသည်။

ဝန်ဟုန်က အနီးကပ် တိုက်ခိုက်နေကြသော ချင်းချင်းနှင့် ဝန်ရှောကို လူချင်းခေးကွာသွားအောင် ကြားဝင်ခွဲပေးရန် ဟန်ပြင်လိုက်သည်။

ဝန်ချွန်ကလည်း ချင်းချင်းနှင့် ဝန်ရှောတို့ လူချင်းကွဲသွားသည်နှင့် ဝန်ရှော၏ နေရာတွင် ချက်ချင်းအစားထိုး ဝင်ရောက်တိုက်ခိုက်နိုင်ရန် ပြင်ဆင်ထားသည်။

ချင်းချင်းက ဝန်ချွန်နှင့် ဝန်ဟုန်တို့ လုပ်ချင်တိုင်း လုပ်ရန်အခွင့် မပေး။

လေပြင်း မိစ္ဆာသိုင်းကိုသုံးကာ ဝန်ရှော၊ ဝန်ချွန်၊ ဝန်ဟုန် သုံးယောက်လုံးအား လွှမ်းမိုးတိုက်ခိုက် လိုက်သည်။

ဝန်ချွန်နှင့် ဝန်ဟုန်တို့၏ အစီအစဉ် ပျက်သွား၏။

ဝန်ဟုန်အနေဖြင့် ချင်းချင်းနှင့် ဝန်ရှောတို့ နှစ်ယောက်လူချင်း အလှမ်းကွာသွားအောင် ကြားဝင်ကာ ခွဲမပေးနိုင်။

ဝန်ချွန်မှာလည်း ဝန်ရှော၏ နေရာတွင် အစားထိုးဝင်ရောက် တိုက်ခိုက်ခြင်း မပြုနိုင်။



သူတို့နှစ်ယောက်လုံးမှာ မြန်မြန် တိုက်ခိုက်လာသော ချင်းချင်း၏ လေပြင်းမိစ္ဆာသိုင်း၏ လွှမ်းမိုးမှုခံရကာ ဘယ်လိုမှ ရှောင်လွှဲ၍မရနိုင်ဘဲ တိုက်ပွဲထဲသို့ ဝင်မိကြလေတော့သည်။

ဤသို့ဖြင့် ဝန်ဟုန်နှင့် ဝန်ချွန်တို့သည် ဝန်ရှောနှင့်အတူ ပူးပေါင်းကာ ချင်းချင်းကို သုံးယောက်တစ်ယောက် ရင်ဆိုင်တိုက်ခိုက် ကြရသည့် အခြေအနေကို ဆိုက်ရောက် သွားကြလေတော့သည်။

သုံးယောက် တစ်ယောက် ရင်ဆိုင် တိုက်ခိုက်နေရသော်လည်း ချင်းချင်းက အလေးမထား။

မိမိလေ့ကျင့် အောင်မြင်ထားသော မိစ္ဆာမနော သိုင်းပညာများကို အားပြည့်အင်ပြည့် အသုံးချကာ လက်တွေ့တိုက်ပွဲ ဝင်ခွင့်ရသည်ဟုပင် အကျေနပ်ကြီး ကျေနပ်နေ၏။

ဝန်ရှော၊ ဝန်ဟုန်နှင့် ဝန်ချွန်တို့သုံးယောက် ပူးပေါင်းတိုက်ခိုက်မှုသည် ချင်းချင်းအဖို့ လက်ရည်တူ ပြိုင်ဘက်ကောင်း တစ်ယောက်နှင့် ရင်ဆိုင်တိုက်ခိုက်ရသည့် သဘောမျိုး ဖြစ်နေ၏။

ချင်းချင်းသည် မိစ္ဆာမနောသိုင်း၏ ထိပ်တန်းသိုင်းပညာများဖြစ်သော လောင်မီး မိစ္ဆာသိုင်း၊ မိုးကြိုး မိစ္ဆာသိုင်း၊ လေပြင်း မိစ္ဆာသိုင်းနှင့် မြေမိုး မိစ္ဆာသိုင်းတို့ကို တစ်ခုပြီးတစ်ခု တစ်မျိုးပြီးတစ်မျိုး အသုံးချကာ ကြမ်းကြမ်း ရမ်းရမ်း တိုက်ခိုက်သည်။

ကြမ်းကြုတ် ရက်စက်သည့် အရိပ်အငွေ့များသည် တိုက်ပွဲ ခွင်ကိုသာမက ဘေးမှကြည့်၍ နေကြသူများကိုပါ လွှမ်းမိုးထားသည်။

ဝန်ရှော ဝန်ဟုန်နှင့် ဝန်ချွန်တို့ သုံးယောက်ကလည်း ရှောင်လင်

ကျောင်းတော်၏ ဦးစီးခေါင်းဆောင် သိုင်းသမားကြီးတွေပီပီ အဆင့်မြင့် ရှောင်လင် သိုင်းပညာများကို တစ်မျိုးပြီး တစ်မျိုး ထုတ်သုံးကာ မိစ္ဆာ မနောသိုင်းကို ရင်ဆိုင်သည်။

ယခုတိုက်ပွဲသည် မိစ္ဆာ မနောသိုင်းပညာနှင့် ရှောင်လင်သိုင်းပညာတို့၏ စွမ်းရည်ကို ချိန်ထိုးပြသည့် ပွဲသဘောမျိုးပင် ဖြစ်နေသည်။

နှစ်ပေါင်း တစ်ရာအတွင်းတွင် တစ်ကြိမ်တစ်ခါ ပေါ်ပေါက်ခဲ့သော တကယ့်ပွဲကြီး ပွဲကောင်းတစ်ခု ဖြစ်သည်။

မိစ္ဆာမနောသိုင်းသည် ကြမ်းကြုတ်ခက်ထန်သည့် လမ်းလွဲသိုင်းပညာတစ်ခု ဖြစ်သော်လည်း တကယ်ပင် အဆင့်မြင့်ကာ အစွမ်းအစ ထက်မြက်လှကြောင်းကို ရှောင်လင်သိုင်းသမားများ လက်ခံကြရပေတော့သည်။

မိစ္ဆာမနောဂိုဏ်း၏ ဆွဲဆောင်သိမ်းသွင်းရာသို့ သိုင်းသမားအများ တိမ်းညွတ် ပါဝင်ခဲ့ရသည့် အကြောင်းမှန်ကိုလည်း နားလည်လာကြသည်။

သိုင်းသမား အများစုသည် သိုင်းပညာစွမ်းရည် တိုးတက်ရေးကို အလွန်ပင် လိုလားကြသည်။ အချိန်တိုတိုနှင့် သိုင်းပညာစွမ်းရည် မြင့်မားတိုးတက်နိုင်မည့် နည်းလမ်းကို အားကျကာ လိုလားလက်ခံမိသည်မှာ မဆန်းပေ။

တိုက်ခိုက်မှု အရှိန်အဟုန်က ကြမ်းသည်ထက် ပိုကြမ်းလာသည်။

နောက်ဆုတ်ရပ်တန့်မည့် အနေအထား မရှိတော့။ တစ်ဖက်ဖက်မှ



ထိခိုက်သေကြေ မှသာလျှင် ပွဲပြီးနိုင်တော့မည့် အခြေအနေသို့ ရောက်ရှိလာသည်။

မိမိတို့၏ ဦးသျှောင်သိုင်းဆရာကြီး သုံးယောက် အသက်သေဆုံးမည့်အရေးအတွက် ရှောင်လင်သိုင်းသမားများ စိုးရိမ်ပူပန်လာကြလေသည်။

ပြင်းထန်ကြမ်းတမ်းလှသည့် တိုက်ခိုက်မှုတွင်လည်း ဘယ်လိုမှ ကြားဝင်ကာ မစွက်ဖက်နိုင်သည့်အတွက် ဘာလုပ်ရမှန်း မသိတော့အောင် ဖြစ်နေကြသည်။

ထိုအချိန်တွင် မမျှော်လင့်သောနေရာမှ အဖြူရောင်ဝတ်စုံဝတ် လူရွယ်တစ်ယောက် ရုတ်တရက် ပေါ်လာကာ တိုက်ပွဲဖြစ်နေရာသို့ ဦးတည်ပြေးဝင်သွားသည်။

"ဟော သူငယ် ဝင်မရှုပ်နဲ့ အားတွေ့လိမ့်မယ်"

ရှောင်လင်ဂိုဏ်းချုပ် လျှောက်ချင်က လှမ်းအော်သတိပေးလိုက်သည်။

ဝတ်စုံဖြူဝတ် လူရွယ်၏ ပြေးလွှားသွားပုံမှာ အလွန်ပင် လျင်မြန်လှသည်။

လျှောက်ချင်၏ သတိပေးစကားသံ မဆုံးမီမှာပင် တိုက်ခိုက်နေကြသူများကြားထဲသို့ ပြေးဝင်ရောက်ရှိသွားပြီး လက်ဝါးရိုက်ချက်များ သွက်လက်စွာ ရိုက်ထုတ်လိုက်သည်။

"ဝုန်း ... ဝုန်း ... ဝုန်း"

ရင်ဆိုင်တိုက်ခိုက် နေကြသူများ ထိုးနှက်လိုက်သည့် လက်သီး

ထိုးချက်၊ လက်ဝါးရိုက်ချက်၊ ခြေကန်ချက်များက ရုတ်တရက်ကြီး ဝင်လာသူ ဝတ်ရုံဖြူဝတ် လူရွယ်ကို အဝုန်းဝုန်း ထိမိသည်။

ထိုလူရွယ်၏ လက်ဝါးရိုက်ချက်များကလည်း ရင်ဆိုင်တိုက်ခိုက်နေကြသူတို့ကို ထိမိသည်။

တိုက်ခိုက်မှုများသည် ဖျက်ပြားသွားသည်။

အပြင်းအထန် ရင်ဆိုင်တိုက်ခိုက် နေကြသူများ နောက်သို့ ခြေလှမ်းသုံးလှမ်းခန့် ဆုတ်သွားကြရသည်။

လူချင်းလည်း ကွဲသွားကြပြီ။

တိုက်ပွဲလည်း ရပ်သွားသည်။

❖ ❖ ❖

မီမီ၏ သတိပေးစကား အရာမရောက်ကြောင်း တွေ့ရသောအခါ လျှောက်ချင်သည် ဝတ်ရုံဖြူဝတ် လူရွယ်နောက်သို့ ခုန်လွှားပြေးလိုက်သွားသည်။

ပြင်းထန်ကြမ်းတမ်းလှသည့် တိုက်ပွဲခွင်အတွင်းသို့ ဝတ်ရုံဖြူဝတ် လူရွယ် တိုးဝင်ခြင်း မပြုနိုင်မီ ဟန့်တား ဆွဲထားနိုင်ရန် ဖြစ်သည်။

ဝတ်ရုံဖြူဝတ် လူရွယ်၏ လှုပ်ရှားလှုပ်ဆောင်မှုများက လျှင်မြန်လှပေရာ လျှောက်ချင် ရောက်သွားသည့်အချိန်တွင် ဝတ်ရုံဖြူဝတ် လူရွယ်က တိုက်ပွဲကို ဟန့်တားဖြန်ဖြေပေးပြီး ဖြစ်နေသည်။

လျှောက်ချင်က ဝတ်ရုံဖြူဝတ် လူရွယ်ကို လှမ်းတွေ့မည်ပြုသည်။

"ကျွန်တော်ကို မသိနဲ့ ဂိုဏ်းချုပ်ကြီး"



ဝတ်ရုံဖြူဝတ် လူရွယ်၏ သတိပေးသံကြောင့် လျှောက်ချင်သည် ကိုယ်ဟန်ကို ထိန်းလိုက်သည်။

ထိုအချိန်မှာပင် ဝတ်ရုံဖြူဝတ် လူရွယ်၏ ပါးဝင်ထဲမှ သွေးစည်းများ ကျလာတော့သည်။

"ဟို ..."

ဝတ်ရုံဖြူဝတ် လူရွယ် အတွင်းဒဏ် ရသွားပြီ ဖြစ်ကြောင်း လျှောက်ချင် သိလိုက်သည်။

တိုက်ပွဲအတွင်းသို့ ပြေးဝင်လာရာတွင် ဝတ်ရုံဖြူဝတ် လူရွယ်မှာ တိုက်ခိုက်နေကြသူတို့၏ လက်ဝါးရိုက်ချက်၊ လက်သီး၊ ထိုးချက်၊ ခြေကန်ချက်များ အထိခံခဲ့ရသည်။

ထိုသို့ အထိခံခဲ့ရမှုဒဏ်ကို အတွင်းအားဖြင့်လည်းပတ်မှုဖြင့် ထိန်းကာ ခြေဖျောက်ပစ်ရန် ကြိုးပမ်းနေရှိန်တွင် လျှောက်ချင်က လူရွယ်ကို လှမ်းဆွဲရန် ဟန်ပြင်လိုက်သည်။

အကယ်၍ လူရွယ်က လျှောက်ချင်ကို ဟန့်တားစကား မဆိုဘဲ သည့်အတိုင်း ငြိမ်နေခဲ့ပြီး မီမီကို လျှောက်ချင်က ထိကိုင်ဆွဲယူသည့် အခါ မီမီကိုယ်ပေါ်တွင် သက်ရောက်နေသည့် အားအဟုန်များကို လျှောက်ချင်ထံ လွှဲပေးလိုက်မည် ဆိုပါက လျှောက်ချင်မှာ အတွင်းအဆီ အပြင်းအထန် ရရှိသွားမည် မလွဲပေ။

လူရွယ်က ထိုသို့မလုပ်ဘဲ သတိပေး ဟန့်တားစကား ဆိုလိုက်ရာ အတွင်းအား စုစည်းမှု ပျက်ပြားပြီး အတွင်းဒဏ်ရာ ရသွားခြင်းဖြစ်ပေသည်။

ဤတစ်ချက်တည်းနှင့်ပင် လူရွယ်၏ မြင့်မြတ်သော စိတ်ဓာတ်ကို လျှောက်ချင် အကဲခတ် သိရှိသွားသည်။

❖ ❖ ❖

ဝတ်စုံဖြူဝတ် လူရွယ် ပြေးဝင်လာသည်ကို မြင်ရသောအခါ ယန်ဖိန်ဖိန်နှင့် ကြူဝင်ဝင်တို့ နှစ်ယောက်လုံး ရင်ထဲတွင် ဒိန်းခနဲ လှုပ်ရှားသွားကြသည်။

ဝတ်စုံဖြူဝတ် လူရွယ်မှာ နှိုးထင်ချိတ် ဖြစ်နေသောကြောင့် ပင်တည်း။

သူတို့နှစ်ယောက်သည် ရုတ်တရက် စကားမဆိုနိုင်။ ကြောင်အမ်းအမ်း ဖြစ်နေကြသည်။

နှိုးထင်ချိတ်၏ ပါးစပ်မှသွေးများ ယိုစီးကျလာသည်ကို တွေ့ရသောအခါမှ ကြူဝင်ဝင်က စိုးရိမ်သောလေသံဖြင့် ...

"ဟာ ... ဟိုမှာ ... အစ်ကို ... အစ်ကို ထင်ချိတ် ဘာဖြစ်သွားမှန်း မသိဘူး"

ကြူဝင်ဝင်သည် ပြောပြောဆိုဆို ယန်ဖိန်ဖိန်ကို အတင်းဆွဲခေါ်ကာ နှိုးထင်ချိတ် ရှိရာသို့ ပြေးသွားသည်။

ယန်ဖိန်ဖိန်မှာလည်း၊ နှိုးထင်ချိတ်အတွက် အလွန်စိုးရိမ်ပူပန်နေပြီဖြစ်ရာ အတင်းဆွဲခေါ်စရာပင် မလိုဘဲ ကြူဝင်ဝင်နှင့်အတူ ပြေးလိုက်သွားသည်။

နှိုးထင်ချိတ် ရုတ်တရက် ပေါ်လာပြီး ပြင်းထန် ကြမ်းတမ်းသော



တိုက်ပွဲကို ဝင်ရောက်ဟန့်တား ခွဲခွာ ပေးလိုက်သည်ကို မြင့်ရသည့်အခါ ယန်ဖိန်ဖိန်မှာ အလွန်ပင် အံ့ဩလျက် ရင်လည်းတဒိတ်ဒိတ် ခုန်လာရသည်။

ထို့ကြောင့် ...

ရုတ်တရက် စကားပင် မဆိုနိုင်အောင် ဖြစ်သွားရသည်။

ကြူဝင်ဝင် အတင်းဆွဲခေါ်တော့မှာပင် သတိဝင် လှုပ်ရှားလာကာ အပြေးလိုက်သွားခဲ့သည်။

ဝန်ထိုင်အိက ဝတ်စုံဖြူဝတ် လူရွယ်၏ ပြေးလွှားလှုပ်ရှား လုပ်ဆောင်ပုံတို့ကို သေသေချာချာ ကြည့်ရှုနေခဲ့သည်။

ဝန်ထိုင်အိသည် ယခု အသက်တစ်ရာနှစ်ဆယ် ရှိနေပြီဖြစ်သည်။

လွန်ခဲ့သည့် နှစ်ပေါင်းတစ်ရာက ကာဝိမနော သိုင်းကျော်ရှင်နှင့် မိစ္ဆာမနော သိုင်းကျော်ရှင်တို့ အကြိတ်အနယ် ရင်ဆိုင်တိုက်ပွဲကို ကိုယ်တိုင် မျက်မြင် တွေ့ခဲ့ရဖူးသည်။

အသက်နှစ်ဆယ်အရွယ်က တွေ့မြင်ခဲ့ရသည့် တိုက်ပွဲကို ယခုတိုင်ပင် သတိရ မြင်ယောင်နေသေးသည်။

ဝတ်စုံဖြူ လူရွယ်သည် ယခု ပြန်လည်ပေါ်ထွန်းလာသော ကာဝိမနော သိုင်းကျော်ရှင် ဖြစ်ကြောင်းကို ဝန်ထိုင်အိ ကောင်းကောင်းကြီး သိလိုက်သည်။

လွန်ခဲ့သည့် နှစ်ပေါင်းတစ်ရာကျော်က ကိုယ်တိုင်ကြုံခဲ့ရသည့် တိုက်ပွဲအကြောင်းကို ဝန်ထိုင်အိ ပြန်လည်တွေးကြည့်မိသည်။

သို့သော် အချိန်ကြာကြာ မတွေးနိုင်။

မိန္ဒာ မနောဂိုဏ်းချုပ်၏ အေးစက်မာကြောသော စကားသံကြောင့် ဝန်တိုင်အိပ်၏ အတွေးများ ပျက်ပြယ်သွားသည်။

"ကောင်လေး မင်းက ဘယ်သူလဲ၊ ဘာကြောင့် ငါ့ရဲ့တိုက်ပွဲကို ဝင်ပြီး နှောင့်ယှက်ဖျက်ဆီးရတာလဲ"

ချင်းချင်းက နှိုးထင်ချိတ်ကို စိန်းစိန်းကြည့်ပြီး အေးစက်မာကြောစွာ မေး၏။

"မေမေ ဒါ ကျွန်မရဲ့ မိတ်ဆွေပါ"

နှိုးထင်ချိတ် တစ်စုံတစ်ရာ အဖြေမပေးနိုင်မီ ယန်ဖိန်ဖိန်က ကြားဝင်ကာ ပြော၏။

"ဒီမယ် သူငယ် မင်းဟာ ရှောင်လင်ဂိုဏ်း ဘက်ကလား။ ဖို့ သမီးရဲ့ မိတ်ဆွေလား။ ပြတ်ပြတ်သားသား ပြောပါ"

ချင်းချင်းက နှိုးထင်ချိတ်ကို ထပ်မေးပြန်သည်။

"ကျွန်တော်ဟာ ရှောင်လင်ဂိုဏ်းဘက်က မဟုတ်ဘူး။ ဒါပေမယ့် မတရားတာ လုပ်ရင်တော့ ဝင်ဟန့်တားရမှာပဲ"

နှိုးထင်ချိတ်က လေးနက်တည်ကြည်စွာ ပြောသည်။

နှိုးထင်ချိတ်သည် အတွင်းဖော် ရတတ်သူ ဖြစ်သည်။

မိန္ဒာ မနောဂိုဏ်းချုပ်ကို အဖြေစကား ပြောကြားရာတွင် တည်တည် ခန့်ခန့် ရှိစေရန် အတင်းပင်အားတင်း၍ ကိုယ်ကိုမတ်မတ် ရပ်လျက် ပြန်အဖြေပေးရခြင်း ဖြစ်သည်။

စကား ပြောပြီးသည်နှင့် ရင်ဝ၌ တစ်ဆို့ကာ ခေါင်းထဲတွင်



ရိုက်ခံခဲ့ဖြစ်ပြီး လဲကျသွားရာ ဝန်ရှော၊ ဝန်ချွန်၊ ဝန်ဟုန်နှင့် လျှောက်ရှင်တို့က ဝိုင်းဝန်း ဖေးမ ပြုစုပေးကြသည်။

ကြူပင်ဝင်သည် နှိုးထင်ချိတ်ကို လူကောင်းလော၊ လူဆိုးလော ခွဲခြားမရနိုင်ဘဲ စိတ်ရှုပ်ပ ဖြစ်နေခဲ့သည်။

ယခု နှိုးထင်ချိတ်၏ တည် ကြည်လေးနက်စွာ ပြောလိုက်သော စကားများကြောင့် နှိုးထင်ချိတ်သည် စိတ်ထားဖြောင့်မှန်သည့် သိုင်းသမားကောင်း တစ်ယောက်ဖြစ်ကြောင်း သံသယကင်းစွာ လက်ခံသွားတော့သည်။

သတိလစ်နေသော နှိုးထင်ချိတ်ကို ရှောင်လင်ကျောင်းတော်၏ သမ္ဘာရင့် သိုင်းသမားကြီးများက ဝိုင်းဝန်းပြုစုပေးနေချိန်မှာပင် ထိပ်သီး ကဝိနော့, သိုင်းသမားကြီးများ ဖြစ်ကြသော နဂါးမြွေ ပိုင်ကျင်ဟဲ့၊ နဂါးနက် ထန်ဟော်ကျစ် နဂါးနီ မော်ယောက်ကျိ၊ နဂါးစိမ်း ဝူဝင်၊ နဂါးဝါ လူအင်းဝါ။ မိုးနဂါး ဆာချင်ဟုန့် စသူတို့ အလျိုလျိုပေါ်ထွက် လာကြသည်။

မိန္ဒာ မနောဂိုဏ်း၏ ရန်စွယ်ကို နှိမ်နင်းဖယ်ရှား နိုင်ရန်အတွက် နှိုးထင်ချိတ်က ကဝိမနောသိုင်းသမားများကို စုစည်းခေါ်ဆိုသည့်စာကို ယန်လောက်ဆန်အား ပေးအပ်ကာ ကဝိမနောနန်းသို့ စေလွှတ်ခဲ့သည်။

မိန္ဒာ မနောဂိုဏ်း၏ လက်ယာ သိုင်းသမားသုံးယောက်တို့နောက် ယောင်ခံ လိုက်ပါလာမှုကြောင့် ယန်လောက်ဆန်မှာ အနှောင့်အယှက် ဖြစ်ပြီး ခရီးဖင့်ခဲ့သည်။

သို့သော် မိန္ဒာ မနောဂိုဏ်း၏ လက်ယာ သိုင်းသမားများ၏

ရန်မှ အလွတ်ရုန်းနိုင်ကာ နှိုးထင်ချိတ် ပေးအပ်လိုက်သည့် တာဝန်ကို ပြည့်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

ဗိုလ်ကင်းနေပြည်တော်သို့ ကဝိမနော သိုင်းသမားများ ရုတ်ချည်းရောက်လာသည်နှင့် နှိုးထင်ချိတ်သည် မိစ္ဆာမနောဂိုဏ်းကို ရင်ဆိုင်ချေမှုန်းရန် ကောင်ဆန်းတောင်သို့ ခရီးပြင်းနှင်လာခဲ့သည်။

ကဝိမနော သိုင်းသမားများ ကောက်ဆန်းတောင်သို့ ရောက်ရှိလာကြချိန်တွင် မိစ္ဆာ မနောဂိုဏ်း ဘက်တော်သားများက ကောက်ဆန်းတောင်တစ်ခုလုံး နီးပါးကို အုပ်စီးသိမ်းပိုက် ထားနိုင်ကြပြီ ဖြစ်သည်။

နှိုးထင်ချိတ်သည် မိမိ၏ ကဝိမနော သိုင်းသမားများကို စစ်ကြောင်းများ ခွဲဖြန့်ကာ မိစ္ဆာ မနောဂိုဏ်း၏ ဘက်တော်သားများအား နှိမ်နင်းရန် အမိန့်ပေးပြီးနောက် ပိုင်ကျင်လုံ၊ ထန်တောက်ရှန်စသည့် ထိပ်သီး ကဝိမနော သိုင်းသမားကြီးများကိုခေါ်ပြီး ကောက်ဆန်းတောင်ထိပ်ရှိ ရှောင်လင်ကျောင်းတော်သို့ အမြန်ဆုံး တက်လာခဲ့သည်။

သိုင်းပညာနှင့် ကိုယ်ဖော့ပညာ အကောင်းဆုံးဖြစ်သော နှိုးထင်ချိတ်က အလျင်ဆုံး ရောက်ရှိသွားပြီး ကျန်ကဝိမနော သိုင်းသမားကြီးများက ရှေ့ဆင့်နောက်ဆင့် ရောက်ရှိလာကြခြင်း ဖြစ်ပေသည်။

❖ ❖ ❖

ပိုင်ကျင်လုံကို တွေ့သောအခါ ချင်းချင်းမှာ အကြီးအကျယ် ဝေါသထွက်လာရသည်။

နှိုးဟုန်သေဆုံးခဲ့ရ၍ မိမိအလွန်ချစ်ရသော မမလေး ပိုင်စုကျင်၏



သာယာအေးချမ်းသော ဘဝလေးပျက်စီးရ၍ ပိုင်စုကျင်၏ ရက်သားမှုသာ ရှိသေးသော ကလေးငယ်ကို မိမိက မွေးချိကာ သေးရန်မှ လွတ်ကင်းအောင် ထွက်ပြေးခဲ့ရ၍ တောနက်ကြီးထဲတွင် ကလေးငယ် ပျောက်ဆုံးသွားရာ ယနေ့တိုင်ပြန်လည် မတွေ့နိုင်သေးသဲ ရှိနေမှုတို့ကို တစ်ရုပြီးတစ်ရု ပြန်လည်မြင်ယောင်လာသည်။

ကြမ်းကြုတ်ရက်စက်သော မိစ္ဆာမနောသိုင်းကို လေ့ကျင့်ခဲ့သည့်အတွက် ချင်းချင်း၏ စိတ်ဓာတ်မှာ အလွန်ပင် ခက်ထန်ကြမ်းတမ်းလာခဲ့သည်။

ယခု မိမိမုန်းတီးလှသည့် ပိုင်ကျင်လုံနှင့် မျက်နှာချင်းဆိုင်တွေ့ရသောအခါ ချင်းချင်းသည် ဒေါသအကြီးအကျယ်ထွက်လာပြီး ကြမ်းတမ်းရက်စက်သောစိတ်လည်း အဆေါင်အရှားသို့ ရောက်အောင်ပင် မြင့်းထန်လာသည်။

"ပိုင်ကျင်လုံ ... ရှင်ကျွန်မကို မှတ်မိရဲ့လား"

ချင်းချင်းက ဒေါသစိတ်ကြောင့် မီးဝင်းဝင်း တောက်နေသည့် မျက်လုံးကြီးများဖြင့် ပိုင်ကျင်လုံကို ကြည့်ပြီးမေး၏။

ယခင်က ပိုင်ကျင်လုံကို သခင်ကြီးဟု ခေါ်ကာ ရိုရိုသေသေ ပြောဆို ဆက်ဆံသော်လည်း ယခုမူ နာမည်ကိုခေါ်ကာ ခပ်ကြမ်းကြမ်း ပင်ခပြောလိုက်သည်။

"ဟင် ... ချင်းချင်း"

ပိုင်ကျင်လုံက တအံ့တသြ ရေရွတ်သည်။

သိုင်းလောကတစ်ခုလုံး မိန့်မိန့်တုန်လောက်အောင် နာမည်ကြီး

နေသည့် မိန္မာမနော ဂိုဏ်းချုပ်သည် ချင်းချင်းဖြစ်နေကြောင်းသိရသည့် အတွက် ပိုင်ကျင်လုံမှာ အလွန်တုံ့ဩနေမိသည်။

"ဟုတ်တယ် ကျွန်မ ချင်းချင်းပဲ၊ ကျွန်မရဲ့ မမလေးနဲ့ ကျွန်မရဲ့ တူတော်မောင်လေးကို သတ်ဖြတ်ခဲ့တဲ့အတွက် ရှင့်ကို လက်တုံ့ပြန်ချင်နေတာကြာပြီ ဒီနေ့မှပဲ ရှင့်နဲ့တွေ့ရတော့တယ်"

ချင်းချင်း၏စကားများက အေးစက်မာကြောလှသည်။

သေမင်းတမန်၏ နှုတ်များမှ ထွက်လာသည့်စကားများနှင့်ပင် တူနေသည်။

"ငါ့သားမက် နှီးဟုန်ကို ငါသတ်မိပေမယ့် ငါ့သမီးနဲ့ ငါ့မြေးကလေးကိုတော့ ငါမသတ်ပါဘူး၊"

ထိုအချိန်တွင် နှီးထင်ချိတ်သည် သတိလစ်နေပြီး ရှောင်လင်သိုင်းသမားကြီးများ၏ ပိုင်းဝန်းပြုစုပေးမှုကို ခံနေရသည်။

ထို့ကြောင့် ပိုင်ကျင်လုံနှင့် ချင်းချင်းတို့ အပြန်အလှန်ပြောကြားနေသည့်စကားများကို မကြားမိပေ။

မိမိ၏ဖခင် နှီးဟုန် သေဆုံးသွားပြီ ဖြစ်ကြောင်းကို နှီးထင်ချိတ်သိထားပြီးဖြစ်သော်လည်း ပိုင်ကျင်လုံ၏ လက်ချက်ဖြစ်ကြောင်းကိုကား မသိပေ။

ဖခင်နှီးဟုန်ကို သတ်ဖြတ်ခဲ့သူအား စုံစမ်းဖော်ထုတ်ရန်လည်း နှီးထင်ချိတ် ဆုံးဖြတ်ထားသည်။ ထို့ပြင် မိမိတွေ့မမယ်ဘဝက မိမိကို သက်စွန့်ဆံဖျား ကယ်တင်စောင့်ရှောက်ပေးခဲ့သူ ဒေါ်လေး ချင်းချင်း ဆိုသူကိုလည်း နှီးထင်ချိတ် အလွန်သိလို တွေ့လိုနေသည်။



ယခု သတိလစ်နေသော နှီးထင်ချိတ်အနေနဲ့ ပိုင်ကျင်လုံနှင့် ချင်းချင်းတို့ အပြန်အလှန် ပြောဆိုနေသော စကားများကို မကြားနိုင်သည့် အတွက် သူသိလိုလှသည့် အကြောင်းများကို သိနိုင်မည့် အခွင့်အလမ်း တစ်ရ လက်လွှတ်ဆုံးရှုံး သွားခဲ့ရပေသည်။

✥ ✥ ✥

# အခန်း(၅)

"ရှင်ကို ငရဲပြည်ပို့ရမယ်"

အလွန်ဒေါသကြီးနေသော ချင်းချင်းသည် နတ်မှအော်ဟစ်ကြိမ်းဝါးရင်း ဝိုင်ကျင်လုံကို အတင်းဝင်တိုက်ခိုက်သည်။ ဝိုင်ကျင်လုံ ဘာမျှ ရှင်းပြခွင့်မရ။

နဂါးမြွေ မိုးပျံသိုင်းကွက်ကိုသုံးကာ ချင်းချင်း၏ တိုက်ခိုက်မှုကို အလျင်အမြန်ရှောင်သည်။

မိစ္ဆာမနောသိုင်းကျမ်းပါ သိုင်းပညာအားလုံး အောင်မြင်တတ်မြောက် နေပြီဖြစ်သော ချင်းချင်း၏ သိုင်းပညာ စွမ်းရည်မှာ အလွန်မြင့်မားထက်မြက်နေသည်။

ဝိုင်ကျင်လုံ၏ သိုင်းပညာစွမ်းရည်သည် ထိပ်တန်းအဆင့်တွင်ရှိသော်လည်း မိစ္ဆာမနောသိုင်းကျမ်းရှင်ကိုတော့ မယှဉ်နိုင်။

မိစ္ဆာမနောသိုင်းသည် ကြမ်းတမ်းခက်ထန်မှုကို အခြေခံသည်။ တစ်ဖက်ပြိုင်ဘက်ကို သက်ညှာမှုလုံးဝမရှိဘဲ ရက်ရက်စက်စက် တိုက်ခိုက်သည့် သိုင်းကွက်များဖြစ်သည်။





ရန်သူကိုမုန်းတီးပြီး အနိုင်ယူလို စိတ်ပြင်းပြမှုသည် မိစ္ဆာမနောသိုင်း၏ စိတ်ဓာတ်အခြေခံဖြစ်သည်။

ချင်းချင်းသည် လောကကြီးတွင် ဝိုင်ကျင်လုံကို အမုန်းတီးဆုံးဖြစ်သည်။

ဝိုင်ကျင်လုံကို အနိုင်ယူချေမှုန်း အဖြစ်လိုကဲ့၊ ဖြစ်သည်။

ထို့ကြောင့် ဝိုင်ကျင်လုံကို တိုက်ခိုက်ရာတွင် ချင်းချင်း၏ စိတ်ဓာတ်သည် မိစ္ဆာမနောသိုင်း၏ လိုအပ်ချက်နှင့် အလွန်ပင် အလိုက်လျောဆုံးဖြစ်သည့် အခြေအနေတွင် ရှိနေသည်။

ချင်းချင်း၏ တိုက်ကိုက်မှုများက အလွန်ပင် ပြင်းထန်ကြမ်းတမ်းလှသည်။ ဝိုင်ကျင်လုံ အသေအလဲပင် ခုခံနေရသည်။

အနိုင်အရှုံး တိုက်ခိုက်သည့် သာဓာမဟုတ်တော့ဘဲ အသေအကြေတိုက်ခိုက်သည့် သတ်ပွဲအဖြစ်သို့ပင် ရောက်နေသည်။

ဝိုင်ကျင်လုံ အခြေမဟန်ကြောင်း တွေ့ရသည်တွင် နဂါးနက်ထန်တောက်ရှန်သည် ကြည့်မနေနိုင်တော့ဘဲ ဝိုင်ကျင်လုံဘက်မှ ဝင်ရောက်တိုက်ခိုက် ပေးရလေတော့သည်။

"ယကျွထင်းရှွေငါးဖော် ဘာလုပ်နေတာလဲ၊ ကာဗိုနာသိုင်းသမားတွေကို ဝင်တိုက်ပါတော့လား၊"

အခြေအနေက ရုတ်ရုတ်သဲသဲ ဖြစ်နေပြီမို့ တိုးလွှန်တိုးက အော်ဟစ် ပြောဆိုလိုက်သည်။ ယကျွထင်းရှွေငါးဖော်တို့လည်း မှုဆိုးနံလက်နက်များကို ဆွဲထုတ်ကာ ပြေးထွက်လာကြသည်။

မိုးနဂါးတော့ချင်ဟုန်၊ နဂါးနီ မော်ယောက်ကျိုနှင့် နဂါးစိမ်းဝူစင်

နှင့် မြေနဂါးကိုတ်းစွဲမှုး နှန့်ကိုပြောင်းတို့က ယက္ခထင်းရွှေ ငါးမော်ကို ရင်ဆိုင်သည်။

ဝိုင်ကျင်လုံနှင့် ထန်တောက်ရှန်တို့မှာ ချင်းချင်းကို နှစ်ယောက် ပေါင်း ရင်ဆိုင်နေရသော်လည်း အခြေအနေက ယိမ်းယိုင်လျက်ရှိသည်။ မထော်သာသည့်အဆုံး နဂါးဝါ လှအင်းဖါးက ပါဝင်ကူညီအားဖြည့် ပေးရလေသည်။

ဤသို့ဖြင့် ကာဝိမနောဂိုဏ်း၏ ထိပ်တန်းသိုင်းသမားများနှင့် မိဋ္ဌာမနောဂိုဏ်း၏ ထိပ်တန်းသိုင်းသမားများ ရင်ဆိုင်တိုက်ခိုက်သည့် တိုက်ပွဲကြီး ဖြစ်ပွားလေတော့သည်။

ကာဝိမနောသိုင်းနှင့် မိဋ္ဌာမနောသိုင်းတို့၏ အတိတ်က ဇာတ် ကြောင်းများကို သိနေသည့် ရှောင်လင်သိုင်းသမားများသည် ဤတိုက် ခိုက်မှုများတွင် ဝင်ရောက်မစွက်ဖက်ဘဲ ဘေးမှသာ ကြည့်နေကြသည်။

ထိုနည်းတူ တိုးလွန်တိုးနှင့် မြူမည်းဂိုဏ်းသားများ အပါအဝင် မိဋ္ဌာမနောဂိုဏ်း၏ မိတ်ဘက်သိုင်းသမားများကလည်း ပွဲကြည့်သာ လုပ်နေကြသည်။

အကယ်၍လိုအပ်လျှင် ပါဝင်တိုက်ခိုက်နိုင်ရန်မှု အသင့်ဖြင့်ထား ကြသည်။

ထိုအချိန်တွင် နှီးထင်ချိတ်မှာ သတိရလာပြီဖြစ်သည်။

သို့သော် ...

စိတ်အာရုံကို စုစည်းကာ သွေးလေလည်ပတ်မှု မှန်ကန်အောင် ထိန်းသိမ်းနေရသေးသောကြောင့် ကာဝိမနော သိုင်းသမားများနှင့်



မိဋ္ဌာ မနောသိုင်းသမားများ ရင်ဆိုင်တိုက်ခိုက်နေကြသည်ကို သတိမထား မိသေးပေ။

✣ ✣ ✣

ကာဝိမနော သိုင်းသမားများနှင့် မိဋ္ဌာမနော သိုင်းသမားများ၏ တိုက်ခိုက်မှုက ပြင်းထန်သည်ထက် ပြင်းထန်လာသည်။

ဝိုင်ကျင်လုံ၊ ထန်တောက်ရှန်၊ လှအင်းဝါးတို့ သုံးယောက်နှင့် ချင်းချင်းတစ်ယောက် ရင်ဆိုင်တိုက်ခိုက်နေသည့် တိုက်ပွဲမှာ အကြမ်း တမ်း အပြင်းထန်ဆုံး ဖြစ်သည်။

အတွင်းအားနှင့် သိုင်းပညာစွမ်းရည်တွင် ချင်းချင်းက သာသည်။ ဝိုင်ကျင်လုံတို့သုံးယောက်မှာမူ တိုက်ခိုက်မှုအတွေ့အကြုံ ရင့်ကျက်ပြီး တစ်ယောက်နှင့်တစ်ယောက် အပေးအယူမျှမျှ ပူးပေါင်းတိုက်ခိုက်နိုင် မှုတွင် သာလွန်သည်။

ထို့ကြောင့် ချင်းချင်းက ထိုးစစ်ဖြင့် အုပ်စီးထားသော်လည်း ဝိုင်ကျင်လုံတို့ သုံးယောက်ကို အလွယ်နှင့်အနိုင် မယူနိုင်သေးဘဲ ရှိ နေသည်။

ယက္ခ ထင်းရွှေငါးမော်တို့နှင့် ရင်ဆိုင်တိုက်ခိုက်သည့် နေရာတွင် မူ ကာဝိမနောဂိုဏ်းဘက်မှာ အခြေအနေ ကောင်းနေသည်။

ယက္ခ ထင်းရွှေငါးမော်တို့သည် မိဋ္ဌာမနောဂိုဏ်းတွင် လက်ရွေးစင် သိုင်းသမားများဖြစ်ကြသည်။ သူတို့၏ ဓုစရိုက်ငါးပါး သိုင်းကွက်သည် အလွန်အစွမ်း ထက်မြက်သည်။ သို့သော် ထိပ်သီးကာဝိမနော သိုင်း

သမားများ၊ ဖြစ်ကြသော ဆာချင်ဟုန်၊ မော်ယောက်ကျိ ဝူစင်၊ စွန်ကိုပြောင်းတို့နှင့် ရင်ဆိုင်ရသည့် အတွက် သူတို့အဖို့ ကံဆိုးသွားသည်။

တိုက်ခိုက်မှုအချိန် ကြာလာသည်တွင် ယကူ ထင်းခွေငါးမော်တို့မှာ စိတ်မရှည်နိုင်ကြတော့၊ အထူးသဖြင့် ဒေါသကြီးသော တိန်အောက်မင်မှာ စိတ်တိုလာကာ ၊နိုင်လိုဇော ကြီးလာသည်။

ဤအခြေအနေတွင် တိန်အောက်မင်နှင့် ဆာချင်ဟုန်တို့ ရင်ဆိုင်မိကြသည်။

ယကူ ထင်းခွေငါးမော်တို့သည် ယခု မိမိတို့ရင်ဆိုင် တိုက်ခိုက်နေရသည့် ကာဗီမနော သိုင်းသမားကြီးများ၊ အကြောင်းကို သေသေချာချာ မသိကြ။ ထို့ပြင် မိမိတို့၏ သိုင်းပညာစွမ်းရည်ကို အထင်ကြီးသည့် စိတ်ခံစား အခြေခံလေးများကလည်း ရှိနေသည်။

ဆာချင်ဟုန်သည် ကိုယ်ခန္ဓာ ပိန်ပိန် သေးသေးဖြစ်ပြီး ရုတ်တရက်ကြည့်လျှင် ထိပ်တန်း သိုင်းအကျော်အမော် တစ်ယောက်ဟု ထင်ရစရာ အကြောင်း မရှိပေ။

ထို့ကြောင့် တိန်အောက်မင်မှာ ဆာချင်ဟုန်ကို အထင်သေးကာ အပြတ်အနိုင် ယူလိုက်မည်ဟူသော စိတ်ကူးဖြင့် မြူနီးမိစ္ဆာသိုင်းကိုသုံး၍ သွက်လက်စွာ ကိုယ်ဟန်လှုပ်ရှားပြီး ပြင်းထန်ကြမ်းတမ်းသော ပုဆိန်ခုတ်ချက် သုံးချက်ဆင့်ခုတ်သည်။

ခုတ်ချက်သုံးချက်လုံးသည် သေကွင်းသေကွက်နေရာများကို ချည်းရွေးကာ ခုတ်ပိုင်းတိုက်ခိုက်သည့်ပွဲသိမ်း ခုတ်ချက်များချည်းဖြစ်သည်။



တစ်ချက်ထိမိရုံနှင့် အသက်ပျောက်သွားနိုင်သည်။

သည့်ပုဆိန်ချက် သုံးချက်နှင့် ပွဲသိမ်း အနိုင်ယူနိုင်မည်ဟူ၍လည်း တိန်အောက်မင် အပိုင်တွက်ထားသည်။

သို့ရာတွင် တိန်အောက်မင် ရင်ဆိုင်ရသူမှာ သာမန်သိုင်းသမားမဟုတ်။ တစ်ချိန်က ဂိုဏ်းအဖွဲ့တစ်ခုကို ဂိုဏ်းချုပ်အဖြစ် ဦးဆောင်လာခဲ့သည့် ဝါရင့်ကာဗီမနော သိုင်းသမားကြီးတစ်ဦး ဖြစ်နေသည်။

မိုးနဂါးဆာချင်ဟုန်ဟူသော အမည်ခံယူထားသည်ကိုကြည့်လျှင် မည်သို့သောသိုင်းပညာမျိုးတွင် အစွမ်းထက်မြက်ကြောင်း သိသာနိုင်သည်။

ဆာချင်ဟုန်သည် တိန်အောက်မင်၏ ပုဆိန်ချက်များကို သွက်လက်မြန်ဆန်စွာ လှုပ်ရှားရှောင်တိမ်းပေးပြီး သွက်လက်သော ဓားချက်များဖြင့် တန်ပြန်တိုက်ခိုက်သည်။

စိတ်ထင်တိုင်း မပေါက်သောကြောင့် တိန်အောက်မင် ပို၍ဒေါသဖြစ်လာကာ ဆာချင်ဟုန်ကို အတင်းတရကြမ်းမင်း ဆက်လက် တိုက်ခိုက်သည်။

ပုဆိန် ခုတ်ချက်တွေ ပိုကြမ်းလာ၏။

တိန်အောက်မင်၏ ပုဆိန်ခုတ်ချက် ပိုကြမ်းတမ်းလေ ဆာချင်ဟုန်၏ လှုပ်ရှားရှောင်တိမ်းမှု ပိုသွက်လာပြီး တန်ပြန်တိုက်ချက်တွေက ပိုမြန်လေ ဖြစ်နေသည်။

တိန်အောက်မင်မှာ တိုက်စစ်ဆင်နေရာမှ ခံစစ်အနေအထားမျိုး ရောက်နေသည်။ သူ့ပုဆိန်ချက်တွေက ဆာချင်ဟုန်ကို ထိထိရောက်

ရောက် မပြိုင်ချောက်နိုင်။ ဆော့ချင်ဟုန်၏ ဓားချက်များကသာ သူ့ကို အသက်ရှူမှားလောက်အောင် ဖိနှိပ်တိုးနှက်လာသည်။

ဆော့ချင်ဟုန်၏ ဓားချက်များက တိန်အောက်မင်ကို စုတ်ပိုင်းမိတော့မည့်အခြေအနေကို ရောက်လာသောအခါတွင် ယကျွထင်းရွှေအမှတ်တစ် တိန်ရန်ချွန်က ဝင်ရောက် ကာကွယ်ပေးလာသည်။

ယကျွ ထင်းရွှေငါးဖော်တို့ အတူတူမူးပေါင်း၊ လှုပ်ရှားတိုက်ခိုက်သည့်အခါတွင် အကြီးဆုံးဖြစ်သူ တိန်ရန်ချွန်သည် အလယ်ဗဟို အခ်ကနေရာမှ နေရာယူ လှုပ်ရှားသည်။

ရန်သူကို သတ်ယက်မှတ်မှတ် ထိုးဖစ်ဆင် တိုက်ခိုက်သည့်နေရာ ထွင်မပါဝင်။

ကျန်ယကျွ ထင်းရွှေလေးဖော်တို့၏ ဟာကွက်လိုကွက် နေရာများတွင် လိုအပ်သလို အားဖြည့်ပေးသည့် နေရာမှသာ ပါဝင်လှုပ်ရှားသည်။

ယကျွထင်းရွှေ တစ်ယောက်ယောက် ရန်သူ၏ထိုးနှက်မှုကို ခံရတော့မည့်အချိန်မျိုးတွင် တိန်ရန်ချွန်က ပါဝင်ကာကွယ်ပေးသည်။

တစ်နည်းဆိုရသော် တိန်ရန်ချွန်သည် ယကျွထင်းရွှေအားလုံးအတွက် ခံစစ်တာဝန်ယူထားသည့် သဘောဖြစ်သည်။

ထိုသို့ တိန်ရန်ချွန်က ခံစစ်တာဝန် ယူထားသောကြောင့် ကျန်ယကျွ ထင်းရွှေလေးဖော်တို့အဖို့ တိုက်စစ်ကိုသာ အလေးထားထိုးနှက်နိုင်ပေသည်။

အတွေ့အကြုံရင့်ကျက်သော ဆော့ချင်ဟုန်သည် ချက်ချင်းပင်



ယကျွထင်းရွှေငါးဖော်တို့၏ တိုက်စစ်ခံစစ် တာဝန်ခွဲဝေထားပုံ သဘောကို သိရှိနားလည်သွားသည်။

အကယ်၍ တိန်အောက်မင်အနေဖြင့် ဆော့ချင်ဟုန်ကိုသာ မပြီးတိုက်ခိုက်မနေဘဲ တခြားသော ယကျွထင်းရွှေ တစ်ယောက်ယောက်နှင့် နေရာပြောင်းလဲ၍ သိုင်းကွက်လှုပ်ရှား တိုက်ခိုက်မည်ဆိုလျှင် ဆော့ချင်ဟုန်အနေဖြင့် ဤကဲ့သို့ နှိပ်စက်နိုင်မည် မဟုတ်ပေ။

ယခုမူ ဒေါသကြီးပြီး စိတ်တိုတတ်သော တိန်အောက်မင်၏ ဆော့ချင်ဟုန်ကို အနိုင်ရလိုစိတ်ဖြင့် ခေါင်းမဲကာ တိုက်ခိုက်နေမှုကြောင့် ယကျွထင်းရွှေတို့၏ တိုက်စစ်ခံစစ် နည်းဗျူဟာကို ဆော့ချင်ဟုန် ရိပ်မိသွားခဲ့သည်။

ဤသို့ရိပ်မိသည့်အတွက် ဆော့ချင်ဟုန်အဖို့ တိန်အောက်မင်ကို အနိုင်ယူ ချေမှုန်းနိုင်မည့် နည်းလမ်း တွေးမိသွားစေ ဖြစ်သည်။

ဆော့ချင်ဟုန်သည် တိန်အောက်မင်၏ ပုဆိန် ခုတ်ချက်ကို ရှောင်တိမ်းပြီးနောက် သွက်လက်သော ဓားချက်ဖြင့် အပိုင်အနိုင် တိုက်ခိုက်မည် ဖြစ်လိုက်သည်။

ထကာယ် တိုက်ခိုက်ရန်ကား မရည်ရွယ်။

တိန်ရန်ချွန် ပါဝင်ကာကွယ်ပေးအောင် ရွယ်ရောင်ဟန်ပြ စိတ်ခေါ်လိုက်ခြင်းသာ ဖြစ်သည်။

ဆော့ချင်ဟုန် တွက်ထားသည့် အတိုင်းပင် တိန်ရန်ချွန်သည် တိန်အောက်မင်ကို အကာအကွယ်ပေးရန် တိုးဝင်လာသည်။

ကြိုတင် စီစဉ်ထားပြီးဖြစ်သော ဆော့ချင်ဟုန်သည် တိန်အောက်

မင်ကို ဦးတည်ထိုးရက်သည့် ဓားချက်ကို ချက်ချင်းပင် တိန်ရန်ချွန်ဘက်သို့ လမ်းကြောင်း ပြောင်းပေးလိုက်သည်။

မမျှော်လင့်ဘဲ ဆာ့ချင်ဟုန်၏ ဓားချက်ကို ရင်ဆိုင်ရသည့် အတွက် တိန်ရန်ချွန်မှာ လန့်သွားကာ တိန်အောက်မင်းအား အကာ အကွယ်ပေးထားသည့် ပုဆိန်ချက် ကမန်းကတန်း ပြန်ရုပ်သိမ်းပြီး မိမိကိုယ်မိမိ ကာကွယ်လိုက်ရသည်။

ဤအကွက်ကို ကြိုတင်မြင်ထားပြီး ဖြစ်သော ဆာ့ချင်ဟုန်သည် တိန်အောက်မင်းအား အကာအကွယ် ပေးထားသည့် တိန်ရန်ချွန်၏ ပုဆိန်ချက် ရုပ်သိမ်းသွားသည်နှင့် မိမိ၏ဓားရှည်ကိုလည်း မူလလမ်း ကြောင်းအတိုင်း ပြန်လည်ပြောင်းလွှဲကာ တိန်အောက်မင်ဘက်သို့ လှမ်းထိုးသည်။

တိန်ရန်ချွန်၏ ကာကွယ်ပေးမှု ရနေပြီဟု စိတ်ချလက်ချ ရှိ နေသူ တိန်အောက်မင် ကောင်းကောင်းကြီး အငိုက်မိသွားသည်။

ဆာ့ချင်ဟုန်၏ ဓားချက်ကို ဘယ်လိုမှ မခုခံနိုင်။

“အား ...”

“ဟာ ... ညီလေးကို ထိသွားပြီ”

တိန်အောက်မင်၏ နာကျင်စွာ အော်ဟစ်သံနှင့်အတူ တိန်ရန်ချွန်၏ အလန့်တကြားရေရွတ်လိုက်သံက တစ်ဆက်တည်း ပေါ်လာသည်။

ဓားချက်အထိခံရသော တိန်အောက်မင်၏ ကိုယ်ခန္ဓာ မြေကြီးပေါ် ဘိုင်းကနဲ လဲကျသွားသည်နှင့် ဆာ့ချင်ဟုန်သည် တိန်ရန်ချွန်ကို ဆက်လက်ထိုးနှက် တိုက်ခိုက်ပြန်သည်။



တိန်အောက်မင် ဓားချက် အထိခံရသည်ကို တွေ့ရ၍ဒိုးဒိုးတုန် လှုပ်သွားသူ တိန်ရန်ချွန်သည် မိမိထံ ဝင်ရောက်လာသော ဆာ့ချင်ဟုန်၏ ဓားချက်ကို ကမန်းကတန်းပင် ဆီးကြို ခုခံလိုက်ရသည်။

“ခလံ ...”

ပုဆိန်နှင့် ဓားရှည်ထိသံ မြည်ဟိန်းသွားသည်။

ယကွထင်းခွေတို့ အရေးမလှ ဖြစ်နေချိန်တွင် ချင်းချင်းကမူ ပိုင်ကျင်လုံတို့ကို ကောင်းကောင်းကြီး ဒုက္ခ ပေးနေနိုင်ခဲ့သည်။

သုံးယောက် တစ်ယောက် ရင်ဆိုင် တိုက်နေသည့် ပွဲတွင် သုံးယောက်ဖြစ်သော ပိုင်ကျင်လုံတို့မှာ တိုက်စစ် တစ်ကွက်တလေမျှ မဆင်နိုင်၊ ခံစစ်ကိုသာ အသေအလဲ ပြုနေရသည်။

တစ်ယောက်တည်းဖြစ်သူ ချင်းချင်းကတော့ တိုက်စစ် တစ် ကွက်ပြီး တစ်ကွက် ဆင့်ကဲဆင့်ကဲ ခွဲနေသည်။

တစ်ဦးတစ်ယောက်မှ ထိခိုက်မိခြင်း မရှိသေးသော်လည်း ကြည့်နေသူတို့၏ မျက်စိထဲတွင်မူ အနိုင်အရှုံး အဖြေ ပေါ်နေပြီဖြစ်သည်။

ပိုင်ကျင်လုံတို့ သုံးယောက် အထိနာတော့မည်မှာ အချိန်ပိုင်း လောက်သာ လိုတော့ကြောင်း အားလုံးက မြင်တွေ့နေရသည်။

နောက်ထပ်သိုင်းကွက် ဆယ်ကွက်လောက် တိုက်ခိုက်ပြီးချိန် ပိုင်ကျင်လုံတို့ မရှုမလှ အရေးနိမ့်ရ ပေတော့သည်။

ချင်းချင်း၏ တိုက်စစ်က ပိုပြင်းလာသည်။

ပိုင်ကျင်လုံတို့ ကာဗီမနော သိုင်းသမားသုံးယောက်၏ ခုခံ ကာကွယ်မှု ဖရိုဖရဲ ဖြစ်လာသည်။

ချင်းချင်းသည် နာကျည်း မုန်းတီးစိတ်ကြောင့် ပိုင်ကျင်လုံ ကိုသာမဲ၍ တိုက်ခိုက်သည်။

သူနှင့် ရင်ဆိုင်တိုက်ခိုက်သည့် ကာဝီမရော သိုင်းသမားကြီး သုံးယောက်တွင် လူအင်းဝါးသည် သိုင်းပညာ အနိမ့်ဆုံးဖြစ်ပြီး ပိုင်ကျင်လုံမှာ သိုင်းပညာ အကောင်းဆုံး ဖြစ်သည်။

အကယ်၍ လူအင်းဝါးကို အလျှင်ဆုံးချေမှုန်း ပစ်ခဲ့လျှင် တိုက်ပွဲက စောစောစီးစီး ပြီးပြတ်သွားနိုင်သည်။

ယခုမူ ချင်းချင်းသည် သိုင်းပညာ အကောင်းဆုံး ဖြစ်သူ ပိုင်ကျင်လုံကို မဲတိုက်ခိုက်နေသောကြောင့် တိုက်ပွဲအချိန် ပိုကြာနေ သည်။

သို့သော် ...

လက်ရှိ အခြေအနေတွင်ကား ပိုင်ကျင်လုံတို့မှာ အတော်ပင် အခြေယိုင်၍ နေကြရလေပြီ။

တစ်ချိုတွင် ချင်းချင်း၏ လက်ဝါးရိုက်ချက်ကို ခုခံရင်း ပိုင်ကျင်လုံ သည် ကိုယ်ရှိန်ကို မထိန်းနိုင်ဘဲ ကိုယ်ခန္ဓာ ယိမ်းယိုင်ကာ ရင်ဘတ်တွင် ဟာကွက်ပေါ်သွားသည်။

ချင်းချင်းက ထိုဟာကွက်ကို အမိအရသုံးကာ ရင်ဘတ်ကို ညာလက်ချောင်းများဖြင့် လှမ်းကုတ်ဆွဲလိုက်၏။

ပိုင်ကျင်လုံ ဘယ်လိုမှ မခုခံနိုင်။

ထန်တောက်ရှုန်နှင့် လူအင်းဝါးတို့မှာလည်း ပိုင်ကျင်လုံကို ဝိုင်းကူညီ ကာကွယ်ပေးနိုင်သည့် အခြေအနေတွင် မရှိကြ။



ပိုင်ကျင်လုံအတွက် ရေတိမ်နစ်ရတော့မည့် အချိန်အခါသို့ ရောက်ရှိလာခဲ့ပြီ။

✣ ✣ ✣

နှိုးထင်ချိတ်၏ ကိုယ်ခန္ဓာအတွင်း သွေးလေလည်ပတ်မှုများ အတော်အခြေအနေ ကောင်းလာသည်။

ပတ်ဝန်းကျင်ကို သတိပြုလာနိုင်သည့်အတွက် တိုက်ခိုက်သံ များကို ကြားလာရသည်။

နှိုးထင်ချိတ်သည် တင်ပျဉ်ခွေထိုင်ကာ အတွင်းအားလည်ပတ် လေ့ကျင့်နေရာမှ မိုတ်ထားသောမျက်လုံးကို ဖွင့်ကြည့်သည်။

မျက်လုံးကို ဖွင့်လိုက်သည်နှင့် ပိုင်ကျင်လုံ၏ ရင်ဘတ်ကို ချင်းချင်းက ညာဘက်လက်ချောင်းဖြင့် လှမ်းကုတ်ဆွဲသည်ကို မြင်ရသည်။

ပိုင်ကျင်လုံ ဘယ်လိုမှ ခုခံနိုင်တော့မည့် အခြေအနေတွင် ရှိနေကြောင်းကိုလည်း နှိုးထင်ချိတ် နားလည်လိုက်သည်။

"ကျွား ..."

ဟန်းသွင်းကြိုဝါးရင်း ထိုင်နေရာမှထခုန်ကာ ချင်းချင်းထံသို့ ပြေးဝင်သွားသည်။

ကိုယ်ဖော့ပညာကို အဆင့်အမြင့်ဆုံး အသုံးချကာ အမြန်ဆုံး အရှိန်အဟုန်ဖြင့် ပြေးလွှားသွားခြင်းဖြစ်ရာ အမြှုံရောင် အရိပ်တစ်ခု လွင့်ရှားမှုနှင့်အတူ နှိုးထင်ချိတ်သည် ချင်းချင်း၏ အနားသို့ ရောက်သွား သည်။

အနားသို့ရောက်သည်နှင့် ချင်းချင်းကို လက်ဝါးဖြင့်လှမ်းရိုက်၏။

နဂါးတောင်ပြို သိုင်းကွက်ကို သုံးကာ ရိုက်ထုတ်လိုက်သည့် နှိုးထင်ချိတ်၏ လက်ဝါးရိုက်ချက်က အားပြင်းလှသည်။

အသက်အန္တရာယ် ဘေးကြုံနေရသော ပိုင်ကျင်လုံကို အချိန် လှတာ ဝိသက်ကာယ်ပေးရမည် ဖြစ်သောကြောင့် နှိုးထင်ချိတ်သည် အတွင်းအား . အကုန်အစင် ထည့်သုံးကာ ရိုက်ချလိုက်သည်။

ကြီးမားပြင်းထန်လှသော လက်ဝါးရိုက်ချက် အားအဟုန်က ချင်းချင်း၏ ကိုယ်ပေါ်သို့ လွှမ်းမိုးကျရောက်လာသည်။

ထိမိလျှင် မသက်သာ။

တစ်ချက်တည်းနှင့် ကိစ္စပြတ်သွားနိုင်သည်။

ချင်းချင်းသည် ပိုင်ကျင်လုံ၏ ရင်ဘတ်ကို လှမ်းကုတ်ဆွဲနေသည့် သိုင်းကွက်ကို ရုတ်ချင်းရုပ်သိမ်းပြီး နှိုးထင်ချိတ်ဘက်သို့ လောင်မီးလက်ဝါးသိုင်းဖြင့် လက်ဝါးတစ်ချက် အမြန်ဆုံး ရိုက်ထုတ်ခဲ့သည်။

"ဖြောင်း ..."

နှိုးထင်ချိတ်၏ နဂါးတောင်ပြို လက်ဝါးရိုက်ချက်နှင့် ချင်းချင်း၏ လောင်မီး လက်ဝါးရိုက်ချက်တို့ ဆိုင်မိသည်။

ကာဝိမနော သိုင်းကျမ်းရှင်နှင့် မိစ္ဆာမနော သိုင်းကျမ်းရှင်တို့ စွမ်းရည် ပြိုင်ဆိုင်မှုဟူ၍လည်း ဆိုနိုင်သည်။

နှိုးထင်ချိတ်မှာ လက်ဝါးတွင် မီးခဲကြီးတစ်ခုဖြင့် အတော့ခံရသလို ခံစားရကာ ပူပြင်းလှသည့် ဝေဒနာကြီး ဖိနှိပ်လာမှုကိုလည်း ရင်ဆိုင်မိသည်။



နောက်သို့ ခြေလှမ်းဆက်မျှဆုတ်ကာ ဖိစီးပေါ် ဖိနှိပ်လာသည့် ဒဏ်အားကြီးကို ရှောင်တိမ်းပေးလိုက်ရသည်။

ချင်းချင်းမှာလည်း မာကျောလှသည့် ကျောက်တောင်ကြီး တစ်ခုကို လက်ဝါးဖြင့်ရိုက်မိသလို ခံစားရကာ ညာလက်မောင်းတစ်ခုလုံး ကျင်တက်သွားသည်။

"မင်း ... မင်းက ကာဝိမနော သိုင်းကျမ်းရှင်လား"

ချင်းချင်းက အလောတကြီးမေး၏။

"ဟုတ်ပါတယ်၊ အကြွင်းမဲ့ တိုက်ခိုက်တာကို ရပ်ဆိုင်းပြီး ပြန်သွားဖို့ အဒေါ်ကို မေတ္တာရပ်ခံရပါရစေ"

နှိုးထင်ချိတ်က အေးဆေးစွာ ပြန်ပြောသည်။

"အဒေါ်"ဟူသော နှိုးထင်ချိတ်၏ နာမ်စားခေါ်ပေါ်လိုက်သံက ချင်းချင်း၏ရင်ထဲ၌ ပီတိလှိုင်းငြိမ့်လေးတစ်ခု ဖြစ်ပေါ်စေသည်။

သို့သော် ချင်းချင်းမှာ ကာဝိမနော သိုင်းကျမ်းရှင်ကို ချေမှုန်းပစ်လိုစိတ် အလွန်ပြင်းထန် နေသည့်အတွက် ထိုပီတိ လှိုင်းငြိမ့်လေး ချက်ချင်းပင် ပျောက်ကွယ်သွားသည်။

"မင်းက ငါ့ကို အရှုံးပေးပြီး ဆုတ်ခွာသွားခိုင်းတာလား"

ချင်းချင်းက ခက်ထန်စွာပြော၏။

"ဒီလိုသဘောမျိုး မဟုတ်ပါဘူး။ တိုက်ခိုက်မှုတွေ ငြိမ်းပြီး ကိုယ့်လမ်း ကိုယ်ဆက်သွားဖို့ မေတ္တာရပ်ခံတာပါ"

သူတို့နှစ်ယောက်သည် လက်ဝါးရိုက်ချက်တစ်ချက် ဆိုင်မိကြပြီးနို့ တစ်ယောက်၏ သိုင်းပညာစွမ်းရည်ကို တစ်ယောက်က အကဲခတ်

သိရှိသွားကြလေပြီ။ မိမိအနေဖြင့် တစ်ဖက်ပြိုင်ဘက်ကို အနိုင်ယူဖို့ မလွယ်နိုင်ကြောင်းလည်း နှစ်ယောက်လုံး သဘောပေါက်ကြသည်။

"ဝိုင်ကျင်လုံကို အသေသတ်ပြီးမှ ပြေငြိမ်းသင့်မသင့် စဉ်းစား နိုင်မယ်"

ချင်းချင်းက ဝိုင်ကျင်လုံကို စူးစူးရဲရဲ ကြည့်ပြီး ယတိပြတ် ပြောသည်။

မိမိ၏ အဘိုးအပေါ် မိစ္ဆာမနော ဂိုဏ်းချုပ်က ဘာကြောင့်များ သည်လောက် သဲကြီး မဲကြီး ဖြစ်နေသည်ကို နိုးထင်ချိတ် နားမလည် နိုင်ပေ။

"သူဟာ ကာဝိမနောဂိုဏ်းရဲ့ အခရာပါတဲ့ သိုင်းသမားကြီး တစ်ယောက် ဖြစ်ပါတယ်၊ သူ့အပေါ် ရန်လိုချင်တဲ့ စိတ်ကို ပြေပျောက် ထိန်းသိမ်းဖို့ထပ်ပြီး မေတ္တာရပ်ခံပါတယ်"

"မင်းက ဝိုင်ကျင်လုံကို ကာကွယ်ပေးမယ်လို့ ဆိုလိုတာလား"

"မမှားဘူး"

ဝိုင်ကျင်လုံကို သုတ်သင်လိုလျှင် ကာဝိမနော သိုင်းကျမ်းရှင် လူငယ်ကို အလျှင်ဆုံး တိုက်ခိုက်ဖို့လိုကြောင်း ချင်းချင်း နားလည်သွား သည်။

"မင်းက ကြားဝင် စွက်ဖက်မယ်ဆိုရင် မင်းနဲ့ငါ ရင်ဆိုင်တိုက် ခိုက်ကြဖို့ပဲ ရှိတယ်"

ဤစိန်ခေါ်မှုကို ရှောင်လွှဲ၍ မရနိုင်ကြောင်း နိုးထင်ချိတ် နား လည်သည်။



မိစ္ဆာမနော သိုင်းကျမ်းရှင်ကို ချေမှုန်းနိုင်မှသာ မိစ္ဆာမနောဂိုဏ်း၏ ရန်စွယ် ပြေငြိမ်းမည် မဟုတ်ပါလား"

"ဒေါ်လေးက တိုက်ခိုက်ချင်တယ်ဆိုရင် ကျွန်တော်ကလဲ လက်ခံရမှာပေါ့၊ ဒေါ်လေး လူတွေကိုသာ အတိုက်ရပ်ထားဖို့ အမိန့်ပေး လိုက်ပါ"

"ဘာကြောင့်လဲ"

"ကျွန်တော်နဲ့ ဒေါ်လေး စိတ်ချ လက်ချ ရင်ဆိုင်နိုင်အောင်ပါ၊ ကျွန်တော်တို့နှစ်ယောက် ယှဉ်ပြိုင်ပြီးမှ ဒေါ်လေးလူတွေကို ဆက်ပြီး တိုက်ပွဲဝင် ခိုင်းလဲခိုင်းပေါ့"

"ကောင်းပြီ"

ချင်းချင်းက ခေါင်းညိတ် သဘောတူပြီးနောက် မိမိလူများကို တိုက်ခိုက်မှု ခေတ္တရပ်ထားရန် အမိန့်ပေးလိုက်သည်။

ဆူညံနေသော ပတ်ဝန်းကျင်သည် ချက်ချင်းပင် ငြိမ်သက်သွား သည်။

နှစ်ပေါင်းတစ်ရာလျှင် တစ်ကြိမ်ပင် ပေါ်ပေါက်ခဲ့သော မိစ္ဆာမနော သိုင်းကျမ်းရှင်နှင့် ကာဝိမနော သိုင်းကျမ်းရှင်တို့၏ ရင်ဆိုင်တိုက်ခိုက်မှုကို သိုင်းသမားအပေါင်းက စိတ်ဝင်စားစွာ ကြည့်နေကြ၏။

ချင်းချင်းနှင့် နိုးထင်ချိတ်တို့နှစ်ယောက် မျက်နှာချင်းဆိုင်မိကြ သည်။

သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ရန်ဘက် အဖြစ်သာ မြင်နေကြသည်။

ယခု မိမိနှင့် ရင်ဆိုင် တိုက်ခိုက်တော့မည့်သူမှာ မိမိအလွန်ချစ်မြတ်နိုးပြီး တွေ့လိုမြင်လိုလှသော ပိုင်စုကျော်၏ သားဖြစ်ကြောင်း ချင်းချင်း မသိ။ အပြတ်အသတ် ချေမှုန်းတိုက်ခိုက်ပစ်ရမည့် ကာဝိမနော သိုင်းကျမ်းရှင် အဖြစ်သာ သိထားသည်။

ထိုနည်းတူ နှိုးထင်မျိုတ်မှာလည်း ယခု မိမိရှေ့တွင် ရင်ဆိုင်နေရသူသည် မိမိ အလွန်ပင် မြင်ချင်တွေ့ချင်လှသော ဖေါ်လေးချင်းချင်း ဖြစ်ကြောင်းကိုမသိ။ တိုက်ခိုက် နှိမ်နင်းပစ်ရမည့် မိဋ္ဌာမနော ဂိုဏ်းချုပ်ကြီးအဖြစ်သာ သိနေသည်။

အချိန်သည် ညနေစောင်းနေပြီ ဖြစ်သည်။

နေဝန်း နီနီကြီးက အနောက်ဘက် တောင်စွန်းတစ်ခု ပေါ်တွင် မေးတင်နေသည်။

နေမင်းကြီး အနောက်ဘက် မိုးကုတ်စက်ဝိုင်းတွင် ငုပ်လျှိုးပျောက်ကွယ်သွားသည့် အချိန်တွင် မိဋ္ဌာမနော သိုင်းကျမ်းရှင်နှင့် ကာဝိမနော သိုင်းကျမ်းရှင်တို့ နှစ်ယောက်အနက် တစ်ယောက်၏ ဘဝသည်လည်း နိဂုံးချုပ် အဆုံးသတ်ရမည်ဟု သိုင်းသမားအချို့၏ စိတ်ထဲတွင် ထင်မိကြသည်။

✥ ✥ ✥

နှိုးထင်မျိုတ်နှင့် ချင်းချင်းတို့နှစ်ယောက် အသေအကြေ တိုက်ပွဲဆင်တော့မည့် အခြေအနေကို တွေ့ရသောအခါ ကြျဝင်ဝင်နှင့် ယန်ဖိန်ဖိန်တို့ နှစ်ယောက်မှာ အလွန်ပင် စိုးရိမ်ပူပန် သွားကြရသည်။



"ဟိုမှာ ဖိန်ဖိန်ရဲ့ အမေနဲ့ အစ်ကိုဝမ်မျိုတ်တို့ အသေအကြေ တိုက်ခိုက် ကြတော့မလို့တဲ့၊ ဘယ်လို လုပ်ကြမလဲ ဟင်"

ကြျဝင်ဝင်က စိုးရိမ်တကြီးပင် ပြော၏။

ယန်ဖိန်ဖိန်ကလည်း အလွန်ပင် စိုးရိမ်ကာ စိတ်လှုပ်ရှားနေရသည်။

ယခု အသေအကြေ ရင်ဆိုင်တိုက်ခိုက် ကြတော့မည့် လူနှစ်ယောက်သည် သူနှင့် ကြီးမားနက်ရှိုင်းသော ပတ်သက်မှုများ ရှိနေသည်။

တစ်ယောက်က မွေးမိခင်၊ ကျန်တစ်ယောက်က အသည်းနှင့်အောင် ချစ်ရသော ချစ်သူ။

မည်သူ့ကိုမျှ ထိခိုက် အနာတရဖြင့် အရေးနိမ့်မှုမျိုး မကြုံစေလို။

မည်သူနိုင်၍ မည်သူရှုံးရှုံး၊ သူ့နှလုံးသားများ ကွဲအက်ကြေမွှမ်းရမည်ချည်းသာ ဖြစ်သည်။

သည်တိုက်ပွဲကို ဖျက်သိမ်းပစ်စေရန်လည်း သူ့အနေဖြင့် ဘယ်လိုမျှ မတတ်နိုင်။

အလွန်စိုးရိမ်ပူပန်ပြီး စိတ်လှုပ်ရှားနေသော ယန်ဖိန်ဖိန်မှာ ကြျဝင်ဝင်ကို စကားပင် ပြန်မပြောနိုင်ရှာ။

နှိုးထင်မျိုတ်နှင့် ချင်းချင်းတို့ နှစ်ယောက်ကတော့ စတင်တိုက်ခိုက် နေကြပြီဖြစ်သည်။

"ဒီသူငယ်လေးဟာ အတွင်းအင် မပျောက်သေးဘူး။ ဒါနဲ့တောင် မိဋ္ဌာမနော ဂိုဏ်းချုပ်ကို ရင်ဆိုင်တိုက်ခံတယ်။ အာဂသတ္တိနဲ့ စိတ်ဓာတ်ပဲ"

နှင်းထင်ချိတ်နှင့် ချင်းချင်းတို့၏ တိုက်ပွဲကို စိတ်ဝင်စားစွာ ကြည့်နေရင်း ဝန်ရောက တီးတိုးရေရွတ်ပြောဆိုသည်။

"ဟုတ်တယ်ညီငယ်။ ဒီသူငယ်လေးဟာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ကာဝီမနော သိုင်းကျမ်းရှင် ဖြစ်လာတယ် ဆိုကတည်းက သတ္တိနဲ့ စွမ်းရည် ထူးခြားမှုကတော့ ပြောစရာ မလိုဘူးလေ"

ဝန်ချွန်က ခေါင်းကိုဆတ်ခနဲညိတ်ပြီး ဝန်ရော၏ စကားကို ထောက်ခံသည်။

"သိုင်းလောကကြီးမှာ ထူးချွန်တဲ့ လူငယ် သိုင်းသမားတွေ ပေါ်ထွန်းလာတာ ဝမ်းသာ အားရစရာပဲပေါ့"

ဝန်ထိုင်အိကလည်း ဝင်ပြောသည်။

"ဒါပေမယ့် သိုင်းလောကမှာ အခုလို အသေအကြေ ရင်ဆိုင် တိုက်ပွဲတွေ မကုန်ဆုံးနိုင်ဘဲ ပေါ်ပေါက်နေတာကတော့ ဝမ်းနည်းစရာပဲ"

ဝန်ဟုန်က သံဝေဂ ရသဖြင့်ဆိုသည်။

"ဒေါသနဲ့ မာန်မာနတွေ အာဃာတစိတ်တွေကြောင့် အသေအကြေ ရင်ဆိုင် တိုက်ခိုက်မှုတွေဟာ အဆောမသတ်အောင် ဖြစ်ပေါ်နေတာပေါ့။ အရှုံးပေးရတဲ့သူက အခဲမကြေဘဲ ပြန်ကလဲ့စား ချေနိုင်အောင် ကြိုးစား အဲ ... ကလဲ့စား ချေနိုင်ပြန်တော့လဲ မာန်တက်ပြီး နိုင်ထက် စီးနင်းလုပ်။ ဒီအခါ အနိုင်ကျင့်ခံရတဲ့သူက ရန်ငြိုးထားပြီး ကလဲ့စားချေနိုင်အောင် ပြန်ကြိုးစား။ သူ့အပေါ်ကိုယ်က ရန်ငြိုးဖွဲ့၊ ကိုယ့်အပေါ် သူက ရန်ငြိုးဖွဲ့နဲ့ တိုက်ခိုက် သတ်ဖြတ်မှုတွေဟာ အဆုံးမသတ်နိုင်အောင် ဖြစ်နေတော့တာပေါ့။ ဒေါသ မာန်မာနနဲ့ ရန်ငြိုးတွေကို

စာစဉ်(၁၀) F-11(B)



ချိုးနှိမ် ပယ်ရှားပစ်နိုင်တဲ့အခါကျမှ တိုက်ခိုက်သတ်ဖြတ်မှုတွေ ပပျောက်ကုန်မှာပေါ့"

ဝန်ထိုင်အိက မိမိ၏ ညီတော်များကို ပြောနေခြင်း ဖြစ်သော်လည်း ဤစကားများကို သိုင်းသမား အားလုံးအတွက် ရည်ရွယ်သောကြောင့် အတွင်းအား ဖြည့်ထည့်ကာ ပြောဆိုလိုက်ခြင်း ဖြစ်သည်။

အသံက ခပ်တိုးတိုးဖြစ်သော်လည်း ဝန်ထိုင်အိ ပြောသောစကားများကို ထိုနေရာရှိ လူများ အားလုံး၏ နားထဲတွင် ကြားလိုက်ကြရသည်။

ချင်းချင်းနှင့် နှင်းထင်ချိတ်ကား အကြိတ်အနယ်ပင် တိုက်ခိုက်နေကြဆဲပင်။

ကာဝီမနောသိုင်းနှင့် မိစ္ဆာမနောသိုင်းတို့သည် နှစ်ပေါင်းများစွာကတည်းက အစိက ပြိုင်ဘက်များ ဖြစ်ကြသည်။

ချင်းချင်းက မိစ္ဆာမနော သိုင်းကျမ်းထဲရှိ သိုင်းပညာများကို ပြည့်စုံစွာ တတ်မြောက်ထားသူ ဖြစ်သလို နှင်းထင်ချိတ်မှာလည်း ကာဝီမနော သိုင်းကျမ်း၏ သိုင်းပညာများကို ပြည့်စုံစွာ တတ်ကျွမ်းနေသူ ဖြစ်သည်။

သည်တော့ ...

ချင်းချင်းနှင့် နှင်းထင်ချိတ်တို့သည် တကယ့် ပြိုင်ဘက်များ ဖြစ်နေကြသည်။

ချင်းချင်းက မိစ္ဆာမနောသိုင်းကျမ်း၏ သိုင်းပညာ သိုင်းကွက်ဆန်းများကို တစ်ခုပြီးတစ်ခု ထုတ်သုံးတိုက်ခိုက်သည်။

နိုးထင်ချိတ်ကလည်း ကဗမနော သိုင်းကွက်(၁၈)ကွက် ကျင့်စဉ် (၅)မျိုးတို့ကို တစ်မျိုးပြီး တစ်မျိုး အသုံးပြု တိုက်ခိုက်သည်။

ကြည့်နေကြသူ အပေါင်းသည် ကဗမနောသိုင်းနှင့် မိစ္ဆာမနော သိုင်းတို့၏ သိုင်းကွက်သိုင်းဟန် ပေါင်းစုံတို့ကို အကုန်အစင်ပင် တွေ့ မြင်ကြရသည်။

ချင်းချင်းသည် မိစ္ဆာမိုင်းကြီး တစ်ယောက်လို ကြမ်းတမ်းနေသည်။ နိုးထင်ချိတ်ကမူ ကဗိတရှေ့နယ် တည်ငြိမ် လေးနက်နေသည်။

ကြမ်းတမ်း ပြင်းထန်သော မိစ္ဆာမနော သိုင်းပညာနှင့် တည်ငြိမ် လေးနက်သော ကဗမနောသိုင်းပညာတို့ အစွမ်းကုန် အားပြိုင်နေကြ သည်။

ချင်းချင်းက လောင်မီး မိစ္ဆာမနောသိုင်းကို သုံး၍ တိုက်ခိုက်ရာ နိုးထင်ချိတ်က နဂါးမြစ်ဆင်းသိုင်းဖြင့် ရင်ဆိုင်သည်။

နဂါးမြစ်ဆင်းသိုင်းသည် လောင်မီးမိစ္ဆာသိုင်းကို ထိန်းချုပ်ခြင်း မပြုနိုင်သည့်အတွက် နိုးထင်ချိတ်မှာ ချင်းချင်း၏ တိုက်ချက်များကို မခံနိုင်ဘဲ နောက်သို့ ခြေလှမ်းသုံးလှမ်း ယိမ်းယိုင်ကာ ဆုတ်ပေးလိုက် ရသည်။

မိမိဘက်မှ လိုအပ်ချက် ရှိနေသည်ကို သိမြင်သွားသော နိုးထင်ချိတ်က နဂါးလှိုင်းစီးသိုင်းကို ပြောင်းလဲ အသုံးပြုလိုက်သည်။

ဤအခါတွင်မှ ချင်းချင်း၏ လောင်မီးမိစ္ဆာသိုင်းကို ထိန်းချုပ်နိုင် ခဲ့သည်။

လောင်မီး မိစ္ဆာသိုင်း၏ တိုက်ချက်များ ပြိုပျက်ကုန်သောအခါ



ချင်းချင်းက မိုးကြိုး မိစ္ဆာသိုင်းကို ပြောင်းလဲအသုံးပြု ပြန်သည်။ နိုးထင်ချိတ်က နဂါးမာန်တောင်းသိုင်းဖြင့် ရင်ဆိုင်ရာ တိုက်ခိုက်မှုမှာ အကြိတ်အနယ် ဖြစ်နေလေတော့သည်။

ဤသို့ဖြင့် အကြိတ်အနယ် ရင်ဆိုင်တိုက်ခိုက် နေကြရာ နိုးထင်ချိတ်၏ ကဗမနောသိုင်းပညာများ အကုန်သုံးပြီး ဖြစ်သလို ချင်းချင်းမှာလည်း မိစ္ဆာမနောသိုင်းကျမ်း၏ သိုင်းပညာ အမျိုးမျိုးတို့ အကုန်သုံးပြီး ဖြစ်သွားသည်။

တိုက်ပွဲ အရှိန်အဟုန်ကလည်း အထွတ်အထိပ်သို့ပင် ရောက်ရှိ လာသည်။

"အင်း ... အနိုင်အရှုံး အဖြေ ပေါ်လာတော့မယ်နဲ့ တူတယ်"

ဝန်ရောကာ တီးတိုး ရေရွတ်သည်။

"ဟုတ်တယ် ... အဲဒီလို အဖြေပေါ်တဲ့အခါမှာ သူတို့ နှစ်ယောက် လုံး ပျက်စီးသွားကြလိမ့်မယ်"

ဝန်ထိုင်အီက ခပ်ညည်းညည်း ပြောသည်။

လွန်ခဲ့သည့် နှစ်ပေါင်း တစ်ရာကျော်က ကဗမနော သိုင်းကျမ်းရှင် နှင့် မိစ္ဆာမနော သိုင်းကျမ်းရှင်တို့ ရင်ဆိုင် တိုက်ခိုက်ခဲ့ရာတွင် မိစ္ဆာ မနော သိုင်းကျမ်းရှင် သေဆုံးခဲ့ပြီး ကဗမနော သိုင်းကျမ်းရှင်မှာလည်း အတွင်းဒဏ်ရာရကာ မကြာမီပင် သေဆုံးသွားခဲ့ရသည့်အဖြစ်ကို ဝန် ထိုင်အီ မမေ့သေး။

ဝန်ထိုင်အီသည် သိုင်းပညာကို မြတ်နိုး တန်ဖိုးထားသူ တစ် ယောက်ပီပီ နှစ်တစ်ရာတွင်တစ်ယောက် ပေါ်ပေါက်ခဲ့သော အဆင့်

မြင့် သိုင်းပညာရှင်နှစ်ယောက် ပျက်စီးသွားရမည့် အရေးကို တွေးတော ပူပန်နေရသည်။

❖ ❖ ❖

ချင်းချင်းနှင့် နိုးထင်ချိတ်တို့၏ သိုင်းပညာ ယှဉ်ပြိုင်မှုသည် အထွတ်အထိပ်သို့ ရောက်လာခဲ့ပေပြီ။

နှစ်ယောက်လုံး အစွမ်းကုန် ပညာကုန်သုံးကာ တအားရိုက် ထုတ်လိုက်သော လက်ဝါးရိုက်ချက်များက ပြင်းထန်သော အရှိန်အဟုန် ဖြင့် ရင်ဆိုင်မိကြသည်။

"ဝုန်း ..."

ပြင်းထန်သော လက်ဝါးရိုက်ချက် နှစ်ခုဆိုင်ရိုက်သံက ကျယ် လောင်စွာ မြည်ဟိန်းလျက် ကောက်ဆန်းတောင်လုံးကို ပဲ့တင်ထပ် အောင်လွှမ်းမိုးသွားသည်။

ပြင်းထန်လှသည့် အားအင်တန်ပြန်မှုကို နိုးထင်ချိတ်နှင့် ချင်း ချင်းတို့ နှစ်ယောက်လုံး ခံလိုက်ကြရသည်။

အားအင် ကုန်ခန်းနေကြပြီ ဖြစ်သောကြောင့် နှစ်ယောက်စလုံး မဟန်နိုင်ဘဲ ဖင်ထိုင်လျက် လဲကျကုန်ကြသည်။

သူတို့ နှစ်ယောက်သည် အလွန်ဖွဲကြီးပြီး စိတ်ဓာတ်ခိုင်မာ လှသည်။

အားအင်ကုန်ခန်းကာ လဲကျသွားကြသော်လည်း တိုက်ပွဲကို မရပ်ကြသေး။



ဆက်လက် တိုက်ပွဲဝင်နိုင်ရန်အတွက် ကင်ပျဉ်ခွေ ထိုင်ရကာ အတွင်းအား လေ့ကျင့်လျက် အားအင်များ ပြန်လည်စုစည်းနေကြသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေသည်။

ငြိမ်သက်နေသည် ဆိုသော်လည်း ကျောချမ်းဖွယ်ရာ အနိုင် အရှုံးများ ဖုံးလွှမ်းနေသည်။

ယိုနေရာရှိ သိုင်းသမားအပေါင်းသည် အသက်ကိုပင် ပြင်းပြင်း မရှူရဲကြ။

မိမိတို့၏ အသက်ပြင်းပြင်း ရှူသံသည် အတွင်းအား လေ့ကျင့် ကာ အားအင်စုစည်းနေသော ကာဝိယနော သိုင်းကျမ်းရှင်နှင့် မိစ္ဆာမနော သိုင်းကျမ်းရှင်တို့ကို အနှောက်အယှက် ဖြစ်သွားမလားဟု စိုးရိမ်နေ ကြသည်။

နေဝန်းနီကြီးသည် အနောက်ဘက် တောင်ထိပ်နောက်သို့ တဖြည်းဖြည်း ငုပ်လျှိုးဝင်ရောက်နေပေပြီ။

ဝင်လုဆဲဆဲ အားပျော့နေသော နေရောင်ခြည်များ ထိုးထားသည့် ကောက်ဆန်းတောင်တန်းမှာ ရှုမောဖွယ်ရာ လှပနေသည်။

ကောက်ဆန်းတောင်ပေါ်ရှိ ရှောင်လင်ကျောင်းတော်ရှေ့မှ မြေကွက်လပ်တွင်မူ စိတ်လှုပ်ရှားဖွယ်ရာ အခြေအနေ ဖြစ်ပေါ်နေသည်။

ထိုနေရာတွင် ရှိနေကြသော သိုင်းသမားအပေါင်းသည် စကား တစ်လုံးမျှပင် နှုတ်ဟကာမဆိုကြ။ အတွင်းအား လေ့ကျင့်ကာ အားအင် ပြန်လည် စုစည်းနေသော ကာဝိယနော သိုင်းကျမ်းရှင်နှင့် မိစ္ဆာမနောသိုင်း ကျမ်းရှင် တို့ကိုသာ စူးစိုက်ကြည့်နေကြသည်။

နွတ်ပိတ်လာ ငြိမ်သက်၍ နေကြသော်လည်း၊ သူတို့စိတ်ထဲတွင်မူ အတွေးပေါင်းစုံတို့ လှုပ်ရှားနေကြသည်။

တချို့က အချိန်ကုန်ခဲ့သည်ဟု ထင်ကြသည်။

တချို့က အချိန်ကုန်မြန်သည်ဟု ထင်ကြသည်။

တချို့က ကဝိမနောသိုင်းကျမ်းရှင်အား အလျင်ဆုံး စုစည်းမိပါစေဟု ဆုတောင်းကြသည်။

တချို့က ဝိဇ္ဇာမနောသိုင်းကျမ်းရှင် အလျင်ဆုံး၊ အင်အားပြန်စုစည်းနိုင်ပါစေဟု ဆန္ဒပြုကြသည်။

တချို့ကတော့ တိုက်ခိုက်မှု ပြန်မဖြစ်ဘဲ ရင်ဆိုင်သွားစေရန် စိတ်စောနေကြသည်။

❖ ❖ ❖

တင်ပျဉ်ခွေထိုင်ကာ အတွင်းအားလေ့ကျင့်ရင်း အားအင်စုစည်းနေသော နှိုးထင်ချိတ် သည်မှိတ်ထားသော မျက်လုံးအစုံကို အသာဖွင့်လိုက်သည်။

မျက်လုံးဖွင့်လိုက်သည်နှင့် သူ့ရှေ့တည့်တည့်တွင် တင်ပျဉ်ခွေထိုင်ကာ အတွင်းအား လေ့ကျင့်နေသော ဝိဇ္ဇာမနောသိုင်းကျမ်းရှင်ကို အလျင်ဆုံး တွေ့ရသည်။

"ဓိမိန်းမကြီး ရှိနေသေးတာကိုး။ သူ့ကို အပြတ်သုတ်သင်ချေမှုန်း ပစ်ရမယ်၊ ဒါမှ သိုင်းလောကရဲ့ အန္တရာယ်ကို တစ်ရုပျောက်သွားမှာ"



နှိုးထင်ချိတ် စိတ်ထဲတွင် တွေးမိသည်။

ယခုအခါတွင် နှိုးထင်ချိတ်သည် အင်အားထယ်ပုံ ငါးပုံခန့် ပြန်လည်စုစည်း၊ ရရှိလာပြီဖြစ်သည်။

သို့သော် စိတ်သွားတိုင်း ကိုယ်မလိုက်နိုင်သေး။

ချင်းချင်းကို အေးစက်မာကြောသော အကြည့်မြင့်ကြည့်ရုံသာ ကြည့်နိုင်သည်။

နှိုးထင်ချိတ်က မိမိအမိခင်ကို အေးစက်သော အကြည့်မြင့် ကြည့်လိုက်သည်ကို တွေ့ရသောအခါ ယန်မိန်မိန်၏ စိတ်ထဲတွင် ကြေကွဲ ဝမ်းနည်းကြေကွဲမှုကို ခံစားရသည်။

"အစ်ကို ထင်ချိတ် ..."

ယန်မိန်မိန်၏နှုတ်မှ ခေါ်သံလေး ထွက်သွားသည်။

အသံက သိပ်မကျယ်၊ သို့သော် တိတ်ဆိတ်ငြိမ်သက်ပြီး လူအပေါင်းက ချင်းချင်းနှင့် နှိုးထင်ချိတ်အပေါ် အာရုံစိုက်နေကြချိန် ဖြစ်ရာ ယန်မိန်မိန်၏ အသံမှာ မိုးကြိုးပစ်သံတစ်ခုနှယ် ဖြစ်သွားရသည်။

နှိုးထင်ချိတ်က ယန်မိန်မိန်ဘက်သို့ ငုံ့စောင်းကာ ကြည့်သည်။

"အဲဒါ ကျွမ်မ မဟုတ်ပါ"

ယန်မိန်မိန်က နှိုးထင်ချိတ်ကို လှမ်းပြောသည်။

ယန်မိန်မိန်၏ အသံမှာ ငိုသံပါကာ တုန်ယင်နေသည်။

တောင်းပန်သည့်အသွင် အသနားခံသည့် သဘောများ ရောယှက်ပါဝင်နေသည်။

နှိုးထင်ချိတ် ဘာမျှပြန်မပြော။ ယန်မိန်မိန် ပြောသည့်စကားကို

ကြားရပါသည်ဟု အမိုက်အမောင်ပြသည့် သဘောဖြင့် ခေါင်းကိုအသာ ညိတ်ပြပြီး မျက်စိပြန်မှိတ်လျက် အတွင်းအား ဆက်လက်လေ့ကျင့် နေသည်။

နှိုးထင်ချိတ်သည် မိစ္ဆာမနောဂိုဏ်းချုပ်ကို ရန်လိုအငြိုးထား၍ တိုက်ခိုက်ခြင်း မဟုတ်ပေ။

သိုင်းလောက တစ်ခုလုံးကို အုပ်စိုးရယ်ပြုရန် ကြံမှုမကာ တိုင်း တပါးသားများနှင့် ပူးပေါင်းကာ တိုင်းပြည်အပေါ် သစ္စာဖောက်လျက် ကျွန်ဇာတ်သွင်းရန် လုပ်ဆောင်နေသည့် အတွက်ကြောင့်သာ နှိမ်နင်း တိုက်ခိုက်ရခြင်း ဖြစ်သည်။

မိစ္ဆာမနောဂိုဏ်းက ဤမကောင်းမှု လုပ်ရပ်များကို ရပ်တန့် စွန့်လွှတ်မည်ဆိုပါက နှိုးထင်ချိတ်အနေဖြင့် တိုက်ခိုက်ရန် အကြောင်း မရှိ။

ဒါကို ယန်စိန်စိန် သိအောင်ရှင်းပြလိုသည်။ သို့သော် အတွင်း အား လေ့ကျင့်ပြီး အားအင်ဂုစည်းရမည့်အချိန် ဖြစ်သောကြောင့် နှိုးထင်ချိတ်အဖို့ စကားတစ်လုံးမျှ မပြောနိုင်။

“ရှင့်အစ်ကိုကို အတိုက်ရပ်ဖို့ ပြောပေးပါဦး၊ ဝင်ဝင်ရယ်၊ ဆက်ပြီး တိုက်မယ်ဆိုရင် နှစ်ယောက်လုံး သေကုန်ကြလိမ့်မယ်”

ယန်စိန်စိန်က ကြူဝင်ဝင်ကို အားကိုးတကြီးဖြင့် လှမ်းပြောသည်။

ကြူဝင်ဝင်အဖို့ အတော်ပင် အခက်တွေ့သွားရသည်။ သူမ အနေဖြင့်လည်း ယခုတိုက်ပွဲကို ရပ်စဲစေလိုသည်။

သို့သော် နှိုးထင်ချိတ်နှင့် သူမသည် မည်သို့မျှ မပတ်သက်။



ယန်စိန်စိန် ထင်နေသလို မောင်နှမလည်း မတော်စပ်။ သည်တော့ ကြူဝင်ဝင် အနေဖြင့် နှိုးထင်ချိတ်ကို အစ်ကိုတစ်ယောက်လို ပြောဆို ရန်လည်းမဖြစ်။

“ကျွန်မအစ်ကိုက သူ့ကိုမှာ ဝင်ရှုပ်ရင် မကြိုက်ဘူးရှင့်၊ သွားပြောလဲ ဘာမှထူးမှာ မဟုတ်ဘူး”

ကြူဝင်ဝင်က အဆင်ပြေအောင် ပြန်ပြောလိုက်ရသည်။

“အင်း ... ဟုတ်ပါတယ်၊ သူက ဗိုလ်ပါပဲ ခပ်အေးအေး နေတတ်ပေမယ့် တစ်ခုခုကိုစိတ်ရင် ဘယ်လိုမှ နောက်ဆုတ်တာ မဟုတ်ဘူး။ သိပ်ကို ခေါင်းမာတဲ့လူ”

ယန်စိန်စိန်က ခပ်ညည်းညည်းလေး ပြောသည်။

“သူက နှိုးထင်ချိတ်ရဲ့ စိတ်နေစိတ်ထားကိုတောင် အတော်သိ နေပါလား။ သူနဲ့ နှိုးထင်ချိတ် ဘယ်လိုပတ်သက်ခဲ့သလဲ၊ သူ့ကြည့် ရတာ နှိုးထင်ချိတ်ကို သိပ်အရေးစိုက်ပုံရတယ်”

ကြူဝင်ဝင်သည် ဤသို့တွေးမိကာ ယန်စိန်စိန် အပေါ် မနာလို သလိုလို ဘာလိုလို စိတ်ကလေးများ ဖြစ်ပေါ်လာမိသည်။

ကြူဝင်ဝင်သည် နှိုးထင်ချိတ်၏ ရဲရင့်တည်ကြည်မှု ဖြောင့်မတ် မှန်ကန်မှုနှင့် သတ္တိရှိပုံ၊ ဖွံ့ဖြိုး လုပ်ဆောင်တတ်မှုတို့ကို လေးစား တန်ဖိုးထား နေပြီဖြစ်သည်။ ထို့ပြင် မိမိအပေါ် နှိုးထင်ချိတ်က မေတ္တာ စိတ်ရှိနေသည့် ဆိုခြင်းကိုလည်း ကြူဝင်ဝင် အကဲခတ် သိရှိနေခဲ့သည်။

သူမသည် တစ်ချိန်က တိုးဆွေးပါးအပေါ် မေတ္တာစိတ် တိမ်း ညွတ်သလိုလို ဖြစ်ခဲ့ဖူးသည်။ တိုးဆွေးပါး၏ ကောက်ကျစ်သော

အမှုအကျင့်နှင့် အကြံအစည်များကို သိရသည့်အခါတွင် အတော်ပင် စိတ်ထိခိုက်ခဲ့ရသည်။

ထို့ကြောင့် ကြူဝင်ဝင်သည် ရုပ်ချောပြီး အစွမ်းသတ္တိ ထက်မြက်သော လုလင်ပျိုတစ်ယောက်အပေါ် မေတ္တာစိတ် မထားရဲတော့အောင် ဖြစ်နေခဲ့သည်။

သို့သော် အကယ်၍ နှိုးထင်ချိတ်က သူ၏မေတ္တာစိတ်ကို လှစ်ဟပြောဆိုလာလျှင် ကြူဝင်ဝင်အနေဖြင့် ငြင်းပယ်မည်တော့ မဟုတ်။

မြူမည်းဂိုဏ်းစခန်းမှ ခွဲခွာလာရစဉ်ကတည်းက နှိုးထင်ချိတ် အပေါ် မေတ္တာညွတ်တိမ်းခဲ့ပြီးပြီနှင့် ခေါင်းညိတ်အဖြေပေး လိုက်မိပေမည်။ ယခုတော့ ...

နှိုးထင်ချိတ်မှာ သူမအပေါ် ချစ်နေမိသော်လည်း ထုတ်ဖော် ပြောဆိုခြင်းမပြုဘဲ ကျိတ်မှိတ်မျိုသိပ် နေသောကြောင့် သောင်မတင် ရေမကျနှင့် မရေရာသော အခြေအနေတွင် ရှိနေကြပေသည်။

❖ ❖ ❖

နှိုးထင်ချိတ်နှင့် ချင်းချင်းတို့သည် အင်အားဆယ်ပုံ ခြောက်ပုံမျှ ပြန်လည်စုစည်း လာမိကြသည်။

နှစ်ယောက်စလုံး မျက်လုံးများကို ပြင်တွမ့်ကာ တစ်ယောက် ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

နှိုးထင်ချိတ်ကို ရှုစိုက်ကြည့်ရင်း ချင်းချင်း၏ စိတ်ထဲတွင်



သည်လိုမျက်နှာမျိုး မြင်မူသိမူသလိုလို ထင်မြင်မှုလေး ရိုးတိုးရိပ်တိတ် ပေါ်လာသည်။ ကွဲကွဲပြားပြား၊ ရေရေရာရာတော့ မရှိ။

ဤထင်မြင်မှုလေးက ချင်းချင်း၏ ခက်ထန်ကြမ်းတမ်းသော စိတ်နှိုင်းကို အနည်းငယ် ပျော့ပျောင်းသွားစေသည်။

"မင်းနဲ့ငါနဲ့ ရင်ဆိုင်တိုက်ကြတာ လက်ရည်ချင်း သိပ်မကွာဘူး ဒါကြောင့် ..."

စိတ်အနည်းငယ် ပျော့ပျောင်းလာသော ချင်းချင်းက စကား ဆိုသည်။

"ဟုတ်ကဲ့ ... ဒေါ်လေး ဘာလိုလားတယ်ဆိုတာ ပြောနိုင် ပါတယ်"

ရင်ဆိုင် တိုက်ခိုက်မှုထက် စေ့စပ်ပြေငြိမ်းမှုကို လိုလားသော နှိုးထင်ချိတ်က စကားလမ်းကြောင်းပေးသည်။

ထိုအခိုက်မှာပင် ချင်းချင်း၏စိတ်ထဲ၌ နှိုးထင်ချိတ်၏ ရုပ်သွင် မျိုးဆက်ကျမ်း ရင်းနှီးသလိုလို ထင်မြင်မှု ပျောက်ကွယ်သွားကာ ကြမ်း တမ်းထက်ထန်သော စိတ်နှိုင်းများ ပြန်လည်ဖြစ်ပေါ်လာသည်။

"ကဝိမနော သိုင်းကျမ်းရှင်ဟာ ငါတို့ မိစ္ဆာမနောသိုင်းရဲ့ မဟာရန်သူပဲ။ ကဝိမနော သိုင်းသမားတွေမရှိမှ ငါတို့ မိစ္ဆာမနော သိုင်းသမားတွေ တွင်ကျယ် လွှမ်းမိုးနိုင်တယ်၊ ကဝိမနော သိုင်းကျမ်းရှင် နဲ့ ပြေငြိမ်းလက်တွဲလို့ ဖြစ်ကိုမဖြစ်ဘူး"

ဤအတွေးမျိုး ဝင်လာသည့်အတွက် ချင်းချင်း၏ စိတ်ထဲ၌ ကဝိမနော သိုင်းကျမ်းရှင်ကို အမုန်းကြီး မုန်းတီးလာပြန်သည်။

အေးငြိမ်းမှု အရိပ်အယောင်များ ရိုးခနဲပေါ်ခဲ့သည့် ချင်းချင်း၏ မျက်လုံးအကြည့်တွင်လည်း မုန်းတီးသည့် အရိပ်အယောင်တွေ ရှက်ခြည်း ပေါ်လာသည်။

ရန်သူကို ရင်ဆိုင်ရာတွင် တစ်နည်းသာရှိသည်။ အပြတ်တိုက် ခိုက်ရှေ့မှန်း ပစ်ရမည်။

ချင်းချင်းသည် ဒေါသထွက်နေသော မြွေဆိုးတစ်ကောင်လို ဖြစ်လာသည်။ အနိုင်ရလိုစိတ်များလည်း အထူးပင် ပြင်းထန်လာသည်။

"ဒီကောင်လေးဟာ အင်အားအပြည့်အဝ ပြန်မစုစည်းနိုင် သေးဘူး။ ဒီလိုအချိန်မျိုးမှာ ငါက လက်ဦးအောင် အပိုင်တိုက်ခိုက် နိုင်ရင် အောင်ပွဲရမှာပဲ"

ချင်းချင်း၏ ခေါင်းထဲတွင် အကောက်ကြံလို စိတ်က ဖျတ်ခနဲ ပေါ်လာသည်။

နိုးထင်ချိတ်သည် စကားလမ်းကြောင်းပေးပြီးနောက် မိစ္ဆာမနော ဂိုဏ်းချုပ်ထံမှ မည်သို့သော တုံ့ပြန်စကားတွေ ကြားရလေမည်နည်း ဟုစောင့်နေသည်။

ချင်းချင်းထံမှ မည်သည့်စကားမျှ ပေါ်ထွက်မလာ။

သို့သော် ချင်းချင်း၏ မျက်နှာနိုင် မျက်နှာကဲကိုကြည့်ကာ မိမိကို အသေသတ်ရန် ကြံစည်နေကြောင်း နိုးထင်ချိတ် ကောင်းကောင်း သိလိုက်သည်။

အချိန်သည် အလွန်အရေးကြီးနေသည်။ တခဏမျှသော အချိန် ပိုင်းလေးကပင် တန်ဖိုးမဖြတ်နိုင်။



အချိန်စောစွာ အင်အားအပြည့်အဝ ပြန်လည်စုစည်းနိုင်သူသည် အောင်ပွဲယူနိုင်မည်။

နိုးထင်ချိတ်သည် စိတ်အာရုံကို စုစည်းကာ အတွင်းအား လည်ပတ်လှုပ်ရှားရင်း အင်အားများ အမြန်ဆုံးပြည့်ဝအောင် ကြိုးစား စုစည်း နေသည်။

ထိုအချိန်မှာပင် ကောက်ဆန်းတောင်ပေါ်သို့ ငိုမဲဂိုဏ်းဝင် တစ်စု တက်ရောက်လာကြသည်။ ထိုငိုမဲဂိုဏ်းဝင်များထဲတွင် ပိုင်စုကျင် လည်းပါဝင်သည်။

ပိုင်စုကျင်သည် ငိုမဲဆန်းတောင်သို့ ခနတစ်ခေါက် ပြန်လာ ခဲ့ရာ မိမိ၏သား နိုးထင်ချိတ်က ငိုမဲဆန်းဂိုဏ်းကို ကာကွယ်ကူညီ ပေးခဲ့ကြောင်း သိသွားသည်။

မိစ္ဆာမနောဂိုဏ်းနှင့် မိတ်ဘက်သိုင်းသမားများ ရှောင်လင် ကျောင်းတော်ကို တိုက်ခိုက် ရန်ပြုနေကြောင်း သတင်းကြားရသောအခါ ရှောင်လင်ကျောင်းတော်ကို ကူညီပေးနိုင်ရန် ငိုမဲဆန်းဂိုဏ်းဝင်တစ်ချို့ စစ်ကူအဖြစ်လာခဲ့ရာတွင် ပိုင်စုကျင်လည်း လိုက်ပါလာခဲ့သည်။

ပိုင်စုကျင်တို့လူစု ကောက်ဆန်းတောင်သို့ ရောက်လာသော အခါတွင် တိုက်ခိုက်မှုများ ရပ်စဲသွားချိန်ဖြစ်ရာ တောင်ပေါ်သို့ အချိန် တိုတိုနှင့် တက်လာနိုင်ခဲ့သည်။

တောင်ပေါ်သို့ ရောက်လာပြီဖြစ်သော်လည်း တိုက်ပွဲဖြစ်ရာ နေရာနှင့် အနည်းငယ် အလှမ်းကွာ နေသေးသောကြောင့် ပိုင်စုကျင် သည် ချင်းချင်းနှင့် နိုးထင်ချိတ်တို့ကို မတွေ့မိသေး။

ခြေလှမ်းသွက်သွက်ဖြင့်သာ ဆက်လက် လျှောက်လှမ်းလာနေသည်။

❖ ❖ ❖

ချင်းချင်းသည် ပုံမှန်အတွင်းအား လေ့ကျင့်မှုဖြင့် အားအင်ပြန်လည်စုစည်းမှု မလုပ်တော့ဘဲ မိစ္ဆာမြေမျိုအတွင်းအား နှိုးဆွနည်းဖြင့် အားအင်တစ်ဆ တိုးအောင်လုပ်ရန် ဆုံးဖြတ်ကာ လျှာများကို သွားဖြင့် ဆတ်ခနဲ ကိုက်လိုက်သည်။

မိစ္ဆာမြေမျို အတွင်းအား နှိုးဆွနည်းသည် မိမိကိုယ်မိမိ အနာခံကာ သွေးကိုလှုံ့ပြီး အားအင်တစ်ဆတိုးလာအောင် လုပ်သည့်နည်းလမ်းဖြစ်သည်။

ဤနည်းဖြင့် အားအင်တိုးပွားအောင် လုပ်သည့်အခါ သက်စောင့်အားပင်မကျန်အောင် အကုန်အစင် ထုတ်သုံးရသည့်အတွက် အလွန်လည်း အန္တရာယ်များလှသည်။

အချိန်မီ ပြန်လည်ထိန်းညှိခြင်း မပြုနိုင်လျှင် အနိုင်ယူလိုစိတ် ပြင်းပြလှသောကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးများကိုမတွေးနိုင်တော့။

မိစ္ဆာမြေမျို အတွင်းအား နှိုးဆွနည်းကိုသုံးကာ အားအင်များ တိုးပွားလာအောင် လုပ်လိုက်လေပြီ။

ချင်းချင်းအနေဖြင့် မူလအားအင်ထက် တစ်ဆတိုး ကြီးမားသော အားအင်များ ရုတ်ခြည်း ရရှိလာသည်။





ချင်းချင်းသည် မိစ္ဆာမြေမျိုအတွင်းအား နှိုးဆွနည်းဖြင့် အားအင်တစ်ဆင့်တိုးအောင် လုပ်သည့်အပြင် ဓါးတွင်ချိတ်ထားသော အဆိပ်ရောင်ပြန်ဓားကိုပါ ဆွဲထုတ်လိုက်သည်။

ချင်းချင်း၏ ပါးစပ်ထဲမှ သွေးများ ယိုစီးကျလာပြီး အမူအရာအထူးပင် ခက်ထန်ကြမ်းတမ်းလာသည်ကို တွေ့ရသောအခါ မိစ္ဆာမြေမျို အတွင်းအား နှိုးဆွနည်းဖြင့် အားအင်တစ်ဆ တိုးအောင် လုပ်လိုက်ပြီဖြစ်ကြောင်း ယန်ဗိန်ဗိန် သိလိုက်သည်။ ထို့ပြင် နှီးထင်ချိတ်ကို အသေတိုက်ခိုက် သတ်ဖြတ်တော့မည့် အကြောင်းလည်း နားလည်လိုက်ရသည်။

ယန်ဗိန်ဗိန်သည် မိခင်ကိုလည်းချစ်သည်။ နှီးထင်ချိတ်အပေါ်တွင်လည်း မေတ္တာကြီးမားသည်။

နှီးထင်ချိတ် လက်ချက်ကြောင့် ချင်းချင်း ထိခိုက်သေဆုံးသည်ကို မမြင်လိုသည့်နည်းတူ ချင်းချင်း၏ လက်ချက်ဖြင့် နှီးထင်ချိတ် သေကြေ ပျက်စီးမည်ကိုလည်း မကြည့်ချင်။

ထို့ကြောင့် ...

"မေမေ မလုပ်နဲ့ မလုပ်ပါနဲ့"

ယန်ဗိန်ဗိန်သည် အလန့်တကြား အော်ဟစ်ရင်း ချင်းချင်းရှိရာသို့ ပြေးဝင်သွားသည်။

"ဟော့ ... ရပ်လိုက်"

"အတင်း မဝင်နဲ့လေ"

"ဒုက္ခဖြစ်လိမ့်မယ်"

ကဝိမနော သိုင်းကျမ်းရှင်နှင့် မိစ္ဆာမနော သိုင်းကျမ်းရှင်တို့၏ တိုက်ခိုက်မှုကို စိတ်ဝင်စားစွာ ကြည့်နေကြသူများ၏ တစ်ယောက်တစ်ပေါက် အော်ဟစ်ဟန့်တားသံ စီစီညံအောင် ပေါ်လာသည်။

ယန်စိန်စိန် ဘာကိုမျှ အရေးမစိုက်၊ သူမ မျက်လုံးထဲတွင် ဘာကိုမျှ မမြင်တော့။ သူမနားထဲတွင် ဘာသံမျှ မကြားတော့။

နှိုထင်ချိတ်ကို အချိန်မီ အကာအကွယ် ပေးနိုင်ရန်သာ အာရုံထားသည်။

ချင်းချင်းက အဆိပ်ရောင်ပြန်ဓားကို ဆွဲထုတ်ပြီး နှိုထင်ချိတ်အား လှမ်းခုတ်ချလိုက်သည့် အချိန်မှာပင် ယန်စိန်စိန်သည်လည်း နှိုထင်ချိတ်၏အနီးသို့ ရောက်သွားသည်။

ဘာဘာညာညာ စဉ်းစားမနေတော့။

ပြာလဲ့လဲ့ အရောင်သန်းကာ နှိုထင်ချိတ်ထံသို့ တန်းဝင်လာသည့် အဆိပ်ရောင်ပြန်ဓားကို လက်ဝါးဖြင့် တအားကုန်ဆီး၍ ရိုက်ချလိုက်သည်။

ထိုအခါတွင် ...

❖ ❖ ❖

အဆိပ်ရောင်ပြန်ဓားသည် ချန်းချိန်ဂိုဏ်း၏ ဂိုဏ်းထိန်းလက်နက် ဖြစ်သည်။

ကြူဝင်ဝင်က အဆိပ်ရောင်ပြန်ဓားကို ရှာဖွေရယူပေးနိုင်သောကြောင့် ချန်းချိန်ဂိုဏ်း၏ ဆယ့်ကိုးဆက်မြောက် ဂိုဏ်းချုပ်ဖြစ်ခဲ့သည်။ ချန်းချိန်ဂိုဏ်း၏ ဆယ့်ရှစ်ဆက်မြောက် ဂိုဏ်းချုပ်အဖြစ် ဆောင်ရွက်



ခဲ့သူ တီနန်ရှီသည် မိမိ၏ဂိုဏ်းချုပ်ရာထူးကို ကြူဝင်ဝင်အား လွှဲအပ်ပေးခဲ့မှုကြောင့် မကျေမနပ် ဖြစ်နေပါသည်။

အဆိပ်ရောင်ပြန်ဓားသည် အဆိပ်ပြင်းထန်သည့် သတ္တုတစ်မျိုးဖြင့် ပြုလုပ်ထားသည်။

ဓားဖြင့် ထိမိရုံမျှ မဆိုထားနှင့် ဓားရောင်ဟပ်သည်နှင့်ပင် အဆိပ်သင့်နိုင်သည်။

တီနန်ရှီသည် အဆိပ်ရောင်ပြန်ဓားကို သိမ်းဝှက်ထားကာ ပျောက်ဆုံးသွားသယောင် သတင်းလွှင့်ခဲ့သည်။

ထို့ပြင် ဖြူမည်းဂိုဏ်းနှင့် ပူးပေါင်းကာ တိုင်းပြည်သစ္စာဖောက် လုပ်ရပ်များ လုပ်ဆောင်ကြံရွယ်ခဲ့ရာ နောက်ဆုံးတွင် အသက်ဆုံးရှုံးသွားခဲ့ရသည်။

ယန်စိန်စိန်က ချန်းချိန်ဂိုဏ်းကို တိုက်ခိုက်အောင်နိုင်ခဲ့ရာ တီနန်ရှီ ဝှက်သိမ်းထားခဲ့သော အဆိပ်ရောင်ပြန် ဓားကိုလည်း ရရှိခဲ့ပြီး ချင်းချင်းလက်သို့ ပေးအပ်ခဲ့သည်။

ချင်းချင်းသည် အဆိပ်ရောင်ပြန်ဓားကို ရရှိထားသော်လည်း ထုတ်သုံးခြင်း မပြုသေး။

ယခုမူ ကဝိမနော သိုင်းကျမ်းရှင်ကို သုတ်သင်ပစ်လိုစိတ် ပြင်းပြလွန်းသောကြောင့် အဆိပ်ရောင်ပြန်ဓားကို ထုတ်သုံးလိုက်ခြင်း ဖြစ်သည်။

အဆိပ်ရောင်ပြန်ဓားသည် ကိုင်ဆောင်အသုံးပြုသူကိုပင် အဆိပ် သင့်စေတတ်သည်။ ချင်းချင်းထံတွင် မိစ္ဆာအဆိပ်ဖြေဆေး လက်ကိုင်

ရှိနေသောကြောင့် အဆိပ်ရောင်ပြန်ဓားကို ကောင်းစွာကိုင်ဆောင်သုံးနိုင်ခဲ့သည်။

အဆိပ်ရောင်ပြန်ဓား၊ သွန်းလုပ်ထားသော သတ္တုသည် အဆိပ်ပြင်းထန်သော်လည်း သံမဏိလောက်မှု ခိုင်ခံ့မာကြောခြင်းမရှိ။

ယန်ဖိန်ဖိန်က နှီးထင်ချိတ်အတွက် စိုးရိမ်စိတ်ဖြင့် အားကုန်သုံးကာ ရိုက်ထုတ်လိုက်သည့် လက်ဝါးရိုက်ချက်ကြောင့် အဆိပ်ရောင်ပြန်ဓားသည် အပိုင်းပိုင်းပြတ်ကာ ကွဲကြေပျက်စီး သွားသည်။

ယန်ဖိန်ဖိန် ထံတွင်လည်း မိစ္ဆာအဆိပ်ဖြေဆေး လက်ကိုင်ရှိသည်၊ ထိုအဆိပ်ရောင်ပြန် ဓား၏ အဆိပ်ဒဏ်ကို ယန်ဖိန်ဖိန်အနေဖြင့် ကြောက်စရာမလိုပေ။

သို့ရာတွင် ...

ချင်းရှင်းသည် မိစ္ဆာမြေမျို အတွင်းအား နှီးဆွနည်းဖြင့် ဖိမိ၏ အတွင်းအား တစ်ဆတိုးအောင် ပြုလုပ်ပြီး၊ အားကုန်အင်ကုန် သုံးလျက် ခုတ်ချလိုက်ခြင်းဖြစ်ရာ ထိုဓားချက်၏ အရှိန်အဟုန်သည် အတိုင်းမသိအောင် ပြင်းထန်နေသည်။

ကြာဝင်တားဆီးသော ယန်ဖိန်ဖိန်မှာ ဓားခုတ်ချက်အား အဟုန်သက်ရောက်မှု လမ်းကြောင်းတည့်တည့်တွင် တိုးဝင်မိလျက်သားဖြစ်နေရာ အဆိပ်ရောင်ပြန်ဓား၏ အဆိပ်ဒဏ်ကို မခံရသော်လည်း ဓားချက်အား အဟုန်၏ ဖိနှိပ်တိုက်ခတ်မှုကို ကောင်းကောင်းကြီးခံရတော့သည်။

"အား ..."



ယန်ဖိန်ဖိန် နာကျင်စွာ အော်ဟစ်လိုက်သည်။

သူမ၏ ခန္ဓာကိုယ်မှာလည်း ခိုင်မြဲစွာ ရပ်တည်မနေနိုင်ဘဲ လွင့်စင်ထွက်သွားသည်။

ထိုသို့ လွင့်စင်ထွက်သွားသော ယန်ဖိန်ဖိန်၏ ကိုယ်ခန္ဓာသည် နှီးထင်ချိတ်ကို သွားတိုက်မိသည်။

နှီးထင်ချိတ်ပါ ချင်းရှင်း ဓားခုတ်ချက် အားအဟုန် ရိုက်ခတ်မှုဒဏ်ကို ခံရပြီး ပက်လက်လန် လဲကျသွားသည်။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် လူအားလုံး အံ့ဩကုန်ကြသည်။

ရှိသမျှ အားကုန်အင်ကုန် အသုံးချ တိုက်ခိုက်လိုက်ပြီး ဖြစ်သော ချင်းချင်းမှာမူ ဘာတွေဖြစ်ကုန်သည်ကို ရုတ်တရက် မသိသေး။

ဓားသွားကျိုးပဲ့ ပျက်စီးသွားပြီး ငုံးတိတိသာ ကျန်တော့သည့် ဓားရိုးကို ဆုပ်ကိုင်လျက် ကြောင်ငေးငေးဖြင့် ရပ်နေသည်။

တိတ်ဆိတ်ငြိမ်သက်နေရာမှ ပထမဆုံး လှုပ်ရှားသူမှာ ကြူဝင်ဝင်ဖြစ်သည်။

ကြူဝင်ဝင်သည် တဟုန်ထိုး ပြေးထွက်လာပြီး ပျော့ခွေလဲကျနေသော နှီးထင်ချိတ်နှင့် ယန်ဖိန်ဖိန်တို့၏ ကိုယ်ခန္ဓာများကို ဖေးမတွဲထူပေးလိုက်သည်။

"ရှင် ... ရှင် ... ရက်စက်လှချည်လား"

ကြူဝင်ဝင်သည် ယန်ဖိန်ဖိန်နှင့် နှီးထင်ချိတ်တို့ကို ပွေ့ထားရင်းမှ ချင်းချင်းကို မော့ကြည့်ပြီး ပြောသည်။

ကြူဝင်ဝင်၏ မျက်လုံးများတွင် မျက်ရည်တွေ ရစ်ဝဲနေသည်။

စကားသံကလည်း၊ ငိုသံပါနေသည်။

ဒုတိယ လှုပ်ရှားလာသူမှာ ဗိုင်ကျင်လုံ ဖြစ်၏။

အခါအခွင့်က အကောင်းဆုံး ဖြစ်နေသဖြင့် မိမိရရ အသုံးချရန် ဆုံးဖြတ်ပြီး၊ လှုပ်ရှားလိုက်ခြင်းဖြစ်သည်။

ရှေ့သို့ ပြေးတက်လာပြီး ချင်းချင်းကို လက်ဝါးနှင့် ရိုက်ရန် ဖြစ်သည်။

ထိုအခိုက်မှာပင် လက်တစ်ဖက်က ဗိုင်ကျင်လုံကို အသာဆွဲကိုင် ဟန့်တားလာသည်။

ဗိုင်ကျင်လုံသည် ဝင်ရောက်ဟန့်တားလာသူကို လှည့်ကြည့်လိုက်၏။

ထိုသို့ လှည့်ကြည့်ပြီးသည်နှင့် ဗိုင်ကျင်လုံ၏ တစ်ကိုယ်လုံး အားအင် ဆုတ်ယုတ်သလို ခံစားရသည်။

နှုတ်မှလည်း၊ တဖုံတခြပင် ရေရွတ်မိသည်။

"ဟင် ... သမီး"

သူ့ကို ဟန့်တားသူမှ ဗိုင်စုကျင် ဖြစ်နေလေသတည်း။

ဗိုင်ကျင်လုံ အားပျော့ ဆုတ်ယုတ်သွားသည်မှာ ဗိုင်စုကျင်က အကြောပိတ်ပစ် လိုက်သောကြောင့်မဟုတ်။

သမီးကို မမျှော်လင့်ဘဲ တွေ့ရသည့်အတွက် ဗိုင်ကျင်လုံ ကိုယ်တိုင်က အားလျှော့ ပစ်လိုက်သောကြောင့်သာ ဖြစ်သည်။

ဗိုင်စုကျင်သည် ဖခင်ဖြစ်သူကို ဟန့်တားပြီးနောက် ကြမ်းပြင်ဝယ် ဖေမမွေ့လူထားခြင်း ခံရသူတို့ကို ငုံ့ကြည့်သည်။



နှင်းထင်ချိုတ်မှာ မျက်စိမှိတ်လျက် တစ်ကိုယ်လုံး ပျော့ခွေနေသည်။ အသက်တော့ မျှင်းမျှင်း၊ ရှူနေသေးသည်။

စိုးရိမ်ရသည့် အခြေအနေတွင် ရှိသည်။

ကျွန်ုပ်မိန်းကလေးမှာမူ နှုတ်ခမ်း၊ မျက်လုံး၊ နှာခေါင်းနှင့် နားနှစ်ဘက်တို့မှ သွေးများယိုစီးကျကာ အသက်ပျောက်နေသည်။

ဗိုင်စုကျင်၏ မျက်လုံးများ ပြာဝေသလို ဖြစ်သွားသည်။

တည်ကြည်အေးချမ်းသော မျက်နှာပေါ်တွင်လည်း ပူပန်သောက အရိပ်အရောင်များ ချက်ချင်း ပြည့်လွှမ်းသွားသည်။

မိမိ အလွန်ချစ်မြတ်နိုးရသော တစ်ဦးတည်းသော သားကိုသည်လို အခြေအနေမျိုးနှင့် တွေ့ရသည့် မိခင်တိုင်းသည် ဗိုင်စုကျင်၏ ခံစားမှုမျိုးလို အသည်းအူပြတ်လုမျှ ခံစားရမည်မှာ မလွဲပေ။

ဗိုင်စုကျင်သည် တရားဓမ္မ ကျင့်ကြံ အားထုတ်နေမှုကြောင့် စိုးရိမ်သောက စိတ်ကို အတော်အသင့် ထိန်းချုပ်နိုင်သည်။

သို့သော် စိုးရိမ်သောကစိတ် ပပျောက်အောင်က မလုပ်နိုင်။

အကယ်၍ တရားဓမ္မကျင့်ကြံမှု အခြေခံသာ မရှိလျှင် ဗိုင်စုကျင်သည် စိုးရိမ်သောက ရောက်မှုဓာတ်ကြောင့် သတိလစ်ကာ မေ့မြော၍ပင် သွားနိုင်ပေသည်။

❖ ❖ ❖

ကြောင်တေးတေး ဖြစ်နေသော ချင်းချင်း သတိဝင်ကာ လှုပ်ရှားလာသည်။

ထိုသို့ သတိဝင်လာသည်နှင့် ပထမဆုံး စဉ်းစားသည်မှာ ရန်သူကြီးဖြစ်သော ကာဝီမနော သိုင်းကျော်ရှင်ကို အပြတ်ချေမှုန်းရေး ဖြစ်သည်။

ချင်းချင်းသည် မုန်းတီးမှု ဒေါသရောင် တောက်နေသော မျက်လုံးများဖြင့် ကာဝီမနော သိုင်းကျော်ရှင်ကို ကြည့်သည်။ မွေ့ယိုင်လဲကျနေသည့် အဖြစ်ကို မြင်ရသည့်အခါ အတော်ကျေနပ် သွားသော်လည်း အသက်ရှင်လျက် ရှိနေသေးသည့်အတွက် ဘဝင်မကျနိုင်ဖြစ်သွားသည်။

ထို့ကြောင့် အပြတ်ချေမှုန်းပစ်ရန် ရှေ့သို့ လှမ်းတက်ပြီး လက်ဝါးတစ်ချက် အပိုင်ရိုက်ချချစ်ခဲ့သည်။ လိုက်ဟန်ပြင်သည်။

"ချင်းချင်း ..."

စကားသံ တစ်ခု ချင်းချင်း၏ နားထဲသို့ ရုတ်တရက် ဝင်လာသည်။

သည်စကားသံကို သူကောင်းကောင်းကြီး မှတ်မိသည်။

သည်အခေါ်အဝေါ်ကို သူကောင်းကောင်းကြီး ရင်းနှီးသည်။

ကာဝီမနော သိုင်းကျော်ရှင်ကို အပြီးတိုင် ချေမှုန်းသုတ်သင်ပစ်လိုသော စိတ်များ ပြင်းပြအားကြီးနေသည့် ယခုလို အချိန်မျိုးမှာပင် ထိုစကားသံနှင့် အခေါ်အဝေါ်သည် ချင်းချင်း၏ နှလုံးသားကို တုန်ခါသွားအောင် လှုပ်ဆိုး ချုပ်ကိုင်လိုက်လေသည်။

ချင်းချင်း၏ စိတ်အစဉ်သည် မလှုပ်ရှားစဖူး လှုပ်ရှားသွားသည်။ မတုန်လှုပ်စဖူး တုန်လှုပ်သွားသည်။



လက်ဝါးရိုက်ချက်က လမ်းခုလတ်မှာပင် ရပ်တန့်သွားသည်။

ပြီးတော့ ချင်းချင်း၏ မျက်လုံးများက အသံထွက်ပေါ်လာရာ ဘက်သို့ အလိုလို ကြည့်မိပြီး ဖြစ်သွားသည်။

ချင်းချင်း၏ မျက်လုံးအကြည့်ထဲတွင် အဖြူရောင်ဝတ်စုံ ဝတ်ထားသည့် အမျိုးသမီး တစ်ယောက်၏အသွင် ထင်ဟပ်လာသည်။

ဇရာ၏ အရိပ်အယောင်များ လွှမ်းခြုံစ ပြုနေသော်လည်း မြင်လိုက်သည်နှင့် ပီပီအလွန် ချစ်ခင်မြတ်နိုးလှသော သခင်မလေး ပိုင်စုကျင် ဖြစ်ကြောင်း ချင်းချင်း သိလိုက်သည်။

"မမလေး ..."

ချင်းချင်းသည် အလွန်ခေါ်လိုလှသည့် အခေါ်အဝေါ်ကို နှုတ်မှ အားရပါးရပင် မြွက်ဟကာ ခေါ်လိုက်သည်။

ပိုင်စုကျင်ကို သည်လိုအခေါ်အဝေါ်မျိုးဖြင့် ခေါ်ဆိုနိုင်ခွင့်ရတော့မည် မဟုတ်ဟု ထင်မှတ်နေသော ချင်းချင်းအဖို့ ယခုလို အားရပါးရ ခေါ်လိုက်ရသည့်အတွက် အလွန်ပင် ကျေနပ်ဝမ်းသာသွားသည်။

"သူ ... ဘယ်သူလဲဆိုတာ နင်သိရဲ့လား ချင်းချင်း"

ပိုင်စုကျင်က နှိုးထင်ချိတ်ကို အသာ လက်ညှိုးထိုးပြကာ မေးသည်။

ချင်းချင်း၏ မျက်လုံးအကြည့်က နှိုးထင်ချိတ်ထံ ရောက်သွားသည်။

ပိုင်စုကျင်ကို မမျှော်လင့်ဘဲ ပြန်လည်ဆုံတွေ့ရမှုကြောင့် ဝမ်းသာပီတိဖြစ်ကာ ကြည်လင်စေသည့် ချင်းချင်း၏ မျက်နှာသည် လစန္ဒာကို ပေပ်ဖမ်းသလို ဒေါသရောင် မုန်းတီးမှုတို့ဖြင့် ညိုမည်းသွားသည်။

ချင်းချင်းသည် အံကိုတင်းတင်းကြိတ်ကာ မုန်းတီးရွံ့ရှာသည့် အမူအရာဖြင့် ...

"ကာဝိမနော သိုင်းကျမ်းရှင်လေ"

"အေးဟုတ်တယ်၊ သူဟာ ကာဝိမနောသိုင်းကျမ်းရှင်ပဲ၊ ကြီးတော့ ပိုသား"

"ရှင် ..."

ချင်းချင်း အကြီးအကျယ် အံ့ဩသွားသည်။

သည်လို အဖြစ်အပျက်မျိုး တွေ့ကြုံရလိမ့်မည်ဟု သူလုံးဝ မျှော်လင့်မထားခဲ့ပေ။

ချင်းချင်းသည် ပိုင်စုကျင်ကို အလွန်ပင် ချစ်ခင်သည်။

ပိုင်စုကျင်၏ တစ်ဦးတည်းသော သားကလေးကိုလည်း ဝူသား အရင်းလို အထူးသံယောဇဉ်တွယ်တာ မြတ်နိုးသည်။

ပိုင်စုကျင်၏သားကို ဘေးအန္တရာယ် ကင်းရှင်းရန် အတွက် ချင်းချင်းသည် သက်စွန့်ဆံဖျား ကယ်တင်ပေးခဲ့သည်။

သို့သော်လည်း ကံကြမ္မာဖန်လာပုံဆန်း၍ ကလေးငယ်ပျောက် ဆုံးသွားသည့်အတွက် ချင်းချင်းမှာ ယနေ့တိုင်အောင်ပင် ပူကျုံ့မရနိုင် ဝမ်းနည်းမဆုံးအောင် ရှိခဲ့သည်။

ကလေးငယ် ပျောက်ဆုံးသွားခဲ့စဉ်က ချင်းချင်းသည် အရူးတစ် ပိုင်းဖြစ်ကာ တောအနှံ့ တောင်အဆုံး လိုက်လံရှာဖွေခဲ့သည်။ မည်သို့မျှ အကြောင်းမထူးသည့်အတွက် နောက်ဆုံးတွင် လက်လျှော့ခဲ့ရသော် လည်း ချင်းချင်း၏ စိတ်ထဲတွင် ထိုကလေးငယ်ကို မမေ့သေး။



မိမိ၏ ရင်သွေးရင်နှစ်ဖြစ်သော ယန်ဇိန်ဇိန်ကို ချစ်သည့် အချစ် ထက် မလျော့သောအချစ်မျိုးဖြင့် သံယောဇဉ်တွယ်ကာ ချစ်နေခဲ့ ဖြစ်သည်။

ယခု မိမိက အညှိုးကြီးညှိုး အမုန်းကြီးမုန်းကာ အသေအကျေ တိုက်ခိုက်ပစ်ခဲ့သည့် ကာဝိမနော သိုင်းကျမ်းရှင်သည် မိမိအလွန် ချစ် မြတ်နိုးရသည့် ပိုင်စုကျင်၏ သားဖြစ်ကြောင်း၊ သိလိုက်ရသည့်အခါတွင် အလွန်ပင် စိတ်ထိခိုက်ကြေကွဲကာ တုန်လှုပ်သွားရသည်။

အားကုန် အင်ကုန် အစွမ်းကုန်သုံးကာ တိုက်ခိုက်ရသည့်အတွက် စိတ်ပန်း၊ လူပန်းဖြစ်နေသည့် ချင်းချင်းမှာ မကြာမီ၊ စိတ်လှုပ်ရှားမှုဒဏ် ကို မခံနိုင်ဘဲ သတိလစ်ကာ လဲကျသွားတော့သည်။

ယန်ဇိန်ဇိန်က နှိုးထင်ချိုကို ကာကွယ်ရန်အတွက် အသက်စွန့် သွားခဲ့သည့် အဖြစ်ကိုကား၊ ချင်းချင်း မသိရှိရသေးပေ။

ပိုင်စုကျင်သည် သတိလစ်ကာ လဲကျလာသော ချင်းချင်းကို အသာဖေးမပြီး မြေကြီးပေါ်သို့ ညင်သာစွာချပေးသည်။

ထို့နောက် ကြူဖင်ဝင်က ပွေ့ဖက် ထားမထားသော နှိုးထင်ချိုတ် ထံသို့သွား၍ ရင်ဝကို လက်ဝါးနှင့်ဖိကာ ပြုစုပေးသည်။

ထိုအချိန်တွင် ရှောင်လင် ကျောင်းတော်၏ ဦးသျှောင်သိုင်းဆရာ ကြီးခြောက်ယောက် နှိုးထင်ချိုတ် အနီးသို့ လျှောက်လှမ်းရောက်ရှိ လာကြသည်။

ဝန့်ထိုင်အီး၊ ဝန့်ရှူမီ၊ ဝန့်ဟုန်နှင့် ဝန့်ရော့ကို လေးယောက်သည် နှိုးထင်ချိုတ်၏ လေးဘက်လေးတန်တွင် ထိုင်ကာ နေရာယူပြီးအကြော များ နှိပ်နယ်ကာ ပြုစုကုသပေးသည်။

ရှောင်လင်ကျောင်းတော်၏ ဦးသျှောင်သိုင်းဆရာကြီးများကိုယ်တိုင် မြှင့်တင်ပေးနေပြီဖြစ်သောကြောင့် ပိုင်စုကျင်သည် အသာနောက်ဆုတ်ပေးလိုက်သည်။

ပိုင်စုကျင်သည် ကြူဝင်ဝင်၏ လက်ထဲမှ ယန်မိန်မိန်၏ အလောင်းကို အသာယူကာ မြေပြင်ထက်တွင် ဖြောင့်ဖြောင့်စန့်စန့်ဖြစ်အောင် အသာအယာ ချထားပေးလိုက်သည်။

ထိုအချိန်မှာပင် ချင်းချင်းသည် သတိပြန်ရကာ လဲကျနေရာမှ ထလာသည်။

"စိတ်ကို အေးအေးထားပါ ချင်းချင်းရယ်၊ ဘဝကံကြမ္မာ ဖန်လာတာကို ဘယ်လိုများ တတ်နိုင်မှာလဲ၊ အင်း ... ပေဟာဒီ မိန်းကလေးသာ ကြူဝင်မကာကွယ်ရင် ငါ့သားလဲ အသက်ပျောက်ရမှာပဲ။ အခုတော့ ဒီမိန်းကလေးက ငါ့သားအစား အသက်အသေခံလိုက်ရရှာတယ်"

ပိုင်စုကျင်သည် ချင်းချင်းကို ဖျောင်းဖျစကားဆိုပြီး ယန်မိန်မိန်၏ အလောင်းကို လှမ်းကြည့်ကာ စိတ်ထိခိုက်စွာ ပြော၏။

ချင်းချင်းသည် မိစ္ဆာမြေမျိုအတွင်းအား နှီးရွှနည်းဖြင့် အားအင်တစ်ဆတိုးအောင် မြှင့်လုပ်ကာ အဆိပ်ရောင်ပြန်စေးကို ဆွဲထုတ်ခုတ်ပိုင်း တိုက်ခိုက်ခဲ့ရာတွင် ဘယ်သို့ဘယ်ပုံ ဖြစ်ပျက်ခဲ့သည်ကို ရေရေရာရာ မသိခဲ့ပေ။

ယခု ပိုင်စုကျင်၏ စကားကြားမှ ယန်မိန်မိန်၏အလောင်းကို မြင်ပြီး ဖြစ်ပျက်ခဲ့ပုံ အကြောင်းများကို နားလည်သွားသည်။



"ဟင် ... သမီး ... မိန်မိန်"

ချင်းချင်း၊ ယူကျုံးမရပင် အော်လိုက်သည်။

ချင်းချင်းသည် နှီးထင်မျိုတ်နှင့်အကြိတ်အနယ် တိုက်ခိုက်ခဲ့ရာ အားအင်များ ကုန်ခန်းခဲ့ရသည်။

ထို့နောက် မိစ္ဆာမြေမျိုအတွင်းအား နှီးရွှနည်းဖြင့် အားအင်နှစ်ဆတိုးအောင် မြှင့်လုပ်ခဲ့ရာတွင် ခေတ္တခဏ အားအင်တစ်ဟုန်ထိုးတိုးတက်ကြီးမားလာသော်လည်း နောက်ပိုင်းတွင် အင်အားယုတ်လျော့မှုဒဏ်ကို ခံစားရသည်။

မိမိအလွန် တွေ့လိုမြင်လိုနေသော ပိုင်စုကျင်၏သားကို မိမိကိုယ်တိုင် ခုတ်သတ်မိပြီဟု တွေးထင်ခဲ့ရာမှ စိတ်ထိခိုက်၍ သတိလစ်ခဲ့ရသည်။

ထိုသို့ သတိလစ်သွားရာမှ ပြန်လည်သတိရကာစတွင် မိမိ၏ လက်ချက်ကြောင့် သမီး ယန်မိန်မိန် သေဆုံးသွားရကြောင်း သိရသောအခါ အလွန်ပင် စိတ်ထိခိုက်ကာ ပြန်လည် သတိလစ် လဲကျသွားပြန်သည်။

သည်တစ်ခါ သတိလစ်မှုတွင် ကိုယ်ခန္ဓာအတွင်း သွေးလေလည်ပတ်မှု လမ်းကြောင်းများ လွဲချော်ကာ အတွင်းဒဏ် အပြင်းအထန်ရရှိသွားခဲ့သည်။

နှီးထင်မျိုတ်ကို ကယ်ဆယ်ရင်း အသက်ဆုံးရှုံးရရှာသည့် မိန်းမငယ်မှာ ချင်းချင်း၏ သမီးဖြစ်ကြောင်း၊ ပိုင်စုကျင် မသိခဲ့ပေ။

ယခု ထိုမိန်းကလေးမှာ ချင်းချင်း၏ သမီးဖြစ်ကြောင်း သိရလေ

သောအခါ ပိုင်စုကျော်မှာ အလွန်ပင် အံ့ဩကာ စိတ်ထိခိုက်သွားရတော့သည်။

မုဆိုးဝင်းမအောင်မြင်ဘဲ မိမိ၏သားကို ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့သူ ချင်းချင်းအပေါ် ပိုင်စုကျော် စိတ်ဆိုးခဲ့မိသေးသည်။

ယခုမူ သားကြောင့် စိတ်ထိခိုက်နေရသော ပိုင်စုကျော်သည် သမီးဖြစ်သူ သေဆုံးသွားရမှုကြောင့် ချင်းချင်းတစ်ယောက် မည်မျှ စိတ်ထိခိုက်ရမည်ကို နားလည်ကာ ချင်းချင်းအပေါ် ဘယ်လိုမှ စိတ်မဆိုးနိုင်တော့ပေ။

ပိုင်စုကျော်သည် ချင်းချင်းကို အသာအယာမှေးရှိကာ အကြောများ နှိပ်နယ် ပြုစုပေးသည်။

တိုင်းပြည် သစ္စာဖောက် မိစ္ဆာမနောဂိုဏ်းသားများနှင့် သူတို့၏ စိတ်ဓာတ်များသည် အခြေအနေမဟုတ်တော့ကြောင်း သိရသည့်အတွက် အလျှိုလျှို ထွက်ပြေးကုန်ကြလေပြီ။

မိစ္ဆာမနောဂိုဏ်း၏ အတိတ်ဝမှုသော၊ တိုက်ကျွမ်းကာ သိမ်းသွင်းထားခြင်းခံရသော သိုင်းသမားများသာ ရှောင်လင်ကျောင်းတော်ရှေ့တွင် ကျန်ရစ်နေခဲ့သည်။

ထိုအချိန်တွင် မိုးက ခပ်ဖွဲဖွဲ ရွာချလာသည်။

◆ ◆ ◆

မိုးရွာချလာသည်။

သဲသဲမဲမဲတော့မဟုတ်။ ခပ်ဖွဲဖွဲလေးသာ။ မိုးစက်မှုန်ရွာလေးများ



ကျလာပုံသည် မျက်လုံးအိမ်မှ စိမ့်ထွက်လာသော မျက်ရည်ပေါက်လေးများနှင့်ပင် တူနေပေတော့သည်။

ဒေါသမာန်မာနဖုံးလွှမ်းသော လူတို့၏ စိတ်မချမ်းမြေ့စရာ တိုက်ခိုက်မှုပြီး မိုးကောင်းကင်က ယူကျုံးမရဖြစ်ကာ ငိုကြွေးလေမည်လား မပြောတတ်။

ချင်းချင်းနှင့် ဗိုလ်ထင်မိုးတတ်တို့၏ အခြေအနေသည် အတော်ဆိုးရွားနေကာ လှုပ်ရှားရွှေ့ပြောင်းရန် မသင့်သောကြောင့် အမိုးအကာ အောက်သို့ သယ်ယူမသွားနိုင်ဘဲ ခပ်ဖွဲဖွဲကျနေသော မုတ်သုံမိုးပေါက်များ အောက်တွင်ပင် ဆက်လက်ပြုစု ကုသပေးရသည်။

ပိုင်စုကျော် ရောက်လာမှုသည် ချင်းချင်း၏ အသက်နှင့် ချင်းချင်း၏ နောက်လိုက်များ ကြမ္မာဆိုးဖြင့် ကြုံရမည့်အရေးမှ ကယ်တင်ပေးလိုက်သလို ဖြစ်နေသည်။

အကယ်၍ ...

ပိုင်စုကျော်သာ ရောက်မလာလျှင် ချင်းချင်းနှင့် သူမ၏ နောက်လိုက်များမှာ ကာစီမနောသိုင်းသမားများနှင့် ရှောင်လင် သိုင်းသမားများ ရှေ့မှောက်၌ပင် သတ်သေခြင်းကို ခံကြရပေမည်။

ယခု ပိုင်စုကျော် ရောက်လာကာ ချင်းချင်းကို ပြုစုကုသပေးရာ ကာစီမနော သိုင်းသမားများနှင့် ရှောင်လင် သိုင်းသမားများက ချင်းချင်းကို ရန်မပြုကြတော့။

ချင်းချင်း၏ ဘက်တော်သားများမှာလည်း ကောက်ဆန်တောင်မှ လွတ်မြောက်သွားနိုင်ကြသည်။

ထိုအချိန်တွင် ကောက်ဆန်းတောင်ပေါ်သို့ လူတစ်ယောက် အပြေးတက်လာပြန်သည်။

ထိုသူမှာ အမိုးမျော ယန်လောက်ဆန်ပင် ဖြစ်သည်။

ယန်လောက်ဆန်သည် ကိုယ်ဖော့ပညာကောင်းကာ အကင်းပါး ဉာဏ်များလှသော်လည်း တိုက်ရေးခိုက်ရေး သိုင်းပညာတွင်မူ သာမန်မျှသာဖြစ်သည်။

ထို့ကြောင့် သူသည် အသေအကြေ ရင်ဆိုင်တိုက်ပွဲများကို အမြဲရှောင်ရှားသည်။ ယခုလည်း တိုက်ပွဲအခြေအနေ ပြင်းထန်နေချိန်ကို ရှောင်ရှားနိုင်ရန် ကောက်ဆန်းတောင်ပေါ်သို့ နောက်ဆုံးမှ တက်လာခဲ့သည်။

ရှောင်လင်ကျောင်းတော်ရှေ့သို့ ယန်လောက်ဆန် ရောက်သည့်အခါ သမီး ယန်ဖိန်ဖိန် မြေကြီးပေါ်တွင် ပက်လက်လဲလျက် ရှိနေသည်ကို တွေ့ရ၏။

"ဟာ ... ဘယ်လိုဖြစ်တာလဲ"

ယန်လောက်ဆန် အလန့်တကြား ရေရွတ်ပြီး ယန်ဖိန်ဖိန် အနားတွင် ဒူးထောက်ချလျက် စစ်ဆေးကြည့်သည်။ ယန်ဖိန်ဖိန် သေဆုံးနေပြီဖြစ်ကြောင်း တွေ့ရလျှင် အကြီးအကျယ် တုန်လှုပ်ကာ ဒေါသ ထွက်သွားရသည်။

"ဒါ ... ဘယ်သူ့လက်ချက်လဲ"

ယန်လောက်ဆန်က အနားတွင်ရှိနေသူ တစ်ယောက်ကို မေး၏။

ယန်လောက်ဆန် မေးလိုက်သူမှာ ကြူဝင်ဝင် ပင်ဖြစ်သည်။





"သူ့အမေရဲ့ လက်ချက်ကြောင့် သေဆုံးသွားရတာပဲရှင်"

စိတ်ထိခိုက်ကြေကွဲနေသော ကြူဝင်ဝင်က ငိုသံပါလေးနှင့် ပြောသည်။

ဤအဖြေစကားကို ကြားရသောအခါ ယန်လောက်ဆန်မှာ အလွန်ပင် အံ့ဩသွားရသည်။

ချင်းချင်းသည် မိမိအပေါ် တင်းမာခက်ထန် ခဲ့သော်လည်း သူမ၏ သမီးကို ကိုယ်တိုင်သတ်ဖြတ် ပစ်လောက်အောင်ကား ကြမ်းကြုတ် ရက်စက်လိမ့်မည်ဟု ယန်လောက်ဆန် မထင်ခဲ့ပေ။

ယန်လောက်ဆန်သည် ချင်းချင်းကို လှမ်းကြည့်လိုက်ရာ သတိလစ် မေ့မျောနေပြီး အဖြူရောင်ဝတ်စုံ ဝတ်ထားသည့် အမျိုးသမီး တစ်ယောက်က ပြုစုပေးလျက်ရှိသည်ကို တွေ့ရသည်။

"တောက် ... မိန်းမရိုင်းကြီး၊ ကိုယ့်သမီး ကိုယ်ပြန်သတ်ရလောက်အောင်ရက်စက်ရသလား"

ယန်လောက်ဆန်က မချိတင်ကဲပြောရင်း ချင်းချင်းကို နိုက်နှက်ရန် ပြေးသွားမည်ပြုသည်။

"ခင်ဗျား အကြောင်းစုံ မသိဘဲ ရမ်းလုပ်မနေပါနဲ့"

စကားသံနှင့်အတူ လူတစ်ယောက်က ယန်လောက်ဆန်ကို ဖမ်းဆွဲထားလိုက်သည်။

ယန်လောက်ဆန်က မိမိကိုဆွဲထားသူကို လှမ်းကြည့်ရာ မိုးနဂါးတော့ချင်ဟုန် ဖြစ်နေကြောင်း တွေ့ရသည်။

ယန်လောက်ဆန် လှုပ်ရှားနေသောစိတ်ကို အသာထိန်းပြီး

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ ခွေမျှော့နေသော နှုထင်ရှိုက်ကို ရှောင်ဝင်၍အချောင် ထိုးအရာကြီးများက ပင်ပန်းကြီးစွာ ဝိုင်းဝန်းမြှု ကူသပေးနေကြသည်ကို တွေ့ရသည်။

"ဟာ ... ဘယ်လိုတွေ ဖြစ်ကုန်ကြတာတုန်း"

ယန်လောက်ဆန်က တအံ့တသြ ရေရွတ်မေးမြန်းသည်။

ဤတွင် ဆာချင်ဟုန်က ဖြစ်ပျက်ပုံ အကြောင်းစုံတို့ကို ယန်လောက်ဆန်အား ပြောပြသည်။

"ဖြစ်မှဖြစ်ရလေများ ဖြစ်ရလေ"

ဆာချင်ဟုန် ပြောပြသည်များကို နားထောင်ရင်း ယန်လောက်ဆန်၏နှုတ်များမှ ဤဝကာများကို တဖွဖွရေရွတ်နေမိ လေတော့သည်။

✤ ✤ ✤

တခြားသူများက နှုထင်ရှိုက်နှင့် ချင်းချင်းတို့ကို အာရုံစိုက်နေ ကြချိန်တွင် ပိုင်ကျင်လုံသည် လူသူကင်းဝေးရာ နေရာတွင် တစ်ယောက် တည်းထိုင်၍ နေသည်။

တဖျောက်ဖျောက် ကျနေသော မိုးစက်မိုးပေါက် လေးများက ပိုင်ကျင်လုံ၏စိတ်ကို အေးမြအောင် မစွမ်းဆောင်နိုင်။

ယခု ကြုံရသည့် စိတ်မချမ်းမြေ့ဖွယ်ရာ ကိစ္စများသည် အရင်းစစ် အမြစ်မြေကတော့သလို မိမိက အဖွယ်မဲ့နှင့် ပေါ်ထစိတ်ဖြင့် သားမက် နှုဟုန်အား သတ်ဖြတ်ခဲ့မိရာမှ ပေါ်ပေါက်လာခဲ့သည့် အကျိုးဆက်များ ဖြစ်သည်ကို ပိုင်ကျင်လုံ တွေးမိသည်။



တွေးရင်းကာပင် ဝမ်းနည်းလာသည်။ မိမိကိုယ်မိမိလည်း အပြစ် တင်မိသည်။

ထိုသို့ အပြစ်တင်မိရာမှ မိမိ၏အပြစ်များကို ချေဖျက်နိုင်တော့ အဲမိမိကိုယ်မိမိ ဒဏ်ခတ်အဆုံး စီရင်ရန်အတွက် ညာလက်ဝါးကို မြှောက်ကာ မိမိ၏ငယ်ထိပ်ကို ရိုက်ချလိုက်သည်။

"ချပ် ..."

တစ်စုံတစ်ယောက်က ပိုင်ကျင်လုံ၏လက်ကို လမ်းခုလတ်မှ ဆုပ်ဖမ်းထားလိုက်၏။ ပိုင်ကျင်လုံ၏ လက်ဝါးသည် ငယ်ထိပ်ကို မရိုက်မိဘဲ ရပ်တန့်သွားသည်။

"အစ်ကိုသမီးလဲ စိတ်သောကရောက်လှပါပြီ။ နောက်ထပ် စိတ်ဆင်းရဲစရာ ဖြစ်အောင် မဖန်တီးပါနဲ့တော့"

ဥဝင်၏ စကားသံကို ပိုင်ကျင်လုံ ကြားရသည်။

"အခုလို ဖြစ်ရတာတွေဟာ ငါ့ကြောင့်ပဲ၊ ငါ့ကြောင့် ငါ့ကိုယ် ငါအပြစ်ဒဏ်ခတ်ရမယ်"

ပိုင်ကျင်လုံက တုန်ယင်နေသည့် ဝမ်းနည်းကြေကွဲသံဖြင့် ပြန် ပြောသည်။

"ဒီလိုလဲ ဘယ်ဟုတ်မှာလဲ အစ်ကိုရယ်၊ ဖြစ်ပြီးခဲ့တာတွေ အတွက် ယူကျုံးမရ အပြစ်တင်နေမယ့်အစား ဒီလိုအဖြစ်မျိုး ထပ်မလုပ် မိအောင်နဲ့ ရှေ့လာမယ့် အချိန်တွေမှာ အကောင်းဆုံးဖြစ်အောင် လုပ် ဆောင်သွားဖို့က ပိုအရေးကြီးပါတယ်"

"ဒါမြေးလေး အဖမဲ့သား ဖြစ်ရတဲ့ကိစ္စ"

ဗိုင်ကျွင်လုံ၏ စကားမဆုံးမီ ဝူဝင်က ကြားဖြတ်ပြီး ...

"နိုးထင်ချိတ်ဟာ စိတ်ထားဖြောင့်မတ်ပြီး အကြောင်းနဲ့အကျိုး တွေးတောတတ်တဲ့ သူငယ်တစ်ယောက်ပါ။ သူအဖြစ်မှန်ကို သိလာပြီး နားလည်မှုနဲ့ လွှတ်နိုင်ပါလိမ့်မယ်။ အစ်ကိုအနေနဲ့ အဖြစ်မှန် အတိုင်း ပြောချင်လို့လာရင် ရှိရင်ရှိ မှန်မှန်လင်းလင်း ထုတ်ပြောဖို့ပဲ လိုတယ်။ အခုလို ကိုယ့်ကိုကိုယ် အဆုံးစီရင်ဖို့ ကြံတာမျိုးကတော့ မလုပ်ထိုက်ပါဘူး"

ဗိုင်ကျွင်လုံက ဘာမျှပြန်မပြော။

သက်ပြင်းကြီးတစ်ချက်သာ ချလိုက်သည်။

❖ ❖ ❖

# အခန်း (၆)

ကောက်ဆန်တောင်၏ အခြေအနေသည် ပုံမှန်အတိုင်း ပြန်ဖြစ် သွားပေပြီ။ ရှောင်လင်ကျောင်းတော်ကြီးသည်လည်း မူလအတိုင်း အေးချမ်းသိတ်ငြိမ်လျှက်နေသည်။

ဗိုင်ကျွင်လုံ၊ ဝူဝင်နှင့် ယန်လောက်ဆန်တို့မှအပ ကာဗီမနော သိုင်းသမားများလည်း နေရပ်သို့ပြန်သွား ကြပြီဖြစ်သည်။

ရှင်ကျင်းဟူ အမည်ရှိသော ဝိုမေ့ကိုထိုးဝင်များမှာမူ ရှောင်လင် ကျောင်းတော် ပရောဏ်အပြင်ဘက်တွင် ယာယီတဲထိုးကာ စေတ္တနေထိုင် ကြသေးသည်။ သူတို့သည် ဗိုင်ရကျင်ကို အဖော်ပြုကာ နေထိုင်ပေး နေကြခြင်း ဖြစ်သည်။

ယခုအခါတွင် ချင်းချင်းမှာ အတွင်းဒဏ်ရာများ သက်သာပျောက် ကင်းနေလေပြီ။

သို့သော် မိစ္ဆာမနော အတွင်းအားများမှာမူ ပျက်စီးဆုံးရှုံး သွား ရသည်။

ထိုအတွင်းအားများ ပြန်လည်ရရှိရန် ရက်ပေါင်းများစွာ အနားယူပြီး ကြိုးစားလေ့ကျင့်ခဲ့ရသည်။

သို့သော် ချင်းချင်းသည် မိန္ဒာမနောသိုင်းကို ပြန်လည်လေ့ကျင့်မှု မပြုလိုတော့။

ကြမ်းကြုတ်ရက်စက်မှုများ၊ မကောင်းသည့် တုံ့ပြန်ချက်များကို ချင်းချင်း ကိုယ်တိုင် တွေ့သိခဲ့ပြီ ဖြစ်သည်။

မိန္ဒာမနောသိုင်းကို လေ့ကျင့်အောင်မြင်ပြီး စိတ်ဓာတ်ကြမ်းကြုတ် ရက်ရက်စက်စက် ပြုလုပ်ဆောင်ချက်များအတွင်း ချင်းချင်းသည် သမီးလေး ယန်ဖိန်ဖိန်၏ အသက်ကို ပေးဆပ်ခဲ့ဝင် ခံခဲ့ရပြီဖြစ်သည်။

နှလုံးဝင်ချိုင်၏ ဓားချက်များ တစ်နေ့တခြား သက်သာလာသည့်အတွက် ဝမ်းသာရသော်လည်း ချင်းချင်းမှာ အပြည့်အဝ မပျော်နိုင်။

ပန်းကောင်းအညွန့်ကျိုးသလို ငယ်ရွယ်နုပျိုချိန်တွင် လောကကြီးမှ စွန့်ခွာကာ သွားရရှာသော ယန်ဖိန်ဖိန်အကြောင်း တွေးမိတိုင်း စိတ်မကောင်းဖြစ်ရသည်။

ယန်ဖိန်ဖိန်၏ ချစ်စရာ ဟန်ပန်လေးများ၊ တီတီတာတာ စကားပြောပုံလေးများကို မကြာမကြာ ပြန်လည်မြင်ယောင် ကြားယောင်နေမိသည်။

ယခု မိမိကို မေမေဟုခေါ်ကာ တီတီတာတာ စကားပြောမည့် သမီးလေး ယန်ဖိန်ဖိန်မရှိတော့။

ချင်းချင်းသည် ဝိုင်စုကျင်က ထားခဲ့သည့်ကြားကောင် ဝိုင်စုကျင့်၏ ပေယျာလစ္စတို့ကို အထင်းလှဲ့ကိုင် ပေးနေခဲ့သည်။



ချင်းချင်း၏ စိတ်ထဲတွင် မိမိငယ်ရွယ်နုနယ်စဉ်က ဝိုင်စုကျင့်၏ ဝံရွေးဆော် မိန်းကလေးဘဝဖြင့် ဟပြင်ကမ်းမှာ ပျော်ရွှင်ရယ်မောနေခဲ့ရသည့် အချိန်တွေကို ပြန်ရောက်ချင်နေသည်။

ငယ်ရွယ်စဉ်ဘဝတွင် စိတ်ညစ်ညူးစရာတွေမရှိ၊ ရွှင်လန်းတက်ကြွစွာ ပျော်ရွှင်လှုပ်ရှား နေရပြီမဟုတ်ပါလား။

သို့သော် ...

ကြုံတွေ့ခဲ့ရသည့် ဘဝလမ်း အကွေ့အကောက်နှင့် စိတ်ထိခိုက်ကြေကွဲဖွယ်ရာများကို ချင်းချင်း မမေ့ပျောက်လို့ရ။

ထိုအကြောင်းများကို တွေး၊ တွေးမိတိုင်း စိတ်ညစ်ညူးရသည်။ ပူဆွေးဝမ်းနည်း ရသည်။

ယနေ့လည်း ချင်းချင်း၊ တစ်ယောက် ယန်ဖိန်ဖိန်အကြောင်း တွေးကာ ဝမ်းနည်းနေစဉ် ဝိုင်စုကျင်က အားပေးစကား ပြောကြားသည်။

"ဘဝလမ်းခရီးဟာ ရှေ့ကိုပဲသွားတယ်၊ နောက်ပြန် ဆုတ်လို့မရဘူး။ ဖြစ်ပြီးတဲ့ ကိစ္စတွေဟာ ဘယ်လိုမှ အသင့်ပြန်မပေါ်လာနိုင်တော့ဘူး။ အခု သားလေ အတော်ကျန်းမာလာပြီ၊ ဖိတို့လဲ မကြာခင် ဝိုင်မဆာန်းတောင်ကို ပြန်တော့မယ်၊ နင်ကော ဘယ်လိုအစီအစဉ်ရှိလဲ၊ ဝါကိုနဲ့အတူ လိုက်မလား၊ ဒါမှမဟုတ် ဘယ်ကိုသွားချင်လဲ"

"မမလေးနဲ့ ခွဲနေရရင် ကျွန်မတော့ စိတ်ညစ်စရာတွေချည်း တွေးနေမိပြီး ဝမ်းနည်းကြေကွဲရတာနဲ့ သေမှာပဲ၊ မမလေးနောက်ကိုပဲ အတူလိုက်ပြီး မမလေးလိုပဲ တရားမှာကျင့်ကြံတော့မယ်၊ ဒါမှလဲ ကျွန်မ ကျူးလွန်ခဲ့တဲ့မှား ဓိတာတွေကို ပြန်ဆေးကြောနိုင်မယ်"

"အေး ...ကောင်းတယ် ကောင်းတယ်၊ သာရ ခေါ်ပါတယ်"

ထိုအချိန်မှာပင် ပိုင်ကျင်လုံ၊ ငုစင်နှင့် ယန်လောက်ဆန်တို့ ပိုင်စုကျင်၏ ယာယီတဲအိမ်သို့ ရောက်လာကြသည်။

နှိုးထင်ချိတ်သည် ရှောင်လင်ကျောင်းတော်ထဲတွင် ဆေးဝါး ကုသမှုခံယူနေသည်။ ရှောင်လင်ကျောင်းတော်၏ စည်းကမ်းချက်အရ အမျိုးသမီးများ ကျောင်းတော်ပရဝုဏ်ထဲသို့ ဝင်ခွင့်မရပေ။

ထို့ကြောင့် ပိုင်စုကျင်တို့သည် ကျောင်းတော်ပရဝုဏ် အပြင်ဘက်တွင် ယာယီတဲများဆောက်ကာ ခေတ္တစခန်းချ နေထိုင်ကြပြီး နှိုးထင်ချိတ်၏ အခြေအနေသတင်းကို နေ့စဉ်စောင့်ဆိုင်း နားထောင်နေကြသည်။

ယန်လောက်ဆန်က နှိုးထင်ချိတ်၏ ကျန်းမာရေး အခြေအနေကို နေ့စဉ်ပင် လာရောက်ပြောပြသည်။

နှိုးထင်ချိတ်သည် အတွင်းအား အခြေခံကောင်းသည့်အပြင် ရှောင်လင်ဂိုဏ်း၏ ဦးသျှောင်ဆရာကြီးများကိုယ်တိုင် ပြုစုကုသပေးနေသောကြောင့် ကျန်းမာရေးအခြေအနေ တစ်နေ့တစ်ခြား ကောင်းမွန်လာသည်။

ပိုင်စုကျင်နှင့် ချင်းချင်းတို့သည် နှိုးထင်ချိတ်ကို ကိုယ်တိုင်မတွေ့ဆုံရသေးသော်လည်း နှိုးထင်ချိတ်အခြေအနေ ကောင်းမွန်နေကြောင်း သတင်းများ ကြားနေရသည့်အတွက် စိတ်ချမ်းသာနေကြသည်။

❖ ❖ ❖



ဒိဒိအပေါ် ချင်းချင်းက မကျေမနပ် ဖြစ်နေသည်ကို ပိုင်ကျင်လုံ သိသည်။

ထို့ကြောင့် ...

ချင်းချင်း ရှိနေသော ပိုင်စုကျင်တဲအိမ်သို့ ပိုင်ကျင်လုံ လာလေ့ မရှိ။

သမီးကို တွေ့လိုလျှင် ချင်ကျင်ဟွာ၏ တဲအိမ်တွင်သာ ခေါ်ယူ တွေ့ဆုံသည်။

ချင်းချင်းသည် ပိုင်ကျင်လုံအပေါ်တွင် အခဲမကြေသော စိတ်များ မရှိတော့သော်လည်း ပိုင်ကျင်လုံကို မျက်နှာချင်း မဆိုင်လိုပေ။

ထို့ကြောင့် ပိုင်ကျင်လုံနှင့် တွေ့ဆုံရန် ချင်ကျင်ဟွာက ပိုင်စုကျင်ကို အခေါ်လွှတ်သည့် အခါများတွင် ချင်းချင်းသည် အလုပ်များသယောင် ပြုကာ ပိုင်စုကျင်၏ တဲအိမ်တွင်ပင် နောက်ချန်နေရစ်ခဲ့သည်။

ယနေ့တွင်တော့ ပိုင်ကျင်လုံသည် ပိုင်စုကျင်၏ တဲအိမ်သို့ မလာစဖူး ရောက်လာရာ ချင်းချင်းမှာ ရှောင်တိမ်းနေ၍ မရနိုင်တော့။

ချင်းချင်းသည် ပိုင်ကျင်လုံကို မကြည့်ဘဲ အသာမျက်လွှာချကာ ခေါင်းငုံ့နေသည်။

ပိုင်စုကျင်ကသာ ပိုင်ကျင်လုံ တို့ကို ဆီးကြိုပြီး နေရာထိုင်ခင်း ပေးသည်။

"ဒီနေ့ကောင်းကောင်းကြီး ကျန်းမာလာပြီ၊ သမီးကိုလဲ လာတွေ့မယ်လို့ ပြောတယ်၊ အခု သမီးကိုရော ချင်းချင်းကိုပါ ပြောစရာရှိလို့ လာခဲ့တာပဲ"

တိုင်ခုံများတွင် ထိုင်ပြီးနောက် ဗိုင်ကျင်လုံက စကားစသည်။

မိမိကိုပါ ပြောစရာရှိသည်ဟု ဆိုလာသောကြောင့် ချင်းချင်း၏ ရင်ထဲတွင် ထင့်ခနဲဖြစ်သွားသည်။

ချင်းချင်းသည် ဗိုင်ကျင်လုံကို မကြည့်ဘဲ ခေါင်းငုံ့ထားရင်း ဗိုင်ကျင်လုံ ပြောကြားမည့် စကားများကို နားစွင့်နေသည်။

ဗိုင်ကျင်လုံက ကာစီမနော သိုင်းအစွယ်ဝင်တို့ စိတ်ဝမ်းကွဲပြားကာ စည်းလုံးမှု ပျက်ပြားနေသည့်အချိန်က မိမိ၏သမီး ဗိုင်စုကျင်သည် နဝါးနက်ဂိုဏ်းမှ ရှီးဟုန်ကို ချစ်ကြိုက်ကာ လက်ထပ် လိုက်ကြောင်း၊ ကြားရသည့်အတွက် ဒေါသဖြစ်ခဲ့ရပုံမှ အစချီကာ ရှီးဟုန်နှင့် ဗိုင်စုကျင်တို့ကို အသေသတ်ရန် လိုက်လံစုံစမ်းရှာဖွေခဲ့ပုံ၊ ဗိုင်စုကျင်တို့ ပုန်းအောင်းနေသည့်နေရာသို့ လိုက်လာခဲ့ရာတွင် ရှီးဟုန်နှင့်တွေ့ပြီး သုတ်သင်ခဲ့ပုံ၊ ဗိုင်စုကျင်ကို ဆက်လက်သုတ်သင်ရန် လာခဲ့ရာတွင် မွေးကင်းစ သားငယ်လေးကို ပွေ့ပိုက်ထားသည့် ဗိုင်စုကျင်အား တွေ့ရသည့်အခါ စိတ်ထိခိုက် ခံစားလာရပုံ၊ မသတ်ရက်တော့ဘဲ မြေးလေးကိုလည်း ချင်းချင်းက ခေါ်ဆောင်ထွက်ပြေး သွားနိုင်အောင် ဖန်တီးပေးခဲ့ပုံ အကြောင်းများကို ပြည့်ပြည့်စုံစုံ ပြန်လည်ပြောပြသည်။

ဗိုင်စုကျင်နှင့် ချင်းချင်းတို့သည် ဗိုင်ကျင်လုံ ပြောပြသည်များကို ငြိမ်သက်စွာ နားထောင်နေကြသည်။

ကိုယ်တိုင် မိခင်များဘဝသို့ ရောက်နေကြပြီဖြစ်ရာ မိဘမေတ္တာကို နားလည်သည်။

အထူးသဖြင့် ချင်းချင်းသည် ဗိုင်ကျင်လုံ ပြောကြားသည်များကို



နားထောင်ပြီးနောက် ဗိုင်ကျင်လုံအပေါ်တွင် လုံးဝခွင့်လွှတ်ကာ မူလ အတိုင်းပင် ရှိသေလေးစားသည့်စိတ်များ ပြန်ပေါ်လာသည်။

"ကျွန်မ နားလည်ပါပြီ သခင်ကြီး။ သခင်ကြီးအပေါ်မှာ ကျွန်မ ဘယ်လိုမှ အပြစ်မမြင်ရက်တော့ပါဘူး"

ချင်းချင်းက ငိုသံပါကြီးနှင့် ပြောလိုက်သည်။

"ငါပြောချင်တာတွေကို ပြောလိုက်ရလို့ စိတ်ထဲမှာ အများကြီး ပေါ့သွားတယ်။ ငါ့မြေးကိုလဲ ဒီအကြောင်းတွေ ပြောပြရဦးမယ်"

ဗိုင်ကျင်လုံက ပြောသည်။

ဗိုင်စုကျင်သည် ဖခင်ဖြစ်သူကို အလန့်တကြား ကြည့်လိုက်ကာ ...

"ဟင် ... သားကို ဒီအကြောင်းတွေ ထုတ်ပြောမလို့လား။ ဖြစ်ပါ့မလား ဖေဖေရယ်၊ သားက တစ်မျိုးမြင်သွားရင် အားလုံးခက်ကုန်မယ်"

"မခက်ပါဘူး ဖေဖေရယ်၊ ကျွန်တော် အားလုံးကြားပြီးပါပြီ ဘာမှ မစိုးရိမ်ပါနဲ့၊ ကျွန်တော် နားလည်ခွင့်လွှတ်နိုင်ပါတယ်"

ရှီးထင်ချိတ်၏ စကားသံက ရုတ်တရက် ပေါ်လာသည်။

စကားသံအဆုံးတွင် ရှီးထင်ချိတ်သည် တဲအိမ်ကလေးထဲသို့ အသာလျှောက်လှမ်း ဝင်လာသည်။

ရှီးထင်ချိတ်နှင့်အတူ ချင်ကျင်ဟွာနှင့် ကြူဝင်ဝင်တို့လည်း ပါလာသည်။

နှိုးထင်ချိတ် သတိပြန်ရလာပြီး မိမိ၏မိခင်ကြီး ရှောင်လင်ကျောင်း တော်အပြင်ဘက်တွင် ရှိနေကြောင်း သိရသောအခါ မိခင်ဖြစ်သူကို သွားရောက် တွေ့ဆုံလိုစိတ်များ ပြင်းပြစွာဖြစ်ပေါ်လာခဲ့သည်။

ဓားထိုးရာများ သက်သာပျောက်ကင်းအောင် အနားယူနေထိုင်ရန်လိုကြောင်း ဝန်ထိုင်အိတို့က ပြောဆိုဖျောင်းဖျထားသောကြောင့် အောင့်အည်းကြိတ်မှိတ် နေခဲ့ရသည်။

ဖေါ်လေး ချင်းချင်း၊ အကြောင်းနှင့် ယန်ဖိန်ဖိန်သေဆုံးခဲ့ရပုံ အကြောင်းများကိုလည်း အဘိုးဖြစ်သူ ပိုင်ကျင်လုံ ပြောပြ၍ နှိုးထင်ချိတ် သိထားပြီး ဖြစ်သည်။

ဖေါ်လေးချင်းချင်းကို ရန်သူအဖြစ် ရင်ဆိုင်တိုက်ခိုက်ခဲ့ရသည့်အတွက် နှိုးထင်ချိတ် စိတ်မကောင်းဖြစ်မိသည်။

ထို့နောက် ...

ကျန်းမာရေး အခြေအနေကောင်းမွန်၍ လှုပ်ရှားသွားလာခွင့်ရသည်နှင့် နှိုးထင်ချိတ်သည် မိခင် ပိုင်စုကျင်နှင့် ဖေါ်လေးချင်းချင်းတို့ကို တွေ့ဆုံရန် ထွက်လာခဲ့သည်။

ယာယီတဲစခန်းအနီးတွင် ချင်ကျင်ဟွာနှင့် ကြျွဝင်ဝင်တို့ တွေ့ဆုံပြီး ပိုင်စုကျင်၏ တဲအိမ်သို့အတူ ရောက်လာကြခြင်း ဖြစ်သည်။

နှိုးထင်ချိတ် အပေါ်သံယောဇဉ် တွယ်နေပြီဖြစ်သော ကြျွဝင်ဝင်သည် ချင်ချင်နှင့်အတူ နေထိုင်ပြီး နှိုးထင်ချိတ် ပြန်လည်ကျန်းမာလာမည့်အချိန်ကို စောင့်လင့်နေခဲ့သည်။

တဲအိမ်အနီးသို့ ရောက်လာသောအခါ ပိုင်ကျင်လုံ၏ စကားသံကို



ကြားရသည့်အတွက် အတွင်းသို့မဝင်သေးဘဲ အသာရပ်ကာ နားထောင်နေခဲ့သည်။

နှိုးထင်ချိတ်အဖို့ မိမိသိလိုခဲ့သော အကြောင်းအခြင်းအရာများကို သိခွင့်ရခဲ့သည်။

မိမိဖခင်ကို သတ်ခဲ့သူမှာ မိမိ၏အဘိုး အရင်းကြီးဖြစ်ကြောင်း သိရသောအခါ အံ့ဩတုန်လှုပ်စိတ်တို့ အကြီးအကျယ် ဖြစ်ပေါ်ခံစားလာရသည်။

မိဘမဲ့တစ်ဖြင့် ကြမ်းတမ်းသော ဘဝခရီးကို ငယ်စဉ်က လျှောက်လှမ်းခဲ့ရပုံ၊ မိခင်နှင့်အတူ နေရသည့်အခါ၌လည်း ပုန်းလျှိုး ကွယ်လျှိုး နိုးကြောင်ခိုးဝှက် နေခဲ့ရပုံတို့ကို ပြန်တွေးမိသည်။

ထိုအခါ အဘိုးဖြစ်သူ ပိုင်ကျင်လုံအား တရားခံအဖြစ် မြင်ယောင်ကာ ဒေါသစိတ် ထောင်းခနဲ ဖြစ်မိသည်။

ဖခင်၏ အသက်ကြွေးကို ပေးဆပ်မည်ဟုလည်း စိတ်ဆုံးဖြတ်မိသည်။

သို့သော် ထိုစဉ်မှာပင် သိုင်းလောကသို့ ထွက်ခွာရန် စေနိုးစဉ်က မိခင်ကြီး ပိုင်စုကျင်ပြောခဲ့သော ကတိစကားတို့ နားထဲတွင် ပြန်လည် ကြားယောင်လာသည်။

"ဖခင် နှိုးဟုန်နှင့် မိခင်ပိုင်စုကျင်တို့၏သား ကျွန်တော် နှိုးထင်ချိတ်သည် နဂါးဖြူ ဂေဟာခေါင်းဆောင် ကျွန်တော်၏ ဘိုးဘိုး ပိုင်ကျင်လုံကို တစ်နေ့နေ့ တစ်ချိန်ချိန်၌ မည်သို့သောအကြောင်းကိစ္စကြောင့်ဖြစ်စေ၊ မည်သို့သော အပြစ်များ တွေ့ရသည့်ဖြစ်စေ ဖြစ်မှာခြင်း

နိုင်းယူရှာ ဆက်ဆံခြင်း မပြုပါဟု မိုးနှင့်မြေကို တိုင်တည်ကာ သစ္စာပြုပါသည်"

နှိုးထင့်ချိတ် ရှုပ်ထားသောလက်သီး လျော့ပြေကျသွားသည်။ ဒေါသကြောင့် တင်းမာနေသော မေးရိုးများ ပြေပြစ်သွားလေ၏။

"ဖြော် ...မေမေက ဒီအကြောင်းတွေ ကြိုသိထားလို့ ဖိုးဆီကကတိ တောင်းတာကိုး။ ကြည့်စမ်း ...ငါ ...ယှူနန်ယက်ကြီး ထိုက်တော့ မလိုပါလား။ မေမေနဲ့ ဘိုးဘိုးတို့ဟာ အတိတ်က သူတို့ရဲ့ ပြဿနာနဲ့ သူတို့ ဖြစ်ခဲ့ကြတာ၊ ဒါကို ငါကဝင်ပြီး ရန်ငြိုးတွေ ကလဲ့စားတွေလုပ်နေရင် ...အင်း ...ဘာတဲ့ဖြစ်ဖြစ် ငါ့အဘိုးကတော့ အဘိုးပါပဲလေ"

နှိုးထင်ချိတ် စိတ်ထဲမှ ပြေတွေးတွေးနေမိသည်။

ဒေါသ၊ မာနမာနနှင့် စိတ်ဝမ်း ကွဲပြားမှုများကြောင်း ယခုလို အဖြစ်မျိုး ပေါ်ပေါက်ခဲ့ပေရာ အတိတ်အကြောင်း ကိစ္စများကို နားလည်ခွင့်လွှတ်လိုက်ခြင်းသည် အကောင်းဆုံးဖြစ်မည်ဟု နှိုးထင်ချိတ် သဘောပေါက်သွားလေ၏။

ထို့ကြောင့် မိမိအားလုံး ကြားသိပြီး၍ နားလည်ခွင့်လွှတ်ကြောင်း ထုတ်ဖော်ပြောကြားရင်း အိမ်ထဲသို့ လျှောက်လှမ်းဝင်ရောက် လာခြင်း ဖြစ်သည်။

နှိုးထင်ချိတ်၏ သဘောထားကြီးမှုနှင့် ဖြစ်ရပ်မှန်များကို ရဲရဲရင့်ရင့် နားလည် လက်ခံနိုင်မှုတို့သည် တင်းကြပ်နေသော အခြေအနေကို ပြေလျော့ ဖေးဖေးသွားစေ၏။

မုန်းတီးမှုများ၊ စိုးရိမ်မှုများ ကြောက်ကျုံမှုများ မရှိတော့။



သန့်စင်အေးမြသည့် မေတ္တာတရားသာလျှင် ရှိပေတော့မည်။

✥ ✥ ✥

"မေမေ့ကို ကျွန်တော်ပြောစရာ ရှိသေးတယ်"

နှိုးထင်ချိတ်က မိခင်ကြီး၏အနီးသို့ လျှောက်လှမ်းချဉ်းကပ်သွားပြီးပြောသည်။

"ဘာများလဲ သားရယ်"

ပိုင်စုကျင်က ကျွန်မာရွှင်လန်းသောပြုံဖြစ်သော သားကြီး၏ မျက်နှာကို ပီတိဖြစ်စွာ ကြည့်ရှုနေရင်း ပြန်မေး၏။

နှိုးထင်ချိတ်က မိမိ၏မျက်နှာတွင် ပီးလောင်ဒဏ်ရာ အမာရွတ်များနှင့် အရုပ်ဆိုး၊ အကျည်းတန်ဘဝ ရောက်ခဲ့စဉ် ပိုင်စုကျင်နှင့် တွေ့ကုံခဲ့ရာတွင် အကြောင်းမှန် ထုတ်မပြောဘဲ နေခဲ့မိပုံကို ပြောပြသည်။

ထို့ပြင် မိမိ၏မျက်နှာမှ မီးလောင်ဒဏ်ရာ အမာရွတ်များ ပျောက်၍ ပင်ကိုမျက်နှာ ပြန်ဖြစ်ခဲ့ရပုံများကိုလည်း ရှင်းပြ၏။

နှိုးထင်ချိတ်က မိခင်ဖြစ်သူအား ရှင်းလင်း ပြောကြားသည့် စကားများကို ကျန်လူအားလုံးကလည်း ကြား၏။ ထိုသို့ ကြားရသူများထဲတွင် ကြူဝင်ဝင် လည်းပါဝင်သည်။

မိမိကို တွေ့ဆုံကယ်တင်ခဲ့သူ အရုပ်ဆိုးဆိုးနှင့် နှိုးထင်ချိတ်သည် ယခုမြင်တွေ့နေရသည့် ရုပ်ရည်မှန်ရည် နှညားသော နှိုးထင်ချိတ်ပင် ဖြစ်ကြောင်း သံသယကင်းစွာ ယုံကြည်သည်။

"အင်း ...ဒါကြောင့် မေမေ့စိတ်ထဲမှာ အဲဒီ ရုပ်ဆိုးလေးရဲ့

အသံဟာ သားရဲ့အသံနဲ့ တူလှချည်လားလို့ ထင်နေမိတာကိုး။ သား က ဘာကြောင့် အမှန်အတိုင်း ထုတ်မပြောခဲ့တာလဲကွယ်။ ကိုယ့်သား သမီးဟာ ဘယ်လို အခြေအနေမှာပဲ ရောက်နေနေ မိခင်တွေက အမြဲချစ်ခင် ကြင်နာနေတာပဲ ဆိုတာကို သားက နားမလည်သေးဘဲကိုး။ သားသမီးတွေအပေါ် ထားရှိတဲ့ မိခင်တွေရဲ့ ချစ်ခင်ကြင်နာမှုဟာ အတိုင်းအဆ မရှိပါဘူးကွယ်"

ဝိုင်စုကျင်က သက်ပြင်းလေးတစ်ချက် ချပြီးပြောသည်။

လေသံက ခပ်အေးအေးဖြစ်သော်လည်း စိတ်မကောင်းဖြစ်သွားသည့်အသွင်ကိုတော့ ဖမ်းမိနိုင်သည်။ ထိုစကားများကို ပြောလိုက်ချိန်၌ ဝိုင်စုကျင်၏ မျက်ဝန်းအိမ်များတွင် မျက်ရည်များ စို့တက်၍လာသည်။

ခင်မှန်းသည် ကွယ်လွန်သွားပြီး နောက်ပိုင်းတွင် ဝိုင်စုကျင် သည် မုဆိုးမဘဝဖြင့် လောကဓံ၏ နှိပ်စက်မှုကို ကြုံကြိုက်ခဲ့၏။

တော်ရုံတန်ရုံ စိတ်ထိခိုက်မှုမျိုးအတွက် မျက်ရည်မကျတတ်။

သားဖြစ်သူက မိခင်ကို စိတ်မကောင်း ဖြစ်မည်စိုး၍ အရှုံးဆိုး နေသည့်အကြောင်း ထုတ်မပြောဘဲ ကြိတ်မှိတ်နေခဲ့သည်ကို ကြားရ သည့်အခါတွင်မူ ဝိုင်စုကျင်မှာ သား၏စေတနာကို နားလည်၍ စိတ်ထိ ခိုက်သည်ကတစ်မျိုး။ မိခင်တစ်ယောက်၏ ကြီးမားသော မေတ္တာကို သားလေး သဘောမပေါက် ရှာပါလားဟု စိတ်မကောင်း ဖြစ်မှုက တစ်သွယ်ကြောင့် မျက်လုံးအိမ်များတွင် မျက်ရည်များ ရစ်ဝဲလာသည်။

တရားမဲ့ ကျင့်ကြံအားထုတ်နေရသည့် ရင့်ကျက်သောစိတ် အခြေခံကြောင့် မျက်ရည်မကျအောင်တော့ ထိန်းချုပ်ထားနိုင်လေသည်။

စာစဉ်(၁၀) F-14(A)



မိခင်ကြီး မျက်ရည်လည်လာသည်ကို တွေ့ရသည့်တွင် မိမိ၏ ပြောစကားများကြောင့် အတော်ပင် စိတ်ထိခိုက်သွားကြောင်း နှိုးထင်ချိတ် သိလိုက်၏။

"အခုတော့ မေမေနဲ့ကျွန်တော်နဲ့ အတူတူနေကြတော့မယ်နော်။ မေမေ ဘယ်ကိုမှ မသွားရတော့ဘူး"

ဝိုင်စုကျင်သည် နှိုးထင်ချိတ်၏ စကားကို ပြန်အဖြေမပေး။ သူမ၏ စိတ်ထဲတွင် ဆန္ဒနှစ်ခုတို့က လွန်ဆွဲနေကြသည်။ သားဖြစ်သူနှင့် အတူနေလိုသည့် စိတ်ဆန္ဒရှိသလို၊ လူလားမြောက် အရွယ်ရောက်နေ ပြီဖြစ်သော သားကြီးအား ဘဝ စနိုးကြမ်းတွင် လျှောက်လှမ်းရင်း ရင့်ကျက်သူ တစ်ယောက် ဖြစ်စေလိုသည့် ဆန္ဒလည်း ရှိနေတော့သည်။

ဝိုင်စုကျင်မှာ အဖြေမပေးသေးဘဲ တွေးတောငြိုငြင်နေရာ ချင်းကျင် ဟူ က ကြားဝင်၍ ...

"မင်းတို့ သားအမိ ရှင်ကွဲ ကွဲနေကြတာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ မဟုတ်လား။ အခု ဘဝက် အလှည့်သင့်လို့ သားအမိ ပြန်ဆုံ ကြပြီဆိုတော့ သားကလဲ အမေနဲ့အတူတူ နေချင်ရှာမှာပေါ့။ သားရဲ့ဆန္ဒ ကို ဖြည့်ဆည်းလိုက်ပါကွယ်။ ငါတို့ကလဲ လိုက်လျော ခွင့်ပြုပါ့မယ်"

ငိုမဆန်း ဂိုဏ်းချုပ်ကြီး ချင်ကျင်ဟူက ယခုလို ခွင့်ပြုကြောင်း ဝင်ရောက်ပြောကြားခြင်း ဖြစ်ပေသည်။

"ဂိုဏ်းချုပ်ကြီးရဲ့ ခွင့်ပြုချက်စကားကို ကြားရတဲ့အတွက် ကျွန်မ ဝမ်းသာပါတယ်"

ဝိုင်စုကျင်က ချင်ကျင်ဟူကို အရိုအသေပေးကာ ကျေးဇူးတင်

စကားပြောဖြစ်၏။ ထို့နောက် ကြူဝင်းဝင်းကို တစ်ချက်လှမ်းကြည့်ပြီးနောက် နိုးထင်ချိတ်ဘက်သို့ မျက်နှာမူကာ ...

"သားအနေနဲ့ မေမေ ဆုံးဖြတ်တာကို လိုက်နာနိုင်မလား"

"မေမေ့ စကားကို သားနားထောင်ရမှာပေါ့ မေမေရယ်"

သားချစ်၏ ရိုသေသကျိုးနွံသော ပြန်ကြားပြောဆိုချက်သည် ဝိုင်စုကျော့၏ နှလုံးသားကို သိမ့်ခနဲ လှုပ်ခါသွားစေသည်။

ဝိုင်စုကျော့၏ မျက်နှာအမူအရာ အနည်းငယ် ပျော့ပျောင်းလာသည်။

"သားသိက ဒီလိုစကားမျိုး ကြားရတာ မေမေ သိပ်ကျေနပ်တယ်။ ဒါမှ မေမေ့သား ..."

ထို့နောက် ဝိုင်စုကျော့က မျက်နှာထားကို ပြန်လည်၍ လေးနက်တည်ကြည်အောင် ပြုလုပ်ပြီး ဆက်ပြောသည်။

"ကြူဝင်းဝင်းကို ငါ့သား မေတ္တာရှိနေတယ် မဟုတ်လား"

နိုးထင်ချိတ်၏ မျက်နှာ ရဲခနဲ ဖြစ်သွားသည်။

ကြူဝင်းဝင်းမှာလည်း မျက်နှာနီမြန်းကာ ခေါင်းလေး ငုံ့သွားရှာသည်။

နိုးထင်ချိတ်သည် ကြူဝင်းဝင်း မင်းသမီးလေးကို တိတ်တခိုး မေတ္တာ ရှိနေခဲ့သည်မှာ ကြာလှပြီဖြစ်သည်။ အခြေအနေ အကြောင်းကြောင်းကို ထောက်ထားကာ မေတ္တာစိတ်ကို ဖွင့်ဟမပြောနိုင်ဘဲ ကြိတ်မှိတ်မျိုသိပ် ထားခဲ့ရသည်။

ယခုတော့ လူအများရှေ့မှောက်တွင် ဖြစ်သည့်အပြင် ကာယကံရှင် ကြူဝင်းဝင်း ကိုယ်တိုင်လည်း ရှိနေသည့်အတွက် နိုးထင်ချိတ်မှာ အလွန်အမြေဖြ ခက်နေသည်။ မျက်နှာလည်း မထားတတ်တော့။

စာစဉ်(၁၀) F-14(B)



နှုတ်မှ အတိအလင်း ထုတ်ဖော်ဝန်ခံခြင်း မပြုသော်လည်း ထိုအမူအရာကို ကြည့်ခြင်းဖြင့် နိုးထင်ချိတ်၏ စိတ်ထဲတွင် မည်သို့ရှိနေသည်ကို လူကြီးများအနေဖြင့် အကဲခတ်မိကြသည်။

ထို့ပြင် ကြူဝင်းဝင်း အနေဖြင့်လည်း နိုးထင်ချိတ်၏ မေတ္တာကို မတုံ့ပြန်နိုင်စရာ အကြောင်းမရှိကြောင်းကိုလည်း နားလည်ရိပ်မိကြသည်။

လူငယ်တွေက ဖွင့်ဖွင့်လင်းလင်း ထုတ်ဖော်ပြောကြားရန် ရှက်ရွံ့ နှုတ်ဆိတ် နေကြသည့်အခါ လူကြီးများက လမ်းကြောင်းလှပ်ရှား ဖန်တီးပေးရပေမည်။

ဝိုင်စုကျော့သည် ကြူဝင်းဝင်း၏ အနားသို့သွားကာ လေသံတိုးတိုးဖြင့် စကားအနည်းငယ်ပြောသည်။ နှစ်ကိုယ်ကြား ပြောဆိုသည် ဖြစ်သောကြောင့် အခြားသူများအနေဖြင့် စကားသံများကို မကြားနိုင်။

ကြူဝင်းဝင်း၏မျက်နှာ ပိုနီမြန်းသွားကာ ရှက်စနိုး အမူအရာဖြင့် နိုးထင်ချိတ်ကို တစ်ချက်လှမ်းကြည့်ကာ ခေါင်းငုံ့သွားပုံကိုသာ မြင်ရသည်။ ထိုသို့ မြင်ရသမျှနှင့်ပင် ဝိုင်စုကျော့ ပြောကြားနေသည့် စကားများသည် နိုးထင်ချိတ်နှင့် ပတ်သက်နေကြောင်းကို အကဲခတ်နိုင်ကြသည်။

မိန်းကလေးတို့၏ စိတ်သဘောကို မခန့်မှန်းတတ်သော နိုးထင်ချိတ် အဖို့မူ ကြူဝင်းဝင်းက ရှက်စနိုးဖြင့် ကြည့်လိုက်သည့်အကြည့်လေး၏ အဓိပ္ပာယ်ကို နားမလည်နိုင်ပေ။

လူကြီးများအဖို့ ကြူဝင်းဝင်း၏ ရှက်စနိုးအကြည့်လေးက ဘာကိုဆိုလိုကြောင်းကို ကောင်းကောင်းကြီး သဘောပေါက်ကြသည်။

ကြူဝင်ဝင်နှင့် နှစ်ကိုယ်ကြား ပြောကြားပြီးနောက် ဝိုင်စုကျော် သည် နှိုးထင်ချိတ်ထံသို့ လှမ်းကြည့်ကာ ...

"သားကို တာဝန်တစ်ခုပေးမယ်၊ မေမေ ပေးတဲ့ တာဝန်ကို သားလိုက်နာ ဆောင်ရွက်ရမယ်နော်"

"ဟုတ်ကဲ့ မေမေ"

"မောင်းဒီကာ သမီးလေး ကြူဝင်ဝင်ကို သားတစ်သက်လုံး စောင့်ရှောက် ပေးသွားရမယ်"

ဝိုင်စုကျော်၏ စကားကို ကြားရသောအခါ နှိုးထင်ချိတ်မှာ ဘာ လုပ်ရမည် မသိတော့ဘဲ ယောင်ချာချာ ဖြစ်သွားသည်။

စိတ်ထဲမှာတော့ အလွန်ပျော်နေသည်။

မိမိ တိတ်တဆိတ်ကြိတ်ကာ မျှော်လင့်တမ်းတခဲ့ရသည့် ဘယ်တော့မှ ရနိုင်မည်ဟုလည်း ထင်မထားခဲ့သော မျှော်လင့်ချက်ကြီး ပြည့်ဝတော့ မည်ဖြစ်ကြောင်းကိုကား နှိုးထင်ချိတ် သိသည်။

ချစ်သူနှင့်လည်း ယှဉ်တွဲပေါင်းဖော်ရဦးမည်။ မိခင်နှင့်လည်း ရင်ဆုပ်မကွာ ပြန်နေရဦးမည်။ အရာရာသည် ချောမွေ့ပြေပြစ်နေပြီး နှိုးထင်ချိတ် အတွက် ဘာများလိုအပ် ပေဦးမည်နည်း။

ဝမ်းသာပီတိ ဖြစ်လာသည့်အတွက် နှိုးထင်ချိတ်မှာ မိခင် ဝိုင်စုကျော်ကို မွေ့ဖက်နမ်းလိုက်မိသည်။ ထို့အတူ ကြူဝင်ဝင်၏ လက် ကလေးကိုလည်း မသိမသာ ဆွဲယူဆုပ်ကိုင်မိသည်။

❖ ❖ ❖



နှိုးထင်ချိတ်တို့ မိသားစု၏ ပျော်ရွှင်ချမ်းမြေ့ဖွယ် ဖြစ်ရပ်များက ဝိုင်စုကျော်၏ တဲအိမ်လေးအတွင်းရှိ လူသားအားလုံးသို့ ရိုက်ခတ်ကူး စက်သွားကြသည်။ ကြည်နူးဖွယ်အပြုံးများ မှင်ဝေကုန်ကြသည်။

ထိုအပျော် ထိုကြည်နူးမှုက ချင်းချင်းထံသို့လည်း ပျံ့နှံ့ဝင်ရောက် လာ၏။

မမလေး ဝိုင်စုကျော် တူကလေး နှိုးထင်ချိတ်တို့ ဘဝသာယာ ပြောင်မြူးခြင်းက သူ့အတွက်ကျေနပ် ပျော်မောဖွယ် ကောင်းလှသည်။ သို့သော် ...ချင်းချင်းမှာ ပြည့်ပြည့်ဝဝ မပျော်နိုင်။

မိမိလက်ချက်ဖြင့် အပြစ်မဲ့သမီးလေး ယန်ဖိန်ဖိန်သေဆုံးခဲ့ရ သည့်မြင်ကွင်းကသာ နှလုံးအိမ်ထဲတွင် စိုးမိုးအနိုင်ထင်နေသည်။

သမီးလေး ဖိန်ဖိန်ရှိနေရင် ဘယ်လောက်ကောင်းလိုက်မလဲ၊ ဘယ်လောက် သာယာလိုက်မလဲ၊ သမီးလေးဟာ နှိုးထင်ချိတ်အတွက် ကြားထဲက ခါးစာခံ အသက်ပေးသွား ရရှာတယ်။ မသေခင်ကလဲ နှိုးထင်ချိတ်အကြောင်း တတွတ်တွတ်ပြောခဲ့တယ်။ သူ ...သူ နှိုးထင်ချိတ် ကို မေတ္တာရှိနေခဲ့တာပါလား။ အခု အချိန်မှာ သမီးလေး မသေခဲ့ရင် တူလေး နှိုးထင်ချိတ်နဲ့ နှစ်ကိုယ်တူ လက်တွဲနိုင်ကြမှာပဲ။ နှိုးထင်ချိတ် ဆိုတာကလဲ ငါတစ်သက်လုံး လိုက်ရှာနေရတဲ့ မမလေး ဝိုင်စုကျော်ရဲ့သား ငါ့အချစ်ဆုံး တူကလေး။ သူတို့နှစ်ယောက်ဟာ နေနဲ့လလို ဘယ်လောက် များ လိုက်ဖက်ကြမလဲ၊ အင်း ...အခုတော့ ကြည့်စမ်း သမီးလေးနေရာမှာ ကြူဝင်ဝင်က နေရာယူနေပြီ။ ငါကောင်မကြောင့်များ ငါ့သမီးလေးသေ သွားရတာလား ဟုတ်မယ်။ ငါကောင်မကြောင့် ငါ့သမီးလေး သေရတာ။

မီးကောင်မဟာ ငါတို့သားအမိနှစ်ယောက်ရဲ့ အဖျက်အဆီးပဲ၊ သတ်မယ်၊ မီးကောင်မကို သတ်မယ်။ ငါသေး သေသေလို ကြူဝင်ဝင်လဲ သေရမယ်။

ချင်းချင်းရင်ထဲ စိတ်စိုက်စိတ်ရိုင်းများ ဝင်ရောက်လာသည်။

မိစ္ဆာမနောသိုင်းကျင့်စဉ်၏ အရှိန်၊ ဝမ်းနည်းဖေါ်သဖြစ်ခြင်းအရှိန်တို့က ချင်းချင်း၏ မူလ ပကတိ စိတ်ရင်းသို့ မရောက်ရှိလာနိုင်သေး။

စိတ်ရိုင်းဝင်လာမှုကြောင့် ချင်းချင်း၏ မျက်ရိုပ်မျက်ယောင်များ ပြောင်းလဲလာသည်။ လူသတ်လိုသည့် အရိပ်အငွေ့များက မျက်ဝန်းအိမ်တွင် ထင်ဟပ်လာသည်။ အတွင်းအင်ကြောင့် အားအင်မရှိတော့သော်လည်း ကြူဝင်ဝင်ကို အလစ်ဖမ်းသတ်ဖြတ်ရန် လက်ဝါးရိုက်ချက်ပြင်လိုက်သည်။

ချင်းချင်း၏ ပြောင်းလဲသွားသော အမူအရာကို သတိထားလိုက်မိသူတစ်ယောက်ရှိသည်။ ပိုင်စုကျင်ပင်တည်း။

ပိုင်စုကျင်မှာ ချင်းချင်းကို မယုံရဲသေး။ တစ်ချိန်ချိန်တွင် စိတ်ရိုင်းဝင်လာဦးမည်ဟူသော သံသယက ရှိနေသည်။ နှုတ်ထင်ချိတ်တို့နှင့် စကားပြောနေသော်လည်း ချင်းချင်းကို အမှုမဲ့အမှတ်မဲ့ ထားခြင်းမရှိ။ မသိမသာ အကဲခတ်နေခဲ့သည်။

ချင်းချင်း၏ မျက်ဝန်းအိမ်၌ လူသတ်လိုသည့် အငွေ့အသက်များ ထွက်ပေါ်လာသည်ကို တွေ့ရလျှင် ပိုင်စုကျင် မနေသာတော့။

"ချင်းချင်း ..."

ပိုင်စုကျင်၏ အသံက အနည်းငယ် မာထန်သွားသည်။ ချင်းချင်း တစ်ကိုယ်လုံး ထတ်ခနဲတုန်ယင်လာသည်။ အသိစိတ်က ပြန်လည်



ဝင်ရောက်ပြလာသည်။ ကြူဝင်ဝင်ကို ကြည့်နေသည့် အကြည့်များ ကားမပြောင်းလဲသေး။

ပိုင်စုကျင် အခြေအနေကို ကောင်းစွာရိပ်မိ၊ နားလည်လိုက်သည်။ ချင်းချင်း အနီးသို့ တိုးကပ်သွားကာ လက်ကလေးကို ညင်ညင်သာသာ ဆုပ်ကိုင်လိုက်သည်။

"နင်ဘာဖြစ်နေတာလဲ ချင်းချင်း။ ကိုယ့်စိတ်ကိုယ် ထိန်းမှပေါ့၊ ဖြစ်ပြီးခဲ့တဲ့ ကိစ္စတွေကို ဘာမှပြန်စဉ်းစား မနေနဲ့၊ တရားနဲ့သာဖြေဖို့ကိုပဲကြည့်စမ်း၊ စိတ်ဆိုသာက ရောက်ဝရာတွေ ဘယ်လောက်ကြုံခဲ့ရသလဲ၊ လောကစံကို ကြုံကြွံခံနိုင်ရင် တစ်နေ့မှာ သာယာချမ်းမြေ့တဲ့ဘဝကို ရောက်ရမှာပေါ့။ အခု နင့်ဘူလေးဘဝ သာယာပြောင်မြောက်ပြီ သူတို့ကိုကြည့်ပြီး၊ နင် မပျော်ဘူးလား"

ပိုင်စုကျင်က ချင်းချင်းကို ဖြေသိမ့်ရင်း မေးသည်။ ချင်းချင်း၏ မျက်နှာအမူအရာလေး ညှိုးကျသွားသည်။ တစ်သက်လုံးက ချစ်ကြောက်ရှိသောခဲ့ရသော ပိုင်စုကျင်၏ ဆုံးမစကားက သူ့စိတ်ရိုင်းကို အုပ်သွားစေတော့သည်။

"ပျော် ...ပျော်ပါတယ် မမလေး"

ပြောသာ ပြောလိုက်ရသော်လည်း ချင်းချင်း၏ စကားသံက အင်အားမပါ။ ခွမ်းရော့နေသည်။

ပိုင်စုကျင် သက်ပြင်း လေးလေးကြီး တစ်ချက် ချလိုက်သည်။

ထိုသက်ပြင်း ချသံနှင့်အတူ ဆုံးဖြတ်ချက် ပေါ်ချက်ကိုလည်း အလိုလို ပိုင်းဖြတ်ချမှတ်လိုက်ပြီး ဖြစ်သွားတော့သည်။

"ကဲ ... ချင်းချင်း သားအတွက်တော့ ငါစီစဉ်နိုင်သမျှ အစစ အရာရာ စီစဉ်ပေးပြီးပြီ။ သူ့ဘဝခရီးလမ်းကို သူရဲရဲကြီး လျှောက်လှမ်းနိုင်တဲ့ အခြေအနေလဲ ရောက်နေပြီ။ ဒီတော့ ..."

ပိုင်စုကျော်က စကားခဏရပ်ကာ ချင်းချင်းကို အကဲခတ်ကြည့်သည်။ ချင်းချင်း မျက်လွှာကလေးချကာ ငြိမ်နေသည်။ အရွယ်ကျိုးသောမြွေအသွင် ချင်းချင်းကို တွေ့မြင်ရသောအခါတွင် ပိုင်စုကျော် ရင်ထဲ သနားကရုဏာကလေးပင် သက်သွားမိသည်။

သို့သော် ကျိုးသွားသော အရွယ်က ထပ်မံထွက်ပေါ်လာလျှင် ကျားနာသထက်ပင် ပို၍ကြောက်စရာကောင်းသည့် အဖြစ်မျိုး ကြုံတွေ့လာရလေဦးမည်ဆိုသော အသိက ပိုင်စုကျော်၏ ကရုဏာစိတ်ကို ချေဖျောက်လိုက်ပြန်သည်။

နိုးထင်ချိတ် ကြူဝင်ဝင် ချင်ကျော်ဟူနှင့် ပိုင်ကျော်လုံတို့၏ အာရုံက ပိုင်စုကျော်ထံသို့ စုပြုံရောက်နေကြသည်။ ပိုင်စုကျော် ဘာပြောလာလေမလဲဟု တထင့်ထင့် ငံ့လင့်နေကြသည်။

"သားအတွက် စိတ်အေးပြီဆိုတော့ နင့်အတွက် ငါစဉ်းစား စီစဉ်တော့မယ်။ နင်ဟာ ငယ်ငယ်ကလေးတည်းက ငါနဲ့အတူ နေလာခဲ့တယ်။ ငါ့ကိုပိုဒိုခဲ့တယ်။ နင့်ဘက်ကလဲ ငါ့ကိုအမြဲတမ်း တာဝန်ကျေပွန်ခဲ့တယ်။ အင်း ... နင်နဲ့ကွဲကွာသွားရတဲ့ နှစ်ကာလတွေမှာ ငါ့ဘက်က တာဝန်မကျေနိုင်ခဲ့ဘူး။ အခုဆို နင်လဲသောက ဝေဒနာသည် တစ်ယောက်ဖြစ်နေပြီ၊ ဒီတော့ နင့်တာဝန်ကို ငါဆက်ပြီးပြန်ယူဖို့ အလှည့်ကျလာပြီ နင်ငါစီစဉ်တဲ့အတိုင်း လက်ခံမယ် မဟုတ်လား"



ပိုင်စုကျော်က ဆုပ်မိကိုင်မိအောင် စကားကို တန်ဆာဆင်ပြီး ပြောလိုက်ခြင်းဖြစ်သည်။ ချင်းချင်း ခေါင်းကလေးကို ဆတ်ခနဲ ညိတ်လိုက်ကာ ...

"မမလေး ကြိုက်သလိုသာ စီစဉ်ပါတော့။ ကျွန်မ မမလေး ဆုံးဖြတ်တဲ့အတိုင်း လိုက်နာပါတော့မယ်"

"ကောင်းပြီ ဒီလိုဆိုရင် ငါ ငိုမဆန်းတောင်ကို ပြန်မယ်။ သံသရာလည်စေမယ့် လောကီကိစ္စတွေကို စွန့်ခွာပြီး တရားဘာဝနာ ပွားများတော့မယ်။ နင်လဲ ငါနဲ့အတူတူ လိုက်ခဲ့မယ် မဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့။ ကျွန်မ မမလေးနဲ့အတူ လိုက်ခဲ့ပါ့မယ်"

ပိုင်စုကျော် ကျေကျေနပ်နပ်ကြီး ပြုံးလိုက်သည်။ သူ့အပြုံးတွင် လောကကြီးတစ်ခုလုံး အေးငြိမ်းသာယာတော့မည့် အရိပ်အယောင်များ ဖြန့်ကျက်နေသည်။ တကယ်တော့ ပုထုဇဉ်အဆင့်သာ ရှိနေသေးသော ပိုင်စုကျော်မှာ ဖခင်၊ သား၊ ချွေးမတို့နှင့် သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ပါးပါး နေလိုပေသေးသည်။ လောကီသံယောဇဉ်တို့ဖြင့် ရစ်ထွေး ပျော်ပိုက်ချင်သေးသည်။

သို့သော် သူနှင့်အတူ ချင်းချင်းက ရှိနေသေးသည်။ သား၊ ချွေးမတို့နှင့် အတူ နေလျှင် ချင်းချင်း ပါလာဦးမည်၊ အနေနီးစပ်ပါက ကြူဝင်ဝင်ကို မြင်ပြီး ချင်းချင်း၏ စိတ်ဗိုင်းစိတ်ပိုက်များ တစ်ချိန်ချိန်တွင် ပြန်လည်ဝင်ရောက်လာပေဦးမည်။

သို့ဆိုလျှင် ပြဿနာတွေ အမျှင်တန်းလာတော့မည်။

ချင်းချင်းသည် မိန္ဒာမနော သိုင်းပညာကို နက်နက် ရှိုင်းရှိုင်း

ထက်မြောက်ထားသည်။ အတွင်းအထဲကြောင့် လောလောဆယ်တွင် ဆိုင်းပညာများ ပျောက်စီးသလို ဖြစ်နေသော်လည်း၊ အနားယူလေ့ကျင့် လိုက်လျှင် မူလသိုင်းပညာ အခြေအနေကို ပြန်လည်ရောက်ရှိလာနိုင် ပေသည်။

ထိုသို့ လေ့ကျင့်တတ်ကျွမ်းလာလျှင် ချင်းချင်း၏ စိတ်နေစိတ် ထားများ ကြမ်းတမ်းခက်ထန် လာပေလိမ့်မည်။ ထိုအခါ သိုင်းလောက တွင် အရှုပ်အထွေး၊ တိုက်ခိုက် သတ်ဖြတ်မှုများ ထပ်မံပေါ်ပေါက် လာပေလိမ့်ဦးမည်။

မိမိ၏သံယောဇဉ်နှင့် လောကကြီးတစ်ခုလုံး၏ အေးချမ်းသာယာမှု ကို လဲလှယ်ခြင်းဖြင့် အကောင်းဆုံး အခြေအနေဖြစ်အောင် ဗိုင်စုကျင့် ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပေသည်။

ယခု ချင်းချင်း၏အခြေအနေက သမီးဖြစ်သူ သေဆုံးရသည့် အပြင် မိမိနှင့်ပြန်လည် ဆုံစည်းရသည့်အတွက် စိတ်ထားနူးညံ့ ပျော့ ပျောင်းနေသည်။ ယခုလိုအချိန်တွင် ချင်းချင်းကို တရားရှာဖွေ ကျင့် ကြံရန် မိမိနှင့်အတူ ခေါ်ဆောင်သွားပါက အားလုံးအတွက် အကောင်းဆုံး ဖြစ်မည်ကို ဗိုင်စုကျင့် စဉ်းစားမိသည်။

ရက်ရွှေ့ဆိုင်း၊ မနေချင်တော့။ လုပ်သင့် လုပ်ထိုက်သည်ကို အမြန်ဆုံး၊ လုပ်ဆောင်မှဖြစ်မည်။ သိမ်မွေ့ခြင်းနှင့် ကြမ်းတမ်းခြင်းဟူ သော စိတ်နှစ်ခုသည် ပါးလွှာသော ကန့်လန့်ကာလေး တစ်ချပ်သာ ခြားထားသည်ကို ဗိုင်စုကျင့် တရားသဘောအရ နားလည်ထားသည်။

သူ့အကြည့်က ရုတ်ခြည်းပင် ချင်းကျင့်ဟုထံသို့ ရောက်ရှိသွား၏။



"ဦးဇင်းချုပ်ကြီး၊ ကျွန်မတို့နှစ်ယောက် သာသနာ့ဝန်ကို ထမ်းကြ ပါတော့မယ်။ ကျွန်မတို့ကိုယ်ကို ဦးဇင်းချုပ်ကြီးဆီအပ်နှံပါတယ်။ ဦးဇ င်းတို့ရဲ့ ထုံးစံအတိုင်းသာ ပြုစုပေးပါတော့"

ဗိုင်စုကျင့်က ချင်းကျင့်ဟုရွှေရွှေ ရှုထောက်ကာ ပြောလိုက် သည်။ သူနှင့်အတူ ချင်းချင်းကလည်း အလိုက်သင့် ယှဉ်ကာဒူး ထောက်ခေါင်းငုံ့ပေးလိုက်သည်။

ဝတ်ကြောင်ကိုစွန့်ကာ သီလရှင်ဘဝသို့ ကူးပြောင်းကြတော့ မည်တကား။

❖ ❖ ❖

နှင်းဆင်းချိန် အကြီးအကျယ် ထုံအားသင့်တုန်လှုပ်သွားသည်။ မိမိနှင့်အတူနေတော့မည်ဟု ပြောလာခဲ့သော ဗိုင်ကြီးဗိုင်စုကျင့်သည် မိမိတို့နှင့် ကန့်လန့်ကာခြားကာ သီလရှင်ဘဝသို့ကူးပြောင်းတော့မည် ဟု သိရသောအခါ မထိန်းချုပ်နိုင်အောင် ဝမ်းနည်းသွားတော့သည်။

"မေမေ ..."

ကြူဝင်ဝင်၏ လက်ကို အသာ ဖြုတ်ကာ ဗိုင်စုကျင့်အနီးသို့ တိုးကပ်လာသည်။ ဗိုင်စုကျင့်က မျက်လွှာကလေး ဝင့်ကြည့်သည်။ ထိုအကြည့်တွင် လောဘ ဒေါသ မောဟ အရိပ်အရောင်တို့ ကင်း ဝေးနေသည်။

"မေမေရယ် ... ကျွန်တော်နဲ့ အတူနေမယ်ဆို၊ အခု မေမေက ကျွန်တော့်ကို ခွဲသွားပြီး သွားဦးမလို့လား"

နှိုးထင်ချိတ်၏ အသံက ဆို့နင့်တုန်ခါနေသည်။ နှစ်ရှည်လမျှား မျှော်လင့် စောင့်တခဲ့ရသည့် မိခင်နှင့်အတူ နေရန်ဆိုသော ရွှေအောင်ကြီး ပျက်ပြို သွားရသဖြင့် ဝမ်းနည်းပူဆွေးနေသည်။

ပိုင်စုကျော်မှာ နှိုးထင်ချိတ်၏ လှိုက်ဖိုသော စကားသံကြောင့် သံယောဇဉ်နှောင်ကြိုး တင်းခနဲဖြစ်သွားရသည်။ ရင်ထဲတွင်လည်း နင့်နင့် နဲနဲလေး ခံစားမိသည်။

"သား ..."

စိတ်ကို ချုပ်တည်းထားသည့်တိုင် ပိုင်စုကျော်အသံက အနည်းငယ် တုန်ယင်နေသည်။

"မျာ ... မေမေ ကျွန်တော့်ကို ဒီတစ်ခါတော့ ခွဲမသွားပါနဲ့တော့ မေမေရယ်။ ကျွန်တော်တို့ မိသားစု ပျော်ပျော်ပါးပါး ဖြစ်နေကြ ရအောင်နော်။ အားလုံး အဆင်ပြေနေမှ မေမေက ..."

နှိုးထင်ထင်ချိတ် စကားမဆုံးနိုင်အောင် ဖြစ်နေသည့် ဝမ်းနည်း ပူဆွေးမှုက သူ့လျှာများကို တစ်ဆို့သွားစေသည်။ ပိုင်စုကျော်က နှိုးထင်ချိတ် နဖူးငိုကင်းကို လက်ဖြင့် ညင်ညင်သာသာ ပွတ်သပ်ပေးသည်။

သားရေ ... မေမေ့ကိုမတားပါနဲ့ကွယ်။ မေမေလုပ်သင့်လုပ်ထိုက်တာကို လုပ်သွားတာပါ၊ သံယောဇဉ်ဆိုတဲ့ အပူမီးကြီးကို မေမေ တောက်လျှောက် ခံစားခဲ့ရပြီးပြီ ဒီအပူမီးတွေကို မေမေ ကြောက်နေပြီသား။ အေးငြိမ်းချမ်းသာတဲ့ ဘဝလမ်းကို မေမေလွတ်လွတ်လပ်လပ် လျှောက်ပါ ရစေတော့၊ မေမေ့ကို မတားပါနဲ့တော့ကွယ်"



"မေမေရယ် ..."

နှိုးထင်ချိတ် လက်အစုံက ပိုင်စုကျော်ကို ဖေ့ဖက်ထားဆဲ။ ပိုင်စုကျော်၏ ရင်ခွေ့ကို နိုလှဲ့ချင်သောကြောင့် ပိုင်စုကျော် ရင်ခွင်ထဲတွင် မျက်နှာအပ်ထားဆဲ။

"မေမေ ပြောတာကို သေသေချာချာနားထောင် သား။ ရှေ့ဘဝမှာ လူလာဖြစ်ရင် တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်အောင် ကြိုးစားရမယ်၊ ကိုယ်ကျိုးအတွက် အဓိကမထားဘဲ အများအကျိုးကိုလဲ ဆောင်ရွက် သယ်ပိုးရတော်မယ်၊ သားဟာ ယောကျ်ားကောင်း ယောကျ်ားမြတ် စဉ်းစားတွေးခေါ်တတ်တဲ့ လူတစ်ယောက်ပါ၊ မေမေ ဘာကိုပြောချင်တယ်ဆိုတာ သားနားလည်သဘောပေါက်မှာပါ"

နှိုးထင်ချိတ်မှာ မိခင်ကြီး၏စကားကြောင့် အသိတရားဝင်ကာ ကြက်သီး ဖြန်းဖြန်းထသွားသည်၊ မိမိတို့နှင့် သိုင်းလောကကြီးတစ်ရပ်လုံး ကိုငဲ့ကာ ပိုင်စုကျော် ဆုံးဖြတ်လုပ်ဆောင်သွားကြောင်း နားလည်လာသည်။ ချင်းချင်းကို တရားမှေ့အနိုင်သို့ သွတ်သွင်းပြီး ပိုင်စုကျော်က အနီးအပါး တွင် ထုံမသွန့်သင်နေလျှင် စိတ်ရိုင်းများ ပြေပျောက်သွားနိုင်သောကြောင့် ဤသို့ ပြုရသည်ကို နှိုးထင်ချိတ်တွေးမိသည်။

မိခင် ပိုင်စုကျော်၏ ရင်ခွင်ထဲမှ နှိုးထင်ချိတ် ထွက်လိုက်သည်။ ချင်းချင်း၊ ကိုဖြတ်ခနဲ လှမ်းကြည့်လိုက်လျှင် ဦးပြည်းစိမ်းကလေးနှင့် တည်ငြိမ်စွာ ရှိနေသည်ကို တွေ့ရ၏။

ချင်ကျွင်ဟူသည် ချင်းချင်းကို ခေါင်းတုံးရိတ်ကာ သီလရှင် ဘဝသို့ သွတ်သွင်းပေးပြီးသည်နှင့် ပိုင်စုကျော် ဘက်သို့ လှည့်လိုက်သည်။

ရှိုးထင်ချိတ် နှလုံးသားထဲ ဆစ်ခနဲ ကျဉ်ခနဲ ခံစားလိုက်ရသည်။ ရင်တပြင်လုံး ဓာတ်လဲသလို သွက်သွက်ခါ၍ လှုပ်ယမ်းသွား၏။ ဦးနှောက်က ဖြေတွေးတွေးသော်လည်း မိခင်ကြီး သာသနာ့ဘောင်သို့ အပြီးတိုင်ကူးပြောင်း သွားတော့မည်ကို မျက်မြင်ဒိဋ္ဌ တွေ့ရသောအခါ စိတ်နှလုံးက မခံနိုင်တော့။ ဦးခေါင်းက ထန်းလည်ဆစ်ကျိုးလို ငိုက်ကျသွားတော့သည်။

❖ ❖ ❖

နိုးရစ်ပါသော လေပြည်ကလေးက တသုန်သုန် တိုက်ခတ်နေသည်။ မနက်ခင်း၏ ငြိမ်ပြည်လန်းဆန်းမှုက ကောက်ဆန်းတောင်ကို လွှမ်းခြုံထားသည်။

သိုင်းလောက၏ လူစွမ်းကောင်းအသီးသီး ကိုယ့်ဌာနေသို့ ပြန်ကြတော့မည်။ ရှောင်လင်ဂိုဏ်းချုပ်ကြီး လျှောက်ချင်က ရှောင်လင်ကျောင်းတော်၏ မုခ်ဦးအဝင်ထိ လိုက်လံပို့ဆောင်သည်။

ရှိုးထင်ချိတ် ကြူပဝင်ဝင်နှင့် ကာဝိမနောသိုင်းသမားများ ပီကင်းနေပြည်တော်သို့ ပြန်ကြမည်။ ပိုင်စုကျင်း၊ ချင်းချင်း၊ ချင်ကျင်ဟွာနှင့် ငိုမကိုင်းသားများက ငိုမဆန်းတောင်သို့ ပြန်ကြမည်။

သားအမိနှစ်ယောက်၏ လမ်းခွဲနေရာ။

ရှိုးထင်ချိတ် မိခင်ကို ဦးချကန်တော့သည်။ ပိုင်စုကျင်၏ ခြေမိုး အစုံကို နှုတ်ဆက်ခြင်းအဖြစ် နဖူးနှင့်ဦးတိုက်သည်။

ဝမ်းနည်းကြေကွဲမှုတို့က ရှိုးထင်ချိတ်ရင်ထဲ အလိပ်လိုက်အလိပ်



လိုက် ဆောင့်တက်လာသည်။ စိတ်ကို ဘယ်လိုမှ ချုပ်ထိန်းမရတော့။ မှုန်ဝါးမှိုင်းတွေသော မျက်ရည်ဥများက မျက်ဝန်းအိမ်မှ ယိုစီးကျလာသည်။

ခြေမိုးအစုံကို မျက်ရည်များ လိမ့်ကျသွားသောကြောင့် သား ဖြစ်သူ ရှိုးထင်ချိတ် ငိုကြွေးနေပြီ ဖြစ်ကြောင်း ပိုင်စုကျင်သိသည်။ ပိုင်စုကျင်၏ နှလုံးသားများ နာကျင်ကြေကွဲစွာ ခံစားနေရသော်လည်း မျက်ရည် မကျစေအောင် အံကြိတ်ကာ ထိန်းထားရသည်။

ရှိုးထင်ချိတ်၏ လက်အစုံက မိခင်ကို ခွဲထွက်မသွားစေလိုသဖြင့် ပိုင်စုကျင်၏ ခြေထောက်အား ပွေ့ဖက်ထားလိုက်မိသည်။

ရှိုးထင်ချိတ်ရင်ထဲတွင် မည်မျှဝမ်းနည်း၊ ပူဆွေးနေရမည်ကို ပိုင်စုကျင် ရင်နှင့်အမျှ ခံစားလိုက်ရသည်။ ဆုံးဖြတ်ချက်ကို ပြန်ပြင် လိုက်ချင်သည်။ ပြင်လို့မရ၊ ပြင်ဖို့လည်း မသင့်တော့။

ရှိုးထင်ချိတ် ဖက်တွယ်ထားသည့် ခြေအစုံကို မသိမသာရုန်းဖယ် လိုက်သည်။ သံကြိုးအထပ်ထပ် ရစ်ပတ်ကုပ်နှောင် ထားသည့်ထက် ရုန်းဖယ်ရခက်သော သံယောဇဉ်ကြိုးက ရစ်တွယ်နေသည်။

ပိုင်စုကျင်ရင်ထဲ နင့်ခနဲ ခံစားလိုက်ရသည်။ ရစ်ဝဲလာသော မျက်ရည်ဥတို့ကို မျက်တောင်ဖြင့် ပုတ်ခတ်ထိန်းသိမ်းရင်း ခြေအစုံကို ဆွဲထုတ်သည်။

ရှိုးထင်ချိတ် ရင်တပြင်လုံး လေဟာနယ်ထဲသို့ လွင့်မျောသွား၏။

မိခင်နှင့် ခွဲရတော့မှာပါကလား ...။

ဆုံးဖြတ်ချက်အတိုင်း ဝိုက်လိုက်မတ်တတ် လုပ်တတ်သည့် မိခင်ကြီးကို တားဆီး၍ မရနိုင်တော့ပါကလား ...။

လောကဓံ အတုအယောင်ကို နှင်နှင်သည်သည်း ခံစားခဲ့ရပြီး အေးငြိမ်းသုခရှိသည့် တရားရိပ်ကို ခိုလှုံတော့မည့် မိခင်ကို တားဆီးဖို့ မသင့်တော့ပါလား ...။

နှင်းထင်ချိုတ် လက်အစုံကို မလွှတ်ချင် လွှတ်ချင်ဖြင့် ဖြေလျှော့ပေး လိုက်သည်။

ပိုင်စုကျော်က ခြေထောက်ကို မရွှေ့ချင် ရွှေ့ချင်ဖြင့် နောက်သို့ အသာရွှေ့ပေးသည်။ ထို့နောက် နှင်းထင်ချိုတ်နှင့် ဝေးရာဆီသို့ ခြေလှမ်း ကို ညင်သာစွာ လှမ်းလျှောက်သွားတော့သည်။

ထိုစဉ် ...

“ကျိန်း ... ဒေါင်း”

နိုးမှုပါတဲ့ နိုးကြိုးသံတစ်သံထွက်ပေါ်လာသည်။ နိုးကြိုးသံကား သိုင်းလောကတစ်ခုလုံး အေးငြိမ်းသာယာ စေတော့မည့် နိမိတ်ပြတ်လုံ သံလေလား ...”

နှင်းထင်ချိုတ် ခေါင်းမော်ကြည့်လိုက်သည်။

ဦးပြည်းဖိန်းဖိန်းဖြင့် ပိုင်စုကျော်နှင့် ချင်းချင်းတို့က နောက်သို့ လှည့်မကြည့်ဘဲ ဝေးရာဆီသို့ တရွေ့ရွေ့ လှမ်းလျှောက်သွားခဲ့လေပြီ တကား ...။

**စာရှုသူများ ရွှင်လန်းချမ်းမြေ့နိုင်ပါစေ ...**

တက္ကသိုလ် ဝင်းကြွယ်